
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် - ၅၀၀၀၁၈၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၈၀၉၄၀၁၀၉
၂၀၀၉ ခုနှစ်၊ ဧပြီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးအောင်နိုင်၊ ရွှေအိမ်မှူးစာပေ၊ (မြ-၀၄၂၅၇)၊
အမှတ် (၂၂၁)၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျော်တံခွန်ပုံနှိပ်တိုက်၊
အမှတ် (၁၅၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရှင် (၀၅၄၁၅)၊ ရွှေခြင်္သေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စော်ရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ဖြန့်ချိရေး

◈ ရိုရှင့်အောင်စာပေ
အမှတ်(၅၉)၊ မှန်ရှင်လမ်း၊ အရှေ့တောင်အရှေ့ရပ်ကွက်၊
တောင်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့။



## မရဏကျွန်းကြီး

❒ အကာလညမို့ လရောင်မရှိချေ။

ပိန်းပိတ်အောင်မှောင်နေသော အမှောင်ကမ္ဘာကြီးက ဝန်းအုပ်တစ်ခုလုံး ဖြန့်လွှမ်းထားသည်။ ကောင်းကင်ထက်ဆီမှ မှိတ်တုတ် မှိတ်တုတ်ဖြင့် မလင်းတစ်ဝက် လင်းတစ်ဝက်ရှိကြသော ကြယ်ပွင့်ကြယ်စတို့သည် အမှောင်ပြင်ကြီးပမာဖြစ်နေသည့် မြစ်ပြင်အား မထိုးဖောက်နိုင်ရှာ။

ဒါကြောင့်လည်း မြစ်ပြင်တစ်ခုလုံးသည် မှောင်မိုက်နေလေ

ချေ။

သို့သော် ငြိမ်သက်နေသည်တော့ မဟုတ်ပါ။

ကြယ်စကြယ်နတို့ဖြင့် မှောင်မိုက်နေသည့် ကောင်းကင်ပေါ်မှလည်း အချိန်အခါမဟုတ်ဘဲလျက် လျှပ်ရောင်များကလည်း ဝင်းခနဲ ပြက်ခနဲ လင်းပြက်နေကြသည်။

မိုးရောသီကာလ မဟုတ်သေးပါချေ။

ယခုမှပင် အတာသင်္ကြန်လွန်စ တန်ခူးလပင် မြို့ပေသေးသော်



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဒါကိုတော့ မှတ်ယူ၍ မရနိုင်ပါ။ မိုးနှင့်နွားသို့ အစိုးမရဟု ဆိုရိုးရှိကြသည် မဟုတ်လား။

ပြီးတော့ ဤဒေသသည် ရာသီဥတုမှန်ကန်တတ်သော ကုန်းတွင်းပိုင်း မြေပြန့်အရပ်လည်း မဟုတ်ပါချေ။ ပွင့်လင်းစွာဆိုရလျှင်မူ ပင်လယ်ကမ်းရိုးတန်းဟု အများတကာ လွယ်ကူစွာခေါ်ဝေါ်တတ်ကြလေ့ရှိသော ပင်လယ်ရပ်ဂန်းဒေသ။

ပင်လယ်ကျယ်ကြီးဖြင့် တစ်ဆက်တည်းတည်ရှိနေသော မြစ်ချောင်းအင်းအိုင်များ ပေါများရာ ပင်လယ်ဒေသတစ်ခုသာလျှင် ဖြစ်ပေသည်။

ပင်လယ်ဒေသဆိုသည့်အတိုင်း ရာသီဥတုသည် အမြဲတစေ ပုံသေကားချပ် မှတ်ယူ၍ရသော၊ မှန်ကန်တတ်လေ့ရှိသော နေရာမျိုး မဟုတ်ပေ။

ဤအရပ်, ဤဒေသသည် ပင်လယ်ဒီရေရောက်တောများ သစ်ကြီး,ဝါးကြီးများဖြင့် သစ်တောများကလည်း အုပ်ဆိုင်းထူထဲစွာ တည်ရှိပေသည်။

ကမ္ဘာပေါ်တွင် ဒီရေရောက်သစ်တောများ ကေလေးသန်းကျော် တည့်ရှိသည့်အနက် ဤရပ်ဝန်းကြီးမှာပင် ဒီရေရောက်တောကြီးများမှာ ကေတစ်သိန်းခွဲနီးပါးခန့်မျှ တည်ရှိရာ ပင်လယ်ရပ်ဝန်းကြီး တစ်ခုသာလျှင် ဖြစ်ပေသည်။

ဒါကြောင့်လည်း ဤပင်လယ်ကြီးဖြင့် ဆက်စပ်တည်ရှိနေကြသော ပင်လယ်ကမ်းရိုးတန်း၌ နေထိုင်ကြသည့် ကျေးရွာယ





ခေါင်း များစွာတို့အတွက် ပင်လယ်ပြင်ကြီးဖြင့် မြစ်ချောင်းအင်းအိုင်များ, ဒီရေရောက်သစ်တောကြီးများသည် သူတို့အတွက် ထမင်းအိုးတိုက် ဝမ်းစာသိုက်ကြီးသဖွယ် စားဝတ်နေရေး ပြည့်စုံနေကြရခြင်းပင် ဖြစ်သည်။

ယင်းကြောင့်လည်း ဤပင်လယ်ဒေသကြီးတစ်ဝိုက် ရာသီဥတုဟူသည် ခန့်မှန်းတွက်ချက်၍ရသောအရာမျိုး မဟုတ်သော ပင်လယ်ပြာကြီးသည် တဒင်္ဂအချိန်လေးအတွင်း လှိုင်းတံပိုးများ ထန်းပင်ထောက်, အိမ်တစ်လုံးလောက် ကြီးမားရှန်းကြွလျက် နဂါးကြီးများ အမောက်ထောင်ထလာသည့်နှယ် ...။

ထိုသာမက ခုနလေးတင် ကြည်စင်ပြာလွှဲနေလျက် တိမ်ဆောင်တိမ်လိပ် တိမ်ဝေကွက်များ ယှက်ဖောက်ထားသည်သို့ သာယာကြည်နူးဖွယ် ကောင်းကင်ပြင်ကြီးသည်လည်း စက္ကန့်မဆိုင်း အချိန်မရွေး နီရဲညို့မှောင်လာပြီး မိုးသက်လေပြင်းများ မုန်တိုင်းကြီးများအသွင် မာယာများသော မိန်းမတစ်ဦးမျက်နှာကဲ့သို့ ဖောက်ပြန်ပြောင်းလဲတတ်ပေသေးသည်။

ဤသည်ပင် ပင်လယ်ဟူသော အမည်နာမ၏ လျှို့ဝှက်ဆန်းကြယ်လှသည့် မာယာပရိယာယ်များစွာပင် ဖြစ်၏။ ယခုလည်းကြည့်ရှုအံ့ဩဖွယ်ကောင်းလိုက်ပါသည်လဲ။ သိပ်မကြာခင်ကတင် ရာသီဥတုကောင်းမွန်နေခဲ့သည်။ ပင်လယ်ဒေသသည် ယခုပင် မှောင်မည်း ပိန်းပိတ်လျက် လျှပ်ချောင်တွေတဝင်းဝင်း၊ မိုးထစ်ချုန်းသံများ ဆူညံ ဝုန်းဒိုင်းဖြင့် ပြောင်းလဲနေခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကောင်းကင်တစ်ခုလုံး ဝင်းခနဲဖြတ်သန်းသွားသည်။ လျှပ်စီးတန်းများကြောင့် မြစ်ပြင်တစ်ခုလုံး လင်းခနဲပြက်သွားသည်။

သို့သော် ... အခိုက်အတန့် စက္ကန့်ပိုင်းလေးမျှသာ။

ထိုအလင်းရောင်ကြောင့်ပင် မရဏကျွန်းကြီး၏ အရှေ့ဘက်မြစ်ပြင်ထဲမှ လှေငယ်လေးတစ်စီးအား တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ လှေငယ်လေးမှာ ကြီးမားလှသော လှိုင်းလုံးကြီးများကြားမှာ မြုပ်ချည်ပေါ်ချည်။

ဥပမာဆိုရလျှင် ကျယ်ပြန့်သော ကန်ရေပြင်လယ်မှာ သစ်ရွက်လေး တစ်ရွက်မျှောပါနေသည်သို့ ...

'ဂျိမ်း .. ဒလိန်း'

ကျယ်လောင်သည့် လျှပ်ထစ်သံကြီးဖြင့်အတူ ဝင်းပြက်သွားသော လျှပ်ရောင်အောက်၌ လှေပေါ်မှာ လူသားနှစ်ဦးပါလေသည်။

တစ်ဦးမှာမူ စွပ်ကျယ်ချိုင်းပြတ်စုတ် ဝတ်ဆင်ထားလျက် အရပ်ပုပု၊ ဂင်တိုတိုလူတစ်ဦး အသက်ရွယ်တမူ ငါးဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ ကျန်တစ်ဦးကမူ အသက်နှစ်ဆယ်အရွယ်ခန့် လူငယ်တစ်ဦးဖြစ်သည်။

သူတို့၏ လှေငယ်လေးပေါ်တွင်တော့ သစ်လုံးအချို့ တင်ဆောင်လာကြခြင်းဖြစ်သည်။

'ဂျိမ်း'

'ဝေါ .. ဝေါ'



'ဝုန်း'

ကြီးမားလှသော လှိုင်းလုံးကြီးတစ်ခုသည် သေးငယ်လွန်းလှသည့် လှေငယ်လေးအား လွှမ်းခြုံသွားသည်။

လှေကလေးမှာ လှိုင်းလုံးကြီးအောက် နစ်မြုပ်သွား၏။

ဤအခြေအနေသို့ရောက်နေသဖြင့် လှေဦးမှလူငယ်မှာ လှိုင်းကြားလွင့်ပါမသွားအောင် လှေနံရံနှင့်သစ်လုံးတစ်လုံးအား ကြောက်လန့်တကြား ဆုပ်ကိုင်ထားလျက်က ...

"အ ... အဘ ကျုပ်တို့ ဒီလောက်မိုးမှောင်ကြီးထဲမှာ လှေလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ ရွာ ... ရွာကိုတော့ ပြန်မရောက်တော့ဘူးထင်ပါရဲ့ဗျာ .. ဟီး .. ဟီး"

"တောက် ... ဟေ့ကောင်ထွား ... နိမိတ်မရှိ နမာမရှိ စိတ်ကလည်း ပျော့လိုက်တာကွာ၊ ပင်လယ်မှာမွေး၊ ပင်လယ်မှာနေပြီး သေတစ်နေ့ မွေးတစ်နေ့ပေါ့ကွ ... ဟင်း"

"ဟာ"

ဂင်တိုတို စွပ်ကျယ်စုတ်ဖြင့် လူကြီး၏စကားမဆုံးလိုက်ပါ။

ယင်းကဲ့သို့ပင် ကြောက်လန့်နေသည့် လူငယ်၏မျက်လုံးတွေကလည်း ပြူးကျယ်ဝိုင်းစက်သွား၏။

လျှပ်စီးအလက်တွင် သူတို့မြင်လိုက်ရသော အရိပ်မည်းမည်းကြီးတစ်ခုကြောင့်ပင်တည်း။ ယင်းမှာ သူတို့၏ မျောချင်ရာမျောနေသည့် လှေကလေး၏ အရှေ့မြောက်စူးစူးတွင် မည်းမည်းကြီး နေရာယူ ရှိသော ကျွန်းလိုလို၊ ကျောက်ဆောင်လိုလို အရာကြီးတစ်ခုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်တည်။ ဒါတို့ လှမ်းမြင်လိုက်ကြခြင်း ဖြစ်လေသည်။

မရဏကျွန်းကြီးပင် ဖြစ်ပေသည်။

လူငယ်မှာ ထိုကျွန်းကြီးအား မြင်လိုက်ရသည်နှင့် သွေးပျက်ထိတ်လန့်သံဖြင့် ...

"ဟာ ...အ ...အဘ ...မရဏကျွန်း ...မရဏကျွန်း"

"အေး ...ဒုတ် ...ဒုက္ခပဲ၊ ငါတို့ ဘာမှမမြင်မကမ်းနဲ့ မရဏကျွန်းဘက်၊ ပင်လယ်ဝ,ဘက် မျောလာခဲ့ကြတာပဲ ထွေး"

'ဝေါ ..ဝေါ'

"ဟာ ..."

"အ ...အဘ၊ မ ...မရဏဝဲကြီး"

'ဝေါ ..ဝေါ'

လူသားနှစ်ယောက်မှာ အသက်ရှူရပ်တန့်ပြီး သွေးပျက်လုမတတ် ထိတ်လန့်ချောက်ချားသွားကြရ၏။ မည်သည့်အတွက်ကြောင့်ဆိုသော် လှျပ်ရောင်ပြက်လိုက်တိုင်း တစ္ဆေသရဲကြီးတစ်ကောင်ပမာ အရိပ်မည်းကြီးထီးတည်း ငုတ်တုတ်ထိုင်နေသကဲ့သို့ မရဏကျွန်း၏ ရှေ့တည့်တည့်၌ တဟဲဟဲ, တဝေါဝေါ ကြမ်းတမ်းစွာအော်ဟစ်လျက် ရေလှိုင်းကြီးများ ဝဲကန့်တော့ထိုးနေသည့် ကြီးမားသောမရဏဝဲကြီးအား တွေ့မြင်လိုက်ရ၍ ဖြစ်ပေသည်။

ဝဲကြီးမှာ ကြီးမားသောလှိုင်းသံကြီးများဖြင့် အစာအာဟာရကို တော်မှတ်ဆာလောင်နေသည့် ညဥ့်တစ္ဆေဘီလူးသဘက်ကြီးတစ်





ကောင် ဒေါမာန်ထ၍အော်ဟစ်နေသည်သို့။

အရပ်ပုပုလူကြီး၏အမည်မှာ ဦးဘိုးထင်ဖြစ်ပြီး သားဖြစ်သူမှာ ထွေးဖြစ်၏။

နှစ်ယောက်စလုံး ဤမရဏကျွန်းနှင့် မရဏဝဲကြီးတည်ရှိရာ မြစ်ခွဆုံပင်လယ်ဝအနီးတွင်တည်ရှိသော ကညင်ချောင်ရွာသား တံငါများဖြစ်ကြသည်။

ထိုမရဏကျွန်းကြီးနှင့် မရဏဝဲကြီးအကြောင်း သူတို့ငယ်စဉ် ကလေးဘဝကပင် ကြားသိပြီးသားဖြစ်သည်။

သူတို့တင် မဟုတ်၊ သူတို့ကိုမွေးထုတ်ပေးခဲ့သည့် ဘိုးဘွားဘီဘင်များသည်လည်း ကြားခဲ့ကြဖူးသည်ပင်။

သည့်အတွက်ကြောင့်လည်း ဦးဘိုးထင်ရော ထွေးပါ ဤနေရာ ရောက် နှလုံးသွေးပျက်မတတ် ထိတ်လန့်သွားမိကြခြင်း ဖြစ်လေသည်။

ဦးဘိုးထင်တို့သားအဖတင် မက ဤမြစ်ဝှမ်း ဤပင်လယ်တစ်ကြော ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည့် သင်္ဘောသားများ၊ ငါးဖမ်းစက်လှေများ၊ တံငါသည်များ ယောင်၍မျှပင် အနားမသီရဲလှအောင် နာမည်သတင်းကြီးလှသော ကျွန်းကြီးတစ်ကျွန်း ဖြစ်နေ၍ပင်တည်း။

ယင်းမရဏကျွန်းကြီးသည် မြစ်ခွဆိုင်ပင်လယ်ဝ၌ ထီးတည်း တည်ရှိနေသော ရေမြုပ်ကျွန်း သို့မဟုတ် ရေမြုပ်ကျောက်ဆောင်တန်း ကြီးတစ်ခု ဖြစ်နေ၍ပင်ဖြစ်သည်။ ကျွန်းကြီးသည် ကြီးမားကျယ်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



လှပြီး ကျောက်စွန်းကျောက်စွယ်များ ရေအောက်ကျောက်ဂူကြီးများ လည်း အများအပြားရှိ၏။

ကျွန်း၏မြောက်ဘက်အခြမ်းနှင့် အရှေ့ဘက်၌မူ ဂမုန်းတော ကြီးများ နံ့သာဖြူ ကရမက်နှင့် အုန်းတောကြီးများ ဒီရောက်သစ် တောကြီးများက လွှမ်းမိုးထား၏။

ပြီး . . . မရဏကျွန်းကြီးသည် ထူးခြားချက်တစ်ခုရှိလေ၏။

ယင်းမှာ အခြားမဟုတ်ပေ။ ပင်လယ်ဒီရေအမြင့်ဆုံးတက် လာသောအခါ မရဏကျွန်းသည် ရေအောက်သို့နစ်မြုပ်နေတတ်ပြီး မြင့်မားသောသစ်ပင်များဖြင့် ကျောက်စွန်းအချို့သာ ပင်လယ်ထဲ ရေ ရေးပေါ်နေခြင်းဖြစ်သည်။

ပင်လယ်ဒီရေပြန်ဆုတ်သွားသောအခါမှသာလျှင် ကျွန်းကြီး မှာ ရေအောက်ကနေ ဘွားခနဲထိုးထွက်လာသကဲ့သို့ အဝေးကပင် ထင်ရှားစွာတွေ့မြင်နေတတ်ခြင်းပင်ဖြစ်သည်။ အမှန်တော့ ယနေ့ည သည် ကိုဘိုးထင်တို့သားအဖအတွက် ကံဆိုးမိုးမှောင်ကျခြင်းဟူ ပင် ပြောရမှာဖြစ်သည်။

အိမ်မှာ ဦးဘိုးထင်မိန်းမ မအေးညို နေမကောင်းဖြစ်၍နေ သည်။ ဒါကြောင့်လည်း သားအဖနှစ်ဦး ပိုက်ချဟန်ဆောင်၍ ရွာဖြင့် အလှမ်းဝေးရာ ဤမြစ်ခွဆုံအနီးရှိသစ်တောတွင်းမှ သစ်လာခိုးခြင်း ဖြစ်၏။

သူတို့ သစ်ခုတ်ပြီးရွာအပြန် မမျှော်လင့်ဘဲ ဖောက်ပြန်လာ သည့် ရာသီဥတုဖြင့်အတူ လှိုင်းလေများကြား၌ ပင်လယ်ဒီကျရာရေစီး





ကြောင်းထဲ မျောပါလာခဲ့သလို ဤသို့မရဏကျွန်းကြီးထံပါးသို့ ရောက် ရှိလာခဲ့ခြင်းဖြစ်ပါသည်။

ကိုဘိုးထင်တို့သားအဖ သွေးပျက်ထိတ်လန့်သည်ဆိုခြင်းမှာ ပင်လယ်ပြင်တွင် ရာသီဥတုကြမ်းတမ်း၍ နစ်မြုပ်တိမ်းမှောက်သွားခဲ့ ကြသော ငါးဖမ်းစက်လှေများ၊ တံငါလှေများမှာ ရက်မကြာမီ ထို မရဏကျွန်း၌ လူသေအလောင်းများအဖြစ် ပုပ်ပွ၍ပြန်လည်တွေ့ရှိရ တတ်၍ဖြစ်သည်။

ရှေးအစဉ်အဆက်ကာလလောက်ကတည်းကပင် ဤသို့ ပင် လယ်ပြင်၌ လူသေလူပျောက်သည့်အခါတိုင်း ဤကျွန်းကြီးတစ်နေ ရာ၌သာ အမြဲတစေပြန်လည်တွေ့ရှိတတ်၍ ထိုကျွန်းအား လူသား စားကျွန်းသို့မဟုတ် မရဏကျွန်းဟုအမည် သတ်မှတ်ခေါ်လာခဲ့ခြင်း ဖြစ်၏။

ပင်လယ်သက်အတွေ့အကြုံ ကြွယ်ဝရင့်ကျက်သော တံငါ သည် ရင့်မာကြီးများ၊ စက်လှေဦးစီးကြီးများကမူ ယင်းကျွန်းတွင် ပင်လယ်ရေစီးကြောင်းအား စုပ်ယူတတ်သော ရေအောက်ကျောက် သိုဏ်ဂူကြီးများရှိ၍ဟု ဆိုတတ်ကြပေသည်။

"ဟော့ . . . ငတွား လှေကိုထိန်း . . . လှေထိန်း"

"မ . . . မရတော့ဘူး အဖေ"

'ဝေါ . . ဟဲဟဲ'

ဘိုးထင်တို့၏လှေကလေးမှာ မရဏဝဲကြီး၏အစွန်းစပ်သို့ ရောက်ရှိလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လွန်းလှသော ရေစီးကြောင်း၏စုပ်အားအတွင်းက နေ နှစ်ဦးသား ဖွတ်အတင်း လွတ်မြောက်[illegible]ကြိုးစား၍ လော်ခတ်ကြ ပါသော်လည်း အချည်းနှီးပင် ...။

လှျပ်စီးတွေကလည်း တလက်လက်ဖြက်ဆဲ ...။

မရဏဝဲကြီး၏ ကြောက်မက်ဖွယ်ရာ တဝေါဝေါ,တဟဲဟဲ အော်သံကြီးမှာ မရဏတစ္ဆေသရဲတစ်ကောင်၏ သွေးဆာအော်ဟစ် သံကြီးအလား။

ယင်းအခိုက်မှာပင် ...

'ဂွိန်း .. ဒလိမ်း'

"အား"

သေးငယ်လှသောတံငါလှေကလေးမှာ ကြီးမားလှသည့် ဝဲကြီးအတွင်း ဝေါခနဲနစ်မြုပ်သွားပေပြီ။ လှိုင်းသံလေသံကြား နောက် ဆုံးချိန်ထိ ကြောက်လန့်တကြားအော်ဟစ်လိုက်ပါသော အသံနက် ကြီးများ မရဏဝဲကြီး၏တဟဲဟဲအော်သံကြီးအောက် တိုးတိမ်ပျောက် ကွယ်သွားရလေပြီတည်း။

* * *

## လှပသောပန်းတစ်ပွင့်

အချိန်က နေမွန်းလွဲစပြုနေလေပြီ။

'ဘုတ် .. ဘုတ် .. ဘုတ်'

နေရောင်ကြောင့် ဝါကျင့်နေ့ကျက်ကျိုနေသော မြစ်ရေပြင် သည် ငွေရောင်အလင်းစက်လေးများ တဖျပ်ဖျပ်လက်နေလေသည်။

မော်တော်လေးသည် ရေပြည့်နေသောမြစ်ပြင်ကျယ်ကြီးထဲ ၌ ညင်သာစွာပင် စက်သံတဘုတ်ဘုတ်မြည်ကာ ခုတ်မောင်းနေသည်။ မော်တော်ဟူ၍ပင် ခေါ်ရလေမည်လား။ ကုန်တင်သည့် စက်တပ်လှေ သမ္ဗန်ဟုပင်ခေါ်ရလေမည်လား ညီဘွား အမျိုးအမည်မခွဲခြားတတ် ပါ။

မည်သည့်အတွက်ကြောင့်ဆိုသော် မော်တော်ဟုသာဆို သော်လည်း ညီဘွားတိုင်နေရာနေရာဖြင့် မော်တော်ခေါင်မိုးမှာ ခေါင်း ချွတ်ရုံမျှသာရှိသည်။ ယင်းအပြင် သူ၏ရှေ့နောက်ဝဲယာ မော်တော် အခန်းထဲတွင် ခရီးသည်များက ပြည့်နှက်နေလေ၏။

ယင်းအပြင် သူ၏နောက်ကျောနှင့် နံဘေးမှာလည်း ညီ ညွှန့်သေတ္တာဟုမဆိုနိုင်သော သေတ္တာအချို့နှင့် မြေသြဇာအိတ်များ



www.burmeseclassic.com

www.burmeseclassic.com



မှ ရှူရှိုက်နေရသောအနံ့ဆိုးများကြောင့် ညီဘွား ဦးခေါင်းများပင် နောက်ကျိနေပြီ။

မြစ်ရေပြင်ကျယ်ကြီးအား ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်အေးကြောင့်သာ တော်ပေတော့သည်။ မော်တော်နံ့ဘေးရှိ ဖောင်မှာ မြစ်ရေဖြင့်ထိတွေ့ရန် တစ်ထွာခန့်သာရှိတော့၍ တစ်ခါတစ်ရံ မော်တော်ဦးမှ ရေပန်းရေမှုန်များသည် ညီဘွားထံလာရောက်ထိမှန် သဖြင့် သူ့စိတ်တွေ အတန်ငယ်ကြည်နူးသွားရတာအမှန်ဖြစ်သည်။

အမှန်တကယ်တော့ ညီဘွားသည် ရေဖြင့်မနီးလှသော်လည်း စိမ်းသက်လွန်းသူတော့ မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် ညီဘွားမှာ ရိုးမတွင်မွေးပြီး သူတာဝန်ကျရာ အရပ်ဒေသများမှာ အထက်အညာဒေသ၊ အထက်အညာခရိုင်ဖြင့် ရိုးမများသာ များခဲ့ ရလေသည်။

ထိုအရပ်ဒေသများသည် တောင်ပေါ်ရိုးမများသာဖြစ်၍ သူလို သစ်တောအရာရှိငယ်တစ်ဦးအနေဖြင့် လုပ်ငန်းဆောင်တာကိစ္စများ ပြီးစီးလျှင် အမဲပစ်ထွက်၊ သူဝါသနာထုံရာ သစ်ခွမျိုးစိတ်၊ ဂမုန်းမျိုး စိတ်များ စုဆောင်း . . . ဒါပဲ လုပ်စရာရှိခဲ့၏။

ရေဟူ၍ မိုးတွင်းခါ တောင်တန်းအဆင့်ဆင့်ကနေစီးဆင်း လာသော တောင်ကျချောင်းရေကိုသာ တွေ့မြင်ရင်းနှီးခဲ့ရသည်။

ယခုကဲ့သို့ ကျယ်ပြန့်သောမြစ်ပြင်ကြီး မဟုတ်ချေ။

ထိုအတွက်ကြောင့်လည်း သူ့ကို ဤသို့ပင်လယ်ဒေသတစ် ခုသို့ တာဝန်ပေးမည်ဟူ၍ အထက်အရာရှိကိုမောင်က ပြောလာသော





အခါ ညီဘွားဝမ်းသာအယ်လဲ ခေါင်းညိတ်ပြီး ထွက်လာခဲ့ခြင်းပင်ဖြစ် သည်။ တစ်ခုပဲရှိသည်။

ညီဘွားယခုလာခဲ့ခြင်းမှာ လက်ရှိတာဝန်ထမ်းဆောင်နေ သည့် အနောက်ရိုးမမြောက်ပိုင်းကနေ ဤဒေသသို့ တိုက်ရိုက်ကူးလာခြင်း ဖြစ်၍ သူ့အတွက် သစ်တောဌာနမှ မည်သည့်အကြိုအထောက်မှမပြု ပေးနိုင်သလို နယ်ပယ်ဒေသစိမ်းဖြစ်၍လည်းကောင်း တိုက်ရိုက်လာ ခဲ့ရ၍ ခရီးအနည်းငယ်ပန်းသည်ကလွဲလို့ သိပ်အခက်အခဲ မရှိလှပါ။

သူတာဝန်ထမ်းဆောင်ရသည့် အခြေစိုက်သစ်တောဌာနသို့ ရောက်အောင် မြေပုံလည်းရှိနေပြီမို့ အရပ်ဒေသစိမ်းဟု ဆိုသော်လည်း သိပ်တော့ အခက်အခဲရှိလှမည်မထင်။

'ဘုတ် . . ဘုတ် . . ဘုတ်'

သူလိုက်ပါလာသောမော်တော်လေးသည် အိမ့်ပဲ့ဖြင့် လမုပင် တန်း၊ ဓနိပင်တန်းများညို့ဆိုင်းနေသည့် ချောင်ငယ်လေးတစ်ခုဆီသို့ ဆိုက်ကပ်ရန်ပြင်ဆင်နေတော့မှ ညီဘွား အတွေးနွံထဲကနေ ရုန်းထွက် ခဲ့သည်။

တံငါလှေငယ်လေးများ လူပ်လီလူပ်လဲ့ဖြင့် ပိုက်ဖုံများလှမ်း ထားသည့် တဲစုလေးများဖြင့်နီးကပ်လာတော့မှ ညီဘွားအနီးရှိခရီး သည်တစ်ဦးအား . . .

''ဒါ . . . ရွာလားဗျ ဦးကြီး''

ညီဘွားမေးလိုက်သောအမေးကြောင့် ပယ်လယ်နံ့သောင်း ထားသည့် အသက်ငါးဆယ်ရွယ် မည်းကြုတ်ကြုတ်ခန္ဓာသည် လူကြီး



www.burmeseclassic.com

www.burmeseclassic.com



က အံ့အားသင့်သလို တစ်ချက်လှမ်းကြည့်ရင်း ...

''ဒါ ... သက်ကယ်စုရွာလေ၊ ဒါ့ထက် မောင်ရင်လေးကြည့်ရတာ ဒီဘက်နယ်ကမဟုတ်ဘူးထင်တယ်''

''ဟုတ်ပါတယ် ... ကျွန်တော် အညာဇမြလာတ်ကပါ''

''ဩော် ... ဒါကြောင့်ကိုး၊ နေပါဦး ... စပ်စုတယ်လို့တော့ မထင်ပါနဲ့နော် ... မောင်ရင်လေးက ဘယ်ရွာသွားမှာလဲ''

''ကညင်ချောင်ရွာပါ''

''အလို ... ကညင်ချောင်ရွာဆိုရင် သိပ်မလိုတော့ပြီပဲ၊ ကညင်ချောင်ရွာဆိုရင် ဘယ်သူ့အိမ်သွားမှာလဲ၊ ဟို ... ဒီလိုမေးလို့ တစ်မျိုးတော့မထင်ပါနဲ့နော် မောင်ရင်လေး ... ကျုပ်နာမည် 'မင်းကျော်'ပါ၊ ကညင်ချောင်ရွာခံဆိုတော့ ကူညီပေးစရာရှိရင် ကူညီပေးနိုင်အောင်ရယ်ပေါ့''

လူကြီးက သူ့အပေါ်အထင်အမြင်လွဲမှားမှာစိုး၍ လေသံခပ်သွက်သွက်ဖြင့် ရှင်းပြနေလေ၏။

ညီဘွား ခေါင်းတစ်ချက်ညိတ်၍ပြုံးလိုက်မိသည်။ တိုက်ပဲတိုက်ဆိုင်လွန်းသည်။ ကညင်ချောင်ရွာသားကိုမှ ကညင်ချောင်ရွာအကြောင်းသွားပြောမိသည်။ အပြောမတော်ပါက ရိုက်ပေါက် ...

ဦးမင်းကျော်ဆိုသောလူကြီး၏ပုံစံက ရိုးသားပွင့်လင်းဟန်ရှိသည်။ မော်တော်လေးက ပြန်လည်ထွက်ခွာစပြုလေပြီ။

''ကျွန်တော့်နာမည် ညီဘွားပါဦးကြီး၊ ကညင်ချောင်တိုက်နယ်ရဲ့ သစ်တောဌာနကို ခုမှပြောင်းရွှေ့လာတဲ့ သစ်တောအုပ်ပါ''





''ဩော် ... ဆရာလေးက သစ်တောဌာနကကိုး၊ ဒါဆို ဘာမှမပူနဲ့တော့ဆရာလေး။ မင်းကျော်နဲ့တွေ့ရင် ကိုကြီးကျော်နံတ်နဲ့တွေ့သလို အားလုံးအဆင်ပြေသွားပြီမှတ်၊ ဟဲဟဲ ... သူလည်း မင်းကျော်၊ ကျုပ်လည်း 'မင်းကျော်'ပဲ .. ဟားဟား''

ကွမ်းအဆက်မပြတ်စားသဖြင့် နီကျင်နေသောသွားကြီးများပေါ်အောင် တဟားဟားရယ်မောရင်း ဦးမင်းကျော်ပြောသည်။ ကြည့်ရတာ ပျော်တတ်ရွှင်တတ်ပုံရသလို ယမကာလည်း မှီဝဲတတ်ပုံရလေသည်။

သူ့ထံမှ အနံ့ခပ်သင်းသင်းရလေသည်။

ညီဘွား အလိုက်သင့်လေးပြုံးရင်း ...

''ဦးကြီးနဲ့တွေ့ရင် ဘာမဆိုအဆင်ပြေမယ်ဆိုတာ ဘာကိုပြောတာလဲဦးကြီးရ ... ဆိုပါဦး''

''ဟာ ... တစ်မျိုးမထင်ပါနဲ့ ဆရာလေးရာ၊ သရိုးသဲရိုပြောတာမဟုတ်ပါဘူး ... ဆရာလေး အခုသွားမယ့်သစ်တောဌာနက ကျွန်တော့်ခြံဝိုင်းနဲ့ဆို သိပ်ဝေးလှတယ်မဟုတ်၊ အရင်က သစ်တောဌာနက အရာရှိတွေလည်း သူတို့လိုတဲ့အကူအညီကို ကျုပ်ပဲ ဒိုင်ခံဖြည့်ဆည်းပေးရတာ၊ ဟင်းစားဆိုတာတော့ နေ့စဉ်မပြတ်ဖစေရဘူး ... ငါးကြိုက်သလား, ပုစွန်ကြိုက်သလား ... ဘာစားချင်သလဲပြော၊ ကျုပ်က ထံငါလုပ်တယ်လေဆရာလေးရဲ့၊ မင်းကျော်ဆို ကညင်ချောင်မှာ မသိသူ မရှိဘူး .. ဟားဟား''

''ဩော် ... သိပါဘူး .. ဟင်းဟင်း .. ဒါဆိုလည်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်လည်း ရွာရောက်ရင် ဦးကိုပဲအားကိုးရမယ်ထင်ပါရဲ့"

ညီဘွားသည် နယ်မြေဒေသကျွမ်းကျင်နှံ့စပ်သည့် ရွာသား တစ်ဦးဖြစ်သူ ဦးမင်းကျော်အား အမှန်စိတ်ရင်းအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"အားကိုးရပြီလား ဆရာလေးရာ၊ ကျုပ်အိမ်နဲ့ သစ်တော ဝင်းနဲ့ သိပ်မဝေးလှတော့ တောအုပ်လေးတွေဆို ကျုပ်အိမ်ဆို တံခါးမရှိ တားမရှိဘဲ၊ ဒါကိုတောင် ရွာကကျုပ်ကို မလိုတမာသွားပုပ်လေလွင့် ပြောကြသေးရဲ့ ဘာတဲ့ ... အဲ ... နေပါဦး ... မျောက်ပြဆန်တောင်း တဲ့၊ ဟွန်း ... တောက်"

ညီဘွားမှာ စကားကိုကွေ့ဝိုက်လိမ်ညာမပြောတတ်သည့် ဦးမင်းကျော်ဖြင့် စကားပြောရသည်မှာ စိတ်ပျော်ရွှင်လာလေသည်။

မော်တော်မှာမူ တဘုတ်ဘုတ်ဖြင့် လိုရာခုတ်မောင်းနေလျက်။

မော်တော်ဝမ်းတွင်းရှိ ခရီးသည်အချို့မှာလည်း သူနှင့် ဦး မင်းကျော်တို့စကားကို စိတ်ဝင်စားဟန်ဖြင့် နားထောင်နေကြသလို ဦးမင်းကျော်၏ လေသံဗွာဗွာကြီးကြောင့်လည်း ညီဘွားကို သစ်တော အရာရှိမှန်းသိသွားကြပြီး စူးစမ်းသလို အကဲခတ်ကြည့်နေကြလေ သည်။

"ဘာလဲဦးကြီးရ ... မျောက်ပြဆန်တောင်းဆိုတာ ... ဘာလဲ၊ ဦးမှာမွေးထားတဲ့ မျောက်တွေရှိလို့လားဗျ ... ပြောပါဦး"

"ဟောဗျာ ... ဆရာလေးကလည်း ဖွဟဲ့ လွဲပါစေ. ဖယ်ပါ စေဗျား ကျုပ် ခုနပြောပြီးပါရော ... မလိုသူတွေ နိုင်းနှိုင်းပြောကြတာ





ပါဆို၊ အဲ ... ကျုပ်မှာမျောက်တွေတော့ မွေးထားတာမရှိဘူး ... မွေး ထားတဲ့သမီးလေးတစ်ယောက်တော့ ရှိတယ်၊ အဲ ... အဲဒါကိုပြောကြ တာလေ ... သားသမီးချင်း ကိုယ်ချင်းမစာဗျာ"

ဦးမင်းကျော်သည် ပြောရင်းကနေ ခံပြင်းပေါက်ကွဲလာဟန် ဖြင့် စကားတွေ ကရားရေလွှတ်ပြောလေတော့သည်။ ယင်းအနိုက်

"အို ... အဖေကလည်းနော်၊ ဘာတွေလျှောက်ပြောနေတာ လဲနော်၊ ကျေးနုတော့ သေချင်တော့တာပါပဲ"

"ဟင် ..."

"ဟင် ... သမီး ... အေး ... အေး ... အဖေမေ့သွားလို့"

ညီဘွားတို့ထိုင်နေရာ မော်တော်ပဲ့ပိုင်းဖြင့်မလှမ်းမကမ်း မော် တော်ဝမ်းတွင်းမှ စိတ်ပျက်ညည်းညူလိုက်သလို လွင်ချိုသောပြော သံတလေးပေါ်ထွက်လာသဖြင့် ညီဘွားအံ့အားသင့်သွားရ၏။

ထိုအတူပင် ဦးမင်းကျော်သည်လည်း ချာခနဲလှည့်ကြည့်ပြီး သတိရသွားသလို ခပ်တိုးတိုးရေရွတ်လိုက်၏။

သည်တော့မှ ညီဘွားသဘောပေါက်သွားရပေတော့သည်။ ဦးမင်းကျော်မှာ သူတစ်ယောက်တည်း မဟုတ်၊ သမီးဖြစ်သူပါ အတူ ပါလာမှန်း နားလည်လိုက်မိလေတော့၏။

သူလှမ်းကြည့်လိုက်တော့ မလှမ်းမကမ်းရှိ မိန်းမဖော်အသက် ကြီးကြီးသုံးလေးယောက်ကြား၌ ပေါင်ပေါ်အိတ်တစ်အိတ်တင်လျက် နော်နာရုက်ဝဲဝဲလေးဖြင့် သူ့ထံလှမ်းကြည့်လိုက်သည့် မိန်းကလေး၏ မျက်နှာ တွေ့မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမလေး၏မျက်နှာသည် နီရောင်ပျို့ပျို့ မစို့မပို့။

ညီဘွားဖြင့် မမျှော်လင့်ဘဲ အကြည့်ချင်းဆုံသွားသည့်အခါ သူမလေးသည် ဖျတ်ခနဲမသိမသာမျက်နှာလွှဲလျက် မြစ်ကမ်းပါးဘက် ဆီသို့ လှမ်းကြည့်လိုက်သည်။ ညီဘွား ရှင်သန်နုမျစ်သော ရှက်သွေး ဖြန်းမျက်နှာလေးအား အားတောင့်အားနာဖြစ်သွားမိရသည်။

တစ်ဆက်တည်း သူ၏ရင်ထဲ၌လည်း အမျိုးအမည်မဖော် ပြတတ်ပါသော ဆွဲငင်အားတစ်ခု ရှုတ်ခြည်းနွေးမြစွာဝင်ရောက်လာ သလို လိုက်ဖိုစွာခံစားလိုက်ရ၏။ အမှန်တော့ သူအလိုက်မသိ နှုတ် မေးလိုက်၍သာ သူမလေးထံကနေ ပြုံးစူဟန့်တားသံလေး လွင့်ပျံ့ လာခြင်းမဟုတ်ပါလား။

သူမ ရှက်သွားရှာသည် ထင်မိသည်။

တစ်ချိန်လုံး ယမကာအရှိန်ဖြင့် စကားတွေပေါက်ပေါက် ဖောက်လာခဲ့သည့် ဦးမင်းကျော်ပင်လျှင် ဒေါ်ပိုင်ငူအစွာဖြင့် နှုတ်ဆိတ် သွားခဲ့လေပြီ။

"ကဲ ... ကညင်ချောင်ရွာခရီးသည်များ အသင့်ပြင်ထား ပါ"

မော်တော်သည် သပ်ရပ်ခန့်ညားသော သစ်သားရေဆိ တံတားလေးဖြင့် ရွာတန်းရှည်၊ ဆိုင်တန်းရှည်စုစုလေးရှိရာရေဆိ ကပ်ရန်အားပြုနေလေပြီ။

မော်တော်တွင် စီးနင်းလာသည့်ခရီးသည်အချို့ လှုပ်လှုပ် ရှားဖြစ်နေကြတော့မြင်ရ၏။





ဒီတော့မှ ဦးမင်းကျော်က သူ့အား ...

"ဒါ ...'ကညင်ချောင်ရွာပဲဆရာလေး၊ ကျုပ်တို့သားအဖမှာ တော့ ဘာမှစန်းစည်စလယ် အပိုမပါဘူး၊ ဆရာလေးမှာ ဘာတွေပါ သလဲ"

"ရပါတယ်ဦးရီး ... ကျွန်တော့်မှာ ဟောဒီခရီးဆောင်အိတ် နဲ့ ပြီးတော့ ဖတ်စရာ စာအုပ်သေတ္တာတစ်လုံးရယ် ... ဒါပါပဲ"

ညီဘွားက သူသိုင်းလွယ်ထားသောအိတ်နှင့် သံသေတ္တာ ငယ်တစ်လုံးအား မေးငေါ့ပြလိုက်မိသည်။

ဦးမင်းကျော်ကမူ စေတနာဖြင့်မေးမြန်းပါသော်လည်း ညီ ဘွားသည် သူမလေးအား မျက်နှာပူနေမိသည်။ ဦးမင်းကျော်က ကွမ်း အုံးတွင်းမှ ကွမ်းတစ်ယာထုတ်ယူကာ ပါးစောင်တွင်းသို့ပစ်ထည့်လိုက် ရင်း ...

"ဒီသေတ္တာ ကျုပ်သယ်ခဲ့မယ် ... ဆရာလေး အိတ်ပဲယူ သွား"

"ဟာ ... နေပါစေဦးရီး ... ကျွန်တော့်ဘာသာ ..."

ညီဘွား ကမန်းကတန်းလှမ်းတားမြစ်မိသည်။ တစ်အားနာ ဘနေ နှစ်အားနာအဖြစ်မခံနိုင်။ နောက်ပြီး ကိုယ်က ဒီမြေဒီအရပ် အသစ်၏ အကျင့်စရိုက်၊ ဓလေ့ထုံးတမ်းတွေလည်း နားမလည်သူ အစိမ်းသက်သက်ဖြစ်သည်လေ။

မော်တော်လေးသည် ဆိပ်ခံတံတားမှာ ကပ်ပြီးသွားလေပြီ။ သင်းအခိုက် သာယာလွင်ချိုသည့်အသံလေးသည် သူတို့အနီးမှာနေ



www.burmeseclassic.com

www.burmeseclassic.com



ကပ်လျက် ထွက်ပေါ်လာပြန်သည်။

"အဖေ ကျေးနုဘာသာဆက်သွားတော့မယ်၊ အဖေနောက်ကမဲ့ လိုက်ခဲ့ချည်တော့"

"သွား ... သွား ... ကျေးနုသမီး"

ကျေးနုဆိုသည့်သူမလေးသည် သူ့အား ရွှန်းလဲ့နေသော မျက်ဝန်းကြီးတစ်စုံဖြင့် လှစ်ခနဲတစ်ချက်ကြည့်ကာ ရေဆင်းတံတားပေါ် သွက်လက်စွာပင် လှမ်းတက်သွားလေပြီ။

ညီဘွား လှပယဉ်ကြော့သော သူမအမူအရာလေးကို လိုက်လံငေးမိနေစဉ် ...

"ကဲ ... တက် ဆရာလေး"

"ဟင် ... ဟာ ... ဟုတ် ... ဟုတ်ကဲ့ဦးရီး"

ညီဘွားလည်း နောက်ပါးကနေ ဦးမင်းကျော်၏လှမ်းသတိပေးသံကြောင့် တံတားပေါ် ဖျတ်လတ်သွက်လက်စွာပင် လှမ်းတက်လိုက်လေတော့၏။

သူ၏နောက်ပါးမှာတော့ သူ့စာအုပ်သေတ္တာကြီးကို ပေါ့ပါးစွာ ထမ်းလျက် ဦးမင်းကျော်လိုက်ပါလာသည်။

ရေဆင်းတံတားလေးထိပ် လက်ဖက်သုပ်၊ ဂျင်းသုပ်ဆိုင်တန်းလေးတွေအပါးရောက်စဉ် ...

"သွားလေ ဆရာလေးရဲ့ ... ဘယ်သူ့လိုက်ငေးနေတာလဲ ရေဆိပ်နဲ့ရွာက နည်းနည်းလှမ်းသေးတယ်၊ မော်တော်က ဒီကနေ ဟိုဘက်မြစ်ခွဆုံဘက် ပြန်လှည့်မှာလေ၊ ဒီမှာ ခဏတစ်ဖြုတ်နားဦး





မှာပေါ့"

"ခြောက် ..."

ညီဘွားစိတ်ထဲမှာတော့ လိပ်ပြာလေးတစ်ကောင်နှယ်၊ ကမ်းပေါ်ရောက်ရောက်ချင်း ပျောက်ဆုံးသွားသည့်သူမလေးအား သိပ်မတွေ့လည်တာတော့ အမှန်ပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် တစ်နေ့တော့ ဆုံစည်းကြဦးမှာတော့ အမှန်အရားပါပဲ ကျေးနုရေ ...။

သူမလေး၏ ရှင်းသန့်နုမျစ်သည့် အလှမျက်နှာလေးက သူ့ရင်မှာ စူးနစ်ထင်စွဲနေခဲ့ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမလေးနှင့် တွေ့ဆုံခြင်း

မနေ့ညက ခရီးပန်းလာ၍ပဲလား၊ ညဥ့်လေတဖြူးဖြူးဖြင့် ကြားနေရသော လှိုင်းပုတ်သံ၊ ရေတိုးသံ စသည့်အာရုံအတွေ့အကြ သစ်များကြောင့်ပေပဲလား မသိပေ ...။ ညီဘွား နှစ်ခြိုက်စွာ အိပ် မောကျခဲ့လေသည်။

ခုမနက် ညီဘွားနိုးလာတော့ အလင်းရောင်ပင် ပေါ်လာနေ ချေပြီ။ နှစ်ခြိုက်စွာ အိပ်ရေးဝဝအိပ်လိုက်ရ၍ပဲလား မသိ။ ညီဘွား၏ စိတ်တွေ ကြည်လင်လန်းဆတ်နေ၏။ လူကလည်း သွက်လက် ပေ ပါးနေပေသည်။

ညီဘွား အိပ်ခန်းလေးတွင်းမှ လှမ်းထွက်လာခဲ့ပြီး မျက်နှာ သစ်၊ သွားတိုက်ရန် ဘန်ဂလိုလေး၏အရှေ့ဘက်သို့ ဆင်းလာခဲ့သည်။

ဘန်ဂလိုလေးမှာ မြစ်ပြင်အားမျက်နှာမူကာ တည်ဆော ထားပြီး ကုန်းမြင့်လေးတစ်ခုထက်၌ တည်ရှိလေသည်။ သစ်ပင်လှ လေးများစိုက်ကာ ဂမုန်းအိုးလေးများ ချိတ်ဆွဲ၍ထားလေသည်။

အတော်အတန်ကျယ်ဝန်းပြီး မြစ်ကိုမျက်နှာမူကာ ဝရန်တ လေးတစ်ခုလည်း ပါရှိသည်။ မနက်ခင်းနှင့် ညနေခင်းအလုပ်နား





မှာဆိုလျှင် ယင်းဝရန်တာလေးကနေ မြစ်ပြင်ထဲသွားလာနေကြသော တံငါလှေများ၊ ဝါးဖောင်များနှင့် မြစ်၏အလှကို ကြည့်ရှုခံစားနိုင်သည်။

ကျွန်သစ်တောဌာန၏နေအိမ်များမှာ တစ်ဖက်တွင်တည်ရှိ လေ၏။

ညီဘွားမျက်နှာသစ်ပြီး၍ ဘန်ဂလိုလေးပေါ်သို့ ပြန်တက်လာ ခဲ့၏။ ထိုစဉ် နောက်ဖေးခန်းတွင်းကနေ လှမ်းထွက်လာသော ဖိုး တာက ...

"ဟော် ..., ဆရာတောင်နိုးနေပြီပဲ၊ အတော်ပဲဆရာ ... ကျွန်တော် ဆရာ့အတွက် ဘရိတ်ဖတ် ပြင်ဆင်ထားပြီးပြီ"

"မင်းရော မစားသေးဘူးလား ဖိုးတာ"

"ဟာ ... ကျွန်တော် နောက်မှပဲစားပါ့တော့မယ်၊ ဆရာပဲ ဖွတ်လွတ်လပ်လပ်သုံးဆောင်ပါ ... ဟဲဟဲ"

ဖိုးတာသည် ချောင်းခေါင်းလေးတစ်ဦးဖြစ်၍ ဣဘက်နယ် သားတစ်ဦးပင်ဖြစ်လေသည်။ သူနှင့် အတူတကွနေထိုင်၍ သူ၏ဝေ ယျာဝစ္စများပြုလုပ်ရန် စခန်းကနေ တာဝန်ပေးထားသူ ဖြစ်လေသည်။ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေး၏။

နံနက်စာကို စားနေရင်းကနေ မနေ့က စခန်းဝင်းထဲထိတိုင် လိုက်လံပို့ဆောင်သော ဦးမင်းကျော်ကို အမှတ်မထင် သတိရသွားမိ သေးသည်။

ဦးမင်းကျော်ပြောခဲ့သလိုပင် စခန်းရှိ ဝန်ထမ်းအတော်များ များမှာ ဦးမင်းကျော်နှင့် ရင်းနှီးကျွမ်းဝင်နေကြ၍ ညီဘွားအသင်ချ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

စခန်းမှာ ဝန်ထမ်းအင်အား ငါးယောက်ခန့်သာ ရှိလေသည်။

သူ့အားလိုက်လံပို့ဆောင်ပြီး သိပ်မကြာခင်၌ ဦးမင်းကျော် သူ့အားနှုတ်ဆက်ကာ ပြန်သွား၏။ ဘာပဲပြောပြော ဦးမင်းကျော် သည် ယမကာလေး အနည်းအပါးမှိဝဲတတ်သည်ကလွဲလို့ စိတ်ရင်း ကောင်း ဖော်ရွေပြီး ပျော်ပျော်နေတတ်သူဖြစ်လေသည်။

ပြီးတော့ ဤမြေမှာမွေး၊ ဤရေပေါက်ဖြစ်၍ နယ်မြေကျွမ်း ကျင်ပြီး ဗဟုသုတပြည့်စုံသူဖြစ်လေသည်။ ဒီမှာနေလျှင် ဦးမင်းကျော် က သူ့အတွက်အထောက်အကူဖြစ်ပေမည်။

ဦးမင်းကျော်အကြောင်းကို တွေးတောစဉ်းစားနေမိရင်းကနေ လှစ်ခနဲ ကျေးနုဆိုသည့်သူမလေးအား သတိရသွားမိ၍ ညီဘွားတစ် ယောက်တည်း ပြုံးလိုက်မိသေးသည်။

"ဘာလိုသေးလဲဆရာ . . . ကျွန်တော်က သိပ်တော့မချက် ပြုတ်တတ်ဘူး . . ဟဲဟဲ"

"ဟာ . . . ဖိုးတာ . . . မလိုပါဘူးကွာ၊ ကဲ . . . သိမ်းလိုက် တော့ . . . ငါဝပြီ"

"ဟုတ်ကဲ့ဆရာ"

ဖိုးတာသည် ခေါင်းတစ်ချက်ညိတ်ပြကာ စားပွဲပေါ်ရှိ ပန်း ကန်များအား သွက်လက်စွာ သိမ်းဆည်းနေလေသည်။ ညီဘွား အကြမ်းရည်တစ်ခွင် ငုံ့သောက်နေစဉ် . . .

"ဒါထက် ဆရာ . . . ဒီမနက် သစ်ကွင်းဘက်ဆင်းမလား





ဆရာ"

"ရတယ် ဖိုးတာ၊ မနေ့က ရောက်ရောက်ချင်း တောခေါင်း ကြီး ဘိုးစံရွှေတို့ ချောင်းအုပ်, ချောင်းခေါင်းတွေနဲ့လည်း တွေ့ဆုံပြီးပြီ ပဲ ဒီ ရွာထဲလျှောက်ကြည့်မလားလို့"

"ကျွန်တော်လိုက်ပို့ပေးမယ်လေ ဆရာ"

ဖိုးတာက ရွာတွင်းသို့ သူ့လိုက်ပို့ရန် ပြောသည်။

သို့သော်လည်း ညီဘွားသည် တစ်ဦးတည်းလွတ်လပ်အေး ဆေးစွာပင်သွားချင်သဖြင့် ဖိုးတာအား ပြောလိုက်မိလေသည်။

"ရတယ် ဖိုးတာ . . . မင်းဘာသာမင်း လုပ်စရာရှိတာ လုပ် နေခဲ့ ရွာနဲ့ စခန်းဝင်းနဲ့က သိပ်မှမဝေးလှဘဲကွာ၊ နောက်ပြီး မနေ့က ဆိုက်ပို့တဲ့ ဦးမင်းကျော်လည်း ရှိသားပဲလေ"

"ဆရာ ဦးမင်းကျော်အိမ်သိလို့လား"

"မသိလည်း ပါးစပ်ပါ ရွာရောက်ပါတယ်ကွာ၊ မေးစမ်းလိုက် နိုင် ရတာပဲမဟုတ်လား။ ကဲ . . . ငါသွားမယ်ဖိုးတာ၊ မနက်ဖြန် သစ်ကွင်းထဲသွားဖို့ လိုအပ်တာတွေသာ ပြင်ဆင်ထား"

သူ ဖိုးတာကိုပြောခဲ့ပြီး ဘန်ဂလိုပေါ်ကနေ လှမ်းဆင်းခဲ့လေ သည်။

နံနက်ခင်း၏ နေရောင်ခြည်နုနုအောက်မှာ ဘန်ဂလိုလေးရှေ့ ခိုင်ပျိုးထားသည်လား၊ အလေ့ကျပေါက်နေသည်လားမသိရသော တောပယ်ပွင့်လေးများ၏ရနံ့က သင်းပျံ့ကြူမွှေးနေလေသည်။

ညီဘွား တာဖမြေလမ်းအတိုင်း ရွာဘက်ဆီသို့လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ရွာလမ်းမှာ ရိုးရိုးတာမြေလမ်းပင်ဖြစ်လေသည်။ ကွန်များ၊ ယက်သဲ့များချိတ်ဆွဲလှမ်းထားသည့် တဲစုအိမ်လေးများဆီမှ ငါးညှီနံ့ တို့သည် ဝန်းကျင်တစ်ခုလုံး ပျံ့ဝေ့နေ၏။

ရွာအရှေ့ဘက်မြေပြန့်တွင်မူ ကျယ်ပြန့်စိမ်းစိုနေသော လယ်ကွင်းများကိုလည်း တွေ့ရသည်။ လယ်ယာလုပ်ငန်း၊ ချောင်းမြောင်း အင်းအိုင်လုပ်ငန်းတို့မှာ ဤဒေသ၏ ဘိုးဘေးဘီဘင်လုပ်ငန်းများပင် ဖြစ်ကြလေသည်။

ညီဘွားလျှောက်လာရင်းကနေ သူ့အိပ်ခန်းထဲမှာ မနေ့က ပါလာခဲ့သောစာအုပ်သေတ္တာအား နေရာမလုပ်ရသေးတာ သွား၍ သတိရလိုက်မိလေသည်။

ညီဘွားသည် စာဖတ်ဝါသနာပါသည်။ ဒါကြောင့်လည်း သူ မည်သည့်တော၊ မည်သည့်ရွာရောက်ရောက် အဝတ်အစားထက် ဖတ်ရှုရန်စာအုပ်သေတ္တာများကိုသာ အပင်ပန်းခံ၍ ယူဆောင်လေ့ရှိ၏။ သူ့မှာချမ်းသာသမျှဟူ၍ စာအုပ်တွေသာရှိသည်။

သူ့စာအုပ်များထဲ၌ သစ်တောစာအုပ်များ၊ ဂေဟာစနစ် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာအုပ်များအပြင် ဂမုန်းကျမ်း၊ မြန်မာနိုင်ငံတွင်းရှိ သစ်ခွနှင့်ရက္ခပျိုးပင်စိတ်များ၊ ယင်းအပြင် မနော သုတေသီကျမ်းများ၊ လူ့ဝင်စားဖြင့် ဝိညာဉ်လောက ပရလောက သုတေသနစာအုပ်များပါမကျန် ပါရှိလေသည်။

နေ့လယ်စာစားသောက်ပြီးမှပင် စာအုပ်သေတ္တာတွင်းရှိ စာ အုပ်များအား ဖိုးတာကို စင်လေးတစ်ခုရိုက်ခိုင်းပြီး သေချာကျနစွာ





သားတော့မည်ဟု ညီဘွားတွေးမိလိုက်၏။ ရုတ်တရက် ...

"ဟော ... ဆရာလေး ... ဘယ်သွားမလို့လဲဗျ"

"ဟာ ... ဦးမင်းကျော်ပါလား"

မမျှော်လင့်ဘဲနှုတ်ဆက်သူမှာ ဦးမင်းကျော်ဖြစ်နေ၍ ညီဘွား ...မ်းသာသွားလေသည်။ သူ့အားမြင်လိုက်သဖြင့် ဦးမင်းကျော်သည် ...ခြံ...င်းလေးတစ်ခုတွင်းကနေ ခပ်သွက်သွက် လှမ်းထွက်လာပါသည်။

"ဘယ်သွားမလို့လဲဆရာလေး ... ဒါ ကျုပ်ခြံလေ၊ အိမ်ထဲ ...ပြီးတော့ အကြမ်းရည်လေးဘာလေး သောက်ပါဦး ... လာပါ ...ရာလေး"

"ဘယ်ရယ်မဟုတ်ပါဘူး ဦးရီးရာ ... ရွာထဲ လျှောက်ကြည့် ...ပါ၊ ဦးခြံက အေးချမ်းလှပါလား"

"ကဲ ... လာ ... ဆရာလေး"

ဦးမင်းကျော်က မရအရခေါ်နေ၍ ညီဘွားမငြင်းသာတော့ဘဲ ...တွင်းသို့ လှမ်းဝင်ခဲ့မိလေသည်။ ခြံထဲမှာလှမ်းထားသော ငါးစင် ...ဖြင့် ကွန်နှစ်ခုအားတွေ့ရလေသည်။ ငါးဖမ်းပစ္စည်းအချို့ကိုလည်း ...ရလေသည်။

အိမ်ရှေ့တွင် ကွက်ပျစ်တစ်ခုအားတွေ့ရ၏။ ရေနွေးကြမ်း ...တွေ့ မည်သည့်ငါးမှန်း ...သိသော ငါးများကိုလည်း ကြော်လှော် ...သည်။

"ကဲ ... ထိုင်ပါဆရာလေး၊ အကြမ်းရည်သောက် ...ငါးကြော် ...ကျွတ်ကိုပင်လယ်ဒေသမှာတော့ ငါးကြော်က ...

www.burmeseclassic.com



ဆရာလေးတို့မြို့မှာလို လက်ဖက်ရည်တို့ မုန့်ပဲသရေစာတို့ ဘယ် စားနိုင်ကြမလဲဗျာ၊ ကျုပ်လည်း ဆရာလေးဆီ ညနေငါးဖမ်းကပြန် လာရင်တောင် လာခဲ့ဦးမလို့ပဲ''

''ကိစ္စအထူးရှိလို့လား ဦးမင်းကျော်''

''ဟင့်အင်း . . . မရှိပါဘူး၊ ဟင်းစားလာပို့မလို့ပါ၊ ခဏနေ ပိုက်သွားချတော့မှာလေ''

''ဩော် . . . လာချင်လာခဲ့လေ''

''အဖေ''

''ဟင်''

နောက်ဘက်ဆီမှထွက်ပေါ်လာသော မှတ်မိနေသည့် လွင် ချိုသောအသံလေးကြောင့် ညီဘွား အမှတ်တမဲ့လှည့်ကြည့်မိသည်။ သူ အံ့ဩသွားရ၏။

ဝတ်စုံစိမ်းလေးဖြင့် ကြိမ်ခြင်းလေးကိုင်ကာ လှေကားရင်း ဆီမှာရပ်တန့်နေသော သူမလေး၊ အကြည့်ချင်းဆုံသွားသဖြင့် သူ မလေးသည် ရွှန်းလဲ့သည့်မျက်ဝန်းကြီးတွေကို မသိမသာလွှဲရင်းက ဖခင်ဖြစ်သူအား . . .

''ကျေးနု ကျောင်းသွားတော့မယ်''

''ဩော် . . . အေး အေး''

သူမသည် ညီဘွားထံသို့ ညို့ရွှန်းသောမျက်ဝန်းကြီးများဖြင့် တစ်ချက် လှစ်ခနဲခိုးကြည့်ကာ သူတို့အပါးကနေ ခြံဝဆီသို့လှမ်းထွက် သွားလေတော့၏။ သူမသည် ကလေးတို့၏ ဆရာမကလေး။ ရွာ





သင်္ချိုင်းကလေးများ၏ ဥယျာဉ်မှူးတစ်ဦးပါလား။

''သမီးကျေးနုက ကျောင်းဆရာမလေးလေ ဆရာလေးရဲ့ ကျုပ်တို့ရွာမှာက မူလတန်းပဲ ရှိတာမဟုတ်လား၊ အဲဒါ . . . ကျေးနု ...ပါမှ ဆရာမလေးက သုံးယောက်တည်းရယ်၊ ဆရာလေး . . . ကျုပ် ...ရွာကျောင်းလေးကို တွေ့ပြီးပြီလားကွယ့်''

''ဟာ . . . ဦးရီးကလည်းဗျာ . . . ကျွန်တော်က မနေ့ကမှ ...တ်တယ်၊ ဒီနေ့ တစ်ရွာလုံးဘယ်သိဦးမှာလဲ၊ ဦးရီးအိမ် ပထမဆုံး ...

''ဩော် . . . ဟုတ်လား . . . ဟားဟား . . . မေ့လို့ . . . မေ့လို့ ...လေးရေ''

ဦးမင်းကျော်၏ သဘောကျရယ်မောသံဝါဝါကြီးက ခြံဝိုင်း ...အတွင်း လွင့်ပျံ့သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကွမ်းတောင်ကိုင် ငွေသဇင်ပွင့်

ညီဘွားသည် ဦးမင်းကျော်ထံမှာ အချိန်အတော်လေးကြာ
သွားသဖြင့် ရွာဆုံးရွာဖျားလျှောက်၍ မလေ့လာတော့ဘဲ ဆွမ်းခံ
ချိန်ခန့်လောက်တွင် ဘန်ဂလိုလေးဆီသို့ ပြန်လျှောက်လာခဲ့သည်

သူပြန်လာသည့်အချိန်၌ တံငါသမားဘဝဆိုတာ ခါးစိုမှ
စိုသည်မဟုတ်ပါလား။

သည့်အပြင် ရွာထဲကနေပြန်လာသော ဖနီးဖြစ်သူ ဒေါ်
ညိုဖြင့်လည်း ဦးမင်းကျော်က မိတ်ဆက်ပေးသေးသည်။ ဒေါ်
ညိုမှာ ငယ်စဉ်ကမူ အတော်ပင်ချောမောလှပမည်မှာ သေချာ
သည်း ယခုအခါ ဘဝဇာတ်ကြမ်းတမ်းမှုလောကဓံတရားတို့ ထို
ကြောင့် ရှိရင်းစွဲအသက်အရွယ်ထက်ပင် ပိုပြီးအိုစာနေသယောင်
ထင်မြင်မိသည်။ မျက်နှာချိုချိုဖြင့် ရည်မွန်ဖော်ရွေလေ၏။

နောက်တော့ ညီဘွား ဦးမင်းကျော်နှင့်ဒေါ်အေးညိုတို့
နှုတ်ဆက်ပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ စခန်းမှာ လုပ်စရာအလုပ်
ရှိနေသေး၏။

"ဟော ... ဆရာပြန်လာပြီ၊ ရွာထဲ နေရာအတော်



လား ဆရာ၊ ရွာက ကျဲ့ယ်တယ်ဆရာရဲ့"

"သိပ်မရောက်ပါဘူးဖိုးတာ၊ ဦးမင်းကျော်နဲ့ လမ်းမှာသွားဆုံတာနဲ့ ရေနွေးသောက်,အမြည်းစားပြီး ပြန်လာခဲ့တာ၊ နောက်ရက်တွေ အလုပ်အားမှပဲ လျှောက်ကြည့်တာပေါ့ကွာ"

ဘန်ဂလိုပေါ်လှမ်းတက်လာသော သူ့နောက်ပါးတွင် ဖိုးတာသည် တစ်ဆက်တည်း ကပ်လိုက်ပါလာ၏။ သူတို့စားသောက်ရန် ဖိုးတာချက်ပြုတ်ပြီးနေပြီထင်သည်။

ညီဘွား အရှေ့ဝရန်တာလေးရှိ ဝါးဖြင့်သပ်ရပ်စွာပြုလုပ်ထားသော ပက်လက်ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။ မြစ်ပြင်မှ လေအေးက တဖြူးဖြူး။ ဖိုးတာက ဓာတ်ဘူးထဲကနေ ရေနွေးဖြည့်ကာ ချပေးရင်း ရယ်ကျဲကျဲဖြင့် ...

"ဆရာ ... ဦးကျော်အိမ်မှာ ဆရာမလေးနဲ့ မတွေ့ခဲ့ဘူးလား ... တဲဟဲ"

"ဘယ်ကဆရာမလေးလဲ ဖိုးတာရ"

"ဟို ... သူ့သမီးလေ၊ ဆရာမလေး မကျေးနုကိုပြောတာ တို ... ဟို ... စိတ်ကူးမလွဲနဲ့နော်ဆရာ၊ ကျေးနုက ဒီနယ်တစ်ဝိုက် ကွမ်းတောင်ကိုင် အလှဘုရင်မလေးတစ်ပါးနော် .. ဟီးဟီး"

"ငါက ဘာကိုစိတ်ကူးမလွဲရမှာလဲ ဖိုးတာရ"

သူ မသိသလိုမျက်မှောင်တွန့်ကြုတ်ကာ မေးလိုက်သောအခါ မျက်နှာကြီးသည် ပြုံးဖြီးဖြီးဖြင့် မဝံ့မရဲပုံစံဖြင့် ညီဘွားကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ‥ ဟို ‥ အဲ ‥ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဟို … ဒီလိုလေဆရာရဲ့ … ဆရာ မတော်တာဆ ဆရာမလေးကျေးနု ကို စိတ်ဝင်စားရင် စိတ်ကူးမလွဲစေချင်လို့ပြောတာပါ … အဟင်း"

"ကျေးနုက ဒီရွာမှာ ဘယ်ကာလသားတွေမှ တုံးခုလို့လှမ်းမမီတဲ့ ပန်းညွှာသဇင် ပင်မြင့်စံပန်းလေးတစ်ပွင့်ဖြစ်နေလို့ပါ … အဟဲ"

"အဲဒါ ငါနဲ့ဆိုင်သလား ဖိုးတာရ"

"ဟို … အဲ … မသိဘူးလေ၊ ဆရာညီက မနေ့ကပဲ ကညင်ချောင်ကိုရောက်လာတဲ့ သစ်တောအရာရှိပေါက်စကလေး။ မော်တော်ပေါ်မှာ ဦးမင်းကျော်နဲ့ရင်းနှီးပြီး ဒီမနက် ရွာထဲက ဦးမင်းကျော်တို့အိမ်ကိုသွားတယ်ဆိုတော့ ဟို … ဆိုင် … ဆိုင်ချင်နေသလားလို့"

"ဟာ … ဟိတ်ကောင် … ငါက ရိုးရိုးသားသားကွ၊ ငါက ရွာရဲ့အလှနဲ့ ရွာဝန်းကျင်လေ့လာချင်လို့ သွားတာကွ၊ မင်း စွတ်ပြော မနေနဲ့ဖိုးတာ၊ မင်းပြောတဲ့ဆရာမရော၊ ဗမာမရော ငါတွေ့လည်းမတွေ့ဘူး၊ မြင်လည်းမမြင်ဘူး။ စိတ်လည်း မဝင်စားဘူး … ဒါပဲ တော်တော့"

သူ အံသားလွှတ်ပစ်ဟောက်ပစ်လိုက်၍ ဖိုးတာ ဖက်ကလေး ပုသွားလေသည်။ ဒီကောင်အား ဤသို့ ရေပက်စကား၊ ကောက်ပင် ရိတ်လိုးပြောထားမှ တော်ကာကျမည်ဟု ညီဘွားတွေးမိသည်။ ဖိုးတာ စိတ်ရင်းကောင်းမှန်းတော့ မြင်မြင်ချင်း အကဲခတ်မိသည်။

ဒီကောင့်ပုံစံက ပိန်ရှည်ရှည်၊ ခါးကိုင်းကိုင်းရုပ်ရည်ဖြင့် တ



ဒီတစ်ရံ ရှုးချင်သလိုလို၊ ကြောင်ချင်သလိုလို ပြောဆိုချင်သည်။ အသက်က အစိတ်ခန့်ရှိပြီဖြစ်သည်။ မတော်တာဆ ပါးစပ်စည်းကမ်း မဲ့တာ ရွာထဲလျှောက်ပြောနေပါက ဘာမဟုတ်ဘဲ ကျေးနုဆိုသော သူမလေး၏ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းနေမှာတော့ ညီဘွားစိုးရိမ် မိသည်။

ဒါ … သူ့ရင်ထဲက စေတနာအဖြူရောင်ပင်ဖြစ်၏။

မနေ့က မော်တော်လေးပေါ်မှာတုန်းက သူမေးချင်ရာ လျှောက်မေးခြင်းကြောင့် သူမလေးမျက်နှာ နီစွေးရုက်ဝဲဝဲဖြစ်သွား ပုံလေးအား ညီဘွား ယခုအချိန်ထိ မျက်လုံးထဲကမထွက်ပါ။

ထိုကိစ္စအတွက် သူမအားလည်း မတောင်းပန်ရသေးပါ။

"ဖိုးတာ …"

"ဗျာ … ဗျာ … ဆရာလေး ဘာခိုင်းမလို့လဲ၊ ဟို … စင်းစားတော့မလား … ကျွန်တော်ပြင်လိုက်မယ်လေ"

ဖိုးတာ ယောင်ယောင်မှားမှားဖြင့် အလျင်စလိုဖြစ်နေ၍ သူ ချင်မိသွားသည်။

"ဖိုးတာရာ အချိန်ကိုလည်း ကြည့်ပါဦး၊ ငါ တခြားခိုင်းစရာ ရှိဦး မင်း ဆာနေပြီလား ‥ ဘာလုပ်စရာရှိလဲ"

"ပြောပါ ဆရာညီ … ဘာမှလုပ်စရာမရှိပါဘူး"

"မင်း စင်ရိုက်တတ်သလားကွ"

"စင် … ဘာစင်လဲဆရာ၊ ဟို … နတ် … နတ်စင်လား"

"မင်းအဘ … နတ်စင်ကို ငါကဘာလုပ်ရမှာလဲ၊ ကဲ …



www.burmeseclassic.com

www.burmeseclassic.com



ကြာပါတယ်ကွာ၊ မင်း လွှရယ်၊ တူရယ်၊ သံရယ် သွားရှာယူလာခဲ့၊ ဒါ စာအုပ်စင်ရိုက်မလို့ ပြောနေတာ၊ မြန်မြန်ယူခဲ့ကွာ . . . ကြားလား"

"ဟုတ် . . . ဆရာညီ . . . ရမယ် . . . ရမယ်"

ဖိုးတာ ထိုင်နေကြသော ဝရန်တာလေးကနေ သုတ်ခနဲ ထ၍ လှမ်းထွက်သွားလေတော့သည်။ ဒီမနက် သူဖတ်ရန် စာအုပ်စင်လေးအား အပြီးသတ်ပြုလုပ်ရပေမည်။

ဒီတော့မှပဲ မြစ်ပြင်အား ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်ညင်းနုနုလေးအား ညီဘွား လွတ်လပ်ပေါ့ပါးစွာ ခံစားရလေတော့သည်။

သိပ်မကြာ . . .။ ဖိုးတာတစ်ယောက် ပစ္စည်းများယူကာ ပြန်ရောက်လာ၏။ တစ်မနက်လုံး ဖိုးတာနှင့်အတူတကွ စာအုပ်စင်နှစ်စင်ရိုက်နေရာ အချိန်ကုန်သွားကြလေတော့သည်။

သူတို့ထမင်းစားကြတော့ မွန်းတည့်ကျော်နေပေပြီ။

ဖိုးတာ၏ဟင်းချက်လက်ရာမှာ ထမင်းစားမြိန်လှသည်။

* * *

## မရဏာကျွန်း၏ခြေသံ

မြစ်လေညင်းနုလေးက တသုန်သုန် တိုက်ခတ်လျက်ရှိနေသည်။

မြစ်ပြင်တစ်ဝိုက်ရှိ တံငါလှေငယ်များဆီကနေ မီးရောင်မှိတ်တုတ်မှိတ်တုတ်လေးများ မြင်နေရ၏။ လရောင်သည် မြစ်ပြင်ပေါ်သို့ ဖြာကျလျက်ရှိသည်။

တဖျပ်ဖျပ်လက်နေသော လှိုင်းကြက်ခွပ်လေးတွေကြောင့် ငွေရောင်ဖာပန်းကွက်လေးများ လှုပ်ရှားနေသည့်နှယ် မြင်တွေ့နေရသည်။ အဆက်မပြတ် မြစ်ရေပြင်ပေါ် ရှပ်တိုက်ပြေးလွှားလာနေသည့် လေပြည်နုလေးများကြောင့်လည်း ညီဘွားပင်လျှင် ဂျင်းဂျက်ကက်ကို ဝတ်ဆင်ထားရလေသည်။

ညနေစောင်းက မမျှော်လင့်ဘဲ ချောင်းခေါင်းတင်ရွှေနှင့်ချောင်းအုပ်ကြီးဘစံရွှေတို့ ကြိုးဝိုင်းအတွင်းကနေ ရရှိလာခဲ့သော ကိုက်ကောင်ဖြင့် ရောက်ရှိလာကြသဖြင့် မထင်မှတ်ဘဲ ယမကာဝိုင်းလေး စုဝေးဖွဲ့မိကြခြင်းဖြစ်သည်။

ဦးမင်းကျော်သည်လည်း ငါးကြင်းကြီးတစ်ကောင်ဆွဲပြီး ပု



www.burmeseclassic.com

www.burmeseclassic.com



ခေင်းတစ်လုံးဖြင့်အတူ ရောက်ရှိ၍လာသဖြင့် လူက ပိုစုံသွားကြသလို ရှိလေသည်။ ဦးမင်းကျော်သည် သစ်စခန်းမှ လူအတော်များများဖြင့် သိကျွမ်းရင်းနှီးနေသော ရှာခံတစ်ဦးဖြစ်၍ မည်သည့်အခက်အခဲမျှ မရှိလှပါ။

ဖိုးဟာနှင့် တင်ရွှေကမူ စားဖိုဆောင်တာဝန်ယူနေကြ၍ ဝိုင်းထဲတွင် မပါဝင်ကြ။ ညီဘွားမှာ ယမကာကို စွဲလမ်းနှစ်သက်စွာ သောက်သုံးတတ်သူတစ်ဦး မဟုတ်ချေ။

သို့သော်လည်း သူတို့လုပ်ငန်းသဘာဝဖြင့် ရိုးမတောတောင်ကြီးများထဲ၌ အနေကြာလာ၍ ရာသီဥတုဒဏ်ကြောင့် တစ်ခါတစ်ရံတော့ ဤကဲ့သို့ သောက်သုံးလေ့ရှိသည်။

ညီဘွားတို့ သစ်တောဌာနအမှုထမ်းများသည် ပင်ပန်းဆင်းရဲပေသည်။ တောတောင်ရိုးမများ၌ နိုင်ငံတော်၏ သယံဇာတများ မဆုံးရှုံးရလေအောင် အချိန်နှင့်အမျှ နေ့ရောညပါ ကာကွယ်စောင့်ရှောက်၍ နေရသူတွေဖြစ်၍လည်း အနေအထား အစားအသောက်က စ၍ ပင်ပန်းကြမ်းတမ်းလှ၏။ ချို့တဲ့ဆင်းရဲလှသည်။

ရာသီဥတုဆိုး၏ဒဏ်၊ ရေမြေတောတောင်၏ဒဏ်ကို ကာကွယ်နိုင်ရန် ယမကာသည် သူတို့အတွက်အကောင်းဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ ယခုလည်း ညီဘွားရောက်ရှိနေရသောနေရာသည် ဝေးလံခေါင်သီပြီး ပင်ပန်းကြမ်းတမ်းသော ပင်လယ်ဒေသဖြစ်၏။ ရွာဆက်များ မနီးသလောက်ဖြစ်သည်။ နာမည်အကြီးဆုံး အကျော်ကြားဆုံးမှာ ငှက်ဖျားပင်ဖြစ်သည်။ မိရင်မလွှယ်။





"ဆရာလေး ငြိမ်လှချည်လားဗျ။ ရော့ . . . နောက်တစ်ခွက်"

"ဟာ . . . ဦးလေးကျော် မငြိမ်ပါဘူးဗျ။ ပင်လယ်ကြီးအကြောင်းတွေးနေတာ၊ သောက်ကြပါ . . . ဦးလေးကျော်တို့ ဘစ်ရွှေတို့ ဖဲ ဖြိုကျပါ၊ ကျွန်တော်က သိပ်မလုပ်တတ်ပါဘူး"

"ဆရာလေးက ပင်လယ်ပြင်ကြီးနဲ့ ပတ်သက်ပြီးတော့ ဘာတွေစိတ်ဝင်စားသလဲ၊ ဘာလဲ . . . မရဏကျွန်းကြီးအကြောင်းကို သိချင်တာလားဗျ . . . ဟားဟား"

"မရဏကျွန်း ဟုတ်လား၊ ဦးလေးကျော်"

အနည်းငယ်မျှ လျှာသွက်အာသွက်ဖြစ်နေပြီဖြစ်သော ဦးမင်းကျော်၏ နှုတ်ဖျားဆီမှ ထူးဆန်းသည့် အမည်တစ်ခုကို ကြားလိုက်ရ၍ ညီဘွား အံ့ဩသွားမိသည်။ မရဏကျွန်းဆိုပါလား။

ဦးမင်းကျော်သည် ရှေ့တွင်ချထားသော အရက်ခွက်အား ကောက်ယူကာ ဂွပ်ခနဲ တစ်ချက်မော့ချလိုက်ပြီး ဆက်ပြော၏။

"အင်းလေ . . . ဆရာလေးရ မရဏကျွန်း . . . မရဏကျွန်းကြီးပေါ့၊ ဒီပင်လယ်ဒေသတစ်ဝိုက်မသိသူမရှိတဲ့ တစ္ဆေကျွန်းကြီးပေါ့ဗျာ . . . ဟား ဟား"

"ကိုမင်းကျော်ကလည်းဗျာ . . . ဆရာညီဘွားက မနေ့တစ်နေ့ကတင်မှ ရောက်လာတာ၊ မရဏကျွန်းကို ဘယ်သိမှာတုံးဗျ။ ရွာသဲဆောင်မှ ခင်ဗျားတစ်အိမ်ပဲ ရောက်ဖူးသေးတာဆို"

ညီဘွား၏ နံဘေးမှာထိုင်နေရာက ချောင်းအုပ်ကြီး ဘစ်ရွှေက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဘစ်ရွှေမှာလည်း ဤနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေသည်မှာ သုံးလေးနှစ်ရှိပြီဟုဆိုသော်ရပါသော်လည်း မရဏကျွန်းအကြောင်းကို အမည်သာကြားဖူးသည်။

ထိုအိတူ ဟိုလူပြော၊ ဒီလူပြောဖြင့် မရဏကျွန်းကြီး၏ သွေးပျက်ထိတ်လန့်စဖွယ် ဒဏ္ဍာရီ ပုံပြင်ဆန်ဆန် အဖြစ်သနစ်အချို့ကို ကြားသိဖူးပါသော်လည်း သေချာဂဃနဏတော့ မသိတာအမှန်ဖြစ်သည်။

ညီဘွားသည် လက်ထဲကိုင်ထားသည့် ဖန်ခွက်အားပြန်ချလိုက်ကာ စိတ်ဝင်စားသော လေသံဖြင့် ...

"ခုန ဦးလေးကျော် ပြောလိုက်တဲ့ မရဏကျွန်းက ဘယ်မှာလဲ ဦးလေးကျော်၊ ပြီးတော့ အဲဒီ ကျွန်းကဘာတွေဖြစ်လို့လဲ ပြောပြပါဦး"

"အဟားဟား ... ဘာလဲ ... ဆရာလေးက မရဏကျွန်းကြီးကို စိတ်ဝင်စားသွားပြီပေါ့ ... ဟုတ်လား။ ဖြစ်ရမယ်လေ ဖြစ်ရမယ်၊ အမှန်တော့ မရဏကျွန်းဆိုတာထက် အဲဒီကျွန်းကြီးကို လူတွေက တစ္ဆေကျွန်း မိစ္ဆာကျွန်းလို့ခေါ်ကြရမှာဗျ။ ဟား ဟား ... ကျုပ်နဲ့ အဲဒီကျွန်းကြီးနဲ့လည်း တစ်ချိန်ကျ စာရင်းရှင်းရမှာဗျ ... သိလား"

"ပြောစမ်းပါဆို ကိုမင်းကျော်ရာ ... ဈေးကလည်း ကိုင်နေရပြန်ပြီ၊ မပြောလည်းနေတော့ဗျာ ... တကတဲ"

ဘစံရွှေက ဒေါသထွက်လာသည့်နှယ် ဆိုလိုက်တော့မှ ဦးမင်းကျော်က ...

"ပြောမှာပေါ့ ဘစံရွှေရာ ဒီတစ္ဆေကျွန်း မရဏကျွန်းဆိုတဲ့





အမည်ကိုကြားရင် ကျုပ်စိတ်တွေ အရမ်းလှုပ်ရှားပြီး ရင်ကွဲမတတ် နာကြည်းရခံပြင်းရလွန်းလို့ပါကွာ၊ ဒါကြောင့် ကျုပ်ပိုက်ချရင် အဲဒီ မရဏကျွန်းကြီးကို မမြင်ရတဲ့ မြစ်ခွဆိုင် ဒီဘက်မှာပဲချတယ်"

ယမကာတွေနေသည်ပဲလား။ အမှန်တကယ် ဒေါသထွက်ခြင်းနေသည်လားတော့ မသိတာ အမှန်ဖြစ်သည်။ ဦးမင်းကျော်၏ လေသံက နာကြည်းသံစွက်နေသော လေသံဟူ၍တော့ ညီဘွား သတိပြုမိသည်။

ဘက်ထရီမီးချောင်းရောင် အလင်းအောက်၌ ဦးမင်းကျော်၏ ပြန့်ကားသည့် မေးရိုးကြီးဖြင့်အတူ မေးကြောများ ထောင်ထနေသာတွေ့မြင်ကြရ၏။ ထိုစဉ် တင်ရွှေဖြင့် ဖိုးတာသည်လည်း အမြည်းများဖြင့် သူတို့ထိုင်နေရာ ဝရန်တာဆီသို့ ရောက်ရှိလာသည်။

ဖိုးတာသည် အမြည်းပန်းကန်အား ဝိုင်းလယ်စားပွဲပေါ် တင်ပေးလိုက်ရင်း

"ဦးကျော်ကြီး ... စောစောက ကြားလိုက်ပါတယ် ... မရဏကျွန်းကြီးအကြောင်း ပြောပြမလို့လား။ လုပ်စမ်းပါ ... ကျွန်တော်လည်း ရောက်ဖူးဖို့နေနေသာ ... ကြားရုံတင်ကြားဖူးတာ၊ အဲဒီကျွန်းကြီးက တစ္ဆေသရဲတွေ အရမ်းပေါလို့ ဘယ်စက်လှေ, ဘယ်လှေမှ ဖြတ်မသွားရဲကြဘူးဆို၊ အမယ်လေးဗျာ ... ပြောရင်း ကြက်သီးတွေထောင် ထလာပါရဲ့"

"လေတိုက်လို့ပါကွာ ဖိုးတာရ မင်းကလည်းတစ်မျိုး ဒီမှာ ဦးလေးကျော်ပြောပြမှာကို စိတ်ဝင်စားနေကြတာ၊ မင်း ငမနွေးညှို့



www.burmeseclassic.com

www.burmeseclassic.com



ငါမြစ်ထဲကို ကန်ချလိုက်မယ် ... ဟွန်း''

တင်ရွှေ ဒေါသလေသံဖြင့် ဝေါက်လိုက်၍ ဖိုးဝှာငြိမ်သက်သွား၏။ ဦးမင်းကျော်သည် မြစ်ရေပြင်အဆုံး ပင်လယ်ဝဘက်ဆီသို့ လရောင်အောက်၌ ငေးကြည့်နေရာက ပြန်လှည့်လာပြီး အရက်ကို ဖန်ခွက်တွင်းသို့ အပြည့်ငှဲ့ထည့်လိုက်ကာ ရေပင်မရောဘဲ တဂွပ်ဂွပ်ဖြင့် မော့ချပစ်လိုက်၏။

ညီဘွားပင် ဦးမင်းကျော် အရက်သောက်ကြမ်းသည့်ပုံစံအား မြင်တွေ့နေရ၍ မသိမသာ ပန်းတွန့်မိ၏။ ဒါပေမဲ့ မရဏကျွန်းဟူသော အမည်ကို သူစိတ်ဝင်စားနေပြီ။ ဦးမင်းကျော်၏ပုံစံကမူ ဘာမှမဖြစ်သကဲ့သို့ လက်ဖနောင့်ကြမ်းကြမ်းကြီးတွေဖြင့် နှုတ်ခမ်းအား ပွတ်သုတ်လိုက်သည်။

ပြီးတော့ နှုတ်ဖျားဆီကနေ သူ့ရှုးကြီးတစ်ယောက်ပမာ တိုးညင်းစွာရေရွတ်၏။

''ညီလေး ဖိုးခိုင်နဲ့ ညီမလေးလှနွယ်ရေ ... အစ်ကိုကြီးကို ခွင့်လွှတ်ကြပါ။ အစ်ကိုကြီး ရင်ထဲမှာ နှစ်ပေါင်းများစွာ နာကျင်နေခဲ့ရတဲ့ မေ့ပျောက်လို့မရတဲ့ ညီလေးတို့ရဲ့ အဖြစ်ဆိုးကြီးနဲ့ မရဏကျွန်း အကြောင်း ဆရာလေးကိုသိအောင်လို့ အစ်ကိုကြီးပြောပြလိုက်ပါမယ် ညီလေးနဲ့ ညီမလေးတို့ ရောက်ရာဘုံကနေ အစ်ကိုကို့ ခွင့်လွှတ်ကြပါကွာ ... ခွင့်လွှတ်ပါ''

ဦးမင်းကျော်၏လေသံသည် ဆွေးမြည့်အက်ကွဲနေသလိုလိုက်ခါတုန်ယင်နေလေသည်။ နောက်ပြီး မျက်နှာပြင်ရော မျက်လုံး





အစုံကပါ တစ်စုံတစ်ခုအား ကြေကွဲနေသလို ထင်ရှားပေါ်လွင်နေလေသည်။ ကိုညီဘွားအပါအဝင် အားလုံးသည် တွေ့မြင်နေကြရ၏။ ရေနံတာလေးတစ်ခုလုံး မြစ်ရေပြင်လှိုင်းနကို လာရောက်၍ ရိုက်ခတ်သံမှ လွဲ၍ တိတ်ဆိတ်သွားကြလေသည်။ ထူးဆန်းအံ့သြဖွယ်ရာ။

ညဥ့်သည် တဖြည်းဖြည်း အအေးဓာတ် လွှမ်းခြုံလာပေပြီ။

လေပြည်လေညင်းသည် တသုန်သုန် ဝေ့ယမ်းတိုက်ခတ်လာနေလျက် ...

''ဒီလိုပါ ဆရာလေး ... အဲဒီကျွန်းကြီးကို ကျုပ်တို့ရွာသားတွေ အပါအဝင် ဒီပင်လယ်ဒေသတစ်ပိုင်းက လူတွေအားလုံး ဟိုးအစဉ်အဆက်ကတည်းက နာမည်ပေးထားကြတာက မရဏကျွန်းတဲ့ တစ်နည်းဆိုရင်တော့ မိစ္ဆာကျွန်း တစ္ဆေကျွန်းကြီးပေါ့ဗျာ''

ဟိုး ... လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ...။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉၆၀

ကညင်ချောင်ရွာကလေး။

ယင်း ကညင်ချောင်ရွာလေးသည် ပင်လယ်ကမ်းဖြင့် နီး စပ်စွာ တည်ရှိသည့်ရွာလေးတစ်ရွာပင် ဖြစ်၏။

ကညင်ချောင်ရွာသည် အိမ်ခြေတစ်ရာကျော်ခန့် ရှိပြီးလျှင် ရွာသူရွာသားအများစုမှာ ရှေးအစဉ်ကပင် မိဘဘိုးဘွား လက်ငုပ် လက်ရင်းလုပ်ငန်းများ ဖြစ်ကြသည့် လယ်ယာလုပ်ငန်း၊ ထင်းမီးသွေး လုပ်ငန်း၊ ပင်လယ်လုပ်ငန်းများအား လုပ်ကိုင်အသက်မွေးကြလေ သည်။

အချိန်ကာလမှာ တိုင်းပြည်လွတ်လပ်ရေးပိုင်ဆိုင်ပြီးစအချိန် လက်နက်ကိုင်ချောင်းစုံသူပုန်များ သူပုန်သောင်းကျန်းနေကြသော ၁၉၅၀ ဝန်းကျင်ခန့် အချိန်ပင်ဖြစ်လေသည်။

ယင်းအချိန်သည် အင်္ဂလိပ်ဂျပန်ခေတ်၏လက်ကျန် မီးကျိုး မောင်းပျက် လက်နက်အကျိုးအပဲ့များ ကိုင်ဆွဲလျက် နေရာအနှံ့ သူတစ်လူငါတစ်မင်း ချောင်စုံသောင်းကျန်းသူများ ဓားပြဂိုဏ်းများသည် အုပ်စုဖွဲ့ပြီး လုယက်ခိုးဆိုးတိုက်ခိုက်နေကြရာအချိန်ဖြစ်၍ တိုင်းပြည်





မှာ မငြိမ်မသက်ဖြစ်၍ နေပေသည်။ ထိုဓားပြအဖွဲ့များ၏ လုယက်ခိုး ဆိုးဒုက္ခပေးမှုများအား မြို့ကြီးဖြင့် ဝေးကွာလွန်းလှသည့် ကညင်ချောင် ရွာကလေးသည်လည်း အများနည်းတူ ခံရလေသည်။

ယင်း ကညင်ချောင်ရွာလေး၏ အစွန်အဖျားရှိ မြစ်ကမ်းပါး တစ်နေရာ၌ နေထိုင်သော ဦးထွန်းကြွယ်ဆိုသူ ရှိလေသည်။

ဦးထွန်းကြွယ်သည် လယ်ပိုင်ယာပိုင်ရှိသောသူ တစ်ယောက် မဟုတ်သဖြင့် မြစ်ထဲတွင် လှေစုတ်အိုလေးတစ်စီးဖြင့် ဆင်းရဲပင်ပန်း စွာ အသက်မွေးရသူဖြစ်၏။

တစ်ခါတစ်ရံ သိပ်မဝေးကွာလှသော ဒီရေတောကြီးများဆီသို့ ထင်းမီးသွေးဝါးများခုတ်ကာ ဝမ်းကျောင်းရသည်။

သားနှစ်ယောက်ရှိသေးသော်လည်း ငယ်ရွယ်ကြသေးသဖြင့် ဦးထွန်းကြွယ်သည် သူတစ်ယောက်တည်းသာလျှင် သမုဒ္ဒရာ ဝမ်း တစ်ထွာအရေးကို ကြိုးစားပမ်းစား လှုပ်ရှားရုန်းကန်ရှာဖွေရလေ သည်။

သို့ရာတွင် ဦးထွန်းကြွယ်သည် သူ မည်မျှပင် အလုပ်ကြမ်း တမ်းပင်ပန်းပါစေ . . . သားနှစ်ဦးဖြစ်သူအား မည်သည့်အခါမျှ မနိုင်း စေခဲ့ပါချေ။ ယင်းအချိန်အခါက အကြီးဖြစ်သူ မင်းကျော်မှာ ဆယ်နှစ် သားအရွယ်ဖြစ်သကဲ့သို့ သားငယ်ဖြစ်သူ မိုးခိုင်သည် ခြောက်နှစ်မျှ သာရှိပြီ ဖြစ်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သံယောဇဉ်တြိဂံ

အရှေ့ဘက်ဆီမှ အရုဏ်ဦးအလင်းသွေးရည်တို့သည် ပျို့အန်၍လာခဲ့ပြီဖြစ်သည်။ အရုဏ်ငှက်ငယ်လေးများ၏ စိုးစီစီအသံလေးများလည်း ကြားလာရပြီ။ ယင်းအချိန်တွင် ကညင်ချောင်ရွာအကြားရှိ တစ်ခုတည်းသော ရွာကျောင်းဆီမှ အုန်းမောင်းခေါက်သံသည် အဆက်မပြတ် ကညင်ချောင်ရွာလေးကို လွှမ်းခြုံလာလေသည်။

'တုတ် ‥ တုတ် ‥ တုံ ‥ တုတ် ‥ တုံ ‥ တုတ်'

ရွာကျောင်းဆီကနေ အရုဏ်တုံးမောင်းသံ ထွက်ပေါ်လာသည်နှင့် ဦးထွန်းကြွယ်သည် ရေနံ့ခွက်ကို မီးစာအနည်းငယ်မြှင့်လိုက်ကာ အိပ်ခန်းထောင့်ဝါးကြမ်းခင်း အစွန်းလေးတွင် ခြုံစောင်စုတ်လေးဖြင့် ကွေးနေသော မင်းကျော်အား …

"သား … သားကြီး ဖိုးကျော်"

"အာ ‥ အင်း"

"ဖိုးကျော် သားကြီးထတော့"

"အိး"

ဦးထွန်းကြွယ်၏ သုံးလေးကြိမ်အဆက်မပြတ် နှိုးသောအခါ





မင်းကျော်သည် သန်းဝေသံနှင့်အတူခြုံစောင်ပတ်လျက် ထလာ၏။

"ကဲ သားကြီး … အဘ လှေထဲဆင်းကြည့်လိုက်ဦးမယ်၊ ခင်းအိုးတည်ထားဦး … ညီလေးနိုးလာရင် စားလို့ရအောင်လို့"

"အဘ ဒီနေ့ မြစ်ထဲဆင်းမလို့လား"

"မဆင်းပါဘူး … ဒါပေမဲ့ ထင်းတောက်မလို့၊ အဲဒါမှာ ဘာလိုမလဲဆင်းကြည့်မလို့ မနေ့ကတော့ လှေဝမ်းထဲ ရေစိမ့်တာတွေ့လို့"

ဦးထွန်းကြွယ် စကားစဖြတ်ပြီး တဲပေါ်ကနေ မီးခွက်မငြိမ်းအောင် ကိုင်ကာမြက်ရိုင်းတွေထဲဖြတ်ကာ လှေဆီဆင်းလာခဲ့သည်။

အမှောင်သည် အရှေ့ဘက်ဆီမှာရော၊ မြစ်ပြင်ဝန်းကျင်မှာ မပြိုကွဲသေးပေ။ ငါးရှာပြန်လာကြသော လှေငယ်ပေါင်းမိုးတွေအောက်မှ မီးရောင်တလက်လက်အား လှမ်းမြင်ရ၏။

မြစ်ရေက စစ်နေပြီဖြစ်၍ တဲရှိရာကုန်းပေါ်ကနေ လှေရှိရာသို့ နွံလဏကို အတော်ဖြတ်လိုက်ရသည်။

လှေသို့ရောက်သောအခါ ပေါင်းမိုးအောက်၌ ရေနံ့ခွက်ကိုကြိုက်ပြီး လှေကို သေချာစွာစစ်ဆေးလိုက်မိသည်။ လှေပဲ့ပိုင်းမှာ နည်းငယ်စိမ့်နေသည့်စပ်ရာအား တွေ့လိုက်ရလေသည်။

ဦးထွန်းကြွယ် စိတ်ရှည်လက်ရှည်ဖြင့် အတော်ကြာအောင် ကို အထေးပြုပြင်လိုက်၏။ လှေကို စိတ်ချလက်ချ ဖာထေးပြီး မှပင် ဦးထွန်းကြွယ်ဟင်းချနိုင်လေတော့သည်။

အမှန်တော့ သူ၏လှေသည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ လှေအိုလှေဆွေးပင် မကတော့ . . . လှေနာဘာဝပင် ရောက်နေလေပြီ။ သို့သော်လည်း ဦးထွန်းကြွယ်လို လူစားအဖို့ လှေအသစ်တစ်စင်းကို နောက်ထပ်ဝယ်ယူရန်မပြောနှင့် ယခုလှေနာ၊ လှေစုတ်အား ပြုပြင်ဖာထေးရန်ပင် တစ်ခါတစ်ရံ ငွေကမရှိပေ။ အားလုံးပြီးသောအခါ ဦးထွန်းကြွယ် တဲရှိရာသို့ ပြန်တက်လာခဲ့၏။

ဒီနေ့ သူထင်းသွားခုတ်မည့်ထင်းတောသည် ရွာဖြင့်အတော်ကွာလှမ်းသော မရဏာကျွန်းအနားသို့ပင် သွားမည်ဖြစ်သဖြင့် လှေကိုသေချာစွာ ဖာထေးနေခြင်းဖြစ်သည်။ တဲရှေ့ရောက်သော် သားငယ်မိုးခိုင်လည်း နိုးရှဲနေပြီဖြစ်၏။

"နိုးနေပြီလားကွ သားငယ် မိုးခိုင်ရ"

"အဘ ဒီနေ့ထင်းသွားချမှာဆို . . . ဟုတ်လား"

"အေးလေ . . . အဲ့ဒါဘာဖြစ်လဲ၊ မင်းကျော်ရေ ထမင်းကျက်ပြီလားဟေ့"

"ကျက်နေပြီ အဘရ . . . ခူးလိုက်ရတော့မလား"

"အေး . . . ဒါဆို ငါးလေးအိုးကပ်နဲ့ ငါးပိဖျော်ကွာ"

မင်းကျော်သည် ထမင်းများခူးခပ်နေသော်လည်း မိုးခိုင်၏မူ တဲရှေ့ပေါက်ဝတွင် ခြေဆင်းလျက် မျက်နှာကြီးတစ်ခုလုံး သုန်မှုန်လျက်ထိုင်ရာမထသေး။

ထွန်းကြွယ်သိပါသည်။ အငယ်ကောင်မိုးခိုင် သူထင်းခုတ်သွားမည်ဆိုတာကို မလိုက်ရသဖြင့် ဆန္ဒပြစိတ်ကောက်နေခြင်းဖြစ်သည်။ ထွန်းကြွယ် မည်သို့မျှခေါ်၍ မဖြစ်ပေ။





သားနှစ်ယောက်ရှိသည့်အနက်တွင် အငယ်ကောင်မိုးခိုင်၏အပေါ်၌ ထွန်းကြွယ်အချစ်ပိုတာ သူ့ကိုယ်သူနားလည်၏။ ထင်းတော၌ ထင်းသွားခုတ်လျှင် ပင်ပန်းသလို အန္တရာယ်လည်းများလွန်းသည်။ မင်းကျော်ကိုတောင်မှ မတတ်သာ၍ ခေါ်သွားရခြင်းဖြစ်သည်။ မင်းကျော်သည် လှေအားကျွမ်းကျင်စွာ လှော်တတ်ပြီဖြစ်၍လို ထွန်းကြွယ်ထင်းခုတ်ပါကလည်း ဝင်ပြီးကူညီနိုင်သည်။

သို့ဆိုလျှင် မမှောင်ခင် ရွာဆီသို့ သူတို့ပြန်ရောက်ပေသည်။

"သားငယ် မိုးခိုင်ထမင်းလာစားလေကွာ"

"မစားဘူးဗျာ၊ လုံးဝမစားဘူး မခေါ်နဲ့"

စိတ်မကောက်ပါနဲ့ သားရယ်၊ အဖေ ထင်းသွားခုတ်မှာ အဝေးကြီးမို့လို့ သားကိုမခေါ်သွားတာပါကွာ၊ အပြန် အဖေ ဓနိသီးနဲ့ ကနစိုသီးတွေ သားအတွက်ခူးခဲ့မယ် . . . သိလားကွ"

"တကယ်နော် . . . ကနစိုသီး တကယ်ခူးလာမှာလား"

"တကယ်ပေါ့သားရဲ့၊ ဒါပေမဲ့ ရွာထဲတော့လျှောက်မသွားနဲ့"

ထွန်းကြွယ်သည် မိုးခိုင်အား မှာကြားစရာရှိတာများကို မှာပြီး မင်းကျော်ကိုခေါ်ပြီး လှေဆီသို့ဆင်းလာခဲ့၏။ မိုးခိုင်ကို ထားခဲ့ရတာ စိတ်တော့မချ။

ရေလှည့်သင့်နေပေပြီ၊ ရေမိမှ ဟိုကိုစောစောရောက်ပေမည်။ ဦးထွန်းကြွယ် လှေကိုလှော်ခတ်၍ ထွက်လာခဲ့လေတော့

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဆိန်းကြယ်သောအိပ်မက်

''အဘရေ ကျွန်းကြီးဗျ ... ဟိုမှာ ကျွန်းကြီး''

''မရဏကျွန်းဆိုတာ အဲဒါပေါ့ မင်းကျော်''

မင်းကျော်သည် လှေကိုလှော်နေရင်းကနေ မြစ်ခွဆိုင်၏ အလယ်ကောင်တည့်တည့်၌ မြင်တွေ့လိုက်ရသည့် ညို့ဆိုင်းသော ကျွန်းကြီးအား လှမ်းကြည့်ကာပြောသည်။

ဖခင်ဖြစ်သူက မရဏကျွန်းဟု ဆိုလေသည်။ သူတို့ ဤနေရာအထိ ထင်းလာခုတ်ခြင်းဖြစ်လေ၏။

''မရဏကျွန်းဆိုတာ ဘာလဲဟင် အဘ''

''အဲဒီကျွန်းရဲ့နာမည်ပဲဆိုပါတော့ကွာ ... ရှင်းရှင်းပြောရရင် မိစ္ဆာတွေကျင်လည်ကျက်စားတဲ့ ကျွန်းတစ်ကျွန်းပဲဆိုပါတော့၊ နောင် တစ်နေ့ မင်း လူကြီးဖြစ်လာတဲ့အခါ ဒီကျွန်းကို ဘယ်လိုအကြောင်းနဲ့မှ မသွားမိစေနဲ့မင်းကျော်''

''ဟင် ... ဘာဖြစ်လို့လဲ အဘရ''

''မင်းအတွက် ပြန်လမ်းရှိမှာ မဟုတ်လို့ပေါ့၊ ကဲ ... လှေကို ဟိုဘက်တောစပ် ကပ်လိုက်မင်းကျော်''





ဦးထွန်းကြွယ်[illegible]စေသည့်အတိုင်း မင်းကျော်သည် လှေအားတစ်ဖက်ရှိ ဒီရေဈိုက်တောစပ်ဆီသို့ ဆိုက်ကပ်လိုက်လေသည်။ တောက ညို့နေ၏။

''ဟာ ... အဘ ဒီထဲမှာ မျောတိုင်တွေအများကြီးဗျ''

''အေး ... အဲဒါကြောင့်လည်း ဒီမြစ်ခွဆုံနားထိ အသက်စွန့်ပြီးတော့ လာခဲ့တာပေါ့ကွာ၊ ဒီနေရာက မျောတွေက ရှင့်လည်းရှင့်ပြီး ဈေးကောင်းလည်းရတယ်ကွ၊ ကဲ ... လှေကို သေချာချည်မင်းကျော်''

ဦးထွန်းကြွယ်မှာသည့်အတိုင်း မင်းကျော်သည် လှေငယ်အား ကမ်းစပ်ရှိလမုပင်ကြားတွင်းသို့ ဦးတည်တိုးလိုက်ကာ လှေကြိုးကို ခိုင်ခိုင်ချည်လိုက်၏။

''ကျုပ်ပါ ထင်းတောထဲလိုက်ခဲ့ရမှာလား အဘ''

''လှေမှာပဲ နေခဲ့ချေ၊ ထင်းက ဆယ်လုံးလောက်တင် ခုတ်မှာပါကွာ၊ ပြီးမှ လှေပေါ်ဝိုင်းတင်ပေါ့''

ဓားမ ခါးကြားထိုးကာ ဦးထွန်းကြွယ် လမုတောထဲဝင်သွားလေသည်။ ခဏကြာစဉ် လမုတောတွင်းမှ တဒုတ်ဒုတ်ဖြင့် ဦးထွန်းကြွယ်၏ မျောခုတ်နေသောအသံအား မင်းကျော်ကြားနေရလေသည်။ တောစပ်ဖြင့် သိပ်မဝေးလှပါချေ။

မင်းကျော် ဦးထွန်းကြွယ်ဆီမှ မျောခုတ်သံတဒုတ်ဒုတ်ကို နားထောင်ရင်းကနေ လှေဝမ်းထဲမှာ ပက်လက်လှန်လိုက်နေစဉ်မှာ ... အမှတ်မထင် ခေါင်းလိုက်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



"ခုနင့ါမြင်တွေ့ခဲ့ရတဲ့ ကျွန်းကြီးကလှလိုက်တာ၊ မရဏကျွန်းကြီး၊ . . . မိစ္ဆာကျွန်းကြီးတဲ့၊ အဘကတော့ ငါ့ကို အဲဒီရောက်ရင် ပြန်လမ်းမရှိတော့ဘူးတဲ့၊ တစ်ခေါက်လောက် သွားကြည့်ချင်လိုက်တာ"

မင်းကျော်သည် ဘာရယ်ညာရယ် မဟုတ်ဘဲ . . . ကလေးပီပီ ဟိုဒီလျှောက်တွေးနေမိလေသည်။ ညှို့ဆိုင်းသောကျွန်းကြီးသည် သူ့အတွေးထဲက မထွက်။

သည့်နောက် သူ၏မျက်ခွံတို့သည် တဖြည်းဖြည်း စင်းကျလာလေတော့၏။

ပြီးနောက် . . . မေးခနဲ အိပ်ပျော်သွားလေတော့သည်။

## အိပ်မက်ထဲက ကျောက်ဘီလူးကြီး

"လူကလေး . . . လူကလေး ထစမ်းကွယ့်"

"ဟင် . . . ဘယ်သူလဲ"

သူ့ကိုခေါ်လိုက်သော အသံသြသြကြီးကြောင့် မင်းကျော်လှေပေါ်ကနေ လူးလဲပြီးထလိုက်မိသည်။ မြင်တွေ့လိုက်ရသောအရာအတွက် မင်းကျော်သည် ပါးစပ်ကနေ အာမေဋိတ်သံတစ်ခု ထွက်ပေါ်သွားမိ၏။

ယင်းမှာ သူ၏လှေကလေးဖြင့် မလှမ်းမကမ်းမြေပြင်ပေါ်တွင် ရပ်တန့်နေသော ခန့်ညားလှပသည့် လှေကြီးတစ်စင်းပင်ဖြစ်လေသည်။ ထိုလှေကြီးမျိုးကို သူတစ်သက်၌ ယခုတစ်ကြိမ်သာ မြင်တွေ့ရလေသည်။

လှေကြီးမှာ ရှေးခေတ်က လောင်းလှေကြီးပုံသဏ္ဌာန်ဖြစ်ပြီး လှေဦးကြီးမှာလည်း ငှက်တစ်ကောင်နှယ် ချွန်တက်ကော့ပျံနေပြီး လှေ၏နံဘေး၌လည်း လှပသောပန်းကနုတ်များ စီခြယ်ထားခဲ့သည်။

မင်းကျော်အား လှမ်း၍ခေါ်လိုက်သည့် လှေကြီးဖြစ်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တူသည် လှေဦးတွင် ရပ်တန့်၍နေလေသည်။

"ဘာလဲ ... အံ့ဩလို့လားကွယ် လူလေး"

"ခင်ဗျာ ... ဟုတ် ... ဟုတ်ကဲ့ အဘိုး"

"အံ့ဩစရာမရှိပါဘူးကွယ်၊ ဘိုးဘိုးတို့က ငါ့မြေးကို ပြစရာ လေးရှိလို့ ခဏလာခေါ်တာပါ၊ ကဲ ... လိုက်ခဲ့ပေတော့"

"ဟင် ..."

စကားဆုံးသည်နှင့် ပိုးဖဲကတ္တီပါဝတ်ရုံကြီးကို ဝတ်ဆင်ထား သော ယင်းလူကြီး၏လက်အစုံက လှစ်ခနဲ ဇော့ယမ်းသွားသည်။ အရိပ် တစ်ခု လွှမ်းခြုံသွားလေသည်။ မင်းကျော်၏ရင်ထဲမှာ အေးခနဲ၊ လှပ် ခနဲ ခံစားလိုက်ရ၏။

"ဟာ ... ငါ ... ငါဘယ်လိုဖြစ်ပြီး ..."

သူ မည်သို့မျှ မတွေးတတ်တော့ပါ။ ဖဝေဖဝါလည်း ဖြစ်သွား မိသည်။ ဘာကြောင့်ဆိုသော် ခုနတုန်းက အဘိုးအိုလက်ဇော့ယမ်း ပြလိုက်သည်ကိုသာ သူမြင်လိုက်ပြီး မင်းကျော် လှစ်ခနဲခံစားလိုက်ရ ကာ အလွန်လှပဆန်းကြယ်သည့် လှေကြီးပေါ်သို့ သူ ရောက်ရှိသွား ၍ပင် ဖြစ်သည်။ ငါ ... ဘယ်လိုဖြစ်သွားတာပါလိမ့်။

မင်းကျော် အတွေးမဆုံးခင်မှာပင် ဝတ်ရုံဖြူအဘိုးအိုသည် လက်အား ဇော့ယမ်းကာ အချက်ပြလိုက်၏။

ချက်ချင်းပင် လှေကြီးမှာ မြစ်ပြင်ပေါ် ဖက်ရွက်တစ်ရွက်ပမာ တရွေ့ရွေ့လျှင်မြန်စွာပင် ထွက်သွားလေတော့သည်။

သိပ်မကြာလှပါ။





ကျယ်ပြန့်သောမြေပြင်ပေါ်မှာ လေ၏လျင်မြန်မှုမျိုးဖြင့် ပြေး လွှားလာနေရာမှ မျက်စိရှေ့မှောက်၌ စိမ်းမြမှိုင်းညို့သော ကျွန်းကြီး တစ်ခုအား မင်းကျော်တွေ့မြင်လိုက်ရသည်။ မင်းကျော်စိတ်ထဲမှာ ချက်ချင်းမှတ်မိလိုက်သည်။

"ဟင် ... ဒါ ... ဒါ ... အဘပြောတဲ့ မရဏကျွန်း"

မင်းကျော်၏နှုတ်ဖျားမှ ထိုစကားများသည် တအံ့တသြ ထွက်ကျသွားကြ၏။ ထိုအခါ လှေဦးရှိ သူ၏နံဘေးတွင် တစ်ချိန်လုံး ရပ်လျက်လိုက်ပါလာခဲ့သော ဝတ်ရုံဖြူအဘိုးအိုက ...

သူ့အား ပြုံးလျက်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက် လေသည်။

"အင်း ... ဟုတ်တယ်ကွယ့် ... လူကလေး အခုမြင်လိုက် ရတဲ့ကျွန်းဟာ ဒီပင်လယ်ပြင်မှာ သွားလာနေကြတဲ့လူတွေအကုန်လုံး က အမြဲတမ်းကြောက်ရွံ့ထိတ်လန့်စွာနဲ့ မရဏကျွန်း၊ ဒါမှမဟုတ် မိစ္ဆာကျွန်းလို့ခေါ်နေတဲ့ ကျွန်းကြီးပဲကွယ့်"

"ကျွန် ... ကျွန်တော်တို့ အဲဒီကိုသွားမှာလား အဘိုး"

"ဟုတ်တယ် ... လူလေးကို ပြစရာရှိသလို၊ လူလေးဟာ လည်း ဒီနေရာ၊ ဒီကျွန်းနဲ့သံသရာမှာ ပဋ္ဌာန်းဆက်ရှိခဲ့သူဖြစ်လို့ အ ခုလိုလာခေါ်ခဲ့ရတာပဲ၊ ကဲ ... ရောက်ပြီလူလေး"

သူတို့စကားပြောနေဆဲမှာပင် လှေကြီးမှာ မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်မသိပေ။ လှေကြီးသည် ကျွန်းကြီး၏ကမ်းစပ်၌ ဆိုက်ကပ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆင်းစို့လူကလေး"

"ဟာ . . ."

မင်းကျော်၏မျက်စိထဲ၌ လျှပ်ပြက်လိုက်သလို အဘိုးအို လက်လှုပ်ရှားလိုက်သည်ကို ဖျတ်ခနဲသာ မြင်လိုက်ရပြီး ရင်ထဲ အေးခနဲ၊ ခုနကနှယ် ထပ်မံခံစားလိုက်ရ၏။

"ကဲ . . . ကဲ မျက်လုံးဖွင့်လိုက်တော့ . . . ရပြီ"

"ဟင် . . ."

မင်းကျော်သည် အံ့သြပြီးရင်း အံ့သြနေရလေတော့သည်။ သူ မည်သို့မည်ပုံလေ့ကြီးပေါ်ကနေ စိမ်းမြသောရောင်စုံပန်းကလေး ပွင့်ဖူးနေသည့် ကျွန်းကြီးပေါ်သို့ ရောက်ရှိလာတယ်ဆိုတာ လုံးဝမသိ ရှိလိုက်ပါချေ။

"ကဲ . . . လာ . . . အဘိုးတို့သွားကြရအောင်၊ အချိန်သိပ်မရှိ ဘူး"

မင်းကျော်သည် အိပ်မက်မက်နေသူတစ်ဦးပမာလို ဒါမှ မဟုတ် စိတ်ညှို့ခံစားရသူတစ်ယောက်ပမာ ဝတ်ရုံဖြူအဘိုးအို၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားမိလေတော့သည်။

မင်းကျော်သည် နောက်မှသာ လိုက်ပါလာရသော်လည်း ကျွန်းကြီး၏ မည်သည့်နေရာသို့ ရောက်ရှိလာမှန်းမသိတော့ချေ။ လမ်း တစ်လျှောက်ဝဲယာတွင် ပွင့်ဖူးနေကြသည့် လှပသော သစ်ဝင်ပန်း မန်များနှင့် ငှက်ပျောတောကြီးများ၊ ဝင်းမှည့်နေသော နာနတ်သီး ကြီးများကို ဖြတ်ကျော်လာရတာပဲ မှတ်မိနေသည်။





အတန်ကြာသွားပြီးနောက် ဝတ်ရုံဖြူအဘိုးအိုသည် ရှေ့က နေ လှမ်းလက်စခြေအစုံကို ရပ်လိုက်လေသည်။ ပြီးလျှင် နှုတ်မှ လည်း . . .

"ဟိုမှာကြည့်စမ်း လူကလေး"

"ဟာ . . ."

ရုတ်တရက် တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် မင်းကျော် သည် ကလေးပီပီ လိပ်ပြာလွင့်လုမတတ် ကြောက်ရွံ့တုန်လှုပ်သွား မိလေသည်။

ဝတ်ရုံဖြူအဘိုးအို ပြလိုက်သောအရာသည် ကြီးမားပြီး ကြမ်း တမ်းခက်ထန်စွာဖြင့် သူတို့အားလှမ်းကြည့်နေသော ဘီလူးကြီး တစ်ကောင်။

"မကြောက်ပါနဲ့ လူလေးရဲ့ . . . အဘိုးတို့ကို သူက ဘာဒုက္ခ ဘာအန္တရာယ်မှ မပြုနိုင်ပါဘူးကွယ်၊ သူ့ကို ကျောက်ယက္ခဖြူလို့ ခေါ်တယ်၊ ဒီမရဏကျွန်းကြီးရဲ့ အဓိကကြီးကဲတဲ့ပုဂ္ဂိုလ်တစ်ယောက် ဆိုရင်လည်း မမှားပေဘူးပေါ့"

ထူးဆန်းသည်မှာ ယင်းကဲ့သို့ကြီးမားလှသော မိစ္ဆာကြီး တစ်ကောင်ပမာ ဘီလူးကြီးသည် နီရဲခက်ထန်သည့်မျက်ဝန်းကြီးဖြင့် မင်းကျော်တို့အား စိုက်ကြည့်နေသော်လည်း မည်သို့မျှအန္တရာယ်ပြု ညှင်းပုံစံ မပေါ်ခြင်းပင်ဖြစ်လေသည်။

ပြီးတော့ ယင်းဘီလူးကြီးတည်ရှိရာ နေရာတစ်ဝိုက်၌လည်း မည်သည့်သစ်ပင်မျိုးမှန်းမသိသော အပင်တစ်မျိုးလည်း အတော်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်စွာပင် ပေါက်ရောက်နေကြ၏။

သစ်ပင်ကြီးများ၏ ပုံသဏ္ဍာန်မှာ အရုပ်ဆိုးလွန်းလှသော လူသားတစ်ဦး မတ်တပ်ရပ်ပြီး ပခုံးထက်၌ ကြီးမားလှသောတုတ်လို လို၊ တင်းပုတ်လိုလိုအရာကြီး ထမ်းထားသည့်ပုံသဏ္ဍာန်မျိုးပင် ဖြစ်လေသည်။

စိမ်းရွှေရွှေအနံ့တစ်မျိုးလည်း ပတ်ဝန်းကျင်တစ်ခုလုံး၌ လွှမ်းခြုံမွှေးပျံ့နေသည်ဟု မင်းကျော်၏စိတ်ဝယ် ထင်မြင်နေမိလေသည်။

“အဲဒါဟာ ဒီတိုင်းပြည်မှာ ရှားပါးလှပြီး သိဒ္ဓိဝင်တဲ့ ဘီလူးဂမုန်းပင်ဆိုတာပဲ လူကလေး၊ ဒီဂမုန်းတွေဟာ ခုနေကြည့်ရင် ဘာမှမဖြစ်သလို ငြိမ်သက်နေပေမယ့် လကွယ်ညလို နေ့မျိုးတွေကျရင် သူတို့ဟာ အလိုအလျောက် အသက်ဝင်လာတတ်ကြလေ့ရှိတယ် အဲလိုအချိန်ကျရင် ဒီကျွန်းတစ်ဝိုက် ဖြတ်သွားဖြတ်လာကြတဲ့ ဘယ်လိုသက်ရှိသတ္တဝါကိုမှ သူတို့အလွတ်မပေးကြဘူး …၊

ဒီမရဏကျွန်းကြီးဟာ လူတွေ ဘယ်လိုမှနားမလည်နိုင်တဲ့ ဆန်းကြယ်မှုတွေ၊ လျှို့ဝှက်မှုတွေနဲ့ တင်းကြမ်းပြည့်နေတဲ့နေရာတစ်ခုပဲ၊ လူကလေးဟာလည်း ဒီကျွန်းနဲ့ပတ်သက်နေတဲ့သူမို့ ခေါ်ပြသတာပဲ၊ လူလေးကြီးပြင်းလာတဲ့တစ်နေ့ကျရင် မည်သို့အကြောင်းရှိနဲ့မှ ဒီမရဏကျွန်းကြီးပေါ်ကို ခြေတစ်လှမ်းမချမိစေနဲ့၊ အဲဒီနေ့ဟာ လူလေးအသက် ဆုံးရှုံးပေးဆပ်ရတဲ့နေ့ပဲ၊ ကဲ … လူလေးရဲ့အသာလည်း လာလောက်ပြီ၊ အဘိုးတို့တစ်တွေ ပြန်ကြရအောင်၊ အချိန်လင့်နေပြီ …၊





အဘိုးအခုပြောခဲ့တဲ့စကားတွေကို လူလေးရဲ့နှလုံးထဲမှာ ရင်ထဲမှာ မြဲမြဲမှတ်ထားပါ လူလေး၊ ပြီးတော့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှလည်း မပြောမိပါစေနဲ့၊ ကဲ … ပြန်တော့လူလေး”

စကားဆုံးသည်နှင့် ဝတ်ရုံဖြူအဘိုးအိုသည် ထုံးစံအတိုင်း ရောက်ခဲ့စဉ်တုန်းကအတိုင်းပင် သူ၏ညာလက်အား တစ်ချက် ယမ်းလိုက်လေသည်

မင်းကျော်၏မျက်လုံးထဲမှာ ရောင်စဉ်တစ်မျိုး လင်းလက်သွား သကဲ့သို့ ခံစားလိုက်ရပြီး ခန္ဓာတစ်ခုလုံး လေဟာနယ်တွင်းသို့ လွင့်မြောက်သွားသည့်နှယ် အေးခနဲ …။

“အား …”

မင်းကျော် လိပ်ပြာလွင့်လုမတတ် ကြောက်လန့်တကြား အော်လိုက်မိလေသည်။

“လူလေး … လူလေး … ထစမ်း … ထစမ်း”

“အား … ကြောက် … ကြောက်ပါပြီ”

“မင်းကျော် … လူလေး … ထစမ်း … ဘာဖြစ်နေတာ လဲ”

အဆက်မပြတ် သူ၏ခန္ဓာကိုယ်အား ပုတ်နှိုးနေသည့်နှယ် လိုက်ရသောကြောင့် မင်းကျော်သည် လေ့ဝမ်းထဲကနယ် လူး လိုက်မိလေသည်။

သူ့အား မကျေမချမ်းဖြင့်နှိုးနေသူမှာ ဦးထွန်းကြွယ်

“ဟင် … အဘ … အဘ … ဟို … ဟိုလေ ကြီးနဲ့ ထော်ရွှဲ



www.burmeseclassic.com

www.burmeseclassic.com



မြှုအဘိုးရောဟင်၊ လှေ . . . လှေကြီးရော ဘယ်ရောက်သွားပြီလဲဗျ"

မင်းကျော် ကယောင်ကတမ်းတွေဖြင့် ဟိုကြည့်ဒီကြည့်လျက် မေးနေမိသည်။

"အာ . . . ဒီကလေးကောင်လေးနှယ် ထင်းခုတ်လိုက်လာပါတယ် ဆိုမှကွာ . . . တကတဲမှ လှေပေါ်အိပ်ပြီး ဘာတွေ ကယောင်ကတမ်း အိပ်မက်တွေ မက်နေတာလဲ၊ ရော့ . . . ရော့ . . . ဒီမှာ သစ်တွေ . . . လှေနဲ့ တွဲချည်စမ်း"

ဦးထွန်းကြွယ်၏ စိတ်လက်မရှည်သည့်ဟန်ကြောင့် မင်းကျော် ဘာစကားတစ်ခွန်းမှ ရှေ့ဆက်၍မပြောတော့ဘဲ မျောတိုင်တွေကိုသာ လှေဖြင့်တွဲချည်ဖို့ကြိုးစားလေတော့သည်။

ဦးထွန်းကြွယ် နောက်ထပ်မျောတချို့ သွားယူပြန်သည်။

မင်းကျော်သည် စောစောကသူအိပ်ပျော်သွားပြီး အိပ်မက်ထဲတွင် မရဏကျွန်းကြီးပေါ်သို့ အမှန်တကယ်ရောက်ရှိသွားသလား၊ မရောက်ဘူးလားဆိုသည်ကို စိတ်တွင်းမှ ဒွိဟဖြစ်နေမိသည်။

အဘကို ထပ်မံပြောလျှင် သူ့ စောစောကထက် ပိုပြီးအငေါက်ခံရမည်မှန်းသိ၍ ဘာတစ်ခွန်းမှဆက်မပြောတော့ဘဲ ရေငုံနှုတ်ပိတ်နေမိလေတော့၏။ သို့သော် သူ့မျက်စိထဲမှာမူ ကြောက်မက်ဖွယ်ရာ ဘီလူးရုပ်ဆိုးကြီး၏ တရစ်ဝဲဝဲစိုးမိုးနေသည်ကတော့ အမှန်ပင်ဖြစ်လေတော့သတည်း။

* * *

## ဘုရားကျွန်

အချိန်တို့သည် ရာသီ၏လှည့်ပတ်ခြင်းအောက်၌ ရက်မှ လ၊ လမှ နှစ်ဆီသို့ လျင်မြန်စွာ ကူးသန်းလာခဲ့ကြလေသည်။ ယင်းသို့ဖြင့် မင်းကျော်တို့ညီအစ်ကိုနှစ်ယောက်မှာလည်း အရွယ်ရောက်၍ လူပျိုအားမြောက်လာခဲ့ကြလေပြီ။

ထိုအချိန်၌ ဦးထွန်းကြွယ်မှာ ရုတ်တရက်လေငန်းရောဂါဖြင့် အိပ်ရာထဲ၌ လဲနေသည်မှာ ငါးနှစ်ခန့်ရှိနေပြီဖြစ်၏။ မည်သည့်အလုပ်မျှ မလုပ်ကိုင်နိုင်တော့ချေ။

ဦးထွန်းကြွယ်သည် လေငန်းဖြစ်၍ မည်သည့်အလုပ်ကိုမျှ မလုပ်ကိုင်နိုင်တော့သည့်အချိန်မှစ၍ နဂိုကပင် ဆင်းရဲနုံချာလှသော မင်းကျော်နှင့်မိုးခိုင်တို့ ညီအစ်ကိုနှစ်ဦးမှာလည်း ရွာ၌ပင် ကြုံရာကျပန်းအလုပ်အား တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်ရှာဖွေပြီး စားသောက်ကြရလေတော့၏။ ဝမ်းမီးအရေး ပြေးလွှားရှာဖွေရလေတော့သည်။

တိုင်းပြည်မှာ မည်သည့်ဓားပြအဖွဲ့ ဆူပူမှုများမရှိတော့ဘဲ အေးချမ်းတည်ငြိမ်နေလေပြီဖြစ်သည်။

ရဲရှင်ဓောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်ကိုနှစ်ယောက်မှာ ရွာတွင်ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြသည်ဟု ဆိုသော်ငြား အများအတွက်တော့ မဆိုသာ။ မင်းကျော်နှင့်မိုးနိုင်တို့အဖို့မှာမူ အရမ်းခက်ခဲပင်ပန်းလွန်းလှလေသည်။ အလုပ်အကိုင် နိုင်းချင်ပြုချင်သူပင် ရှားပါးလွန်းလှ၏။

အဘယ်ကြောင့်ဆိုသော် ယင်းမှာ မင်းကျော်နှင့်မိုးနိုင်အား ရွာမှာ မည်သူမျှ ဆေးဖော်ကြောဖက် သိပ်မလုပ်ကြခြင်းပင်ဖြစ်သည်။ ဖယ်ကြဉ်ထားကြ၏။

ထိုကိစ္စမှာလည်း မင်းကျော်နှင့်မိုးနိုင်တို့၏ဘဝကို အရိပ်ဆိုးကြီးသဖွယ် ထိုး၍နေသည့် အကြောင်းတရားတစ်ခုကြောင့်ပင် ဖြစ်၏။ ပယ်ဖျက်၍ မရပါ။ ထိုအကြောင်းတရားမှာ မင်းကျော်နှင့် မိုးနိုင်တို့နှစ်ယောက်ကို ဘုရားကျွန်မျိုးဟူသော အစွဲကြောင့်တည်း။

ယင်းအဖြစ်ကို သူတို့နှစ်ယောက် ငယ်စဉ်ကမူ သိပ်နားမလည်ခဲ့ကြပါချေ။

ငယ်စဉ်ကပင် မင်းကျော်နှင့် မိုးနိုင်အား ရွာတွင်းရှိ အခြားသော ကလေးများဖြင့် သွားရောက်ဆော့ကစားခြင်း မပြုရန် ဦးထွန်းကြွယ်က မကြာခဏ မှာကြားလေ့ရှိသည်။ ရွာတွင်းသို့လည်း သွားလာခွင့် လုံးဝမပြုပါချေ။

ဒါကို သူတို့သည် အခြားရွာသားများနှယ် 'စားနိုင်သောက်နိုင်မရှိဘဲ ဆင်းရဲလွန်း၍ ဖခင်ဖြစ်သူ ဦးထွန်းကြွယ်က မဆော့ကစားစေခြင်းဟူ၍ ရိုးသားစွာပင် နားလည်ခဲ့လေသည်။ ရွာတွင်းရှိ ကလေးသူငယ်များသည်လည်း မင်းကျော်နှင့်မိုးနိုင်တို့ ညီအစ်ကို ကစားဝိုင်း၌





ပါမည်၊ ဆော့မည်ဆိုပါလျှင် ဆက်လက်၍ မကစားကြတော့ချေ။ ဆော့ကစားခြင်းကို ချက်ချင်း ရပ်တန့်ပစ်တတ်ကြသည်။

နောက်တော့မှ မင်းကျော်သည် ဖခင်ဖြစ်သူ ဦးထွန်းကြွယ်ကို မရမကမေးကြည့်တော့မှ အကြောင်းရင်းကို သိခဲ့ရလေတော့သည်။

ဦးထွန်းကြွယ်က မချိတင်ကဲဖြင့် ဆိုခဲ့၏။

"အေး ... သားတို့မေးလို့သာ အဘဖြေရမှာ ... ရင်ထဲမှာတော့ မချိလှဘူး။ တကယ်တော့ မင်းတို့ဟာ အဘရဲ့သားအရင်းတွေ မဟုတ်ဘူးဆိုတာ ရွာက သိနေကြလို့ပဲကွယ်၊ ဒါကြောင့်လည်း သူတို့တစ်တွေရဲ့ သားသမီးတွေကို ပြောထားကြတော့ သားတို့နဲ့ ဘယ်သူမှ အဖက်လုပ်ပြီး မတူမတန်သလို မဆော့ချင်၊ မကစားချင်ကြတာ မဆန်းပါဘူးကွယ်၊ ဒါကြောင့်လည်း အဘက မင်းတို့ကို ရွာထဲ သိပ်မသွားကြဖို့ ကင်းကင်းရှင်းရှင်းနေဖို့ အမြဲမှာကြားနေတာပေါ့ကွယ်"

"အဘရာ ကျုပ်တို့က အဘရဲ့သားသမီးအရင်းတွေ မပြစ်တာနဲ့ပဲ တစ်ရွာလုံး ကျုပ်တို့အပေါ် ရွံ့ရှာသလို အဖက်မလုပ်သလို ဆက်ဆံကြတာ ဘာဆိုင်လို့လဲဗျာ၊ ကျုပ်တို့လည်း လူပဲ ဘာခွဲခြားနေရမှာရှိလဲဗျ"

"လူချင်းတူပေမယ့် မတူတဲ့လူချင်းမို့လို့သာပေါ့ ... ငါ့သားတို့ရာ"

"မတူရအောင် ကျုပ်တို့က ဘာဖြစ်နေလို့လဲဗျ ... အဘ



www.burmeseclassic.com

www.burmeseclassic.com



စွဲနေလို့လား အဘရာ . . . ပြောပါဦး''

''အဲဒါထက်ဆိုးရွားတဲ့ ဘုရားကျွန်ဘဝကလာတာမှန်း သိနေကြလို့ပေါ့ကွာ။ တကယ်တော့ ဒီအဖြစ်ဟာ အဘ မဆင်ခြင်လို့ အရက်ကြောင့် နှုတ်မစောင့်စည်းဘဲ ဖွင့်ဟပြောခဲ့မိလို့ မင်းတို့ခံကြရတာ''

''ဗျာ . . . ဘုရားကျွန် . . . ဘုရားကျွန်မျိုး ဟုတ်လားအဘ''

ထိုအချိန်ကျမှ အသက်ရှယ်ကြီးရင့်စပြုပြီး ကျန်းမာရေးချူချာစပြုနေပြီဖြစ်သော ဦးထွန်းကြွယ်သည် သူတို့ညီအစ်ကိုနှစ်ဦး၏ဘဝနောက်ကြောင်းအား မျက်ရည်တွေတွေကျလျက် အကြောင်းစုံရှင်းပြလေတော့သည်။

အဖြစ်က ဝမ်းနည်းကြေကွဲစရာ ကောင်းလှသည်။

မင်းကျော်နှင့် မိုးခိုင်တို့ညီအစ်ကိုနှစ်ယောက်ကို ဦးထွန်းကြွယ်သည် အထက်အညာဒေသတစ်ခုရှိ ဘုရားတစ်ဆူ၌ စတင်တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ထိုအချိန်က မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးစ တိုင်းပြည်၌ ဆူပူသောင်းကျန်းမှုများ အမြစ်မပြတ်သေးချိန်မှာ အထက်ဘက်သို့ ဦးထွန်းကြွယ် အရောင်းအဝယ်သွားရာကနေ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဦးထွန်းကြွယ် မကြာခဏ ထိုသို့ သွားလာနေကျဖြစ်ပေသည်။

တစ်နေ့ ဦးထွန်းကြွယ်သည် ဘုရားတစ်ဆူ၌ တည်းခိုနေစဉ် မကျန်းမာသော အမျိုးသမီးကြီးတစ်ယောက်မှာ လူမမယ် ကလေး





ငယ်လေးနှစ်ယောက်ဖြင့်အတူ ဦးထွန်းကြွယ် ခေတ္တတည်းခိုနေထိုင်ရာ တန်ဆောင်း၌ လာဆုံတွေ့ကြလေသည်။

ယင်းအမျိုးသမီး၏အမည်မှာ မည်သူမှန်းမသိသော်လည်း ဘုရားဆွမ်းသင်ပုတ်ပေါ်ရှိ ဆွမ်းကျန်ဟင်းကျန်လေးများကို မကျန်းမာသည့်ကြားကနေ ယူပြီး လူမမယ်ကလေးနှစ်ယောက်အား ကျွေးမွေးသည်ရှိ၏။

ထွန်းကြွယ်သည် ထမင်းဟင်းပိုများ ဝယ်ယူကျွေးမွေးသော်လည်း မစားသောက်ဘဲ နောက်ဆုံး၌ ဦးထွန်းကြွယ်တည်းခိုနေရာ တန်ဆောင်းမှာပင် ရောဂါဖြင့် ကွယ်လွန်သွားခဲ့လေတော့သည်။

သူမက မသေခင်၌ ဦးလွန်းကြွယ်အား ဖွင့်ဟဝန်ခံသွားခဲ့သည်။

သူတို့၏ ဘိုးဘွားအစဉ်ဆက်သည် ဘုရားကျွန်မျိုးရိုးသာ ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ထံကနေ ကူညီမှုမယူဘဲ နိုင်သာလျှင် တောင်းရမ်းစားရပြီး ဘုရားသင်ပုတ်ပေါ်မှ ဆွမ်းကိုသာ စားသုံးရကြောင်း၊ အကယ်၍သာ . . .

သူမ သေဆုံးသွားခဲ့ပါလျှင် ဤလူမမယ်ကလေးနှစ်ဦးအား ရှောက်မည့်အကြောင်း၊ မသေဆုံးမီ ကတိတောင်း၍ နဂိုကပင် သက်၍ နေမိသော မင်းကျော်နှင့်မိုးခိုင်တို့အား ဦးထွန်းကြွယ် ကျွေးမွေးစားခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဦးထွန်းကြွယ်သည် မိမိ၏မူလဇာတိဖြစ်သည့် သို့ ပြန်လည်ရောက်ရှိလာပြီး တံငါသည်ဘဝဖြင့် အသက်



www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့၏။

ဒါပေမဲ့လည်း တစ်ရက်၌-အရက်မူးကာ တစ်ရွာတည်းနေ သူငယ်ချင်းအား ယင်းအဖြစ်ကို မူးမူးဖြင့် ရင်ဖွင့်ပြောပြမိရာ က ဆိုအရိပ်ဆိုးကြီးမှာ မင်းကျော်နှင့် မိုးခိုင်တို့ဘဝပေါ် ယနေ့အချိန်ထိ အရိပ်ထိုးနေခြင်းဖြစ်လေသည်။

ကြမ်းကျုံလျှင် နှုတ်ယူ၍ ရပါသော်လည်း နှုတ်ကျုံလျှင် ပြန်လည်နှုတ်ယူ၍မရတော့မှန်း ထိုအချိန်မှစ၍ ဦးထွန်းကြွယ်သည် အရက်အား သေခန်းဖြတ်ခဲ့သည်မှာ ယခုအချိန်တိုင်အောင်ပင် ဖြစ် လေသည်။

သူကိုယ်တိုင်လည်း ရွာတွင်းသို့ပင် မဝင်တော့ပေ။

ဦးထွန်းကြွယ် ယခုကဲ့သို့ ကျန်းမာရေးချို့တဲ့နေချိန်မှာ မင်းကျော်နှင့် မိုးခိုင်တို့မှာ ခေါင်အရင်းပမာ ပြုစုလုပ်ကိုင်ရာဖွေကျွေး မွေးနေသည်ပင်ဖြစ်၏။

ကြံ့ရာကဲ့ပန်း ထင်းခေါက်၊ ရေခပ်၊ မြေသယ်ရာအလုပ် လုပ်ကိုင်ကြပါသော်လည်း အချို့တွေကမူ လိုလိုလားလား ခိုင်းသော် လည်း တချို့ကမူ စည်းရိုးဝိုင်းထဲသို့ပင် အဝင်မခံ၊ ခြေကျူးမခံကြ ချေ။ ဤမျှ အဆွဲကြီးသူတွေလည်း ရှိကြ၏။

တချို့ကမူ ရွံရှာစက်ဆုပ်သော အကြည့်စိမ်းတွေဖြင့် ရက် စက်စွာ ကြည့်တတ်ကြလေသည်။ ဒါပေမဲ့ မင်းကျော်ရော မိုးခိုင် ဝမ်းတစ်လုပ်အတွက် လူ့အောက်ကျို့လျှင် မသေ ့သော ခံ ချက်အတိုင်း အလုပ်အား မနိမကပ် ကျိုးနွံသည်းခံစွာ လုပ်ကိုင်





တတ်ကြသည်။ မရလျှင်ဂရာအလုပ်မရွေးလုပ်ကိုင်သည်။

ဒါကို တချို့ရွာသားများက အခွင့်ကောင်းယူကြ၏။ ယုတ်မာ ကြ၏။

အလုပ်အား နေကုန်ခါးကျိုးအောင်ခိုင်းပြီး တစ်ပြားတစ်ကျပ် မှသာ မတန်မဆပေးတတ်ကြ၏။ ဒါကို ကျေနပ်ခံစားကြရသော် လည်း သူတို့ညီအစ်ကိုနှစ်ဦးကမူ ခပ်ပြုံးပြုံး မကျေမချမ်းစကား နှင်းတုံ့ခွန်းငယ် ဘယ်ခါမျှ ပြန်မပြောခဲ့ကြပေ။

မည်သည့်အတွက်ကြောင့်ဆိုသော် သူတို့ဝမ်းဝသည့်ထက် ခင်ကြီးဖြစ်သူ ဦးထွန်းကြွယ်တစ်ဝမ်းတစ်ခါး စားရလျှင် ကြည်နူးနေ သည်ပြီဖြစ်သည်။

မိုးခိုင်က ပို၍စိတ်ထားနူးညံ့ သိမ်မွေ့သူတစ်ဦးဖြစ်လေ၏။

မိုးခိုင် ဤသို့ရိုးဖြောင့်ပြီး စိတ်ထားနူးညံ့သိမ်မွေ့လွန်း၍ သည်း လုနွယ်သည် သူ့မေတ္တာကို လက်ခံခဲ့ခြင်းဖြစ်ပေသည်။ ယင်း အကြောင်းကိုတော့ တစ်ရွာလုံး မည်သူမျှ မသိရှိခဲ့ကြပါ။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

## မိုးနဲ့မြေချစ်ခြင်း

ဘုရားကုန်းလေးသို့ မြစ်ပြင်၏ ရေလှိုင်းလေးများလာပြီး ထိတွေ့ရိုက်ပုတ်သံသည် ငယ်စဉ်တည်းကကြားနေကျဆိုသော်လည်း ယနေ့ ညနေခင်းလောက် မသာယာလှတာ မိုးခိုင်စိတ်ထဲ ထင်မြင်နေမိသည်။

သူ့အဖို့ ဒီညနေမြင်ကွင်းမှ ရေလှိုင်းပုတ်သံလေးများသည် လောကကမ္ဘာကြီးထဲမှာ အချိုမြိန်ဆုံး ဂီတသံစဉ်တစ်ခုကဲ့သို့ပင် တွေးနေမိလေ၏။ မိုးခိုင်၏ရင်ခွင်ထဲ၌ ဤကမ္ဘာပေါ်ဝယ် သူ အမြတ်နိုးဆုံး တွယ်တာရသူ မိန်းမချောလေး လှနွယ်ရှိနေသည် မဟုတ်ပါလား။

မြစ်ပြင်အား ဖြတ်တိုက်လာသော လေနုအေးလေးများသည် သူတို့အား ကျီစယ်ပုတ်ခတ်သွားကြ၏။

လှနွယ်ထံမှ သင်းပျံ့သည့်သနပ်ခါးရနံ့လေးသည် မိုးခိုင်၏ နလုံးသွေးကို လှုပ်ရှားနွေးထွေးစေသည်။

ထိုစဉ် လှနွယ်၏ ထံကနေ တိုးညင်းချိုသာသော ခေါ်သံကလေးက ထွက်ပေါ်စေ၏။

"ကိုမိုး"





"ဟင် ... ဘာလဲ လှနွယ်"

"ကိုမိုး ဘာတွေတွေးနေတာလဲ ... ဟင် ... လှနွယ်ကိုလည်း ပြောပြပါဦး"

လှနွယ်ထံမှ သိချင်ဟန်ဖြင့် မချင့်မရဲမေးလိုက်သံလေးကြောင့် မိုးခိုင်သည် သက်ပြင်းငွေ့ငွေ့လေး လှနွယ်မသိရအောင် ခိုးချလိုက်မိလေသည်။

"လှနွယ်ရယ် ... ဘာမှမတွေးပါဘူး"

"လှနွယ် သိပါတယ်နော် ... မညာပါနဲ့ ... ကိုမိုး ခုလောက်အကြာကြီး ငြိမ်ချက်နေတာ တစ်ခုံတစ်ခုကို တွေးနေလို့ပေါ့"

"လှနွယ်ရယ် မသိချင်ပါနဲ့ကွယ်"

"အို ... သိချင်လို့မေးနေတဲ့ဟာကို ... ကိုမိုးမပြောရင် ကိုမိုးနဲ့တွေ့ဖို့ နောက်တစ်ခါဆို လှနွယ်မလာတော့ဘူး"

မိုးခိုင် ... လှနွယ်၏မျက်နှာလေးကို ဖျတ်ခနဲလှမ်းကြည့်မိလိုက်သည်။

လှနွယ်သည် သူ့ရင်ခွင်ထဲကနေ မသိမသာလေး ရုန်းထွက်လိုက်ပြီး မြစ်ပြင်ဘက်သို့ ဖူးအိနေသော နှုတ်ခမ်းလေးကို စူကာ နှုတ်ဆိတ်ငေးကြည့်နေမိတော့သည်။

လှနွယ် စိတ်ကောက်သွားလေပြီ။

လှနွယ် စိတ်ကောက်စိတ်ဆိုးသွား၍ ယခုလို သူချိန်းရာ ဤဘုရားကုန်းလေးဆီသို့ မလာတော့လျှင် မိုးခိုင်သာလျှင် ဒေတတ်၊ မထိုင်တတ် ... ငါးရံ့ပြာလူးဖြစ်ရဦးမည်။ မိုးခိုင်သည် ဒုမှ

www.burmeseclassic.com



အား အရမ်းချစ်ပါသည်။

ခုလို လှနွယ်ဖြင့် တစ်ကြိမ်တစ်ခါလေးမျှ တွေ့ဆုံခွင့်ရဖို့ အရေး မိုးနိုင် နေ့ပေါင်းညပေါင်းများစွာ စောင့်ဆိုင်းခဲ့ရလေသည် မဟုတ်ပါလား။

"လှနွယ်"

လှနွယ် ပြန်မထူးပေ။

"ကဲပါ လှနွယ်ရယ် ... စိတ်ကောက်မနေပါနဲ့တော့ ... ကို ပြောပြပါတော့မယ်"

"သွား ... ခုမှ လာပြောမနေနဲ့ ... နားမထောင်ချင်တော့ ဘူး"

လှနွယ်၏ထံမှ လွင်ချိုသော မကျေမချမ်းသံကလေး ထွက် ပါလာမှသာ မိုးနိုင်ရင်ထဲ ချမ်းမြေ့ကြည်နူးသွားရလေတော့သည်။ ဘယ်တော့လည်း လှနွယ်နှင့် မိုးနိုင်ဆိုတာက ယခုမှ ချစ်ခင်တွယ် ာလာခဲ့ကြသူတွေ မဟုတ်ပေ။ ကြာခဲ့ပြီ။

ဟိုး ... ငယ်စဉ်တောင်ကျေး ကလေးရွယ်မှစ၍ လှနွယ် ည် တစ်ရွာလုံးက အရှောမဝင်ဘဲ ကြံ့ဖယ်ထားသည့် မိုးနိုင်၏ ပေါ် တိတ်ဘေးလေး သနားကြင်နာပို့ပြီး သံယောဇဉ်ကြိုးတွေ ဖြိုးခဲ့သည် မဟုတ်ပါလား။

မိုးနိုင်အပေါ်၌ ရွာတွင်းရှိ သက်ရွယ်တူ ကလေးများကစ၍ ဂိုးမသန့်ဟုဆိုကာ အတူပေါင်းဖော် မကစားခဲ့သော်လည်း လှနွယ် မူ ဤသို့မဟုတ်။ မိဘများလစ်ပါ ချင် မိုးနိုင်နှင့်အတူ ဆော့ကစား





မြဲ ကရုဏာ ပိုရမြဲ။

"ကဲ ... ပြော ... ဘာတွေးနေတာလဲ"

"တခြား မဟုတ်ပါဘူး ... ကိုနဲ့လှနွယ်တို့ရဲ့ ချစ်ခရီးလမ်း ဟာ အနှောင့်အယှက်အခက်အခဲတွေ များလွန်းတာ တွေးမိပြီး ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားနေမိတာပါ လှနွယ်ရယ်"

"ကိုမိုးကလည်း သိပ်စိတ်ပျော့တာပဲ ... သိလား"

"လှနွယ်ရယ်"

"လှနွယ်ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး ... သိလား၊ လှနွယ် ကိုမိုးကို သိပ်ချစ်တယ်၊ လှနွယ်ရဲ့ နှလုံးသားထဲက ပေါက်ဖွား လာတဲ့ အချစ်နဲ့ပတ်သက်လာရင်လည်း လှနွယ် ဘာမဆို ရင်ဆိုင်ရဲ တယ် ... သိလား"

လှနွယ်၏လေသံလေးသည် အချစ်ခွန်အားတွေကြောင့် တက်ကြွလန်းဆန်းနေလေသည်။ လှနွယ်သည် အမှန်တကယ်လည်း စိတ်ဓာတ်မာကျောပြတ်သားသူဖြစ်၏။

ယင်းစိတ်ဓာတ်ကြောင့်လည်း မိုးနိုင်၏ချစ်ဖြေကို လှနွယ် သည် အချစ်တစ်ခုအားကိုးဖြင့် အရဲကိုးခဲ့ခြင်းပင်ဖြစ်၏။

"ကိုက လှနွယ်အတွက် တွေးနေမိတာပါ၊ ရွာထဲမှာ တချို့ လူတွေက လှနွယ်နဲ့ကိုချစ်သူဖြစ်နေတာကို ရိပ်မိသလို ပြောနေကြတယ် ... လှနွယ်က ကွမ်းတောင်ကိုင်မဟုတ်လား"

"ဘယ်သူ ဘာပြောပြောပေါ့ ကိုမိုးရယ် ... မောင်သုဒ္ဓိ ... တွေ ပိတ်သွားကြမှာပေါ့၊ လှနွယ် ကိုမိုးကိုချစ်ရင် ပြီးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ... ဟွန်း"

"လှနွယ်ရယ် ... ဒါပေမဲ့ ကိုမိုးရဲ့ဘဝက ..."

"အို ... တော်တော့ ကိုမိုး ... မပြောနဲ့တော့"

လှနွယ်၏ ဝင်းနုသောလက်ဖဝါးလေးကြောင့် မိုးနိုင်စကား သံတွေ တိတ်ဆိတ်သွားရလေသည်။ မိုးနိုင် ဘာပြောတော့မည်ကို လှနွယ်သိ၍ တားမြစ်လိုက်ခြင်းဖြစ်လေသည်။

ထိုအကြောင်းတွေကို လှနွယ်သည် သူမ၏မိဘများပြော ဆိုနေ၍ ယေစဉ်ကပင် နားမဆန့်အောင် ကြားနေခဲ့ရသည်။ မိုးနိုင် ၏ မျိုးရိုးအကြောင်း ...။

သို့သော် ယင်းသို့သိခဲ့ရသည့် အချိန်မှစ၍ ရွာထဲ၌အကြင် ခံ အပယ်ခံဖြစ်သော မိုးနိုင်အပေါ် လှနွယ် ကရုဏာမြစ်ကလေး တစ်စင်း စီးဆင်းခဲ့လေသည်ကိုတော့ မည်သူမျှမသိကြချေ။ မိုးနိုင်နှင့် လှနွယ်မှာ လှနွယ်၏မိဘများရှေ့မှောက်၌လည်းကောင်း၊ ရွာရှိ အများ ကာလသားတို့ရှေ့တွင်သော်လည်းကောင်း သူစိမ်းပြင်ပြင် နေထိုင် ဆက်ဆံနေခဲ့ကြပါသော်လည်း အမှန်တကယ်တမ်းမှာမူ လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်ကပင် ချစ်သူတွေဖြစ်ခဲ့ကြသည်။

သူတို့နှစ်ဦး အနေအထိုင်သိုသိပ်ခဲ့ကြ၍ လှနွယ်၏ မိဘ မောင်ဘွားများမှစ၍ တစ်ရွာလုံး မည်သူမျှ မရိပ်မိခဲ့ကြပါချေ။ ကုန်ကုန် ပြောရရင် မိုးနိုင်၏ အစ်ကိုရင်းဖြစ်သူ မင်းကျော်ပင် မရိပ်မိခဲ့ပါ။

သူတို့နှစ်ဦး၏ ချစ်ရိပ်မြုံလေးကတော့ တစ်ခါတစ်ရံ ဘုန်း ကြီးကျောင်း စွန်ရှိ စေတီကုန်းပျက်ကလေးတည်ရှိရာ ညောင်ချပ်ပင်ကြီးအောက်





မြစ်ကမ်းပါးယံအောက်တွင်သာ ဖြစ်လေသည်။ တစ်စစ နေကညိုလာ ခဲ့ချေပြီ။

"ကိုမိုး ... လှနွယ်ပြန်တော့မယ်နော်"

"လှနွယ်ရယ်"

မိုးနိုင်သည် ချစ်ရသူ၏ လက်ဖျားလေးကို မလွှတ်ချင်လွှတ် ချင်ဖြင့် လွှတ်လိုက်ရလေသည်။ ပြီးတော့ ချစ်ရသူလှနွယ်မျက်နှာ လေးအား ဆွေးမြည့်စွာငေးကြည့်မိလိုက်၏။

လှနွယ်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်မို့ ...

"ကိုမိုးရယ် ... ဘာမှတွေးပြီး ဝမ်းနည်းအားငယ်မနေပါနဲ့ လှနွယ်လေ ဒီဘုရားပျက်လေးကို တိုင်တည်ပြီး သစ္စာဆိုခဲ့တယ် ... သိလား။ လှနွယ် ကိုမိုးကို ဘယ်တော့မှမခွဲဘူး။ သေအတူရှင်မကွာ ကိုမိုးဘေးမှာ လှနွယ် အမြဲရှိနေမှာ ... သိလား။ လှနွယ် သွားတော့ မယ်နော်"

လှနွယ် ရှည်လျားကြီးမားစွာ အုပ်ဆိုင်းနေကြသော ညောင် ချပ်ပင်ကြီး၏ အမြစ်ပျဉ်းများကြားကနေ လှစ်ခနဲ ဘုရားကုန်းပျက်လေး ဆီသို့ ပြေးတက်သွားလေတော့၏။ မိုးနိုင်သည် လှနွယ်၏ပုံရိပ်လေး အား ငေးမောရင်း ကျန်ရစ်ခဲ့လေတော့သည်။

လှနွယ် သူ့အား မည်မျှသံယောဇဉ်ကြီးပြီး တွယ်တာမှန်း မိုးနိုင်သိနေ၍ ရင်ထဲ၌ ဆွတ်ကျင်နေလေသည်။

လှနွယ်၏မိဘများမှာ သူတို့ရွာ၏ ဂုဏ်ရှိငွေကြေးဥစ္စာ ခနှ ပြည့်စုံသူတွေဖြစ်၏။ တစ်ရွာလုံး လှနွယ်၏ဖခင် ဦးလှလှ၏ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာဖြင့် ကင်းသူမရှိပါ။

ဦးလူလှသည့် ငါးဖမ်းလှေများအပြင် လယ်ယာများစွာအား ပိုင်ဆိုင်သည့် ရွာသူဌေးတစ်ဦးဖြစ်သလို တပည့်တပန်းများလည်း ပေါများသည်။

အကယ်၍သာ လှနွယ်ဖြင့် သူချစ်နေကြမှန်းသာ သိသွားပါလျှင် ...

မိုးခိုင်ဆက်၍ မတွေးရဲတော့ပါ။

* * *

## ရွာနှာခြင်း

"တောက် ... ဘာကွ ... မင်းတွေ့ခဲ့တာ တကယ်လား မြသိး"

"ဟာ ... မင်းကို ငါကမဟုတ်တမ်းတရား လိမ်ညာပြောစရာလားကွ ... လှဒင်၊ သူတို့နှစ်ယောက် အဲဒီနေရာမှာ ဘယ်အချိန်ကတည်းက ချိန်းတွေ့နေကြသလဲမှ မသိဘဲ၊ ငါလည်း နွားပျောက်ရှာရင်း ကိုင်းချုံတွေကြားထဲကနေ မမျှော်လင့်ဘဲ သွားတွေ့တာကွ ... လှဒင်ရေ၊ တစ်ယောက်နဲ့တစ်ယောက် လက်ကလေးတွေ ကိုင်လို့ကွာ၊ တောက် ... တွေးရင်တောင် ခံပြင်းမိတယ် လှဒင်ရာ ... နောက်မှ လှနွယ်ပြန်သွားတာကွ ... သိလား"

'တောက်'

ရွာ၏ ကာလသားခေါင်း လှဒင်တစ်ယောက် မြသိး၏ အပြောကြောင့် မေးကြောကြီးတွေ ထောင်ထနေအောင် အံကြိတ်ရင်း ဘက်တစ်ချက်ခံပြင်းစွာ ခေါက်လိုက်မိလေသည်။ လှဒင်၏ မျက်စိထဲမှာ မြသိးပြောပြနေသည့် ပုံရိပ်တို့ ပီသနေလျက်။ ခံပြင်းခြင်း ... ခြင်း ဒေါသလှိုင်းလုံးတွေကလည်း ပင်လယ်ဒီပိုင်းတွေနှယ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတလိပ်လိပ် ...။

"တောက် ... ရာဇဝင်ရိုင်းလိုက်တာကွာ"

"ငါတို့ ဘာဆက်လုပ်ကြမလဲ လှဒင် ... စဉ်းစားပါဦးကွ"

ခံပြင်းနေဟန်ရှိသော လှဒင်အား မြသီးက မီးလောင်ရာ လေပင့်ပေးလိုက်လေသည်။ ရွာကာလသားခေါင်း လှဒင်၏ ဆုံးဖြတ်ချက်သည် သူတို့ရွာသားအများ၏ အဖြေမင်ဖြစ်လေ၏။ ရွာသမီးပျို တစ်ဦး၏အရေးသည် ရွာ၏ကာလသားတို့ အရေးပင်ဖြစ်သည်။ ပြီးတော့ အခြားသူ မဟုတ်ချေ။

လှဒင်အပါအဝင် သူတို့ရွာကာလသားများ ဝိုင်းဝန်းပိုးပန်းပြီး အိပ်မက်မက်ကာ စိတ်ကူးယဉ်နေရသည့် ရွာကွမ်းတောင်ကိုင် ကလျာအလှ လှနွယ်ကိုစွဖြစ်သည်။

"ဘာမှစဉ်းစားစရာမရှိပါဘူး မြသီး ... ရှာနာတယ်ကွ ... သိလား။ ဒီ ... မိုးခိုင်ဆိုတဲ့ ဘုရားကျွန်မျိုးရိုးကောင်က တို့ရွာသားလည်း မဟုတ်ဘူး ... အခြေအမြစ်မရှိတဲ့အကောင်၊ လှနွယ်ရာ ... ဒီလိုကောင်ကိုမှ ... တောက်"

"ဦးကြီးထွန်းကြွယ်ရှိသေးတယ်နော် လှဒင် ... တစ်ဆုံးတစ်စ အပြတ်ရှင်းလို့တော့ မရဘူး။ မှတ်လောက်သားလောက်ဖြစ်အောင်တော့ ဆုံးမရမှာပဲကွ"

မြသီး၏စကားကြောင့် လှဒင် အနည်းငယ် တွေသွားသည်။ လှဒင်စိတ်တွင်တော့ ဒီဘုရားကျွန်ညီအစ်ကိုနှစ်ကောင်လုံး တစ်ခါတည်း ကိစ္စပြတ်ရှင်းလိုက်ချင်သည်။ သို့သော် ဒီလိုလုပ်၍မဖြစ်သေး





"တောက် ... ငါခံပြင်းပြီး အဲဒီကောင်ကို အရေခွံစုတ်ချင်နေတာတော့ အမှန်ပဲ၊ မင်း ... အဲဒီဘုရားကျွန်ကောင်ရဲ့ အခြေအနေကို သတိထားစောင့်ကြည့် မြသီး။ ငါ လှနွယ်ရဲ့အဖေ ဦးကြီးလူလှဆီကို သွားဦးမယ်"

"အေး ... ကောင်းပြီ ... မြန်မြန်သွား"

မိုးခိုင်နှင့် လှနွယ်တို့အတွက် ကံကြမ္မာမုန်တိုင်းစတင်လေပြီတည်း ...။ လှဒင်သည် ခြံဝိုင်းထဲကနေ၍ သုတ်ခနဲ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်မနေမျဉ်းပြိုင်များ

"ဦးကြီးလူလှ ... ဦးကြီးလူလှရေ"

မိုးနိုင်သည် ဦးလူလှတို့၏ ခြံဝိုင်းရှေ့ကနေ၍ ခြံလယ်ရှိ ကြီးမားလှသော နှစ်ဆောင်ပြူင်အိမ်ကြီးဆီသို့ လှမ်းအသံပြုလိုက်မိလေသည်။

ယခင်နေ့များဆိုလျှင် မိုးနိုင်လာ၍ နွားစာစဉ်း ထင်းခွဲရေခပ်လျှင် လူနွယ်တို့၏ခြံဝိုင်းတံခါးကြီးသည် ဖွင့်ဟ၍ထားတတ်မြဲ။ သူ့အဖို့ တံခါးမရှိ၊ ဓားမရှိ။

ယခုမူ ခြံတံခါးကြီးသည် သေချာစွာ ပိတ်ထားသည့်အပြင် အိမ်ကြီးဆီ၌လည်း လူနွယ်၏အရိပ်အယောင်ရော သူမ၏ မိဘနှစ်ပါးအရိပ်အယောင်ကိုပင် မတွေ့ရချေ။

ယခင် သူလာလျှင် လူနွယ်သည် အပေါ်ထပ်ရှိ သူမ၏အိပ်ခန်းပြတင်းပေါက်ဝတွင် လှစ်ခနဲ အရိပ်အယောင်ပြတတ်မြဲ။ အပြုံးပွင့်လေးတွေဖြင့် သူ့ကို ခိုးကြောင်ခိုးဝှက်ကြိုဆိုမြဲ။

ယခု လူနွယ်၏ အိပ်ခန်းပြတင်းပေါက်လည်း စေ့ပိတ်လျက်

"ဦးကြီး လူလှ"





"ဦးလူလှ"

မိုးနိုင်သည် အားမလျှော့ဘဲ အကြိမ်ကြိမ်ထပ်မံ၍ အော်နေမိရာမှ ခဏအကြာ အိမ်ကြီး၏ အိမ်ရှေ့တံခါးပွင့်လာပြီး ဦးလူလှ ထွက်လာတာကို တွေ့ရလေသည်။

မိုးနိုင်သည် သူ့အား ခြံတံခါးလာဖွင့်ပေးသည် ထင်၍ ဝမ်းသာသွားမိ၏။

အနားသို့ရောက်သော် မိုးနိုင်ထင်သလို မဟုတ် ...။

"ဟော့ကောင် ဘာကိစ္စလဲ ... မင်း ငါ့ခြံရှေ့က ထွက်သွားစမ်း"

"ဗျာ"

ဦးလူလှ၏လေသံနှင့်မျက်နှာက တင်းမာခက်ထန်နေလေသည်။

"မင်း ... ငါပြောတဲ့စကား နားမရှင်းဘူးလား၊ ဟော့ကောင့်မိုးနိုင် ... မင်းလို ဘုရားကျွန်မျိုးရိုးက ရာရာစစ အမဲရိုးနှယ် ဟင်းအိုးအားမနာ၊ မင်း ဒီနေ့ကစပြီး ငါ့ခြံရိပ်ကို လာမနင်းနဲ့ ... ကြားလားတောက် ... ငါ ဒေါသထွက်မလာခင် မင်း ပြန် ... သွား ထွက်သွား"

ဦးလူလှသည် မျက်နှာတစ်ပြင်လုံး ထင်းမာခက်ထန်နေပြီး အော်သံကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဒေါသထွက်နေ၍ မိုးနိုင် ချာခနဲ လှည့်ထွက်ခဲ့မိလေတော့သည်။

လူနွယ်တို့၏ ခြံကြီးရှေ့က လှည့်ထွက်လာခဲ့ပြီး မိုးနိုင်အ



www.burmeseclassic.com

www.burmeseclassic.com



ခြေအနေကို တစ်စွန်းတစ်စရိပ်စားမိလေသည်။

သူနှင့်လုနွယ်တို့ကိစ္စကို သူမ၏ဖခင် သိသွားခြင်းပင် ဖြစ်မည်။ ထို့ကြောင့်လည်း လုနွယ်၏အရိပ်အခြည်အား ဒီမနက် သူ လုံးဝမတွေ့မမြင်ခဲ့ရခြင်းပင် ဖြစ်လေ၏။

မိုးခိုင် စိတ်ပျက်အားလျော့စွာ သူ၏တဲရှိရာ ရွာစွန်သို့ ဖြည်းလေးစွာဖြင့် ပြန်လျှောက်လာခဲ့လေသည်။ သူ ဘာဆက်လုပ်ရပေမည်နည်း။ ခေါင်းတွေ ပူလာလေ၏။ ထိုစဉ်မှာပင် . . .

"ဟော့ကောင် ဘုရားကျွန်မျိုး"

"ဟင်"

ရုတ်တရက် ရွာစွန်လမ်းမငယ်လေးရှိ ဝါးရုံတောစပ်မှ လှမ်းထွက်လာသည့် ကာလသားခေါင်း လုဒင်နှင့် မြသီး၊ ထွားကြီးတို့လူစုပင် ဖြစ်သည်။ သူ အံ့သြသွားမိ၏။ ထိုစဉ် လုဒင်က သူ့အား မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံဖြင့် ကြည့်ရင်းမှ . . .

"ခွေးသူခိုး . . . ဆန်ကောလောက်မှ စောက်မနက်တဲ့ကောင်၊ မင်းနဲ့ ငါတို့ရွာကွမ်းတောင်ကိုင် တန်ရဲ့လားကွ . . . တောက်"

"ဟုတ်တယ် . . . မင်းကို ဆုံးမလို့ ငါတို့စောင့်နေတာ . . . သိလား"

"ဟာ . . . လုဒင် . . . မင်း . . . မင်းတို့ . . ."

"ဘုရားကျွန်မျိုး . . . ကဲကွာ"

'ခွပ် . . ခွပ် . . ဒုတ် . . ဖြောင်း'

စကားမဆုံးခင် လုဒင်တို့လူစုသည် မိုးခိုင်အား တရစပ်





. . . တ်ထိုးကြိတ်ကြလေတော့၏။ လုဒင်တို့မှာ မိုးခိုင်လို ပျော့ခွေခွေ . . . ည်း မဟုတ်ပေ။

ရွာထဲတွင် ဒေါင်းထိမောင်းထိ အလုပ်ကြမ်းမျိုးစုံ လုပ်ကိုင် . . . လို ရွာထဲ၌ ထစ်ခနဲဆိုလျှင် လက်ဖါပြီးသား၊ အသတ်အပုတ် . . . ျင်သူတွေ ဖြစ်သည်။ လုဒင်တို့လူစုအား မိုးခိုင်သည် တဟ် . . . မျှ ပြန်လည်ခုခံကာကွယ်ပါသော်လည်း နောက်ဆုံး သွေးသံရဲရဲ . . . ခင်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

"မှတ်ထား ဘုရားကျွန်ကောင် . . ဒါ ပထမဆုံး မှတ် . . . တ်အောင် မင်းကိုသတိပေးတာပဲ၊ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ . . . အလောင်းကို ငါတို့ ပင်လယ်ထဲမျှောပစ်မယ် . . . သိလား . . . ထွီ"

လုဒင်တို့လူစုသည် မိုးခိုင်အား စိတ်ရှိလက်ရှိ ထိုးကြိတ်ပြီးမှ . . . တ်ခွာသွားကြလေသည်။ နောက်ဆုံး မိုးခိုင်သည် ဒဏ်ရာဇရပွ . . . သူတို့တဲရှိရာသို့ ရောက်ရှိလာခဲ့လေတော့၏။ မြစ်ကမ်းပါးလေး . . . ရှိ သူတို့တဲရှိရာရောက်လျှင် ဦးထွန်းကြွယ်နှင့် မင်းကျော်ကမူ . . . ဒဏ်ရာများကိုကြည့်ကာ ခံပြင်းလွန်း၍ တက်တခေါက်ခေါက် . . .။

မိုးခိုင်ကမူ ဘာတစ်ခွန်းမှ နှုတ်ကနေ ဖွင့်မပြောချေ။ အံကို . . . ကြိတ်ထားမိသည်။

မိုးခိုင်၏ ဒဏ်ရာများသည် တစ်ပတ်ကျော်မျှ ကုသလိုက်ရ . . . သည်။ မိုးခိုင်၏စိတ်တွင်းမှာ ဆုံးဖြတ်ချက်တစ်ခုချပြီးနေလေပြီ

* * *

www.burmeseclassic.com

www.burmeseclassic.com

## သေအတူရှင်မကွာ

လသည် မိုက်မှောင်နေလေ၏။ လမိုက်ညပင် ဖြစ်လေသည်။ မြစ်ပြင်မှာ ငွေရောင်လှိုင်းကြက်ခွပ်လေးတွေ ညင်သာစွာ စီးဆင်းနေသည်ကလွဲ၍ ဝန်းကျင်တစ်ခုလုံး အမှောင်ထုက စိုးမိုးနေသည်။

ကောင်းကင်ပေါ်က မှိန်တုတ်တုတ်ကြယ်ရောင်လေးများကြောင့်သာ မြစ်ရေသည် ပျပျလေးလက်နေသည်။ အချို့နေရာများ၌ အမှောင်ပိန်းပိန်းလိမ်းကျံထားလျက် . . .။ လှေငယ်လေးတစ်စီးသည် ကမ်းထိလုမတတ် ပြည့်လျှံနေသော မြစ်ရေပေါ်၌ မရဏကျွန်းကြီးဘက်သို့ လျင်မြန်စွာ ရွေ့လျားလာလေသည်။

လှေပေါ်မှာ လူသားနှစ်ဦးပါလာသော်လည်း အတန်ကြာအောင် စကားသံတိတ်ဆိတ်နေကြ၏။ လှေပဲ့မှအရိပ်က လှေကိုသာ အတင်းကြုံးလှော်နေလေသည်။

သူတို့နှစ်ဦး၏ ရင်ထဲမှာတော့ မရဏကျွန်းဆီသို့ အရောက်အမြန်ရောက်ရှိရေးသာ စိတ်မောနေကြပုံပေါ်လေသည်။ ဒါကြောင့်လည်း အပိုစကားမဆိုခြင်းဖြစ်သည်။ ညဥ့်သန်းခေါင်ယံသို့ပင် ကျော်...





လေသည်။

လှေငယ်လေးမှာ ရေစီး၏အရှိန်ကြောင့်ရော သူတို့နှစ်ဦး၏ စိတ်စောမှုကြောင့်ရော လှေငယ်လေးမှာ တစ်စစ မရဏကျွန်းကြီးဘက်သို့ နီးလာလေ၏။

ယင်းအချိန်မှာပင် သူတို့လှေငယ်လေး၏ နောက်ဘက်မှ မီးရောင်တဝင်းဝင်းဖြင့် ဆူညံသောရေသံများ၊ အော်ဟစ်သံများသည် ညဥ့်လေဖြင့်အတူ ပျံလွင့်လာသဖြင့် လှေဦးမှထိုင်နေသော သဏ္ဍာန်လေးက လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ကို . . . ကိုမိုး . . . သူတို့လိုက်လာကြပြီ . . . မြန်မြန်လှော်ပါ ကိုမိုးရဲ့"

"တို့လည်း လှော်နေတာပဲ လှနွယ် . . . မကြောက်နဲ့"

လှေငယ်လေးတွင် လိုက်ပါလာသူမှာ မိုးခိုင်နှင့်လှနွယ်ပင်ကည်း။ လှေဝမ်းထဲ၌ ထိုင်၍နေသော လှနွယ်၏လေသံတုန်တုန်လေးကြောင့် မိုးခိုင်သည် လှေကို စောစောကထက် အားစိုက်၍ လှော်ခတ်လိုက်လေသည်။

လှေလေးမှာ မြစ်ခွဆုံရှိ ကြယ်ရောင်ပျပျအောက်၌ ထီးတည်းတည်ရှိနေသော မရဏကျွန်းကြီးဆီသို့ တစ်စစနီးကပ်လာလေပြီ။

အနောက်ဘက်ရှိ လေပြည်ဖြင့်အတူ လွင့်ပျံ့သော အသံများ၊ အော်ဟစ်သံများကို နှစ်ယောက်သား ပို၍ပီသစွာ ကြားလိုက်ရသည်။ ပို၍ နီးကပ်လာလေ၏။

"ဟော့ . . . မိုးခိုင်နဲ့ လှနွယ် . . . မင်းတို့လှေကို ခုရပ်စေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . သမီးလှနွယ် . . . လှေရပ်ပါ . . . ရပ်စမ်း"

"မရပ်နဲ့ မိုးခိုင် . . . မရဏကျွန်းကိုပဲ ရောက်အောင်လှော်"

လှနွယ်သည် အံလေးကြိတ်ကာပြောရင်း သူမပါ လှော်တက်အပိုတစ်ချောင်းအား ယူလိုက်ပြီး လှော်ခတ်လိုက်လေတော့၏။

နောက်ကလိုက်လာသော လှေထဲမှာ ရွာရှိကာလသားများ၏ လှေများနှင့် သူမ၏ဖခင်ဖြစ်သူပါ လိုက်ပါလာမှန်း လှနွယ်သိသည်။ သူမတို့ မည်သို့မျှ ပြန်လည်အမ်ခံ၍ မဖြစ်ပါ။

လှနွယ် . . . မိုးခိုင်အား အရမ်းချစ်သည်။ တွယ်တာသည်။

မိုးခိုင်အား လှနွယ် သေတစ်ပန်သက်တစ်ဆုံး မခွဲနိုင်ပါ။ မိုးခိုင်ကို ရွာတွင်းရှိ လူဒင်ဦးဆောင်သော ကာလသားများသည် ဝိုင်းဝန်းထိုးကြိတ်လိုက်ကြသည့်သတင်းကို ကြားပြီးကတည်းက လှနွယ်စွန့်စားရန် ဆုံးဖြတ်လိုက်မိတော့၏။

ယင်းဆုံးဖြတ်ချက်မှာ သူမချစ်သော မိုးခိုင်ဖြင့် ယခုဘဝတွင် ဘုရားကျွန်ဟူသော အစွဲကြောင့် ဒီဘဝ၌ မပေါင်းသင်းရပါလျှင် ရှင်ကွဲလည်း- အကွဲမခံနိုင်ပါ။ ယင်းကြောင့် ဒီမရဏကျွန်းကြီးသို့ ထွက်ပြေးကြရန် မိုးခိုင်နှင့် လျှို့ဝှက်ကြံစည်ခဲ့ပြီး ယနေ့ည မိဘများအလစ်အငိုက်၌ ထွက်ပြေးလာခြင်းဖြစ်သည်။

လှနွယ်သည် လှေအား ခွန်အားစိုက်၍လှော်လိုက်၏။ ပို မြန်သွားသည်။

"သမီးလေး လှနွယ် . . . မသွားနဲ့၊ အဲဒီမရဏကျွန်းကို မသွားပါနဲ့၊ လှေကို ရပ်လိုက်ပါ"





"ဟော့ကောင် မိုးခိုင် . . . လှေကို ရပ်လိုက်စမ်း"

နောက်မှအသံများက ပို၍နီးကပ်လာချေပြီ။

မိုးခိုင်ရောလှနွယ်ပါ သေအတူရှင်မကွာ သစ္စာဆိုထားကြသူတွေပမာ လှေကို လုံးဝ အရှိန်မလျှော့ပါ။ လှေလေးသည် တရိပ်ရိပ် ပြေးနေသည်။

ထိုစဉ် ထူးဆန်းအံ့ဩဖွယ်ရာကောင်းသော အဖြစ်အပျက်သည် တဒင်္ဂအတွင်း ပေါ်ပေါက်လာလေတော့သည်။

ယင်းမှာ ကောင်းကင်ပြင်ကြီးတစ်ခုလုံး စောစောကထက်ပို၍ မိုးမှောင်သွားကာ အချိန်အခါ မဟုတ်ဘဲ လျှပ်စီးများဝင်းခနဲ ဖြတ်လာခြင်းပင် ဖြစ်လေသည်။

'ဂျိန်း . . ဒလိမ်း'

'ဝေါ . . ဝေါ'

ချက်ချင်းပင် မြစ်ပြင်သည် ရေနဂါးကြီးတစ်ကောင် ရေအောက်မှ ကုန်းရုန်းလူးလွန့်ထလိုက်သလို လှိုင်းများမှာ ချက်ချင်း ရှိန်းဝိုင်းခက်ထန်လာ၏။ နောက်ဘက်မှ လှေလေးငါးစီးမှာ ရုတ်တရက် ကြီးဆိုသလို ပြောင်းလဲသွားသောမြစ်ပြင်ကြောင့် အံ့ဩသွားကြလျှက် ဆက်မလိုက်ရဲကြတော့ချေ။

မရဏကျွန်းကြီး၏အကြောင်းကို မိုးခိုင်ရော လှနွယ်သာမက ဧရာဝတီ မြစ်ကမ်းတလျှောက်ရှိ ရွာများတွင် လုပ်သားများ ဘိုးစဉ်ဘောင်ဆက်ကပင် ကြားဖူးထားကြပြီးသား . . . ။

မိုးခိုင်နှင့် လှနွယ်တို့နောက် လိုက်ခဲ့ကြပါသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



ထောကျွန်းကြီး၏ ပိုင်နက်ရေမြေယာအတွင်းသို့ မည်မျှသတ္တိကောင်းသော တံငါမဆို မကျူးရဲကြပါချေ။ ဒါက အစဉ်အလာ . . .။

'ဝေါ . . ဂိုနီး'

"သမီးလေး . . . လုနွယ်ရေ"

"လုနွယ် သမီး . . . သမီးရေ"

"ညီလေး မိုးခိုင်"

လျှပ်ရောင်တစ်ချက် . . . လင်းခနဲ ပြက်သွားသည်။

မိစ္ဆာမြွေနဂါးကြီးတစ်ကောင်ပမာ လှုပ်ရှားခုန်ပေါက်နေခဲ့သည့် လှိုင်းလုံးများကြား၌ မရဏထောကျွန်းကြီးဆီသို့ တရွေ့ရွေ့တိုးကပ်သွားနေကြသော လှေငယ်လေးကို အဝေးကနေ အားလုံးတွေ့မြင်လိုက်ကြရလေတော့သည်။

ကြီးမားသည့် လှိုင်းလုံးကြီးများကြားတွင် လှေလေးမှာ မြုပ်ချည်ပေါ်ချည်။

✗ ✗ ✗

## ကြေးကွဲစရာအဖြစ်ဆိုး

"ဆရာလေး . . . ဆရာညီဘွား"

"ဆရာ . . . ဆရာ"

အိပ်ခန်းတံခါးကို ညင်သာစွာထုလျက် သူ့အမည်အားခေါ်နေသည့် ဖိုးတာ၏ခေါ်သံကြောင့် ညီဘွား နိုးသွားရလေသည်။ ယင်းအချိန် ဖိုးတာ၏အသံက ထပ်မံထွက်ပေါ်လာသည်။

"ဆရာ . . . နိုးပြီလား"

"အေး . . . နိုးပြီဖိုးတာ . . . ရပြီ . . . သွားတော့"

အိမ်ခန်းရှေ့မှ ဖိုးတာလှည့်ထွက်သွားသံကို သတိပြုမိလိုက်၏။

ညီဘွား အိပ်ရာထက်မှ ချက်ချင်းမထနိုင်၊ ဦးခေါင်းတစ်ခုလုံးပေါက်ကွဲထွက်လုမတတ် ကိုက်ခဲနေလေသည်။ ဝီစကီသည် သူ့ကိုနှိပ်စက်ပေးလေပြီ။

ညတုန်းက စကားပြောကောင်းကောင်းဖြင့် ညီဘွား သူ့ရှေ့သို့ မည်မျှသောက်မိသွားမှန်းပင် မသိလိုက်ပါချေ။ သူ ညတုန်းက အမူးလွန်၍ မူးသွားမှာ သေချာသည်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com



နောက်ဆုံး ညီဘွားခေါင်းတစ်ခုလုံး အုံ့ခဲနေသော်လည်း မထမဖြစ်၍ ထကာ အိပ်ခန်းတံခါးကိုဖွင့်ကာ အပြင်သို့ လှမ်းထွက်လိုက်မိလေသည်။

ဖိုးတာ သူ့အပါးသို့ ချက်ချင်းပင်ရောက်လာသည်။

ဖိုးတာ၏လက်ထဲမှာ မျက်နှာသစ်ရန်ရေနှင့် သွားတိုက်ဆေးသွားပွတ်တံ။

"ဆရာ ... ဒီမှာ မျက်နှာသစ်ဖို့ရေနဲ့ သွားပွတ်တံ"

"ကျေးဇူးပဲ ဖိုးတာရာ ... ခုထိ ခေါင်းတစ်ခုလုံး တူတွေနဲ့ ထုထားသလိုပဲကွာ .. ကျွတ် .. ကျွတ်"

"ဒါဆိုလည်း ဆရာ ဒီနေ့ သစ်ကွင်းထဲ မသွားနဲ့ပေါ့ ဆရာရဲ့"

"ဟာ ... မဖြစ်ဘူး ဖိုးတာ"

ဖိုးတာကို ပြောရင်း မျက်နှာအရင်သစ်သည်။ လူက အတန်ငယ် လန်းဆန်းသွားသလို ရှိလေသည်။ နေက အတော်ပင်ပူပြင်းစပြုနေပေပြီ။ သစ်ကွင်း သွားရပေဦးမည်။ စင်လေးပေါ် ရေခွက်နှင့် သွားတိုက်ဆေးတင်ပြီး ဝရန်တာလေးဘက် လျှောက်လာခဲ့ပြီး ထိုင်လိုက်မိ၏။

ပြီးတော့ တစ်ဆက်တည်း ဖိုးတာအား ...

"ဖိုးတာ ဆာတယ်ကွာ ... စားစရာတွေ ဒီသာယူလာခဲ့လိုက်တော့ ... စားပြီးတာနဲ့ သစ်ကွင်းသွားကြမယ်ကွာ"

"ဟုတ်ကဲ့ ဆရာ ... အဆင်သင့်ပဲ"





မကြာခင် မနက်ခင်းစားစရာများ စားပွဲပေါ်သို့ ရောက်ရှိလာသည်။ ဖိုးတာ၏လက်ရာသည် ဒီမနက် စားသောက်၍ အကောင်းဆုံးဖြစ်နေသည်။

ဘရိတ်ဖတ်စားနေရင်းမှ ညတုန်းက မရဏကျွန်းကြီးနှင့် ပတ်သက်သော ကြေကွဲစရာဖြစ်ရပ်လေးကို အတွေးကပြန်လည်ရောက်သွားပြီး ဖိုးတာအား မေးလိုက်မိသည်။

"ဟေ့ကောင် ဖိုးတာ"

"ဗျာ ... ဆရာလေး ... ဘာပြောမလို့လဲ"

"ညတုန်းက ဦးလေးမင်းကျော် ဘယ်အချိန်ပြန်သွားလဲကွ"

"အင်း ... ည ဆယ့်နှစ်နာရီကျော်မှပေါ့ဆရာ၊ ကိုတင်ရွှေတို့နဲ့အတူ ပြန်သွားတာပဲ၊ ဆရာလည်း ဦးမင်းကျော်ပြောပြတဲ့အကြောင်းလေးကို နားထောင်ပြီး အတော်မူးသွားလို့ မနည်း အိပ်ခန်းထဲ တွဲခေါ်ရတယ်"

"ဇာတ်လမ်းက ကောင်းတာကိုးကွ .. ဟဲဟဲ"

ညီဘွား အရှက်ပြေ ရယ်သွမ်းသွေးရင်း ပြောသည်။ အမှန်တကယ်လည်း သူမူးသွားမှန်းတော့ ညီဘွားကိုယ့်ကိုယ်ကိုယ် သိလေသည်။ သူက သောက်ခဲလှသည်။

ဘာကြောင့်မှန်းတော့ ညီဘွား သူ့ကိုယ်သူ မသိပါသော်လည်း ယင်းမရဏကျွန်းကြီးဖြင့် ပတ်သက်သည့် ဆန်းကြယ်သောအရာကို တစ်စစ စိတ်ဝင်စားလာခဲ့မိတာ အမှန်ပင်ဖြစ်သည်။

"အို ... နောက်တော့ ဒါ သိရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ညီဘွားသည် သူ့ကိုယ်သူ စိတ်တွင်းက ပြောလိုက်ရင်း သစ်တွင်းဘက်သို့သွားရန် စားပွဲဝိုင်းလေးကနေ ထလိုက်မိလေတော့သည်။ ဘစ်ရွှေတို့ စောင့်နေလိမ့်မည်။ တာဝန်နှင့်ဝတ္တရားက ရှိနေသေးသည် မဟုတ်ပါလားလော။

ဖိုးတာက ညီဘွားကို အရုံသင့်စောင့်နေလျက် . . .။

နှစ်ဦးသား ဘန်ဂလိုကနေ ထွက်လာခဲ့ကြလေသည်။

✗ ✗ ✗

## မရဏကျွန်းကြီးအကြောင်း

မနေ့က ဖိုးတာဖြင့်အတူ ညီဘွား ချောင်းအုပ်ကြီး၊ တင်ရွှေတို့ရှိရာ သစ်ကွင်းသို့ သွားရောက်နေရာ ညနေစောင်းမှပဲ ထိုတဲဆီသို့ ပြန်ရောက်လာခဲ့သည်။

သစ်ကွင်းမှာ အတော်ဝေးသည့်အပြင် ခရီးကလည်း ကြမ်းသည်မို့ ညီဘွား ဒီမနက်တော့ သစ်ကွင်းထဲပ်မသွားတော့ဘဲ ချောင်းအုပ်ကြီးတင်ရွှေနှင့် ဘစ်ရွှေတို့ကိုသာ လွှတ်လိုက်ပြီး ဘိုတဲ၌ပင် စာဖတ်နေမိသည်။

ဒီစခန်းသို့ သူ စတင်ရောက်ရှိလာကတည်းက တစ်ရက်မှ စာဖတ်ရသေးသဖြင့် ဒီနေ့ နားနားနေနေ စာဖတ်နေမိခြင်းဖြစ်သည်။ ညီဘွားဖတ်နေသည့်စာအုပ်မှာ အင်္ဂလန်နိုင်ငံရှိ မနောသုတေသနအသင်းကြီးမှ ထုတ်ဝေသော မနောသုတေသနစာအုပ်ဖြစ်၏။ စာအုပ်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

ညီဘွား စာအုပ်ထဲ၌ မည်မျှစိတ်ဝင်တစား နှစ်မျောသွားသည် မသိ။

"ဆရာ . . . ဆရာညီဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

အနားသို့ရောက်ရှိလာသော ဖိုးတာ၏ခေါ်သံကြောင့် ညီဘွား စာအုပ်နှင့် မျက်နှာ ခွာလိုက်မိလေသည်။ အချိန်က မွန်းလွဲပြီးစပင် ရှိလေသေးသည်။

"ဘာလဲကွ ဖိုးတာ ... ဘာကိစ္စလဲ"

"စခန်းရှေ့မှာ ဦးမင်းကျော်ရောက်လာလို့ ဆရာ၊ ဆရာ့ အတွက် ဟင်းစားလာပို့တာတဲ့ ... အဲဒါ ဆရာစာဖတ်နေတာနဲ့"

"ဩော် ... လွှတ်လိုက် ဖိုးတာ ... လွှတ်လိုက်ပါကွာ"

ဖိုးတာ သူ့အပါးက သွက်လက်စွာ ပြန်ထွက်သွားသည်။

ခဏအကြာတွင် ဦးမင်းကျော်သည် ပုစွန်တုပ်တွဲကြီးနှင့် ကဏန်းတွဲကြီးအား ဆွဲကာ ဘန်ဂလိုအပေါက်ဝမှာ ပေါ်လာ၏။

"ဟော ... လာဗျာ ဦးမင်းကျော်"

"ဆရာလေး အနားယူနေတယ် ပြောလို့၊ ကျုပ်ပိုက်ချပြီး ပြန်လာခဲ့တာ ... အဲဒါ ဟင်းစားလာပို့တာ၊ အနှောင့်အယှက်ဖြစ် သွားရင်တော့ တောင်းပန်ပါတယ် ဆရာလေး"

ဦးမင်းကျော်က ပုစွန်တွဲကြီးအား ဝါးစားပွဲပေါ်ချရင်း ထိုင်ခုံ တွင်ဝင်ထိုင်ကာ အားတုံ့အားနာဖြစ်သလို ဆိုလေသည်။ ညီဘွားက ပြုံးကာ ခေါင်းယမ်းပြရင်း ...

"ဟာ ... မဖြစ်ပါဘူး ဦးလေးရာ၊ ကျွန်တော်လည်း ဦးလေး ရဲ့အိမ်ကို လာဦးမလို့ပဲ၊ ဒီရက်တွေအတွင်း ကွင်းထဲသွားနေလို့ မအားတာနဲ့ မလာဖြစ်တာပါ၊ ဖိုးတာရေ ..."





"လာပြီ ဆရာ"

ဖိုးတာက သူတို့ရှိရာကို ချက်ချင်းလိုလို ရောက်ရှိလာလေသည်။ ညီဘွား ပုစွန်တွဲကြီးကို မေးဆတ်ပြလိုက်ကာ ...

"အဲဒါတွေကို စီစဉ်လိုက်ကွာ၊ လတ်တလောတော့ ပုစွန် အစိမ်းသုပ်တစ်ပွဲ အမြန်ဆုံးစီစဉ်၊ အခြားစားသောက်စရာရောပေါ့၊ ပုလင်းသစ်ပါ သောက်ဖို့ ယူလာခဲ့ကွာ"

ဖိုးတာ ခေါင်းညိတ်ပြပြီး ပုစွန်တွဲကြီးနှင့် ကဏန်းတွေကို ယူကာ မီးဖိုချောင်ဘက်သို့ လှည့်ထွက်သွားလေသည်။

ဖိုးတာကို ညီဘွားမှာကြားနေသောစကားကို ကြားလိုက် ရသဖြင့် ဦးမင်းကျော်သည် သဘောကျနှစ်သက်သလို ကွမ်းချိုးသွား ကြီးတွေပေါ်အောင် ပြုံးရယ်လိုက်ရင်း ...

"ဟား .. ဟား .. ဆရာလေးလည်း ကျုပ်လာတာနဲ့ အလုပ် ရှုပ်သွားပြီထင်တယ်၊ ကျုပ်လည်း ပင်လယ်ထဲမြစ်ထဲက ပြန်လာရင် ဘာမှလုပ်စရာ မလိုတော့ဘူးဗျ၊ ဒါကြောင့် ဆရာလေးနဲ့ စကား ပြောရအောင်ဆိုပြီး လာခဲ့တာ"

"ကျွန်တော်ကလည်း ဦးလေးကို မျှော်နေတာ၊ ဟို ... ဘီလူးကျွန်းကြီးအကြောင်း သိချင်နေလို့ ဦးလေးရေ"

ညီဘွား၏အပြောကြောင့် ဦးမင်းကျော်မျက်လုံးတွေက ကျဉ်းသွယ် တည်ငြိမ်သွား၏။ အတန်ကြာတော့မှ ...

"ဆရာလေး အဲဒီကျွန်းကို အတော်စိတ်ဝင်စားနေပုံရတယ် ဗျား ... ကျုပ်လည်း အမှန်ပြောရရင် ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးခိုင်ဟူသော ဦးမင်းကျော်၏ညီအကြောင်း ညီဘွားသည် သိရှိပြီးသွားပြီမို့ အားနာသလို ပြောလိုက်မိသည်။ ဦးမင်းကျော်၏ အတိတ်အား ပြန်မတူးဆွချင်။

"ဟို . . . ဒီလိုပါဦးလေး . . . ကျွန်တော်က ဒီကျွန်းကို စိတ်ဝင်စားနေမိတယ်ဆိုတာ ဒီလိုရှိပါတယ် . . . ဒီကျွန်းကြီးဟာ ဒီနယ်တစ်ဝိုက်မှာ တခြေကျွန်းကြီးရယ်လို့ ခေါ်ဆိုနေကြတာရယ်, တချို့က လည်း ရေအောက်မှာ ကျောက်လိုဏ်ဂူတွေ, ရေလွှဲပေါက်တွေလည်း ရှိတယ်လို့ ပြောဆိုနေကြတယ်၊ နောက် အဲဒါတွေထက် အဲဒီကျွန်းကြီးဟာ ကျွန်တော့်ရဲ့အာရုံကို ဖမ်းစားနေတာတော့ အမှန်ပဲဦးလေး"

ညီဘွား၏ စိတ်ဝင်တစားလေသံဖြင့် တဖျပ်ဖျပ်လက်နေသော မျက်ဝန်းများကိုကြည့်ကာ ဦးမင်းကျော်က သက်ပြင်းကို လေးတွဲစွာ ချလိုက်ရင်းကပြောသည်။

"အင်း . . . ဆရာလေး သိပ်ပြီးသွားချင်နေရင်တော့ ကျုပ် တစ်နေ့နေ့တော့ လိုက်ပို့ရတာပေါ့လေ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် နော် . . . သတိပေးတာပါ ဆရာလေး"

"ဘာလဲ ဦးလေးရဲ့"

"မရဏကျွန်းဆိုတဲ့အတိုင်း သွားမိရင်တော့ ပြန်လမ်းမရှိ တတ်ဘူး . . . အဲဒါကိုတော့ ဆရာလေးစဉ်းစားပါ၊ ကျုပ်တစ်သက် ဒီအသက်အရွယ်ထိ အဲဒီမရဏကျွန်းကြီးဆီကို သွားဖူးတဲ့လူရယ်လို့ ရွာထဲမှာ မကြားဖူးသလောက်ပဲ၊ ဆရာလေး သိပ်ပြီးသွားချင်နေတဲ့ စိတ်အားထက်သန်နေရင်တော့ နေသာမိုးသာ ရာသီဥတုကောင်းတဲ့





ထစ်ရက်ကျ ကျုပ်လိုက်ပို့ပေးပါ့မယ်ဗျာ"

ဦးမင်းကျော်၏စကားက ညီဘွားအဖို့ ကျောချမ်းစရာပင်။ ညီဘွား ခေတ္တမျှတွေဝေနေမိစဉ် ဖိုးတာသည် စားသောက်စရာများ ယူလာပြီး လာချပေးသည်။

ဖိုးတာ ဖန်ခွက်များ၊ အမြည်းများ စနစ်တကျ ပြင်ဆင်ပေးနေစဉ် ဘန်ဂလိုအပေါက်ဝမှ ဘစံရွှေ၏ အသံသြသြကြီးအား ကြားလိုက် ရလေတော့၏။

"ဟား . . . စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲ . . . အဲ . . . အရက်စွဲရတာပဲဗျို့, ဆရာလေးရေ၊ ဆရာလေးအတွက် ပျားရည်နဲ့ ဆေးဝက်သားလာပို့တာ . . . ယမကာဝိုင်းနဲ့တိုးနေတော့ . . ဟဲဟဲ —ငြိမ်းရတော့မှာလား"

"ရေကံအသင့်, ကြာအသင့်ပေါ့ ဘစံရွှေရာ . . ဟားဟား —ဒါရော, ဆရာလေးရော မစကြရသေးပါဘူးကွာ၊ အခုမှ ခွက်ပြင် —နေ . . ဟဲဟဲ"

"ဒါဆိုလည်း စလိုက်ကြစို့လား ဆရာညီဘွား"

"ဟား . . ဟား . . ဟား . . ဟား"

ရယ်မောသံတွေက မြစ်ရေပေါ်ရုပ်တိုက်ပြေးသွားကြလေ ၏။ ညီဘွားမှာ ဝန်ထမ်းများဖြင့် လက်ပွန်းတတီးနေထိုင်ရသူဖြစ် ၍ ခင်မင်ရင်းကောင်းသူတစ်ယောက်ဖြစ်၍ အားလုံးက ရှိသေလေးစား နေကြလေသည်။

ဒီနေ့ဝိုင်းတွင်လည်း မရဏကျွန်းကြီးအကြောင်းသိရှိသော



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ဦးမင်းကျော်အား ဆက်မေးရပေမည်။ ညီဘွား ထိုကျွန်းကို စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။

* * *

## အတိတ်ဒဏ္ဍာရီ

ကျောက်စွန်းအငူတစ်ခု၏ ပြန့်ကားသောနေရာ၌ သူမ ရပ်နေသည်။

ကြမ်းတမ်းခက်ရှစွာတိုက်ခတ်လာသော ပင်လယ်လေကြမ်းနှင့် သူမ၏ဝတ်ရုံလွှာတို့ တဖျပ်ဖျပ် ...။ အနောက်ဘက်ရှိ မိုးကုပ်စက်ဝိုင်းစွန်း၌ ဝင်လုဆဲ ပုစွန်ဆီရောင်နေလုံးကြီးကြောင့် ပင်လယ်ပြင်ကြီးတစ်ခုလုံး ပတ္တမြားကော်ဇောကြီး ဖြန့်လွှမ်းထားသည်သို့ ထင်နေလေသည်။

ယင်း ပတ္တမြားရည်များလက်ပနေသော ပင်လယ်ပြင်တစ်နေရာရှိ ကျောက်ဆောင်စွန်းကြားများမှာ ငြိမ်သက်စွာဆိုက်ကပ်ထားသည့် ဘောဂဝတီရေတပ်တော်မှ တပ်တော်လှေကြီး ငါးစီးကိုလည်း သူမ တွေ့မြင်နေရလေသည်။

သို့သော် ဟိုယခင်ကနှယ် ဝင့်ကြွားထည်ဝါတောက်ပလွန်းလှသော စပ်တော်ရေယာဉ်ကြီးများတော့ မဟုတ်ကြတော့ပါဘဲ အသွင်ပြောင်းလဲ၍ နေခဲ့ကြလေပြီ။

ရွက်တိုင်ပင်ကြီးတွေက ဖြောင့်မတ်စွာတည့်မတ်နေကြသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဟိုတုန်းကနှယ် ရွှေဆင်ရွှေရေးပန်းနွယ်များ၊ အရောင်အဆင်းများ ရှိကြတော့။

ညှိုးရောင်သန်းလျက် သဘာဝရောင်သီဒဏ်အောက်မှာ မှိန်ဖျော့ညှိုးနွမ်းစပြုနေလေပြီ။

တစ်ချိန်က နေပြည်တော်ဝယ် တင့်တယ်ဝင့်ကြွားစွာ ဖြန့်ကားဝင့်ထည်ခဲ့ကြသည့် ကြီးမားလှသည့် ပတ္တမြားရွက်လိပ်ကြီးများကလည်း ပင်လယ်ရေကြမ်းဒဏ်အောက်မှာ စုတ်ပြဲရိရွဲလျက် အဝတ်စုတ်ပဝါတစ်ခုနှယ် ...။

လှေယာဉ်၏ဦးတော်နှင့် နံဘေးသူရဲကာများမှာလည်း ကျိုးပဲ့ဆွေးမြည့်သည့်နေရာအချို့က ဆွေးမြည့်နေကြလေပြီ။

ပင်လယ်ဆီကနေ ပြေးတက်လာသည့် လှိုင်းဖြူဖြူတွေက သူမ ရပ်နေတဲ့ကျောက်ဆောင်စွန်းကို ဝုန်းခနဲထိရိုက်ကာ ပြန်လည်ပြိုကွဲသွားလေသည်။

ပြီးတော့ လှိုင်းငယ်တွေက နောက်တစ်လုံး ... နောက်တစ်လုံး ... နောက်တစ်လုံး။ မတည်မြဲခြင်းဟူသော အနိစ္စတရား။

ကျဆုံးခြင်းနှင့်အောင်နိုင်ခြင်း။ တောက်ပဝင့်ထည်ခြင်းနှင့်ရှုံးနိမ့်ပြိုကွဲခြင်း။ ပင်လယ်ပြင်ကြီးမှပေးအပ်လာသော တရားဓမ္မ သခ်ီရသဘောများအား သူမ နေ့စဉ် ဤနေရာလေးဆီကနေ ရပ်တန့်ငေးကြည့်နေမိဆဲ။

နေရောင်နေသွေးတို့က တစ်စတစ်စ ဆုတ်ခွာစ ပြုနေလေသည်။





ပန်းကမ္ဘာလာသီး အခြမ်းပဲ့လေးပမာသာ ပင်လယ်ပြင်အနားသပ်ဆီမှာ ထင်ကျန်သောနေလုံးကြီး၏ အိပ်တန်းပြန်နှုတ်ဆက်ချိန်။

သခင်မ သီရိစန္ဒာဒေဝီသည် သူမ၏ နီထွေးထွေးနှုတ်ခမ်းသားစွန်းလေးအား နာကျင်အောင် ဖိကိုက်လိုက်မိသည်။

သွေးခြည်များပင် ဥကွေးလှမ်းတတ် ...။

ဒါသည် မကြာမြင့်သောတစ်ချိန်ဆီက ဘုန်းတန်ခိုး နေမီးအရှိန်ထိန်ထိန်လင်းလျက် လင်းလက်တောက်ပခဲ့သည့် သီရိစန္ဒာဒေဝီ၏ နေဝင်ချိန်။ ဒါမှမဟုတ် မာနတရားကို ရှုံးနိမ့်ကျဆင်းချိန်လား။

မဖြစ်နိုင်ပါ။ ဒါဟာ မှားယွင်းမှုတစ်ခုပဲဖြစ်သည်။ မည်သည့်အတွက်ကြောင့်ဆိုသော် တစ်ချိန်က ရာဇဂဏနီမည်သော နေပြည်တော်ကြီး၏ သက်ဦးဆံပြည့် ဘုရင်မတစ်ပါး။

အခြားသော တိုင်းငယ်လေးများကပင် သူမ၏အလှတရားနှင့် နေလပမာဘုန်းကံရှိန်တွေအောက် ဒူးထောက်ခစားလျက် လျှမ်းလျှမ်းတောက်ပခဲ့ရသော သီရိစန္ဒာဒေဝီ၏ မာနနှင့်အလှတရားတို့သည် မရှုံးနိမ့် မပြိုကွဲသေးပါ။

သူမသည် မည်သည့်အခါကမျှ မကျဆုံးစေရ။

အရှင်မ သီရိစန္ဒာဒေဝီ၏နှုတ်ခမ်းဖူးလေးက လွင့်ခနဲ တွေးထွတ်သွားရ၏။ ကျောက်ဆောင်အငူစွန်းလေးဆီကနေ စံနန်းတော်သို့ ပြန်ကြွမည်အပြု မောင်တော်အား တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

မောင်တော်ဗညားရွှေသည် သူမအား လာရောက်ကြိုဆိုခြင်းသည်လား။ ဒါမှမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



မောင်တော် ယခုဓာလော ကျောက်ဥမင်ထဲ၌ စီရင်နေသော ဝမ္မန်းအစီအရင်သည် အောင်မြင်ပြီးမြောက်ခဲ့၍ပဲလား။

သို့သော် မောင်တော်၏ခြေလှမ်းတွေဖြင့် မျက်ဝန်းတွေက ယခင်အတိုင်းနွယ် တည်ငြိမ်စူးရှစွာပင် ရှိနေလေသည်။

မောင်တော် သူမအနားသို့ ရောက်ရှိလာလေသည်။

"နုမတော်"

"မောင်တော်လေ့ညင်းခံဖို့ ဒီနေရာကိုလှမ်းလာခဲ့တာလား။ ဒါမှမဟုတ် နုမတော် ဒီညနေ အမှောင်လွှမ်းစပြုသွားလို့ အကြိုလာထောက်တာလား မောင်တော်"

မောင်တော်၏မျက်ဝန်းတွေသည် သူမ၏အမေးကြောင့် ရွှန်းမြှ၍သွားတာ တွေ့လိုက်ရ၏။ ဒါသည် သူမအပေါ် ချစ်မေတ္တာရည်တွေ အစဉ်အမြဲပြည့်လျှမ်းနေသော သင်္ကေတဖြစ်သည်။

မောင်တော်သည် သူမအပေါ် အသက်ပေးချစ်မြတ်နိုးသူ...။

"လေ့ညင်းခံတယ်ဆိုတာထက် နုမတော်စန္ဒာတစ်ယောက်တည်း အဖော်လည်းမပါ၊ အမှောင်လည်း ညိုစပြုနေလို့ စိုးရိမ်ပြီး မောင်တော်လိုက်လာခဲ့တာ"

"အဟင်း ... နုမတော် ဒီနေရာကို ငေးနေကျပါ မောင်တော်ရဲ့ ... စိုးရိမ်တော်မမူသင့်တာကိုကွယ်"

အရှင်မ မောင်တော်အား မူနွဲ့စွာဆိုမိသည်။

"ကျောက်ဆောင်ကျောက်စွန်းတွေဆိုတာ ရှုမနိ ရေကြောင်းနှံကြောင့် ချောမွတ်နေတတ်တာမျိုးလေ နုမတော်ရဲ့၊ မောင်တော်ရဲ့





နုလုံးသားစေ့ညွှန်ရာအတိုင်း ခြေလှမ်းတွေ ခန္ဓာတွေက ပူပန်စိုးရိမ်ခြင်းတွေနဲ့ နုမတော်ရှေ့ ရောက်နေတာပဲပေါ့"

"သွား ... သိပ်စကားတတ်တာပဲကွယ်"

"လုပ်ကြံဖန်တီးပြောဆိုတဲ့ အသုံးအနှုန်းတစ်ခုမှ မပါပါဘူး အရှင်မရယ် ... အချစ်က သူ့ဘာသာသူ သင်ကြားပြသတာပါ"

"ယုံပါသတဲ့ရှင်"

မောင်တော်၏လက်ကို ဆုပ်ကိုင်ထားရသည်မှာ သူမအဖို့ ခွန်အားသစ်တွေ ရရှိနေစေသည်။ မျှော်လင့်ခြင်းအရှုထ်သစ်ကို တွေ့ရှိစေလေသည်။

မောင်တော့်ထံမှ ကိုယ်နံ့သင်းသင်းကလည်း သူမ၏ နုလုံးသွေးရည်တို့ကို တစ်ဖန်ပြန်လည်၍ ရှင်သန်ထမြောက်စေသည်။ လှိုက်ဖိုနွေးထွေးစေလေ၏။

ကျောက်ဆောင်လမ်းမလေးကနေ ပြေပြစ်သည့်မြေပြင်ပေါ်သို့အရောက် ရဲမက်တော်အချို့က သူမနှင့်မောင်တော်အား ဦးညွှတ်ကြ၏။

ဒါကပင် အရှင်မသီရိစန္ဒာဒေဝီ၏ အရှိန်အဝါအား ရည်ညွှန်းဖော်ဆောင်နေတာပင် မဟုတ်ပါလား။ အရှင်မ၏ ဂုဏ်သိက္ခာသင်္ကေတပင် မဟုတ်ပါလား။

ဤကျွန်းကြီးသို့ရောက်ရှိလာစဉ် သူမ၏သစ္စာခံရဲမက် ငါးဆ[illegible]တိတိပါလာခဲ့၏။ ထိုအထဲ၌ စက္ကြာမယန္တရားပညာရှင် ဘိုး[illegible]ခန်းပု၊ ပန်းပဲပညာရှင်ပေါင်း ငါးဆယ်ကျော်လည်း ပါဝင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ယုံမိန်းမသူတွေလည်း ပါဝင်ခဲ့လေ၏။

ဤကျွန်းတော်မှာ သူမတို့ရောက်ရှိနေခဲ့သည်မှာ တစ်နှစ်ဆို သည့် ရာသီတစ်ပတ် ပြည့်မြောက်ပြီးလေပြီ။

ရဲမက်အချို့နေထိုင်ကြရာ အိမ်တော်ဝင်းအချို့အား ဖြတ် သန်းလာခဲ့ပြီးနောက် ရတနာပူရကျောက်လိုဏ်တံခါးဝသို့ ရောက်ရှိ ခဲ့ရသည်။

ကျောက်လိုဏ်တံခါးဝသည် သူမ အသစ်ထပ်မံတည် ဆောက်နေသည့် ဘောဂဝတီယန္တရားမြို့တော်၏ အဝင်ဝမုခ်တံခါးပင် ဖြစ်သည်။

မောင်တော်နှင့်အတူ အတွင်းသို့ လှမ်းခဲ့လေတော့၏။

* * *

## ရုက္ခဇိဝဆေးတော်

သူမနှင့် မောင်တော်တို့လှမ်းဝင်လာသည်ကို မြင်တွေ့သည် နှင့် အစောင့်ရဲမက်အချို့က ဦးညွှတ်အရိုအသေပြုကြသည်။

ဤဘောဂဝတီယန္တရားမြို့တော်သစ်သည် ဘိုးဝီရ၏ စိတ် ကူးအကြံအဉာဏ်ဖြစ်ပြီး သူမ၏ ဒုတိယမြောက်ရင်ခုန်သံမြို့တော် သစ်ကြီးပင်ဖြစ်သည်။

ဒီမြို့တော်ကြီးတည်ဆောက်ရေးကို ဘိုးဝီရ၊ သူမနှင့် မောင် တော်ဗညားရှုတို့ ရက်ပေါင်းအတော်ကြာအောင်ပင် ဆွေးနွေးတိုင် ပင်ခဲ့ကြရသည်။

သည့်နောက် စတင်အကောင်အထည်ဖော်ခဲ့ကြ၏။

ကျောက်လိုဏ်ကြီးအတွင်း ကညင်ဆီအလင်းတိုင်များ အောက်ဆီအလင်းတိုင်ခွက်များကြောင့် လင်းချင်းနေလေ၏။

ကျောက်သားလှေကားထစ်တွေအတိုင်း အပေါ်သို့ညင်သာ စွာလှမ်းတက်လာရင်းမှ . . . .

"မောင်တော်"

"ဘာပြောမလို့လဲ နှမတော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်စမ်းသပ်နေတဲ့ ရက္ခဗီဝဆေးတော်ကြီးနဲ့ ဂမုန်းဗီဝတွေစမ်းသပ်နေတာ အောင်မြင်လုနီးပြီးလားမောင်တော်"

သူမအမေးကြောင့် မောင်တော်၏မျက်နှာသည် အနည်းငယ် စိတ်ရှုပ်ထွေးသွားဟန် ပေါ်လွင်သွား၏။

"စိတ်အနှောင့်အယှက်ဖြစ်သွားလို့လား မောင်တော်။ နှမတော်က မောင်တော်ရဲ့အောင်မြင်မှုကို ဂုဏ်ယူချင်လို့ပါ"

"အမှန်ပြောရရင် မအောင်မြင်သေးဘူးနှမတော်၊ ဒီကျွန်းမှာ မောင်တော်လိုချင်တဲ့ ဂမုန်းနွယ်တစ်မျိုးကို ရှာဖွေလို့မရသေးလို့ ဆိုရမှာပေါ့"

ကျောက်ဥမင်လိုဏ်ကြီးသည် ရှည်လျားလှသည်။ ဥမင်လိုဏ်ဆိုသည့်အတိုင်း ကျွန်းကြီး၏ကျောက်ဆောင်ကြီးအတွင်း ဖောက်လုပ်ထားသဖြင့် ကျောက်လှေကားတို့သည် အနိမ့်အမြင့်တစ်မျိုး၊ ဘယ်ညာတစ်မျိုး ရှုပ်ထွေးမွှေလီလှ၏။

ယင်းအပြင် တချို့သောနေရာများတွင် ဘိုးဝီရ၏ညွှန်ကြားမှုအတိုင်း ကျောက်ယန္တရားများ၊ ဝင်ပေါက်ထွက်ပေါက်များကိုလည်း ဆင်လျက်ရှိနေကြ၏။

အချို့သောရဲမက်များကမူ ခန်းမကျယ်ကြီးများ၊ အသေးများအတွင်း၌ ကျောက်မောင်းခလုတ်၊ ယန္တရားခလုတ်များကိုလည်း အားကြိုးမာန်တက် တည်ဆောက်နေကြသည်။

ကျောက်တိုင်ကျောက်ခွက်ကြီးများအတွင်းရှိ ကျောက်ဂမုန်းဆီအလင်းကြောင့် အတွင်းမှာနေ့ခင်းကြောင်တောင်အလား လင်း





ထိန်နေလေသည်။

တစ်နေရာသို့ ရောက်ရှိ၍လာကြ၏။

"နှမတော်"

"မောင်တော် ဘာမိန့်မှာလဲဟင်"

မောင်တော်သည် သူမ၏ လက်သွယ်နုလေးအား ဆုပ်ညစ်ဆိုတ်၏။

"ဘိုးဝီရထံရောက်ရင် မောင်တော်လိုက်လာနိုင်ခြင်းမရှိတာ လျှောက်တင်လိုက်ပါဦး။ မောင်တော် ဆေးဖော်ဆောင်ဆီကို သွားလို့ အဲဒါ"

သူမ၏ မျက်ဝန်းလေးတွေ အရောင်ဖျော့မှိန်သွားသည်ကို မောင်တော်သတိပြုမိမှာ ကောန်မလွဲပါပဲ၊ ရိပ်စားမိမှာ သေချာပါ သည်။

သူမ တွေးထင်ယူဆမိသကဲ့သို့ မောင်တော်သည်.

"မောင်တော့်ကို နားလည်ပါ နှမတော်ရယ် ... မောင်တော် ဒီဆေးစိရင်မှုအပေါ် ဒီလောက်အာရုံထားနေတာ, မအိမ်မနေ အနားယူနိုင်လောက်အောင်ဖြစ်နေမိတာ ဘောဂဝတီယန္တရားမြို့တော်ကြီးအတွက်ပါ၊ မောင်တော်တို့ရဲ့ အိပ်မက်သစ်, အနာဂတ်သစ်တစ်ခုအတွက် .. တတ်နိုင်ရင် မောင်တော်လည်း နှမတော်ရဲ့ထံပါးမှာ ..."

"အို ... မောင်တော်"

မောင်တော် ဗညားရှူ၏ နှုတ်ခမ်းအစုံကို သူမ၏ လက်သွယ်လေးတွေဖြင့် လှမ်း၍ပိတ်လိုက်မိလေသည်။

သူမကြောင့် မောင်တော်၏ စိတ်နှလုံးကို မညှိုးနွမ်းသွားချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်သည် စောစောက ဖွင့်ဟပြောခဲ့သလို ဘောဂဝတီယန္တရား မြို့တော်ကြီးအတွက် သူလေ့လာလိုက်စားနေသော ရုက္ခဗိဇမျိုးစိတ်များဖြင့် လောကီပညာရပ်များထဲတွင် အချိန်တွေ မြှုပ်နှံထားခဲ့သည်မှာ ကြာမြင့်လှပြီ။

သူမဖြင့်အတူ စက်ရာခန်းဆောင်တွင် မနေထိုင်ဘဲ ဆေးယန္တရားဆောင်၌သာ နေထိုင်ခဲ့သည်မှာပင် တစ်လပြည့်လုပေရော့မည်။ ဒီအတွက် မိန်းမသားတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို မောင်တော်နားလည်ပေလိမ့်မည်။

မောင်တော် ဆောင်ရွက်နေသည်မှာလည်း သူမအတွက်ပဲလေ။

အရှင်မသည် ဗညားရှုအားကြည့်လျက် နူးညံ့သိမ်မွေ့စွာ ပြုံးလိုက်မိရင်း ...

"မောင်တော်ရယ် ... မောင်တော်ရဲ့ ရည်ရွယ်ချက်ကို နှမတော် နားလည်ပါတယ်။ မောင်တော်ဖော်စပ်နေတဲ့ ဆေးဝါးကိုသာ အောင်မြင်အောင် ဆောင်ရွက်ပါ"

"ကျေးဇူးတင်ပါတယ် သီရိစန္ဒာ"

"အို"

သူမ၏ ဝင်းမွတ်နုညက်သော ပါးပြင်တစ်ဖက် နွေးခနဲဖြစ်သွားရလေသည်။

"ဘိုးဝီရကိုသာ မောင်တော့်ကိစ္စ ပြီးမြောက်မှသာ ဆုံတွေ့ပါတော့မယ်လို့ နှမတော် လျှောက်ထားနိုင်ပါ။ ကဲ ... မောင်တော်





သွားမယ်"

စကားအဆုံး မောင်တော်သည် ကျောက်လှေကားထစ်တွေပေါ်မှ တစ်ဖက်သို့ ချိုးကွေ့ဝင်ရောက်သွားလေတော့၏။

သူမ မောင်တော်၏ တဖြည်းဖြည်းဝေးကွာသွားသည့် နောက်ကျောကို ငေးမောနေလျက် အနမ်းခြွေရာလေး ထင်ကျန်ခဲ့သော ပါးပြင်လေးကိုသာ လက်သွယ်နုလေးများဖြင့် ကိုင်ကာပြုံးနေမိလျက် ...။

ကျောက်သားဥမင်အဆုံး ကျောက်ဆီမီးတိုင်များ အလင်းအောက်တွင် မောင်တော်၏အရိပ်နှင့် ခြေသံပျောက်ကွယ်သွားတော့မှပဲ သူမ ကျောက်လှေကားထစ်တွေပေါ် လှမ်းတက်လာခဲ့မိပါ၏။

ဤလှေကားထစ်များ ဆုံးသွားလျှင် ဘိုးဝီရ၏ ဓမ္မယန္တရားသို့ရောက်ရှိသွားပေလိမ့်မည်။

ဘိုးဝီရဖြင့်ဆုံတွေ့ပါက အရှင်မသည် ယနေ့ညအဖို့ စက်ရာဆောင်သို့ပြန်ရောက်တော့မည် မဟုတ်ကြောင်း အလိုအလျောက် သိနေလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောယန္တရားမြို့တော်ကြီး

ထုံးစံအတိုင်း ဘိုးဝိရ၏မျက်လုံးအစုံသည် သေးငယ်ကျဉ်းမြောင်းလွန်းလှပါသော်လည်း သိန်းစွန်ငှက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ပင် နက်မှောင်စူးရှနေလေသည်။

အရှင်မ အဆောင်တွင်းသို့ လှမ်းဝင်လာသည်ကို တွေ့ရှိပါသော်လည်း ဘိုးဝိရသည် အသိအမှတ်ပြုအကြည့်ငယ်သာ တစ်ချက်ပြုကာ သူ၏လုပ်လက်စအလုပ်ပေါ်သို့ မနောအာရုံကို ပြန်လည်နှစ်မြှုပ်ထားလိုက်တော့၏။

သူမသည်လည်း ဘိုးဝိရအား တစ်ချက်ကြည့်ပြီး ဘိုးဝိရ၏ မလှမ်းမကမ်းရှိ ကျောက်သားခုတင်ထက်၌ သွားရောက်၍ ထိုင်နေမိလေသည်။

ဘိုးဝိရ၏ သေးမျှင်သော လက်ချောင်းလေးများမှာ သူနားမလည်နိုင်သော သံမဏိထည်ပစ္စည်းလေးများထက်၌ သွက်လက်စွာပင် လှုပ်ရှားပြေးလွှားနေ၏။

ကျောက်ကုလားထိုင်ထက်မှနေ၍ သူမသည် ဘိုးဝိရအား ပြုံးလျက်ကြည့်နေမိလေသည်။





တကယ်ဆိုလျှင် မသိသူတစ်ဦးတစ်ယောက်ဆိုပါက ဘိုးဝိရအား မည်သူကမှ ယန္တရားအတတ်ပညာတွင် ထူးချွန်ထက်မြက်သည့် အတော်ဆုံးပညာရှင်ကြီးတစ်ယောက်ကဲ့သို့ ထင်မြင်မှာမဟုတ်ပါချေ။

ပိတိ ငါးနှစ်သားလူလေးငယ်တစ်ဦးပမာဟု၍သာ ထင်မြင်ပေမည်။

ဘိုးဝိရသည် အမှန်တကယ်ဆို အရှင်မ သီရိစန္ဒာဒေဝီဟူသော သူမ၏ ဖခင်အသက်ရှိစဉ်ကပင် အပါး၌ခစားနေထိုင်ခဲ့သည့် စွယ်စုံရပညာရှင်ကြီးတစ်ဦးပင် ဖြစ်ပေ၏။

ဘိုးဝိရ၏အရည်အချင်းတို့ကို မပြောနှင့် . . . ဘိုးဝိရ၏ အသက် မည်မျှဆိုသည်ကိုပင် ယခုချိန်ထိ အရှင်မ မခန့်မှန်းတတ်ပါချေ။

သူမ၏ဖခင်ကြီး မိလာဘုရင်ကြီး၏ အမှာစကားအရဆိုလျှင် ဘိုးဝိရသည် သူမ၏အဘိုးတော်လက်ထက်ကတည်းက အမှုထမ်းခဲ့သည့် လူယုံပညာရှင်ကြီးတစ်ဦးဖြစ်သည်ဟု ဆိုလေသည်။

သူမလက်ထက်ပါဆိုလျှင် ဘိုးဝိရ မင်းဆက်သုံးဆက်တိတိတိုင် သစ္စာရှိစွယ်စုံရပညာရှင်ကြီးတစ်ဦးသာ။

သူမသည်ပင်လျှင် ဘိုးဝိရ၏လက်ပေါ်တွင် ဆော့ကစားကြီးပြင်းခဲ့ရသော ဘိုးဝိရ၏သမီးဆိုပါကလည်း မှားနိုင်မည်မဟုတ်ပါချေ။

ဘိုးဝိရသည် လောကီပညာရပ်များဖြစ်သော နက္ခတ်ဗေဒင်အင်း အိုင်ခါးလှဲ့လက်ဖွဲ့များသာမက ယန္တရား၊ မန္တယာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သာခေန့်လူတို့ ကြားဖူးနားဝရှိနိုင်ခဲ့သော ပညာရပ်များအားလည်း တစ်ဆော်တာမ်းခပ် တွေ့မ်းကျင်တတ်မြောက်သူပင်ဖြစ်၏။

ဒါကိုလည်း ဘိုးဝီရသည် သူတတ်သိသောပညာရပ်များအား ဆည်းသူ့ကိုမျှ မည်သည့်အခါကမျှ ထုတ်ဖော်ပြောပြသည်မဟုတ်ပါချေ။ အရေးကြုံမှသာလျှင် ထုတ်ဖော်၍ပြသတတ်သူ ဖြစ်ပေ၏။

သို့သော် ဘိုးဝီရ၏ကိုယ်ခန္ဓာဖွဲ့စည်းပုံကမူ မောင်တော်တို့ကဲ့သို့ မဟုတ်ဘဲ ငါးနှစ်ခြောက်နှစ်သားအရွယ်ခန့်ရှိ သေးသွယ်ပုညှက်သော၊ အရပ်သုံးတောင်ခန့်မျှသာရှိသော လူသားတစ်ဦးဖြစ်နေခြင်းဝင်း။

"အရှင်မ"

"ဟင်"

သူမသည် ဘိုးဝီရ၏စိတ်စွမ်းအားများ၊ ထူးဆန်းအံ့ဩဖွယ်ကောင်းရှိရပညာရပ်များအကြောင်း မည်မျှအတွေးလွန်နေသည် မသိ။

ဘိုးဝီရအသံကြားတော့မှပင် ပြန်လည်၍ အသိဝင်လာခဲ့မိရလေသည်။

ဘိုးဝီရ ဆင်ယင်နေသောလုပ်ငန်း ပြီးဆုံးသွားလေပြီ။

'ဝုစ်'

ဘိုးဝီရသည် ငှက်ကလေးတစ်ကောင်ပမာနှယ် အရှင်မဖြင့်မျက်နှာချင်းဆိုင်၌ရှိသည့် ကျောက်ကုလားထိုင်ကြီးပေါ်သို့ ဝုစ်ခနဲရောက်ရှိလာလေသည်။

ဤသို့ ခြောင်ပမာ၊ ငှက်မွေးတစ်ပင်ပမာ ပေါ့ပါးသွက်လက်





ခြင်းသည်ကလည်း ဘိုးဝီရ၏ များပြားလှသော အစွမ်းသိဒ္ဓိထူးများထဲက တစ်ခုပင်ဖြစ်ပေလောက်သည်။

သူမနှင့်ဘိုးဝီရထိုင်နေကြသည့် ကျောက်ကုလားထိုင်ကြီးနှစ်လုံးအကြား ကျောက်စားပွဲကြီးထက်မှာတော့ သစ်သီးဝလံအချို့နှင့်ဖျော်ရည်နှစ်ခွက်ရှိ၏။

ဘိုးဝီရသည် သူ့ရှေ့ရှိဖျော်ရည်ခွက်အား ဆတ်ခနဲလှမ်းယူကာ အငွပ်ငွပ်မော့သောက်လိုက်လေ၏။

ကြီးမားသောဖန်ခွက်ကြီးနှင့် ဘိုးဝီရ၏ ကလေးငယ်မျက်နှာလေးမှာ မလိုက်ဖက်သလို ရယ်ချင်စရာဖြစ်၍နေပေ၏။ အရှင်မအောင့်နိုင်တော့ဘဲ . . .

"အဟာစ် . . ခစ်ခစ်"

'ဒုတ်'

သူမ၏ ခစ်ခနဲရယ်မြူးသံကို ဘိုးဝီရသည် မကျေနပ်သည့်နှယ် သောက်လက်စဖျော်ရည်ဖန်ခွက်အား ကျောက်စားပွဲထက်ဆောင့်အောင့်၍ချလိုက်သည်။

"ဘာရယ်တာလဲ အရှင်မ"

"အဟင်း . . . ဘိုးဝီရဖျော်ရည်သောက်နေတာကို သမီးကသဘောကျလို့ ရယ်မိတာပါ ဘိုးဝီရရဲ့၊ အဟင်း . . . စိတ်ဆိုးတော်မူပါနဲ့ ဘိုးရယ် . . . သမီးက ဘိုးဝီရရဲ့သမီးပဲဥစ္စာ . . ခစ်"

"ဟွန်း . . . ဒါထက် ဟိုအကောင်ရော"

မောင်တော်ပညာရှိအား ရည်ညွှန်းပြောမှန်း သူမ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"သူ ... ဆေးမန္တရားဇီဝဆောင်မှာပါ ဘိုးဝီရ၊ ဒါထက် ... ဘိုးဝီရဆင်ယင်နေတဲ့ ယန္တယားတွေရော အားလုံးအဆင်သင့်ဖြစ်ပြီ လား"

"ဘာလဲ ... အရှင်မက ဘိုးဝီရရဲ့ ယန္တရားအတတ်ကို အထင်သေးတဲ့ဆန္ဒနဲ့ မေးတာလား။ ဒီမှာ ... အရှင်မ နားလည်ပါ ... ဟောဒီ ကြေဝဥဒါကြီးထဲမှာ ဘိုးဝီရဆိုတဲ့ ကျုပ် မတတ်မြောက်တဲ့ လောကီ၊ လောကုတ်၊ ဇဗ္ဗိုရသိပ္ပ ပညာရပ်ဆိုတာ မရှိစေရဘူး အရှင်မ။ အရှင်မ မြင်တွေ့လိုလျှင် နောက်တစ်ပတ်ကျရင်သာ ကြည့်ရှုပါ"

ဘိုးဝီရ၏အသံသည် သံစထိနန်းကြိုးမျှင်လေးကဲ့သို့ သေး ငယ်စူးရှနေသဖြင့် ဘိုးဝီရ သူ၏စကားအပေါ် စိတ်ဆိုးသွားပြီဟု အရှင်မ နားလည်လိုက်လေသည်။

ဘိုးဝီရသည် ရုံဖန် စိတ်တိုတတ်သော အလေ့စရိုက်ရှိပေ၏။

"အို ... ဘိုးဝီရရယ် ... ဘိုးဝီရရဲ့အတတ်ပညာတွေကို သမီးက ပျက်ရယ်ပြုပြီးမေးတာ မဟုတ်ရပါဘူး။ ဟောဒီ ဘောဂဝတီ ယန္တရားမြို့တော်ကြီးအတွက် သမီးတော် မည်မျှစိတ်မောမျှော်လင့်နေ ထယ်ဆိုတာကို ဘိုးဝီရရော၊ မောင်တော်ရော ခုထိသဘောမပေါက်ကြ သေးတာကိုတော့ အရှင်မ ဝမ်းနည်းမဆုံးဖြစ်ရတာပါပဲ၊ တ ... တကယ်ဆိုရင် ..."

သူမမျက်နှာလပြည့်ဝန်းလေးသည် ဖျတ်ခနဲ ညှိုးမှောသွားပြီး အဖျားခတ်တုန်ယင်သွားလေသည်ကို ဘိုးဝီရသည် ရိပ်စားမိသွားလေ



လေသည်။

ချက်ချင်းပင် ...

"ကျွန်ုပ် မဆင်မခြင်ပြောဆိုလိုက်မိတာကို ခွင့်လွှတ်တော် မူပါ အရှင်မ"

ဘိုးဝီရ ... ဘိုးဝီရ ... အို ... ဘိုးဝီရရယ်"

ကျောက်ကုလားထိုင်ပေါ်မှနေ၍ ဘိုးဝီရက အရိုအသေပြုနေ သဖြင့် သူမချက်ချင်းပင် ဘိုးဝီရအား လက်ဖဝါးလေးဖြင့်ကာရမ်းလျက် တားမြစ်လိုက်မိပါ၏။

"အို ... အဲလိုမလုပ်ပါနဲ့ ဘိုးဝီရရယ်၊ အရှင်မသိရိစန္ဒာဒေဝီ ဆိုတာ လွန်ဝေးကျွန်ရစ်ခဲ့ပြီဖြစ်တဲ့ ရာဇဂဏိုင်ငံတော်ကြီးနဲ့ ရဲမက်တွေ အတွက်ရယ်ပါ၊ ဘိုးဝီရအတွက် မဟုတ်ပါဘူး။ ဘိုးဝီရဆိုတာ သိရိ စန္ဒာဒေဝီအရှင်မရဲ့ ဘိုးတော်ဆရာအရှင်တစ်ဦးပါ"

"အရှင်မရယ်"

ဘိုးဝီရသည် သူ၏ရှေ့မှောက်မှာ လောကခံ၏ထုခေါက်း မှုတို့နှင့် ကျဆုံးခြင်း၊ ဆုံးရှုံးခြင်းတို့ကြောင့် မာန်မာနအရိပ်များတင် သော နာကြည်းခံပြင်းခြင်းအရိပ်အယောင်များ ပေါ်လွှင်နေသော သူ၏ မျက်နှာအား ကြည့်ကာ လှိုက်လှဲနှင့်ဆို့စွာ တိုးတိုးလေးရေရွတ်လိုက်မိ လေသည်။

တကယ်တော့ အရှင်မသည် ငယ်ရွယ်နုမျစ်သည်ဆိုသော် လည်း အချိန်ပြည့်နီးပါးမျှလောက် ဤကျွန်းကြီးပေါ်တွင် ဘောဂဝတီ ယန္တရားမြို့တော်ကြီးပြီးမြောက်အောင် ပင်ပန်းဆင်းရဲခဲ့ရသည်။

www.burmeseclassic.com



ဘိုးဝီရတို့ကဲ့သို့ ယောကျ်ားသားများနှင့်အတူ မြို့တော်ကြီး တည်ဆောက်ရေးအတွက် ယန္တယားတပ်ဆင်ခြင်း၊ အဆောင်ဆောင် အခန်းခန်းဖွဲ့စည်းခြင်းအတွက် အချိန်ပြည့် လိုက်လံကြီးကြပ်လေသည်။

"အရှင်မ"

"ပြောပါ ဘိုးဝီရ"

"ဒီနေရာဟာ မည်သည့်နေရာဌာနဆိုတာ အရှင်မ သိတယ် နော်"

ဘိုးဝီရ၏နှုတ်ဖျားမှ ထူးဆန်းသောစကားကြောင့် သူမသည် ဘိုးဝီရအား အံ့အားသင့်သလို စူးစူးစိုက်စိုက်ကြည့်လိုပ်မိသည်။

"ဘိုးဝီရရယ် … ဟောဒီနေရာဟာ ဒီကျွန်းကြီးရဲ့ဗဟိုချက် တည့်တည့်နေရာဖြစ်သလို ဘိုးဝီရ ယခုစီရင်နေတဲ့ ယန္တရား ကျောက် ဘီလူးရုပ်ကြီးရဲ့ ဦးခေါင်းပဲမဟုတ်လား"

ဘိုးဝီရ ခေါင်းတစ်ချက်ညိတ်ပြရင်း …

"ကျွန်ုပ်တို့ အပြင်ခဏလောက်ထွက်ကြည့်ကြရအောင် အရှင်မ၊ ကျွန်ုပ်စီရင်ထားတဲ့ ဆန်းကြယ်မှုတချို့ကိုလည်း အရှင်မ သိအောင် ပြသစေချင်လို့ပါ"

ဘိုးဝီရ၏ခန္ဓာကိုယ်လေးသည် ကြောက်နက်တစ်ကောင် ဝှစ်ခနဲအောက်သို့ရောက်သွားပြီး ရှေ့ကနေလှမ်းထွက်သွားသဖြင့် မသည်လည်း နောက်ကလိုက်ပါသွားမိသည်။

ကျောက်လှေကားနှစ်ထပ်ရှိရာသို့ ဘိုးဝီရထွက်သွား တတိယထစ်မြောက်၌ရပ်ကာ …





"ဒီနေရာဟာ ကျောက်ဘီလူးရုပ်တုကြီးရဲ့ မျက်လုံးနေရာ ပါပဲ ကဲ … အရှင်မ ကြည့်ရှုပါ"

ဘိုးဝီရသည် ကျောက်သားနံရံဘေးရှိ ခလုတ်တစ်ခုအား ဆွဲချလိုက်စဉ် …

'ဝှစ် … ဝှစ်'

"ဟင်"

'ဂျိမ်း'

အရှင်မပင် သူမ၏မျက်စိကို သူမမမြင်နိုင်အောင် အံ့အား သင့်သွားမိသည်။ ကျောက်သားနံရံနှစ်ဖက်မှ မြောက်မြားစွာသော [illegible] လျှပ်ပြက်သည့်နှယ်ပြေးထွက်လာပြီး အခန်းတွင်းရှိရန်သူအား [illegible]ခတ်ကြ၏။

ခဏအတွင်းမှာပင် ကြီးမားလှသည့် သံမဏိတံခါးချပ်ကြီးက [illegible]ခနဲ ပြန်လည်ပိတ်ဆို့သွားလေ၏။

"ဒီအခန်းထဲကကျောက်မျက်ရတနာတွေကို ယူဆောင်မယ့် [illegible] အဲဒီဓားစကြာအောက်မှာ ဖက်ရွက်လေးလို အပိုင်းဖြစ်သွား [illegible]ချာပါတယ်"

'ရှီး … ဂျလီး'

'ချပ်'

ဘိုးဝီရ မည်သို့မည်ပုံ ပြန်ပြုလုပ်လိုက်သည်မသိ၊ အရှင်မ၏ မျက်စိရှေ့မှောက်မှာပင် ခုနကကျောက်သားအတိုင်း ပြန်လည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဘိုးဝီရသည် ကျောက်သားနံရံထက်မှာ ကျောက်စက်မိုးမျှော်တစ်ခုအားဆွဲလိုက်သည့်အခါ သူမတို့၏ရှေ့တွင်ရှိသော ကျောက်ချပ်ကြီးမှာ လူတစ်ကိုယ်ဝင်သာရုံမျှ ပွင့်ဟသွားလေသည်။

"လာ ... အရှင်မ"

ဘိုးဝီရခေါ်ဆောင်ရာ ကျောက်တံခါးချပ်ကြီးကနေ သူမသည် အတန်ကြာလျှောက်သွားလိုက်ပြီး အပြင်သို့လှမ်းထွက်လိုက်၏။

"ဟင် ..."

သူမ ဣန္ဒြေမဆောင်နိုင်စွာ အံ့သြဘနန်း တုန်လှုပ်သွားမိလေသည်။

အဘယ်ကြောင့်ဆိုသော် သူမနှင့်ဘိုးဝီရတို့သည် ကျွန်းကြီး၏အလယ်ကောင်တည့်တည့်ရှိ မွှေးပျံ့သော ဂမုန်းတောကြီး၏နံဘေးသို့ ရောက်ရှိနေကြ၍ပင်ဖြစ်၏။

ပင်လယ်ဝဆီမှ တိုက်ခတ်လာသည့် ညင်သာသောလေပြည်က သူမ၏ပိုးသားဝတ်ရုံအား တဖျပ်ဖျပ်လူးလွန့်နေစေလေသည်။

အဝေးဆီမှ ကျယ်ပြောသောပင်လယ်ပြာကြီးအား လရောင်အောက်တွင် တောက်ပစွာလှမ်းမြင်တွေ့နေရလေသည်။

သူမသည် ကြည်နူးပျော်ရွှင်စွာဖြင့် စိတ်လှုပ်ရှားမှုအား မချုပ်တီးနိုင်တော့ဘဲ ...

"အို ... ဘိုးဝီရရယ် တော်လိုက်တာ၊ သမီး တကယ်အံ့ဩ တယ်သိလား။ ဘိုးဝီရက တကယ်တော်တာပဲ၊ ဒါကို မောင်တော်ရော မြင်တွေ့ပြီးသွားပြီလားဟင်"





"အင်း ... သခင်လေးဗညားရှုကတော့ ဒီည အရှင်မနဲ့သာ ပါရှိမယ်ဆိုရင်တော့ တစ်ခါတည်းမြင်တွေ့သွားရမှာပါ၊ ခုတော့ ပါမလာလို့ အရှင်မတစ်ဦးတည်းကို အရင်ဆုံးပြသတာပါ၊ ဒီနေရာကနေ သခင်လေးရဲ့ ဆေးမန္တယားဆောင်ကိုလည်း မလွယ်လမ်းတွေ့ရှိပါတယ် ... အရှင်မ သွားချင်လို့လား"

"အို ... နေပါစေတော့ ဘိုးဝီရ၊ သူက သူ့ဆေးပင်တွေနဲ့ အလုပ်ရှုပ်နေမှာ၊ တော်ကြာ ... အရှင်မတို့ရောက်သွားလို့ စိတ်တည်ငြိမ်မှုတွေ ပျက်သွားပါဦးမယ်"

"ဒါဆိုလည်း ပြန်ကြတာပေါ့လေ၊ အတွင်းဆောင်တွေထဲ ပြန်ရောက်တဲ့အခါကျမှ ကျွန်ုပ်တို့ဆွေးနွေးတိုင်ပင်ကြတာပေါ့ အရှင်မ"

"ကောင်းပြီလေ ဘိုးဝီရ"

ဘိုးဝီရသည် ကောင်းတစ်ချက်ညိတ်လိုက်ကာ ရှေ့ကနေ လှမ်းထွက်သွားသဖြင့် သူမလည်း နောက်မှလိုက်ပါသွားမိသည်။

"ဒီဂမုန်းတွေက ရှားပါးပြီးသိဒ္ဓိဝင်တဲ့ဂမုန်းတွေပဲ အရှင်မ၊ ထူးခြားဆန်းကြယ်တာက ပင်လယ်ပြင်ကြီးထဲက ဒီလိုကျွန်းကြီးတစ်ခုမှာ ဒီလောက်ရှားပါးတဲ့ဂမုန်းမျိုးတွေ များပြားစွာလာတွေ့ရတာ အံ့ဩသင့်စရာပဲ"

"ပြီးတော့ ကျွန်းရဲ့မြောက်ဘက်မှာပေါက်ရောက်နေတဲ့ ဂမုန်းမျိုးတွေက ဟိုး အနောက်မဇ္ဈိမဒေသတွေမှာ မြင်တွေ့ရလေ့ရှိတဲ့ အာလူရှေ့ငုတ်ပျော်တွေပဲ အရှင်မ၊ သခင်လေးဗညားရှုကတော့ ဟိုတရ အနောမဒေသအိုင်လို့ ညွှန်းရမှာပေါ့လေ အရှင်မ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးဝီရကို မေးရဦးမယ်"

"ဘာများလဲ အရှင်မ"

ဘိုးဝီရသည် သူမ၏နံဘေးမှ လှမ်းပြော၏။ သူမက ...

"ဟို ... မောင်တော်စီရင်နေတဲ့ ရက္ခဇိတကရော အောင်မြင်ခဲ့နိုင်ပြီလားလို့ပါ"

"အောင်မြင်မှာပါ အရှင်မ၊ သခင်လေးဟာလည်း လောကီပေဒနဲ့ နက္ခတ်တာရာတွေကြည့်တဲ့ဘက်မှာ ထူးချွန်တဲ့သူပါ၊ သူက သိပ်မကြာခင် ရွှေပြောင်းလာမယ့် သျှရီနက္ခတ်မိမယ့်အချိန်ကို စောင့်ဆိုင်းနေတဲ့သဘောပါ"

ဘိုးဝီရ ခြေအစုံတန့်လိုက်၍ သူပါ ရပ်တန့်လိုက်မိသည်။

ရွှေဂူဝမုန်းတောကြီး၏အစပ်ရှိ ညောင်ခေါင်းပုံသဏ္ဌာန်ဖြစ်နေသောသစ်ခေါင်းကြီးတွင်းသို့ ဘိုးဝီရ လှစ်ခနဲခုန်ဝင်သွားရင်း ...

"လိုက်ခဲ့ပါ အရှင်မ"

"ဟင် ..."

သူမလည်း ဘာမှစဉ်းစားမနေတော့ဘဲ လူတစ်ကိုယ်စာမကကြီးမားလှသည့်ညောင်ခေါင်းကြီးတွင်းသို့ ဘိုးဝီရနည်းတူ ခုန်ဝင်လိုက်၏။

အံ့ဩဆန်းကြယ်သည်မှာ ဂမုန်းရက္ခတောစပ်ရှိ ကြီးမားလှသည့်ညောင်ပင်ကြီးမှာ အပြင်ဘက်က သာမန်ကြည့်သော် သက်ရှိသစ်ပင်ကြီးတစ်ပင်နှယ်ဖြစ်၍နေပါသော်လည်း အတွင်းသို့ရောက်လျှင် လူတစ်ကိုယ်စာဝင်သာရုံ ကျောက်လှေကားထစ်များအား မြင်တွေ့





လိုက်ရ၏။

သူမသည် အံ့ဩလွန်းစွာဖြင့် ...

"ဟင် ... ဒါကလည်း ဘိုးဝီရရဲ့ ယန္တရားအစီအရင်နဲ့ ဂမ္ဘီရဉာဏ်ရပ်တစ်ခုပဲလားဟင်"

"ဆိုပါတော့လေ ... ဒီလမ်းကနေသွားလျှင် ကွမ်းတစ်ယာညက်ခင်မှာပဲ အရှင်မရဲ့အခန်းဆောင်ထဲကို ပြန်လည်ရောက်ရှိသွားမှာပါ"

'ကျွိ .. အီ'

ပွင့်ဟသွားသည့်ကျောက်လှေကားထစ်များအတိုင်း ဘိုးဝီရနောက်မှ သူမ လိုက်ပါဆင်းခဲ့မိသည်။ သူမနှင့်ဘိုးဝီရ ကျောက်လှေကားသုံးထစ်မျှ ဆင်းသက်သည်နှင့် တံခါးပေါက်မှာ အလိုအလျောက်ပြန်ပိတ်၍သွားလေတော့သည်။

စောစောကညောင်ပင်ကြီးမှာ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေပြီ။

ယခု သူမတို့ရောက်ရှိနေသည်မှာ ကျောက်သားဥမင်လမ်းကျောက်ဆီမီးတိုင်တစ်တိုင်အား ဘိုးဝီရက မီးထွန်းညှိကာ လှမ်းဝင်ခဲ့ကြလေတော့၏။ ဥမင်လိုဏ်လမ်းမတစ်လျှောက်ဝဲယာတွင် ရဲမက်တော်အရုပ်တော်တော်များများအား ထုလုပ်ထားသည်ကို တွေ့မြင်ရ၏ ကျောက်သားရုပ်တုများ ဖြစ်ပေသည်။ သို့သော်လည်း ...

အရှင်မ သိပေမည်။ နှုတ်ခမ်းဖျားမှာလည်း အပြုံးလေးတွေနှင့်သာ ...



www.burmeseclassic.com

www.burmeseclassic.com



ယင်းရဲမက်ပုံစံ ကျောက်သားရုပ်တုတွေသည် ယန္တရား ခလုတ်များဖြင့် ဘိုးဝီရဆင်ယင်စီမံထားသည့် သေမင်းနတ်ဆိုးရုပ်တု များပင်တည်း ….။

* * *

## သစ္စာရေသောက်မွဲ

လပြည့်ဝန်း၏ ပြည့်ရွှန်းသောလရောင်ခြည်သည် ကျွန်းကြီး တစ်ခုလုံးအပေါ်သို့ ဖြန့်ယှက်ထားလေသည်။

ပင်လယ်ပြင်ဆီမှ လှိုင်းလုံးဖြူကြီးတွေကလည်း ကျွန်းကြီး၏ ကမ်းခြေရှိကျောက်ဆောင်တန်းများသို့ တဝုန်းဝုန်းရိုက်ခတ်နေသံအား ကြားနေရလေသည်။

အမှတ်မဲ့အမှုမဲ့ဆိုရပါလျှင် ကျွန်းကြီးတစ်ခုလုံးမှာ သက်ရှိ အရာဆို၍ မည်သူမျှမရှိဟုပင် ထင်မှတ်ရလောက်အောင် ငြိမ်သက် တိတ်ဆိတ်နေလေ၏။ သို့သော် ဤသို့မဟုတ်ရပါ။

ကျွန်းကြီး၏အလယ်ပိုင်းကျသော ကျောက်ဆောင်ကြီးတစ်ခု ၏အဖျားရှိ ကြီးမားလှသော ကျောက်ဘီလူးရုပ်တုရှေ့ မြေပြန့်ထဲ၌ ရာပေါင်းများစွာသောလူများ အသက်ရှင်လျက် ရှိနေကြပါသည်။

တစ်နည်းအားဖြင့် ဘောဂယက္ခယန္တရားမြို့တော်ကြီး၏ [illegible] ဦးတည်းသောအရှင်မဖြစ်သူ သီရိစန္ဒာဒေဝီသခင်မလေး၏ ရဲမက်[illegible] များပင် ဖြစ်ကြပေသည်။ ဤမျှများပြားလှသောရဲမက်များ [illegible] တော်မှုမထွက်ကြသည်မှာ မည်မျှထူးဆန်းအံ့သြဖွယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သနည်း။

အားလုံး တိတ်ဆိတ်ငြိမ်သက်လျက် လမွန်းတည့်ချိန်အား စောင့်မျှော်နေကြခြင်းပင် ဖြစ်လေသည်။ လသည် ပင်လယ်ပြင်ပေါ်မှာ မြင့်တက်နေလေပြီ။

ကြီးမားလွန်းလှသော ကျောက်ဘီလူးရုပ်ကြီး၏ခြေရင်း၌ ငြိမ်သက်နေကြသောရဲမက်များ၏ရှေ့တည့်တည့် ကျောက်ပလ္လင်ခုံကြီး သုံးခုံပေါ်၌ လူသုံးဦးထိုင်လျက်ရှိကြ၏။

အလယ်၌ရှိသော ကျောက်ပလ္လင်ထက်၌ ငြိမ်သက်စွာဖြင့် ထိုင်နေသူမှာ ဘောဂယက္ခယန္တရားမြို့တော်ကြီး၏ အရှင်မ,ဖြစ်သူ သီရိစန္ဒာဒေဝီဝင်ဖြစ်၏။

လေရိုင်းလေကြမ်းတို့သည် သူမ ဝတ်ဆင်ထားသော ပိုးသားအစိမ်းရောင်ဝတ်ရုံလွှာကြီးအား တဖျပ်ဖျပ် တိုးဝှေ့လှုပ်ရှားလျက် ရှိလေ၏။

သို့ပါသော်လည်း သူမ၏အသွင်မှာ တည်ငြိမ်၍နေပေသည်။

အရှင်မသီရိစန္ဒာဒေဝီ၏ လက်ယာတော်ကျောက်ပလ္လင်ပေါ်ဝယ် ဗညားရှုသခင်လေးထိုင်နေသကဲ့သို့ လက်ဝဲဘက်ကျောက်ပလ္လင်ခုံထက်ဝယ်ထိုင်နေသူက ဘိုးဝီရပင်ဖြစ်လေ၏။

ဘောဂယက္ခယန္တရားရွှေမြို့တော်ကြီးအား အစီအမံများဖြင့် တည်ဆောက်သူ ယန္တရားကဝိပညာရှင်ကြီး ဘိုးဝီရပင်တည်း။

ဘိုးဝီရ၏ရှေ့တည့်တည့် ကျောက်ခုံထက်မှာတော့ ကြီးမားလှသော ရွှေရောင်ဖလားခွက်ကြီးတစ်ခု တည်ရှိလေသည်။





ဘိုးဝီရသည် ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်ပြီး နံဘေးရှိအရှင်မဘက်သို့လှည့်၍ ဦးခေါင်းမသိမသာညိတ်ပြလိုက်လေ၏။

တန်ဆောင်မုန်းလပြည့်ည ...။

နက္ခတ်တာရာများ ကောင်းကင်ကြီးတစ်ခုလုံးမှာ ပြည့်စုံစွာ ထွန်းလင်းတောက်ပလျက် လမွန်းတည့်ခဲ့ပေပြီ။

အရှင်မသည် ကျောက်ပလ္လင်ထက်မှနေ၍ လက်တစ်ဖက်အား ဆန့်မြှောက်ပြလိုက်လေတော့သည်။

"ဝေ ... ဝေး"

"ဝေ ... ဝေး"

အရှင်မ လက်ဝှေ့ယမ်းအချက်ပြလိုက်သည်နှင့် ရာပေါင်းများစွာသောရဲမက်များသည် ပျော်ရွှင်ဝမ်းမြောက်လျက် အော်ဟစ်ကြွေးကြော်လိုက်သည်မှာ ကျွန်းကြီးပင် တုန်လှုပ်သွားလေသည်။

တစ်ပြိုင်နက်တည်း ထွန်းညှိလိုက်သောအမွှေးနံ့သာတို့၏ ရနံ့မှာလည်း ကျွန်းကြီး၏အပေါ်သို့ လွှမ်းခြုံသင်းပျံ့သွားလေတော့၏။

'တုံ .. တုံ'

'တုံ .. တုံ .. တုံ'

ကျက်ထားသည့် သားရေကြက်ဗုံများ၊ ဝါးဖြင့်ပြုလုပ်ထားသည့်ဗုံများကိုတီးခတ်သံမှာလည်း ဘဝဂ်ညံမှာ ဆူညံနေလေတော့သည်။ သခင်မသီရိစန္ဒာဒေဝီတင်မက ... ရဲမက်များ [illegible] သည်း ကျောက်ဆီမီးတိုင်များအလင်းအောက်၊ [illegible]

www.burmeseclassic.com



အောက်မှာ ဝင်းပကြည်လင်နေကြလေသည်။

ဘောဂယက္ခယန္တရားမြို့တော်ကြီး၏ တည်ဆောက်မှု အောင်ပွဲတည်း၊ အတန်ကြာမှ ရဲမက်များ၏ ဟစ်ကြွေးပျော်ရွှင်သံများ၊ ဟီးမှုတ်သံများနေကြစဉ် ...

'တူ .. တူ ..'

ဖြုန်းခနဲဆိုသလို ခုန ဆူညံကြွေးကြော်တီးမှုတ်ပျော်ရွှင်နေသံများသည် မီးအား ရေဖြင့်ဖျန်းပက်လိုက်သည့်နှယ် တိခနဲ ရပ်တန့်သွားကြ၏။

အရှင်မသည် ကျောက်ပလ္လင်ကြီးထက်မှ ရာပေါင်းများစွာသော ရဲမက်ကျွန်ယုံတို့အား လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်သည်။

"ကျွန်ုပ်တို့ရဲ့ ဘောဂယက္ခမြို့တော်ကြီးရဲ့ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း နေ့တစ်ညတဲ့ဖြစ်တယ်၊ ကျွန်ုပ်အပါအဝင် အားလုံးသောသူတွေဟာ ယန္တရားမြို့တော်ကြီးအား အောင်မြင်စွာတည်ဆောက်၍ ပြီးစီးသွားခဲ့ပြီဖြစ်တယ်၊ ဒါကြောင့် ခုချိန်ကစပြီး ကျွန်ုပ်တို့ဟာ ဒီယန္တရားမြို့တော်ကြီးမှာ သားစဉ်မြေးဆက်နေထိုင်သွားကြဖို့ သစ္စာခံယူပွဲကျင်းပရပါမယ်"

အရှင်မသီရိစန္ဒာဒေဝီ၏အသံသည် ရဲမက်ကျွန်ယုံများနှင့် ကျွန်းတစ်ခုလုံးအပေါ်၌ ပြတ်သားကြည်လင်စွာထွက်ပေါ်နေလေသည်။

"ဒီကျောက်ယက္ခရုပ်ကြီးဟာ ကျွန်ုပ်တို့ယန္တရားမြို့တော်ကြီးရဲ့ အလေးအမြတ်ထားရာ အဓိကရုပ်တုကြီးပဲဖြစ်ပါတယ်၊ ဒီကျောက်ဘီဘူးရုပ်တုကြီးကို ဘိုးဝိရဟာ သူတတ်ကျွမ်းတဲ့ ယန္တရား





ပညာအတတ်၊ စက်ပညာအတတ်တွေနဲ့ စီရင်ထားခဲ့တာဖြစ်တယ်၊ ကျွန်ုပ်တို့၏ ဘောဂယက္ခယန္တရားမြို့တော်ကြီးတည်ရှိနေသမျှ ဒီရုပ်တုကြီးကလည်း တည်ရှိနေမှာဖြစ်သလို ဒီရုပ်တုကြီးပျက်စီးပြိုလဲတဲ့နေ့ဟာ ဟောဒီကမ္ဘာမြေပေါ်ကနေ ကျွန်ုပ်တို့ရဲ့ယန္တရားမြို့တော်ကြီး ပြိုကွဲပျက်စီးပျောက်ကွယ်သွားတဲ့နေ့လည်း ဖြစ်လိမ့်မယ်ဆိုတာ သဘောပေါက်ထားကြပါ၊ ကဲ ... ကျွန်ုပ်တို့နဲ့အတူ သစ္စာရေသောက်သုံးကြပါစို့"

"ဟေး ... ဟေး"

"အရှင်မ သက်တော်ရာကျော်ရှည်ပါစေ"

"ယန္တရားမြို့တော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ပါစေ"

ဟစ်အော်ကြွေးကြော်သံများ၊ ဆုတောင်းသံများမှာ ဆူညံထွန့်ခါနေလျက် ...။

ယင်းနောက် အရှင်မသီရိစန္ဒာဒေဝီအပါအဝင် လက်ရွေးစင်များ သွားဖောက်၍ သစ္စာရေသောက်ပွဲ ဆင်ယင်ကျင်းပကြလေသည်။

တိမ်ပြာရောင်ကောင်းကင်ကြီးမှာ နက္ခတ်ကြယ်တာရာများသည် ပို၍ထွန်းလင်းတောက်ပြောင်လာကြလျက် ...။

လပြည့်ဝန်းကြီးသည်လည်း လင်းသထက် လင်းထိန်လျက် ...။

ယန္တရားမြို့တော်ကြီး၏ သစ္စာခံရဲမက်များ [illegible] သွေးသောက်ပြီးသောအခါ ကျောက်ဘီလူးရုပ်တုကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လူသူများ တစ်စစ ရှဲ၍ ရှင်းလင်းသွားကြလေပြီ။

ဘိုးဝီရဝင်လျှင် တော့ာက်ဥမင်လိုဏ်တွင်းသို့ ပြန်သွားလေပြီ ဖြစ်သည်။

လပြည့်ဝန်းကြီးပင်လျှင် အရိုဏ်တက်ပေတော့မည်။

ဗညားရွှသည် စိတ်ခန္ဓာရော၊ ရုပ်ခန္ဓာပါ မောပန်းနွမ်းနယ် နိုင်လေးများပေါ်လှဲနေသည့် အရှင်မသီရိစန္ဒာဒေဝီအား ချစ်မြတ်နိုးစွာ ကြည့်လိုက်မိရင်း ...

"အရမ်းပင်ပန်းသွားပြီလား ဒေဝီ"

"မောင်တော်ရယ် ပင်ပန်းတာထက် အနှစ်နှစ်အလလ အိပ်မက်မက်နေခဲ့ရတဲ့ ဒီမြို့တော်ကြီး အောင်မြင်ပြီးမြောက်သွားလို့ ဒေဝီ နှလုံးသည်းပွတ်မှာ ကြည်နူးပျော်ရွှင်နေတာက ပိုမှန်ပါလိမ့်မယ် မောင်တော်"

အရှင်မငယ်မျက်ဝန်းလေးအစုံသည် ကြယ်စတွေအလား ရွှန်းပြက်လက်ပနေလျက် ...

"ကမ်းခြေဘက်တို့ လမ်းလျှောက်ကြရအောင်ဒေဝီ"

"ကောင်းသားပဲမောင်တော်"

နှစ်ဦးသား ကျွန်းငယ်ရှိ ကျောက်ဘီလူးရုပ်တုကြီးအပေါက်ဝနေ ကမ်းခြေဖက်ကျောက်ဆောင်တွေရှိရာသို့ လှမ်းလျှောက်လာခဲ့လေသည်။

ကျွန်းလုံးအနှံ့ မွှေးကြိုင်နေသော ဂမုန်းပန်း၊ ဂမုန်းပွင့်များနှင့် သိဒ္ဓိဝင်ဆေးပင်များ တောပန်းတောင်ပန်းများ၏ရနံ့သည် အရှင်မ





တို့လျှောက်လှမ်းရာလမ်းတစ်လျှောက် မွှေးထုံပျံ့သင်းနေလေသည်။

မကြာမီ ပင်လယ်လေများ ဟူးဟူးရားရားတိုက်ခတ်နေကြသော ကမ်းခြေကျောက်ဆောင်များရှိရာသို့ ရောက်ရှိလာကြ၏။ မောင်တော်ဗညားရွှပြောသကဲ့သို့ပင် အရုဏ်ကျင်းလင်းစပြုတော့မည့်အချိန် ဖြတ်သန်းတိုက်ခတ်လာသည့် ပင်လယ်လေအေးကြောင့် အရှင်မသီရိစန္ဒာဒေဝီ၏ စိတ်အာရုံနွမ်းတို့က လန်းဆတ်ပေါ့ပါးသွားရလေတော့သည်။

ကြမ်းတမ်းစွာ အဆီးအတားမဲ့တိုက်ခတ်နေသော ပင်လယ်လေက နက်မှောင်ရှည်လျားသော သူမ၏ဆံနွယ်များဖြင့် ဝတ်ရုံလွှာအနားစတို့အား တဖျပ်ဖျပ်တိုးဝှေ့နေကြ၏။

"မောင်တော်"

"ဘာလဲ ဒေဝီ"

"ကြည့်စမ်းပါဦး မောင်တော်ရယ် ... ဟိုကောင်းကင်ပေါ်မှာ စုံညီစွာထွန်းလင်းနေတဲ့ နက္ခတ်ကြယ်တာရာတွေဝိုင်းရံထားတဲ့ လပြည့်ဝန်းကြီးရယ်, အဆုံးအစမရှိ ကျယ်ပြောပြီး ငွေရောင်လရောင်တွေ တဖျပ်ဖျပ်လင်းနေတဲ့ ပင်လယ်ပြင်ကြီးရယ်ကို ခုချိန်မှာကြည့်ရတာ ဘယ်လောက်ကြည်နူးသာယာဖို့ကောင်းသလဲနော်"

"နှမတော်ပြောတာ မပြည့်စုံသေးဘူး"

"ဟင် ... ဘာကိုလဲ မောင်တော်"

သူမသည် ဗညားရွှအားကြည့်လိုက်ကာ အံ့ဩ[illegible]သလိုလေး မေးလိုက်မိ၏။

www.burmeseclassic.com



"နှမတော်ပြောပြသွားတာတွေက သက်မဲ့သဘာဝ ရုပ်တရားကြီးရဲ့အလှပဲ ရှိသေးတယ်လေ၊ သက်ရှိဖြစ်တဲ့ မောင်တော်ရယ်၊ နောက် လှပနူးညံ့တဲ့ ချစ်ခြင်းတရားရယ် မပါသေးဘူးလေ၊ ဒါကြောင့် မပြည့်စုံသေးဘူးလို့ မောင်တော်က ဆိုလိုက်တာပါ"

"အို ... မောင်တော်ရယ်"

သူမသည် ရှက်ရွံ့သောအပြုံးပွင့်လေးတစ်ခုအား မရဲတရဲ ဖွေလေးပွင့်စေကာ ရှက်စနိုးလေး ဗညားရှု၏ရင်ခွင်ကြီးထဲသို့ တိုးနှဲ့ဝင်လိုက်မိလေသည်။

မောင်တော့်ရင်ခုန်သံအား သူမ ခိုးဝှက်နားထောင်နေမိရင်းဟစ်ကိုယ်တည်း ကျိတ်ပြုံးရှက်မိလေ၏။ မောင်တော့်ကိုယ်ငွေ့လေးသည် နွေးထွေးလွှမ်းလှပါသည်။

ပြီးတော့ သူမသည် မောင်တော်အား နှလုံးသည်းပွတ်တွင်းမှ ယိုဖိတ်စီးဆင်းလာသည့်ချစ်ခြင်းများဖြင့် ချစ်မြတ်နိုးရပါသည်။

သို့သော်လည်း သူမ၏စိတ်ကူးအိပ်မက်ဖြစ်သော အနာဂတ်မျှော်လင့်ချက်ဖြစ်သော ယန္တရားမြို့တော်ကြီးတည်ဆောက်နေစဉ်ကာလအတွင်း သူမသည်ပင်လျှင် မောင်တော်၏ရင်ခွင်အား မေ့လျော့နေလေသည်။

ကမ်းခြေကျောက်ဥမင်လိုဏ်ကြီးထဲတွင် ဘိုးဝီရ၏ မှော်ယန္တရားအတတ်ပညာများဖြင့် လျှို့ဝှက်တည်ဆောက်ထားသည့် မြို့တော်ကြီး၌ရော၊ ကျွန်းအလယ်ရှိ ကျောက်ဘီလူးရုပ်တုကြီးတွင်ရော ဘိုးဝီရ၊ မောင်တော်နှင့် သူမတို့သုံးဦးသာလျှင်သိရှိထားသော လျှို့





မှတ်ချက်ပေါင်းများစွာကိုတော့ မည်သူမျှ သိပ်မသိရှိကြပါချေ။

မည်သို့ဆိုစေ ယခုအခါ သူမ၏အိပ်မက်က အကောင်အထည်ပေါ်လာပေပြီ။ ဒါကပင် သူမ၏ အောင်မြင်ခြင်းမဟုတ်ပါသလော။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

## ယန္တရားမြို့တော်ကြီးရဲ့ကံကြမ္မာ

ဘိုးဝီရ၏မျက်နှာပြင်၌ မျက်ဝန်းအစုံက ထုံးစံအတိုင်းပင် ရွှန်းရွှန်း တောက်ပနေလေသည်။ မောင်တော်ဗညားရှုနှင့် သူမကမူ ဘိုးဝီရ၏ ရှေ့မှောက်၌ စားသုံးရင်း ငြိမ်သက်နေကြ၏။ ဘိုးဝီရ၏ပုံသဏ္ဌာန် သည် တစ်စုံတစ်ခုအား အလေးအနက်စဉ်းစားနေဟန် . . .။

ကျောက်စားပွဲကြီးထက်၌ရှိနေသော စားသောက်ဖွယ် သစ် သီးဝလံများမှာ တစ်လုံးတစ်ခုမျှပင် အရောမယွင်းသေးပါချေ။ ဘိုးဝီရ မောင်တော်နှင့် သူမတို့သည် ဤနေရာသို့စတင်၍ရောက်ရှိစဉ်ကတည်း က မည်သည့်အသားငါးကိုမျှမစားသောက်ဘဲ သစ်သီးဝလံများကို သာ စားသုံးခဲ့ကြသည်မှာ ယခုချိန်ထိပင် . . .။

ယန္တရားမြို့တော်ကြီး တည်ဆောက်ပြီးစီးချိန်ကစ၍ ဘိုးဝီရ သည် အချိန်ပြည့်နီးပါးမျှ ဤဓမ္မဆောင်ထဲတွင်၌သာ တရားဓမ္မများ ကျင့်ကြံနေသည်က များလေသည်။

သောကယန္တမြို့တော်ကြီးဖြင့်ပတ်သက်သမျှ အရှင်မ၏ အုပ် ချုပ်မှုအောက်၌ပင် တည်ရှိစေလေ၏။

လိုအပ်လာခဲ့လျှင်မူ ဘိုးဝီရထံမှအကြံဉာဏ်များကို တောင်း





ခံလေ့ရှိ၏။

ယခုလည်း ဘိုးဝီရ၏ရှေ့မှောက်၌ ငြိမ်သက်စွာထိုင်နေကြ လျက် ဘိုးဝီရ၏နှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားကို ငံ့လင့်စောင့် ဆိုင်းနေကြခြင်းဖြစ်သည်။

ထိုစဉ် ဘိုးဝီရ၏အကြည့်စူးစူးသည် အရှင်မဆီသို့ စူးစိုက် ရောက်ရှိလာလေသည်။

"အရှင်မ ဒီအချင်းအရာကို သေချာစွာစဉ်းစားပြီးပြီလား"

"မှန်ပါတယ် ဘိုးဝီရ . . . အကြိမ်ကြိမ်စဉ်းစားပြီးပါပြီ"

"အရှင်မ စဉ်းစားပြီးပြီဆိုရင်တော့ ကျွန်ုပ်က ဘာမျှတော့ ထပ်မံမပြောလိုပါဘူး။ ဒါပေမဲ့ ကျွန်ုပ်သတိပေးချင်ပါတယ် အရှင်မ"

ဘိုးဝီရထံမှ ဤသို့သောစကားကို ပြောဆိုလာလိမ့်မည်ဟု ကြိုတင်တွေးဆထားသည့်အတိုင်း သူမသည် သက်ပြင်းရှိုက်လိုက် မိပါ၏။

မောင်တော်ဗညားရှုသည်လည်း ဤသို့ ဘိုးဝီရဖြင့်ထပ်တူ ညီသောစကားမျိုးကို အကြိမ်ကြိမ်ဆိုခဲ့၏။

"ဘိုးဝီရသတိပေးတာကို ဒေဝီနားလည်ပါတယ်၊ ဒါပေမဲ့ သူတို့အနေနဲ့လည်း ဒီယန္တရားမြို့ကြီးနဲ့ကျွန်းပေါ်မှာပဲ လှည့်လည်နေ ထိုင်ကြရတော့ ပင်လယ်ပြင်ထွက်ချင်ကြမှာပဲလေ၊ ဒါကြောင့် ကျွန်းသူ ကျွန်းသားတွေကိုငဲ့ညှာပြီး ဒေဝီခုလိုဆုံးဖြတ်ရတာပါ"

"ပင်လယ်ပြင်ဆိုတာ အန္တရာယ်များတယ်၊ အထူးသဖြင့် ပင်လယ်ပြင်ပေါ်က မထင်မှတ်တဲ့အန္တရာယ်ဆိုးတွေကို မြို့တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ် မကျရောက်စေချင်ပါဘူး အရှင်မ၊ ကျွန်းပေါ်မှာလည်း သူတို့အတွက် ရိက္ခာဖူလုံနေတာလေ၊ ဒါဟာ မြို့တော်ကြီးကို စွန့်ခွာဖို့အကြောင်းပြချက်တစ်ခု ဖြစ်နိုင်တာပဲလေ”

“ကျွန်ုပ်လည်း ဒါကိုထောက်ပြပါတယ် ဘိုးဝီရ”

မောင်တော်ဗညားရွှကပါ သူမ၏လိုလားသောဆန္ဒအားဆန့်ကျင်နေလေပြီ။ အရှင်မသည် နှုတ်ခမ်းလေးလွင့်ရုံမျှ ပြုံးလိုက်တာ ...

“အင်းလေ ဘိုးဝီရရော၊ မောင်တော်ရော ဒီမျှအတင်းအကြပ်ပြောနေမှတော့ သူတို့ကိုပင်လယ်ပြင်ထွက်ဖို့အခွင့်ကို ဒေဝီခွင့်မပြုတော့ပါဘူး”

“ကျွန်ုပ်တို့ပြောပြနေတာက မြို့တော်ကြီးရဲ့ နောင်တစ်ချိန်မှာဖြစ်ပေါ်လာမယ့်အရေးကို တင်ကြိုကာကွယ်နေကြတာပါ အရှင်မ၊ ဒီထက် ပင်လယ်ပြင်ကို ငါးဖမ်းဖို့ထွက်တဲ့ ရဲမက်ကျွန်းသားက ဘယ်နှစ်ယောက်လဲ အရှင်မ”

“တမြန်နေ့က သုံးကျိပ်၊ မနေ့က တစ်ကျိပ်ပါဘိုးဝီရ။ နောင်ဆို ဒီထက်မက ဒေဝီမသိအောင် ပင်လယ်ပြင်ကိုနိုးထွက်နေကြမှာပဲ၊ ဒါကြောင့် ဒေဝီက တရားဝင်ပင်လယ်မှာ သားငါးရှာဖွေစားသောက်ခွင့် ပြုချင်တာပါ၊ ကြာရင် ကျွန်းပေါ်မှာ ရိက္ခာပြဿနာတွေ ကြုံလာရလည်းစိုးရိမ်တာ ပါတာပေါ့၊ ပြီးတော့ ရဲမက်တွေဆိုတာ အသီးအနှံထက် အသားစိမ်းငါးစိမ်းကို ပိုမက်မောလေ့ရှိကြတော့ ...”

အရှင်မ၏စကားက ဘိုးဝီရအား အတန်ကြာငြိမ်သက်သွား





စေသည်။ ပြီးတော့မှ ဘိုးဝီရထံကနေ တိုးညင်းသောအသံ ထွက်ပေါ်လာ၏။

“အင်းလေ ... သခင်မ သူတို့ကိုရိက္ခာအလို့ငှာ ပင်လယ်ပြင်ကိုထွက်စေလည်း ထွက်ကြပါစေပေါ့၊ ဒါပေမဲ့ ရက်သတ္တပတ်နဲ့ပဲထွက်နိုင်းပါ အရှင်မ၊ ပင်လယ်ပြင်ဆိုတာ အခြားသောပင်လယ်ငါးဖမ်းလှေတွေ၊ ကုန်သည်လှေတွေနဲ့ ကြုံဆုံနိုင်တယ်ဆိုတာ မမေ့သင့်ပါဘူး”

“အို ... သူတို့က ဒေဝီနဲ့ ယန္တရားမြို့တော်ကြီးရဲ့ သစ္စာကိုနှုတ်ဆိုထားကြသူတွေပဲ ဘိုးဝီရ၊ ဒီသစ္စာကိုတော့ သူတို့ချိုးဖောက်ရဲမှာမဟုတ်ပါဘူး”

“အင်းလေ ... စောင့်ကြည့်ရဦးမှာပေါ့”

ဘိုးဝီရသည် ဤမျှသာပြောဆိုလေသည်။ ထပ်မံစကား မဆိုတော့ပေ။

သို့ပါသော်လည်း သိန်းစွန်ငှက်တစ်ကောင်ပမာ ကျဉ်းမြောင်းသော ဘိုးဝီရ၏မျက်ဝန်းတွေက ပို၍စူးရှလင်းလက်နေသယောင်သျှို့ဝှက်နက်ရှိုင်းနေသယောင် ...

ပို၍ပင် အရောင်အဝါတွေ တောက်ပနေသယောင် ထင်မြင်နေမိလေသည်။ အတန်ကြာမှ သူမနှင့်မောင်တော်သည် ဘိုးဝီရထံမှပြန်လာခဲ့ကြလေတော့၏။ မောင်တော်ဗညားရွှသည်လည်း တစ်လမ်းလုံး တစ်စုံတစ်ရာအားစဉ်းစားကာ ငြိမ်သက်တိတ်ဆိတ်လျက် လိုက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ကစ၍ ကျွန်းသူကျွန်းသား ရဲမက်များအား အသစ်ထပ်မံခုတ်ထွင်ထားသည့်လှေများဖြင့် ရိက္ခာစုံအတွက် ပင်လယ်ပြင်ထွက်ခွင့်ပေးလိုက်ပေတော့မည်ဟူ၍ သူမကြိုတ်၍ဆုံးဖြတ်ချက် ချမှတ်လိုက်မိလေ၏။

ဤဆုံးဖြတ်ချက်သည် မမှားယွင်းနိုင်ဟု သူမ တစ်ထစ်ချယုံကြည်လေ၏။

* * *

## ပင်လယ်ပြင်အောက် နှစ်မြုပ်ခြင်း

ဓားရောင်တွေက ဖွေးဖွေးလက်နေကြ၏။

ဒိုင်းလွှားများနှင့် ကိုယ်ဝတ်တန်ဆာတို့၏အရောင်ကလည်း လရောင်အောက်၌ ဖွေးလက်တောက်ပနေကြသည်။

မာန်သွင်းကြုံးဝါးသံများ၊ နာကျင်စွာညည်းညူသံများက မြည်ဟည်းရိုက်ခတ်နေသော သံလက်နက်ချင်းထိခတ်သံများ ကြားထဲ၌ ဆူညံကမ္ဘာပျက်စွာ ထွက်ပေါ်နေလျက် ...

ပြီးတော့ .. သွေးသံရဲရဲလဲပြိုသေဆုံးနေကြသော အလောင်းများ ...

"ဟင်"

ရုတ်တရက် သွေးပျက်ဖွယ်ရာအိပ်မက်ဆိုးကြောင့် အရှင်မသည် ကျောက်သားခုတင်ထက်ကနေ ဆတ်ခနဲ ထထိုင်မိလိုက်သည်။

အခန်းထဲဝယ် ဆီမီးတိုင်တို့က ငြိမ်းလုလု ...။

သူမ၏နဖူးပြင်သည် မဖြစ်စဖူးချွေးဥချွေးသီးများဆို[illegible]ဝိတ်သည် အတန်ငယ်လှုပ်ရှားနေလျက်ရှိပေ၏။

အိပ်မက်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့သော အိပ်မက်ဆိုးပါလိမ့်။

ဤမျှဆိုးရွားလှသော၊ အနိဋ္ဌာရုံဆန်လွန်းသော သွေးသံရဲရဲ အိပ်မက်ဆိုးကြီးများ သူမ မည်သည့်အတွက်ကြောင့် ချောက်ချားဖွယ်ရာမြင်မက်ရပါလိမ့်။

သူမ၏နံဘေးမှာ. မောင်တော်ဗညားရှု ရှိမနေပါ။

လွန်ခဲ့သောသုံးရက်ခန့်ကပင် မောင်တော်သည် သူ၏လောကီဂန္ဓာရီခရီးစဉ်အတွက် လိုအပ်သော သံသေဓာတ်လုံးတစ်ခု စီရင်နေသည့်အတွက် ကျွန်းပေါ်ရှိ ဂမုန်းတောအလယ်တွင် တည်ဆောက်ထားသည့် ကျောက်ဂူဖိုရုံထဲတွင် တစ်ဦးတည်းသွားရောက်နေထိုင်နေသည်။

သူမသည် သွက်လက်လျင်မြန်စွာပင် ခန်းဆောင်တွင်းမှ ထွက်၍ ကျောက်သားလှေကားထစ်တွေအတိုင်း အဆောင်ဆောင်ကို အပြေးတစ်ပိုင်း ဖြတ်သန်းလာခဲ့၏။ တချို့သော ကျောက်ဆီမီးခွက်များမှာ ငြိမ်းသေလျက်။

အချို့မှာမူ ငြိမ်းသေလုလု . . .

ကျောက်ဆီမီးခွက်တို့ပင် ငြိမ်းသေလုပြီဆိုလျှင်တော့ အချိန်သည်အရုဏ်ဦးကာလ မိုးသောက်စသို့ကူးပြောင်းနေလောက်ပေပြီ။ ဒါ . . . ဒါဆိုရင် မိုးသောက်စ အရုဏ်ဦးအချိန်ကာလ၌ မက်သောအိပ်မက်ဟူသည် ပုဗ္ဗနိမိတ်ဟုခေါ်ဆိုပြီး မကြာမီဖြစ်ပေါ်လာသည့်အိပ်မက်ကို တင်ကြိုပြသခြင်းဖြစ်ကြောင်း အိပ်မက်ပေမူကျမ်းတွေညွှန်ပြသထားလေ၏။





ဒါ . . . ဒါဆိုလျှင် ဤမျှ ဆိုးရွားလှသော အိပ်မက်အနိဋ္ဌာရုံသည် . . .

သူမ၏ ခြေအစုံသည် ဘိုးဝီရနေထိုင်ရာ အဆောင်ခန်းရှေ့သို့ ရောက်ရှိလာခဲ့၏။

ရုတ်တရက် . . .

သူမ၏ခြေအစုံသည် တုံ့ရပ်သွားမိရသည်။ ယခုလို အရုဏ်ဦးစအချိန်သည် ဘိုးဝီရတစ်ယောက် တရားဓမ္မများရွတ်ဆိုနေသောအချိန်ဖြစ်မှန်း အရှင်မ သိနေပေသည်။ နားလည်နေသည်။

သို့သော် . . . သူမ သိလိုသော အိပ်မက်၏အဖြေအား ဘိုးဝီရတစ်ဦးမှလွဲ၍ မည်သူကမျှ တိကျစွာဟောညွှန်မပြနိုင် . . .

သူမသည် ချီတုံချတုံလှုပ်ရှားမငြိမ်သက်သော မနောအာရုံဖြင့် ဘိုးဝီရထံသို့ ဝင်ရောက်တွေ့ဆုံသင့်၊ မတွေ့ဆုံသင့် တွေဝေနေမိသည် . . .

"အရှင်မ ဝင်လာခဲ့လိုက ဝင်လာခဲ့ပါလေ . . ."

"ဟင် . . ."

မည်သည့်အရပ်ကနေ လွင့်ပါးလာသည်မှန်း မသိရသည့် အသံတစ်သံသည် တိုးညင်းစွာ သူမ၏နားအတွင်းသို့ တိုးဝင်လာခဲ့၏။

အရှင်မ၏ ရင်အစုံသည် ပိုပြီးလှုပ်ရှားသွားမိသည်။

ယင်းအသံရှင်သည် ဘိုးဝီရ၏အသံမှန်း အရှင်မ သိနေ၍ ဖြစ်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



သူမ ချက်ချင်းဘိုးဝိရ၏ အခေါင်ခန်းတွင်းသို့ လှမ်းဝင်လိုက်လေသည်။

"ဟင်"

အရှင်မ သိရိစန္ဒာဒေဝီသည် အရမ်းအံ့သြသွားပြီး ဘိုးဝိရ၏ အဆောင်ခန်းဝမှာပင် ခြေအစုံတို့ ရပ်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် ဘိုးဝိရ တစ်ဦးတည်းသာ အမြဲတစေ တရားမှတ်များကျင့်ကြံအားထုတ်သည့် ဓမ္မရာဇအခန်းဆောင်ထဲ၌ ဘိုးဝိရအပြင်မောင်တော် ဗညားရှုနှင့် သူမ တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံခဲ့ဖူးသည်။ ဆံနွယ်ရှိင်းကြီးများ ရှည်လျားဖြူဆွတ်နေသည့် ငွေရောင်မုတ်ဆိတ်ဖြူကြီးများ ကိုယ်စီဝါရှိကြသော ရသေ့ကြီးနှစ်ပါးကိုပါ မြင်တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်၏။

မျက်လွှာများမေ့စင်းလျက် ဓမ္မရာဇအဆောင်တွင်းရှိ ရုပ်ပွားတော်ရှေ့တွင် တည်ငြိမ်အေးချမ်းစွာ ထိုင်နေကြပါသော်လည်း မြင်ရုံမျှနှင့်ပင် ထူးခြားသည့် သူတော်စင်ကြီးတွေမှန်း အရှင်မ နားလည်သဘောပေါက်လိုက်၏။

မောင်တော်၏ မျက်ဝန်းအစုံကလည်း လေးနက်အေးချမ်းသည့်အရိပ်အယောင်များ လွှမ်းခြုံလျက်ရှိသည်ဟု သူမ ထင်မြင်နေမိ၏။

ဘိုးဝိရ၏ ကျဉ်းမြောင်းသော မျက်ဝန်းအစုံက ဖျတ်ခနဲ ပွင့်ဟလာပြီးလျှင် ...

"အရှင်မ ... ဒီနေရာကို ရောက်ရှိလာတာဟာ ဒီနေ့ နေ့တ



တာ အရှင်မ မြင်မက်ခဲ့တဲ့အိပ်မက်ရဲ့ အရိပ်အယောင်နိမိတ်စကားကို သိလို၍ မဟုတ်ပါလား အရှင်မ"

"ဟုတ် ... ဟုတ်ပါတယ် ... ဘိုးဝိရ"

"အိမ်း ... စကြဝဠာကြီးအတွင်းမှာ တည်ရှိကြတဲ့ ဒွိပ်ရှိဒွိပ်မဲ့ အရာဝတ္ထုဟူသမျှဟာ မမြဲခြင်းဆိုတဲ့အကြောင်းတရားတစ်ခုပေါ်မှာ မှီတွယ်ဖြစ်ပျက်နေကြရတာပါ အရှင်မ၊ ထိုအိပ်မက်၏နိမိတ်အသွင်သည် မကြာမီကာလ၌ ကျွန်ုပ်ကိုယ်တိုင် လောကီအဒိပညာရပ်များဖြင့်တကွ စကြောမယန္တရား စက်ပညာတို့ဖြင့် လပေါင်းများစွာ တည်ဆောက်ခဲ့ရသည့် ဉာဏ်ဘောဂယက္ခမြို့တော်ကြီး ပျက်စီးပျောက်ဆုံးသွားရတော့မယ့် နိမိတ်ပါပဲ အရှင်မ"

"အို"

"ထိုအိပ်မက်ကို ကျွန်ုပ်အနေဖြင့် လွန်ခဲ့သော တစ်ပတ်ခန့်ကပင် ကျွန်ုပ်၏ ကျင့်ကြံအားထုတ်မှု, မနောဓာတ်အား ရုံတို့အားဖိုင်နိုင်စွာ တင်ကြိုသိမြင်မှုတို့အပြင် ဟောဒီက ဆရာအရှင်ဖြစ်ကြတဲ့ ရသေ့ကြီးဝိဇ္ဇာဗလနဲ့ ပညာဗလတို့၏ တင်ကြိုမနော အာရုံညွှတ်ပို့မှုကြောင့် သိရှိခဲ့ပြီးသားပင် ဖြစ်လေ၏ ... အရှင်မ သိရိစန္ဒာဒေဝီ"

"အို ... ဘိုးဝိရရယ် ရက်စက်လိုက်တာ"

သူမသည် ဘိုးဝိရ၏နှုတ်ဖျားမှတစ်ဆင့် တိုးညင်းစွာ ထွက်လာသော စကားများအားကြားလိုက်ရသည်နှင့် ထိတ်လန့်ကာ လှုပ်စွာ ... မယုံကြည်နိုင်စွာ နှုတ်ဖျားဆီမှ အလန့်တကြား ထိုသို့ ရေရွတ်လိုက်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် ... ဒီအိပ်မက်၏ ပုဗ္ဗနိမိတ်ဆိုးအား ဘိုးဝီရသည် လွန်ခဲ့သည့်ရက်သတ္တပတ်ကပင် တင်ကြိုပြီးသိထားနှင့်ခဲ့သည် ဆိုပါလား။ ဒါဆို မောင်တော်ဗညားရှုကရော ...။ သူမ၏ ထိတ်လန့်နေသော မျက်ဝန်းအစုံသည် ယခုချိန်ထိ မည်သည့်စကားတစ်ခွန်းတလေကိုမျှ ပြောဆိုသေးခြင်းမရှိသော မောင်တော်၏မျက်နှာပေါ်သို့ ဖျတ်ခနဲ ရွေ့လျားသွားလေ၏။

"အို"

သူမ ... မည်သို့မျှ မယုံကြည်နိုင်ဖွယ်ရာပါလား။

မောင်တော်ဗညားရွှေ၏ မျက်နှာပြင်ရော မျက်ဝန်းအစုံကပါ မည်သို့သော ခံစားချက်မျှမရှိသည့် ကျောက်သားပြင်ပမာ အေးချမ်းတည်ငြိမ်နေလျက်။

ထိုအချိန်တွင် မောင်တော်၏နံဘေး၌ တင်ပျဉ်ခွေထိုင်လျက်ရှိနေသော မုတ်ဆိတ်ဖြူကြီးများ ရင်ဘတ်ထိရှည်လျားစွာ ကျဆင်းနေသည့် ရသေ့သူတော်စင်ကြီး၏ မျက်ဝန်းညိုများက ဖြည်းညင်းစွာ ပွင့်လာခဲ့ပြီးလျှင် ...

"သမီးငယ် ဒေဝီ ... စကြာဝဠာကြီးသည် ကျယ်ပြန့်နက်ရှိုင်းသော လျှို့ဝှက်ဆန်းပြားမှုတဲ့ ပညာရပ်တို့ ပေါက်ဖွားရာ, ပျက်စီးရွေ့လျားရာ နေရာတစ်ခုပေပဲ၊ လူဟု ပညတ်ထားသော အတ္တကောင်သည် အမှုန်အစတစ်ခုမျှသာ၊ သမီးငယ်ဒေဝီနှင့်တကွ ဗညားရွှေသည်လည်း သံသရာတည်းဟူသော ရေပြင်ထက်မှ ဝဲဂယက်အမှုန်စလေးသာဖြစ်ပေတယ်၊ သမီးငယ်ဒေဝီမြင်မက်ခဲ့သော အိပ်မက်နိမိတ်အား





ဗညားရှုအနေဖြင့် ဘရသေ့တို့နည်းတူ ကျင့်ကြံအားထုတ်မှုအရ တင်ကြို၍ သိနှင့်ခဲ့ပြီးဖြစ်ပေတယ် ...၊

သို့ပေမယ့် ဤယန္တရားမြို့တော်ကြီး၏ တည်မြဲမှု, ပျက်စီးမှုတို့သည် သမီးငယ်ဒေဝီ၏ ကံကြမ္မာဖြင့်သာ သက်ဆိုင်နေသည့်အတွက် သူတို့တစ်တွေ နှုတ်ဆိတ်နေခဲ့ခြင်းသာ ဖြစ်တယ်၊ သံသရာ၏ အကြောင်းတရားသည်သာ ဤမြို့တော်ကြီးရဲ့အကြောင်းတရားပင်ဖြစ်တယ် ... သမီးငယ်ဒေဝီ"

"ဒါ ... ဒါဆိုရင် ဒီ ... ဒီယန္တရားမြို့ကြီးဟာ ပျက်စီးပျောက်ဆုံးရတော့မှာ အမှန်ပဲပေါ့ ဘရသေ့"

"ဟုတ်ပေတယ် သမီးငယ် ... ဒေဝီ ဟောဒီမနက် နေလယ်အခွန်းတည့်ချိန်တိတိမှာ ဒီပင်လယ်ပြင်ကြီးထဲမှာ တည်ရှိနေတဲ့ ဆာဂယက္ခယန္တရားမြို့တော်ကြီးဟာ ကမ္ဘာမြေပေါ်ကနေ မည်သူမျှ မမြင်မတွေ့နိုင်အောင် ပင်လယ်အောက်သို့ နစ်မြုပ်ပျောက်ဆုံးသွားတော့မယ် ...၊

ဒီအတွက်လည်း ဘရသေ့တို့ရဲ့ ပဋ္ဌာန်းသွေးဆက်ဖြစ်တဲ့ ဗညားရှုဟာ တင်ကြို၍ ရေအောက်ဥမင်ရေလှိုဏ်ရေတံခါးများကို တင်ကြိုပြီး စီမံဆင်ယင်ခဲ့ခြင်း ဖြစ်ပေတယ်၊ ဒီမြို့တော်ကြီး ရေအောက်ကို နစ်မြုပ်ပျောက်ကွယ်သွားသည့် နေမွန်းတည့်တိတိအချိန်မှာပဲ ကမ္ဘာမြေပြင်ပေါ်ကနေ ဘရသေ့တို့ရဲ့ ဘိုးဘေးဆရာအရှင်များ ရှာဖွေဖော်ထုတ်ခဲ့တဲ့ စကြာမယန္တရားပညာရပ်တွေသည်လည်း မြို့တော်ကြီးနှင့်အတူတကွ ပင်လယ်အောက်သို့ ရောက်ရှိသွားမှာ ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်ဒေဝီ ...။

မကြာခင်မှာပဲ ကျွန်းကြီးရဲ့အလယ်မှာရှိတဲ့ ဇကျောက်ဘီလူး ရုပ်တုကြီးနှင့်အတူ ဟို ... ရာဇဂဏီနေပြည်တော်ကို သမီးငယ် စွန့်ခွာခဲ့စဉ်က လျှို့ဝှက်ယူဆောင်လာပြီး နောင်ပွင့်မည့် ဘုရားရှင်ကို ရည်စူးဌာပနာထားတဲ့ ရတနာကျောက်သံပစ္စည်းများလည်း ယခု ... ရောက်ရှိလာတဲ့ ရန်သူတွေကြောင့် ပျက်စီးကာ ဒီယန္တရားမြို့တော် ကြီးနှင့်အတူ ပင်လယ်အောက်သို့ ရောက်ရှိသွားပေလိမ့်မည်"

"ရန်သူ ... ရန်သူ ... ဟုတ်လား ဘရသေ့"

သူမသည် မကြားဖူးသော အထူးအဆန်းတစ်ခုအား ကြား လိုက်ရသူပမာ အထိတ်တလန့်မေးလိုက်မိ၏။

ဘရသေ့ကြီးသည် ဆတ်ခနဲ ခေါင်းညိတ်ရုံမျှ ညိတ်သည် ဆိုပြီးလျှင် ...

"သမီးငယ်ဒေဝီ ... ဒီဓမ္မဆောင်ထဲ စတင်ရောက်ရှိတဲ့အ ချိန်ကစပြီး သမီးဒေဝီရဲ့ သစ္စာပျက်ယွင်းတဲ့ ရဲမက်တွေကြောင့် အ ခြားသော ကျွန်းနိုင်ငံက လူမျိုးခြားတွေ ကျွန်းကြီးပေါ်ရောက်ပြီး တိုက်ပွဲစတင်နေပါပြီ"

"ဟင်"

"ဘရသေ့ မိန့်စရာကျန်သေးတယ် သမီးငယ် ဒေဝီ ... နားထောင်ပါ၊ သမီးဒေဝီရဲ့ ခက်ထန်တဲ့မာနနဲ့ ရာဇမာနကြောင့် တိုက်ပွဲမှာ သမီးဒေဝီသည် အသက်ဝိညာဉ် ပျက်စီးရပါလိမ့် သမီးဒေဝီ၏ သွေးတစ်စက် ဤကျွန်းမြေထက်သို့ကျသည်နှင့်





ရာမြို့တော်ကြီးသည် လျော်တော်လည်းသလို ပင်လယ်ပြင်အောက်သို့ ပျောက်ဆုံးသွားပြီး နောင်နှစ်ပေါင်း နှစ်ထောင်ကျော်မျှ ကြာတဲ့အ ချိန်မှာ ကမ္ဘာမြေပြင်ထက် လူတွေအားလုံး အံ့သြထူးဆန်းဖွယ်ရာ ဂမ္ဘီရကျွန်းကြီးအဖြစ် ပြန်လည်ထွက်ပေါ်လာလိမ့်မယ်၊ အဲဒီအချိန်ကျ မှ သမီးငယ်ဒေဝီသည် လူ့လောကဘဝသို့ ပြန်လည်ရောက်ရှိပြီး လူကလေးဗညားရှုဖြင့် တွေ့ဆုံရပမည် သမီးငယ်ဒေဝီ"

ဘရသေ့ကြီး၏ တည်ငြိမ်သည့် စကားသံသည် ရပ်တန့်သွား ပေပြီ ...။ သူမသည် မောင်တော်ဗညားရှုအား အထိတ်တလန့် လှမ်းကြည့်လိုက်မိ၏။

"ဒါ ... ဒါဆို မောင် ... မောင်တော်"

"သူဟာ သမီးဒေဝီလို စိတ်ဓာတ်ခက်ထန်မာကျောသူ မ ဟုတ်ပေဘူး။ ဒီယန္တရားမြို့တော်ကြီး ရေအောက်ကို ပျက်သုဉ်း ပျောက် ကွယ်သွားတဲ့အထိ ဘရသေ့တို့နှင့်အတူ ရှိနေမှာပါ၊ သူဟာ ပါဌော ဘိပါတကံကို ဘုရားရှင်ထံ လှူဒါန်းထားပြီးဖြစ်ပေတယ် ဒေဝီ"

သူမသည် ဘရသေ့ကြီး၏ စကားဆုံးသည်နှင့် ဖူးအိသော နှုတ်ခမ်းအစုံ ပြတ်လုမတတ် ဖိကိုက်လိုက်မိလေ၏။

သူမ ချာခနဲ ဓမ္မရာဇအခန်းဆောင်တွင်းမှ ပြေးထွက်ခဲ့သေ သောသည်။ ဤမြို့တော်ကြီးကို မည်သည့်နည်းနှင့်မျှ သူမ အလျှော့ ခံနိုင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ကွန်ယက်ထဲမှာ

ဓားရောင်များ တဖိတ်ဖိတ် တောက်ပနေသည် ...။

'ချွင် ... ချလွမ်'

'ခုတ်'

"အား"

"ငါတို့ ယန္တရားမြို့တော်ကြီးကို အသက်စွန့်ကာကွယ်ကြ ဟေ့"

"တစ်ယောက်မကျန် သုတ်သင်ကြ ..."

'ချလွင်'

မာန်သွင်းကြုံးဝါးသံများ ...

သံထည်ချင်း ဓားဓားချင်း ပြင်းထန်စွာထိခတ်သံများ ...

ကျွန်းကြီးတစ်ခုလုံး ဓားရောင်များ တဝင်းဝင်းတလက်လက် တောက်ပနေလေသည်။ တစ်စစဖြင့် မြင့်တက်လာနေသော နေမင်း၏ အပူဒဏ်အောက်၌ တိုက်ပွဲများ အရှိန်ဦးကာနယ် မပြင်းထန်လှသော်လည်း တဖြည်းဖြည်းဖြင့် အရှိန်လျော့စပြုနေလေပြီ ...။

ကျွန်းမြေပြင်နှင့် သဲသောင်များ ကျောက်ဆောင်များပေါ်တွင်





သွေးသံရဲရဲဖြင့် လူသေအလောင်းများ ပြန့်ကျဲနေပေ၏။ သွေးညှီနံ့များသည် လေပြည်တိုက်ခတ်လာတိုင်း ကျွန်းအနှံ့ ပျံ့နှံ့လွင့်ပါလာသည်။

ကျွန်းအလယ်တွင်ရှိသော ကြီးမားလှသည့် ကျောက်ဘီလူးရုပ်တုကြီးရှေ့၌မူ ဝတ်ရုံလွှာစိမ်း ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦးသည် ဆောင်ဓားအား တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လျက် စိုက်ခိုက်နေလေ၏။

သူမ၏အနီးတစ်ဝိုက်၌ အလောင်းများ ပြန့်ကျဲနေသော်လည်း သူမ၏မျက်နှာနှင့် မျက်ဝန်းအစုံကမူ စူးရှနေဆဲ ...။

ရုတ်တရက် သူမအား ဝိုင်းရံတိုက်ခတ်နေသည့် များပြားလှသော ရန်သူများထဲမှ ရန်သူတစ်ယောက်၏ ဓားချက်သည် သူမကိုယ်ပေါ် ထိုးစိုက်မိသွား၏။

သူမသည် အံကြိတ်လျက် ဒူးညွတ်ခွေကာ ဒူးထောက်ကျရလေ ...။

မွန်းတည့်နေရောင်အောက်၌ ဓားရောင်များ ဝတ်ရုံစိမ်းဖြင့် လွှမ်းထားသော သူမ၏ ကိုယ်ခန္ဓာအနှံ့အပြားသို့ ကျရောက်သွားလေတော့သည်။

သူမ နောက်ဆုံး မြေပေါ်သို့ လဲပြိုမကျသွားခင် နာကြည်းနေသော မျက်ဝန်းအစုံအား မြင်တွေ့လိုက်ရစဉ် ...

"အား"

ညီဘွား ထိတ်လန့်တကြား ဟစ်အော်လိုက်မိရင်း ... ရုတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ မျက်လုံးအစုံအား ဖွင့်လိုက်မိ၏။ အိပ်ခန်းထဲမှာ မီးရောင်မှိန်ပျပျ လေးသာ လင်းနေလေ၏။

"ဆရာ . . . ဆရာညီဘွား . . . ဆရာညီဘွား"

'ဒုန်း . . ဒုန်း'

"ဆရာ . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

အိပ်ခန်းတံခါးအား တဒုန်းဒုန်းထုသံဖြင့်အတူ စိုးရိမ်တကြီး လှမ်းခေါ်နေသော ဖိုးတာ၏အသံကြောင့် သူ ခုတင်ပေါ်က ဆင်းလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။ အခန်းအပြင်မှာ စိုးရိမ်ဟန်မျက်နှာဖြင့် ရပ်နေသော ဖိုးတာကိုတွေ့လိုက်၏။

"ဘာ . . . ဘာဖြစ်လို့လဲဆရာ . . . အခန်းထဲ ဘာဝင်လို့လဲ"

"ဘာမှမဖြစ်ဘူး ဖိုးတာ . . . အိပ်မက်မက်တာ"

ညီဘွား ဖိုးတာကို ပြောပြီး ဝရန်တာစပ်သို့ လျှောက်လာမိကာ ရေအိုးစင်ကနေ ရေကို အဝသောက်လိုက်မိလေသည်။ ထိုအခါမှ စိတ်သည် အတန်ငယ်တည်ငြိမ်သွား၏။

"အိပ်မက်မက်တာများ ဆရာရယ် . . . ဆရာအော်လိုက်တာကို ကျွန်တော်ဖြင့် လိပ်ပြာလွင့်မတတ် ကြောက်သွားတာပဲ၊ ကျွန်တော်က အခန်းထဲကို ဟို . . . တစ္ဆေသရဲများ . . ."

"အိပ်မက် မက်တာဆိုမှကွာ . . . ကဲ . . . သွားသွား . . . ပြန်အိပ်တော့ ဖိုးတာ"

"ဟင် . . . ဆရာကရော"

"ငါ . . . မျက်စိကြောင်သွားပြီ၊ ကဲ . . . သွားတော့"





သူ့စကားကြောင့် ဖိုးတာ အပါးကနေ ပြန်လှည့်ထွက်သွားပြီး သူ၏အခန်းထဲသို့ ဝင်သွားသည်။ သူနေထိုင်သော ဘန်ဂလိုအိမ်လေးမှာ အိပ်ခန်းနှစ်ခန်းရှိ၍ ဖိုးတာအား တစ်ခန်းပေးထားလေသည်။

ညီဘွား ဖိုးတာထွက်သွားပြီးနောက် လက်မှာပတ်ထားသော နာရီအားကြည့်လိုက်ရာ မနက်လေးနာရီပင် ရှိနေပေပြီ။ သို့သော်လည်း သူ ပြန်လည်၍ အိပ်စက်ချင်စိတ်မရှိတော့။ သူ့မျက်လုံးအစုံက ကြောင်နေလေပြီ။

ဝရန်တာလေးရှိ အမြဲထိုင်နေကျ သစ်သားဆက်တီခုံမှာ ထိုင်လိုက်ရင်း မြစ်ပြင်ဆီသို့ လှမ်းကြည့်လိုက်မိ၏။ တံငါလှေအချို့မှ မီးရောင်လေးများကို တွေ့နေရလေသည်။

မြစ်ပြင်ကိုဖြတ်ကာ တိုက်ခတ်လာသည့် လေပြည်၏အရသာကို ခံစားနေမိရင်းက စောစောက သူမက်ခဲ့သော ထိတ်လန့်ဖွယ်ရာ အိပ်မက်ဆိုးကို ညီဘွားပြန်လည်၍ စဉ်းစားနေမိသည်။ ကြီးမားသော ကျောက်ဘီလူးကြီးကိုလည်း ပြန်လည်မြင်ယောင်လိုက်မိ၏။

ထိုအိပ်မက်သည် ညီဘွားအတွက် ထူးဆန်းလွန်းလှပေသည်။ အဘယ်ကြောင့်ဆိုသော် ညီဘွား ယင်းအိပ်မက်အား မက်သည်မှာ ယခုတစ်ကြိမ်နှင့်ပါဆို နှစ်ကြိမ်ရှိနေလေပြီ။ မှတ်မှတ်ရရ လွန်ခဲ့သောတစ်ပတ်ခန့်ကလည်း ယင်းအိပ်မက်ဆိုးကြီးကို ညီဘွား မက်ခဲ့သေး၏။

သို့သော် မည်သူ့ကိုမျှ မပြောပြဖြစ်ပါချေ။

အိပ်မက်ထဲမှ အဖြစ်အပျက်များကို ညီဘွား [illegible]



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ငငတစ်ခုချင်းစီ မမှတ်မိပါသော်ငြား သေချာတာတစ်ခုကတော့ ကျွန်းကြီးတစ်ကျွန်းပေါ်မှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များပင် ဖြစ်လေသည်။

ထူးဆန်းသည်မှာ ယင်းအိပ်မက်ထဲမှာ ဒဏ္ဍာရီလိုလို၊ ဝတ္ထုဇာတ်လမ်းကြီးတစ်ခုလိုလို မှတ်မိတစ်ဝက် မမှတ်မိတစ်ဝက်ခံစားနေရသော အဖြစ်ပျက်များထဲမှ ညီဘွားသည် ကိုယ်တိုင်ပါဝင်ခဲ့လိုလို၊ အိပ်မက်နယ်ထဲသို့ လွင့်မျောသွားသလိုလို စိတ်တွင်းမှာ ခံစားနေရခြင်းပင်ဖြစ်ပါသည်။ ဒီအဖြစ်ကတော့ ထူးဆန်းနေတာအမှန်ပင် ဖြစ်သည်။

ညီဘွား စားရက်သောက်ရင်း တောင်စဉ်ရေမရ အိပ်မက်အကြောင်း တွေးနေမိလေသည်။

"ဒီအိပ်မက်ကို ငါမက်တာ နှစ်ကြိမ်တိတိရှိနေပြီ၊ ဒီအိပ်မက်ဟာ ထူးဆန်းတဲ့အငွေ့အသက်တွေ. သွေးညှီနံ့တွေနဲ့ လွှမ်းခြုံနေတာတော့ အမှန်ပဲ၊ ပြီးတော့ ကျွန်းကြီးတစ်ကျွန်း ...အဲဒီကျွန်းကြီးဟာ မရဏကျွန်းကြီးလား၊ ငါ့စိတ်ထဲမှာ စွဲထင်နေတာတွေဟာ အမှန်တကယ် ဖြစ်လာတတ်တယ် ...။

ခက်တာက ဒီနယ်က လူတွေနဲ့ ဦးလေးမင်းကျော်တို့ ဒိုးတာတို့ပြောပြလို့သာ မရဏကျွန်းကြီးရဲ့အမည်ကို ကြားဖူးပြီး ငါက စိတ်ဝင်စားနေမိတာ၊ မရဏကျွန်းဆိုတာ ဘယ်နားမှာရှိမှန်း ခုထိတောင်မှ ငါမသိသေးဘူး"

ညီဘွားသည် အမှန်တကယ်လည်း လူပြောသူပြောများသာ





သော မရဏကျွန်းခေါ် တစ္ဆေကျွန်းမှာ ယခု ညီဘွားတို့သစ်တောဌာနပိုင် ဘန်ဂလိုမှနေ၍ နေ့တစ်ဝက်ကျော်ခန့်သွားလျှင် ရောက်သည့် မြစ်ခွဆုံပင်လယ်ပြင်စပ်မှာ တည်ရှိသည်ဟုသာ သိထားလေသည်။

တစ်ကြိမ်တစ်ခါမျှပင် သူ ရောက်လည်းမရောက်ဖူးသလို မြင်လည်းမမြင်ဖူးသေးပါ။

ယခု ထိုအိပ်မက်အား ထပ်မံမက်ပြီးမှ ညီဘွား၏မနောအာရုံထဲမှာ ယင်းမရဏကျွန်းဆီသို့ ခုချက်ချင်းပင် သွားရောက်ချင်သည့် စိတ်ခံစားမှုများ တဖွားဖွားပေါ်ပေါက်နေခြင်းသည်လည်း အတော့်ကို ထူးဆန်းသည်ဟုလည်း ညီဘွားကိုယ့်ကိုယ်ကိုယ် အံ့ဩနေမိသည်။

တစ်ခါကတော့ ဦးလေးမင်းကျော်က ညီဘွားကို ယင်းကျွန်းသို့လိုက်လံပို့မည်ဟုတော့ ပြောဖူးသည်။ အရုဏ်ပင် မြစ်ပြင်ပေါ်မှ ထွန်းလာခဲ့ပြီ။

ညီဘွား ခိုင်မာသောဆုံးဖြတ်ချက်တစ်ခုအား ချလိုက်မိသည်။

ယခုတစ်ပတ်အတွင်း အလုပ်အားသော နေ့ရက်တစ်ရက်၌ အစ္စုသားများဖြင့် တိုင်ပင်ကာ မရဏကျွန်းကြီးသို့ သွားမည်။

ယင်းသို့သွားရောက်ရန် ဦးလေးမင်းကျော်ကိုပင် လိုက်ပို့ခိုင်းရပေမည်။

အကူအညီတောင်းရပေမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မရဏာကျွန်းသို့ ခြေလှမ်းအစ

မနက်ခင်းစာဖြစ်သော အဆာပြေထမင်းကြော်အား ဖိုးတာပြင်ဆင်ပေးသည်ကို စားသောက်ပြီးသည်နှင့် ညီဘွား ရွာတွင်းသို့ ထွက်ခဲ့လေတော့သည်။ ဖိုးတာကိုတော့ ဦးမင်းကျော်ကို ခြံဝိုင်းဘက်သွားမည်ဟု အသိပေးခဲ့သည်။ ယခုရက်ပိုင်းအတွင်း ညီဘွား သစ်စာရင်းများပြုလုပ်ရန်ကလွဲလို့ အလုပ်မည်မည်ရရ မရှိပေ။

ယခု တအင်အတွင်း ညီဘွား၏ စိတ်အတွေးအလုံးစုံကို လွှမ်းမိုးနေတာက သူ့ခေါ်လူးသန်းသော အိပ်မက်ပင်ဖြစ်လေသည်။ စိတ်အတွင်းကနေ ဖယ်နှင်ထုတ်၍ မရပေ။

ညီဘွားတစ်ယောက်တည်း စိမ်းမြနေသော လယ်ကွင်းပြင်ကို ကျော်လွန်ကာ ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်နုအေး၏ အေးမြမှုကိုခံစားရင်း ရွာလမ်းအတိုင်း လျှောက်လာခဲ့သည်။

သူ့အတွေးမှာ များပြားလှသော ဓားလုံးများ၏ အလယ်တွင် ကြဲကြဲခံရပ်တည်လျက်က ဆောင်ဓားကို တင်းကျပ်စွာဆုပ်ကိုင်ရင်း တိုက်ခတ်ခဲ့သော မြစိမ်းရောင် သဏ္ဌာန်ရှင်လေး ...၊ လက်လက်ထနေခဲ့သော ဓားရောင်များ မာန်သွင်းသံများ ...၊





ယင်းနောက် မြေပေါ်သို့ သွေးသံရဲရဲဖြင့် ဒူးညွတ်ကျသွားသည့် ဝတ်ရုံစိမ်းဝတ် မိန်းမပျိုလေး၏ နာကြည်းဟန်စွက်နေသော မျက်ဝန်းများ ...။

ညီဘွားအလန့်တကြား ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်မိသည်။ သို့သော်လည်း လှပသောမျက်နှာလေးနှင့် မျက်ဝန်းအကြည့်ကတော့မှ ပျောက်ကွယ်၍ မသွားပါချေ။

သူ့အာရုံတွင်း၌ စွဲနစ်တင်ကျန်လျက်ရှိလေ၏။

ပြီးတော့ ညီဘွား၏ အတွေးထဲ၌ အိပ်မက်ထဲမှာ ဓားရောင်များအောက်ဒူးညွတ်လျက် ခွေကျသွားသည့် ဝတ်ရုံစိမ်းဖြင့် မိန်းမပျိုလေး၏မျက်နှာအား တစ်နေရာရာ၌ တွေ့ဖူးကြုံဆုံဖူးသလို ထင်နေခြင်းပင် ...။

သိပ်တော့လည်း မသေချာလှပါ ...။

စိတ်ဆိုသည်မှာ စွဲလမ်းရာကို နစ်ဝူးတွယ်ငြိတတ်သောသဘောရှိသည်မဟုတ်ပါလားလေ။

ညီဘွားလျှောက်လာရင်းကပင် ဦးမင်းကျော်တို့၏ ခြံဝိုင်းရှေ့သို့ရောက်ရှိလာခဲ့လေသည်။ မန်ကျည်းပင်၊ သရက်ပင်ကြီးများ၏ အရိပ်တို့ဖြင့် ခြံဝိုင်းသည် တိတ်ဆိတ်အေးချမ်းလျက်ရှိသည်။

ညီဘွားသည် စိတ်စောစွာ ဖွင့်ဟထားသည့် ခြံတံခါးတနေရာမှဝင်မည်ပြုပြီးမှ ...

"ဦးကြီး ဦးလေးမင်းကျော်"

"အဖေ မရှိဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ညီဘွားလှမ်းခေါ်လိုက်စဉ် အိမ်ဆီဘက်မှ ပြန်လှည့်ခွန်းတုံ့သံလေးဖြင့်အတူ အဖြူရောင်အရိပ်ကလေးတစ်ခုအား ဖျတ်ခနဲ တွေ့လိုက်ရလေသည်။

မိန်းမချောလေး တစ်ယောက်ပင်ဖြစ်သည်။

ဒီအခါကျမှပင် ညီဘွားသည် သူမလေးက ဦးမင်းကျော်၏ သမီးဖြစ်သူ ကျေးနုမှန်းသိလိုက်၍ ရင်ထဲလှုပ်ရှားသွားမိလေသည်။

ကျေးနုကလည်း ခြံတံခါးဝမှာ ကြောင်အမ်းအမ်းဖြစ်နေသော ညီဘွားကို လှမ်း၍မြင်လိုက်ရသဖြင့် မျက်နှာလေးမထားတတ်သလိုဖြစ်သွားရင်းက ...

"သြော် ... လာပါရှင်၊ အဖေကတော့ ဟိုဘက်ခြမ်းကိုကိစ္စနဲ့ ခဏသွားတယ်၊ ခုပဲပြန်ရောက်လာတော့မှာပါ။ ဟို ... ဟို"

"ကျွန်တော့်နာမည် ညီဘွားပါ မကျေးနု"

သူ၏နာမည်ကို အမှန်တကယ်ပင်မသိသည်ပဲလား၊ ခေါ်ဖို့ရန် ရှက်ရွံ့နေသည်လား ညီဘွားမသိပါ။ ညီဘွား ... ကိုယ့်ကိုယ်ကိုယ်ပင် မိတ်ဆက်ပေးလိုက်ရလေတော့သည်။

ညီဘွား သူမလေး၏နောက်ကနေ ခြံထဲလိုက်ဝင်ခဲ့မိလေ၏။

"ဟို ... ဟိုလေ ထိုင်ပါဦးနော် ဦးညီဘွား၊ ကျေးနု အကြမ်းရည်နဲ့ စားစရာတစ်ခုခု သွားယူလိုက်ပါဦးမယ်"

"ရပါတယ် မကျေးနု ... တကူးတက ဘာမှစီစဉ်မနေပါနဲ့ ကျွန်တော် ဘန်ဂလိုမှာ စားသောက်လာခဲ့ပြီးပါပြီ"





"အို ... မဟုတ်တာ၊ ကျေးနုတို့က အိမ်ရှင်ပဲရှင်၊ ရပါတယ် ... ဘာမှအပန်းမကြီးပါဘူး။ ပြီးတော့ ဟို ... အဖေ့ကိုလည်းစောင့်ဦးမှာ မဟုတ်လား ... ခဏနော်"

ကျေးနု အပြုံးချိုချိုလေးဖြင့် သူ၏အပါးမှ လှစ်ခနဲ နောက်ဖေးခန်းဘက်သို့ လှမ်းဝင်သွားလေသည်။

ခဏကြာလျှင် အကြမ်းရည်ဇန်းလေးကိုင်ကာ ပြန်ထွက်လာပြီး ညီဘွားရှေ့သို့ ချပေးသည်။

မနက်ခင်းစောစော ရေချိုးပြီးအချိန်မို့လား မသိ ...။ သူမထံမှ ဆံနံ့လေးဖြင့်အတူ သနပ်ခါးနံ့သင်းသင်းလေးကိုပါ ရနေလေသည်။

ညီဘွားသည် သူ၏ရှေ့တွင် သိမ်မွေ့ညင်သာစွာထိုင်နေသော ကျေးနု၏အလှကို မသိမသာ ခိုးကြည့်လိုက်မိသည်။

မြေပြစ်သော မဟာနုဖူးလေးဖြင့် ရေချိုးပြီးစ ဆံနွယ်စတို့အား လှန်တင်ကာ နောက်ဘက်၌ ကပိုကရိုလေး ချထား၏။

မင့်တငိုက်လေး လှမ်းမြင်နေရသောမျက်နှာလေးမှာ မနက်ခင်းပွင့်သစ်စ တောပန်းစပယ်လေးတစ်ပွင့်ပမာ ဘာမှ အခြယ်အသမရှိဘဲ ရိုးရှင်းအေးချမ်းစွာ လှပနေလေသည်။

သူမ ဖျတ်ခနဲ မျက်လွှာလေး လှန်ကြည့်လိုက်သည်။

"အို ..."

ညီဘွား၏အကြည့်သူခိုးလေးများဖြင့် ဆုံစည်းသွားသဖြင့် နှုတ်ခမ်းဖူးလေးဆီက အာမေဋိတ်သံတိုးတိုးလေးဖြင့်အတူ [illegible] ပြန်ငုံ့သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးနု … ဒီနေ့ကျောင်းမသွားရဘူးလား"

"ရှင် …"

"ဩော် … ကျေးနုက ဒီရွာလေးရဲ့ကျောင်းမှာ ဆရာမလို့ ဦးကကျွန်တော့်ကို တစ်ခါကပြောပြဖူးလို့ပါ … ဒါကြောင့် …"

"ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဟို ကျောင်းပိတ်လို့ ကျေးနု မသွားရဘူးရှင့်"

သူမသည် ရှက်ပြုံးမပွင့်တပွင့်မျက်နှာလေးဖြင့်ဆိုလေမှ ညီဘွား သူကိုယ်သူ စနေ၊ တနင်္ဂနွေပင် မကွဲပြားမမှတ်မိသောအဖြစ်ကို ရှက်မိသွားရသည်။

ထိုအချိန်မှာပင် ခြံဝင်းစပ်ဆီမှ လှမ်းဝင်လာသည့်ဦးမင်းကျော် အား မြင်တွေ့လိုက်ရ၏။ ညီဘွားကိုမြင်တော့ …

"တော … ဆရာလေးပါလား။ ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးဘူး ဦးလေး။ ဦးလေးကိုတွေ့ချင်တာနဲ့ တမင်လာခဲ့တာပါ။ မတွေ့လို့ ဒီမှာ ကျေးနုနဲ့စကားပြောနေတာ"

သူ့စကားကြောင့် ဦးမင်းကျော်၏မျက်ခုံးတန်းထူထူတွေက မသိမသာမြင့်တက်သွားရင်း …

"မဟုတ်မှ လွဲရော … ဆရာလေး ကျုပ်ဆီရောက်လာတဲ့ ကိစ္စက ကျုပ်ခန့်မှန်းမိသလောက်ဆို ဟို … မရဏကျွန်းကိစ္စကလွဲလို့ တခြားမဖြစ်နိုင်ဘူး"

"အင်း … ဆိုပါတော့ ဦးလေးရာ"

ဦးမင်းကျော်နှင့် ညီဘွား၏စကားတွေကြောင့် သူတို့အပါးမှ





လှမ်းထွက်သွားရန် ပြင်နေရာကနေ ကျေးနု၏စူးစမ်းသောအကြည့် က ညီဘွားထံသို့ လှစ်ခနဲရောက်ရှိလာလေသည်။

ဦးမင်းကျော်သည် အကြမ်းရည်တစ်ခွက် အပြည့်နီးပါးမျှ ငှဲ့ကာ မော့သောက်လိုက်ရင်းက ကိုင်းခွက်ကြီးအား ပြန်ချကာ

"ဆရာလေးက တကယ်မရဏကျွန်းကိုသွားဖို့ ဆုံးဖြတ်ပြီး သွားပြီလား"

"ဟုတ်ကဲ့ ဦးလေး၊ အဲဒီကျွန်းကို သွားရေးကိစ္စ၊ လာရေး ကိစ္စအဝဝကိုတော့ ဦးလေးပဲ ကူညီမှဖြစ်လိမ့်မယ်၊ ကျွန်တော်က သွားချင်တဲ့ဆန္ဒပြင်းထန်နေတာ၊ အဲဒီမရဏကျွန်းဆိုတာ ဘယ်ဆီမှာ နေမှန်းတောင် မသိသေးဘူးဗျာ"

ညီဘွား၏ တက်ကြွစွာပြောဆိုနေသောလေသံကို နား ထောင်နေရင်းကနေ ဦးမင်းကျော်သည် တွေတွေဝေဝေ တစ်စုံတစ် ရာကိုစဉ်းစားနေဟန်ဖြင့် ခဏမျှငြိမ်သက်သွား၏။

ပြီးမှ လေးတွဲစွာဖြင့် …

"ဆရာလေးကို ဦး အကြံပေးချင်တယ်"

"ဗျာ … ဘာအကြံများပါလိမ့်ဦးလေး"

ညီဘွားသည် ဦးမင်းကျော်ထံကနေ ထူးဆန်းသောစကား ကြောင့် အံ့အားသင့်စွာ ပြန်မေးလိုက်မိသည်။

"တတ်နိုင်ရင် ဆရာလေး အဲဒီမရဏကျွန်းကိုသွားမယ့် ဆရာလေးရဲ့စိတ်ထဲကအကြံအစည်ကို လုံးဝမေ့ဖျောက်ပစ်လိုက်ဖို့ အကြံပေးချင်တာပါ ဆရာလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘယ် . . . ဘယ်လိုဦးလေး"

"တစ်မျိုးတော့ မထင်ပါနဲ့ . . . ဦးအနေနဲ့ ဆရာလေးကို မရဏကျွန်းကြီးဆီ လိုက်မပို့ချင်လို့ ဒီစကားမျိုးပြောရတာ မဟုတ်ပါဘူး။ ဦးအနေနဲ့က ဆရာလေးကို ခုမှပဲတွေ့ဆုံရင်းနှီးရပေမယ့် ဆရာလေးရဲ့ ဖြောင့်မတ်မှန်ကန်မှုနဲ့ ဖြူစင်တဲ့စေတနာတွေကို ဦး နားလည်ပြီးသားပါကွယ် . . .။

အပွင့်လင်းဆုံးပြောရရင် ဆရာလေးကို ဦးအနေနဲ့ ကိုယ့်ရဲ့တူသားနောင်မယ်တစ်ယောက်လို သံယောဇဉ်တွယ်မိနေပြီ၊ ဆရာလေးအတွက်ဆိုရင် ဦးအာက်က အသက်ကိုတောင် ပေးတဲ့အထိ စွန့်လွှတ်နိုင်တဲ့သတ္တိတွေ ရှိပါတယ်၊ ဒါပေမဲ့ ဆရာလေးသိတဲ့အတိုင်း မရဏကျွန်းကြီးဆိုတာက သွားလမ်းသာရှိပြီး ပြန်လမ်းမရှိတဲ့ကျွန်း။

ဒီကျွန်းပေါ်သွားဖို့ မပြောနဲ့ . . . အဝေးကမြင်ရတောင်မှ ဟောဒီပင်လယ်ဒေသက စက်လှေတွေ၊ ငါးဖမ်းလှေတွေကစလို့ အဝေးကြီးက ရှောင်ရှားသွားတတ်တဲ့နေရာ၊ ဒီလောက်သတင်းကြီးနေတဲ့ တစ္ဆေသရဲတွေရဲ့ဗိမာန်တွေ ခိုအောင်းနေတဲ့ မရဏကျွန်းကို လှေလာရှံသက်သက်၊ စိတ်ဝင်စားမှုတစ်ခုတည်းနဲ့တော့ ဦးအနေနဲ့ တိုင်းပြည်အတွက် အဖိုးတန်တဲ့လူတစ်ယောက်ကို မဆုံးရှုံးစေချင်တာ ဦးရဲ့စေတနာပါ မောင်ညီဘွား"

ဦးမင်းကျော်သည် ရှည်လျားစွာပြောလိုက်သော သူ၏စကားကို ထိုနေရာတွင် ရပ်ပစ်လိုက်လေတော့သည်။ ကျေးနုကမူ ငြိမ်သက်စွာနားထောင်နေလျက် . . .





"ဟုး"

ညီဘွားသည် ရင်ထဲမှသက်ပြင်းမော လေပူတစ်ချက်အား ခိုက်ဆိုက်စွာမှုတ်ထုတ်ပစ်လိုက်မိတော့၏။ ဦးမင်းကျော်၏စကားများက သဘာဝကျလေသည်။ မငြင်းနိုင်။

ညီဘွားလို သစ်တောအရာရှိတစ်ဦးအနေဖြင့်ရော၊ တူသားတစ်ယောက်လိုပါ အချည်းနှီး အသက်မဆုံးစေလိုကြောင်း စေတနာအရင်းခံ၍ပြောမှန်း၊ တားမြစ်မှန်း ညီဘွားနားလည်သဘောပေါက်ပါသည်။

မရဏကျွန်းဆိုတာ အသွားလမ်းသာရှိပြီး ပြန်လမ်းမရှိသော အချပ်ဒေသဟု အားလုံးက လက်ခံယုံကြည်ယူဆထားကြသည် မဟုတ်ပါလား။

ကျေးနုသည် သူမ၏ရှေ့တွင်ရှိနေသော ညီဘွားဆိုသော လူကြီးကို မသိမသာလေး တစ်ချက်ခိုးကြည့်လိုက်မိပါ၏။

ဒီလူကြီးသည် သူမဖြင့် သုံးလေးကြိမ်သာ ဆုံတွေ့ဖူးပါသော်လည်း ပထမဆုံးရွာသို့ပြန်လာစဉ် မော်တော်မှာ စတင်မြင်ရသော ညီဘွား၏ တည်ကြည်ဖြောင့်မတ်သည့်ရုပ်ရည်အား ကျေးနု သတိပြုမိခဲ့သည်။

အထူးသဖြင့် ညီဘွားဆိုသောလူကြီး၏ မဟုတ်လျှင်မခံတတ်သော ပြတ်သားတိကျမည့် ပိရိသေချာသောနှုတ်ခမ်းသားများနှင့် အလုပ်တစ်ခုအား ဆုံးဖြတ်ပြီးပါက မဖြစ်မနေလုပ်ဆောင်တတ်သည့် စူးလက်တောက်ပသော မျက်ဝန်းစူးစူးများကို သူမ သတိထား



www.burmeseclassic.com

www.burmeseclassic.com



မိခဲ့တာ အမှန်ပင်ဖြစ်ပါသည်။

တကယ်ဆိုရပါလျှင် ကျေးနု၏ တစ်ကြိမ်တစ်ခါမှမလှုပ်ရှားဖူးခဲ့သော ဖူးသစ်စနှလုံးသားလေးသည် ယင်းလူကြီး၏အကြည့်တွေဖြင့်ဆုံစည်းမှ နွေးထွေးလှုပ်ရှားတတ်ခဲ့တာ သူမ ဝန်ခံပါသည်။

သို့သော် ကျေးနုသည် သူ၏ဖခင်ဖြစ်သူ ဦးမင်းကျော်ပြောပြဖူးခဲ့သည့် သူမဖခင်ဖြစ်သူ၏မျိုးရိုးရော၊ သူမ၏ဦးလေးဖြစ်သူ မိုးနိုင်တို့၏အဖြစ်ဆိုးကိုရော ငယ်စဉ်သိတတ်စအရွယ်ကပင် သိထားခဲ့သူမို့ သူမဘာသာ သီးခြားဆန်စွာ နေတတ်ခဲ့၏။ ထိုအရိပ်သည် ကျေးနု၏ဘဝကိုပါ ထိုးကျခဲ့လေသည်။

သူမ၏ဖခင်သည် မျိုးရိုးကြောင့်ပင် အများတကာ၏အနှိမ်ခံ အကျဉ်ခံဘဝဖြင့် ကိုယ့်အားကိုယ်ကိုး၍ ယခုချိန်ထိ ရပ်တည်ခဲ့သည် မဟုတ်ပါလား။

ယခုနောက်ပိုင်း သူမ အရွယ်ရောက်စပြုချိန်လောက်မှပင် ရွာထဲကရော၊ ပတ်ဝန်းကျင်ကပါ ကျေးနုတို့မိသားစုကို ခေါ်ပြောဆက်ဆံလာခဲ့ကြခြင်းဖြစ်သည်။

ဒါတွေကို ကျေးနု လုံးဝမေ့ပျောက်မသွားခဲ့ပါ။

အဖေသည် ညီဘွားဆိုသော သစ်တောအရာရှိလေး...ရာ သစ်တောရုံးသို့သွားနေတာကို ကျေးနု မတားမြစ်ရက်သော်လည်း တစ်ချိန်ကျ အဖေ့အား အများတကာမြင်လာသလို ထင်မြင်... ကိုတော့ ကျေးနုစိုးရိမ်နေခဲ့မိတာအမှန်။

သူမ၏ဖခင်ဖြစ်သူသည် ဟိုလူကြီးနှင့်တွေ့ဆုံ...





လူကြီး၏ ရိုးသားဖြောင့်မတ်မှု၊ ဖြူစင်မှုများအကြောင်း ...

စာပေဗဟုသုတဖြင့်ပြည့်စုံလွန်းသော လူတော်တစ်ယောက်ဖြစ်ကြောင်း ဟိမဝန္တာချီးကျူးခန်းဖွင့်နေ၍ ကျေးနုပင် အလွတ်ရနေသပြီ။

ယခုမူ ညီဘွားဟူသော ထိုလူကြီးနှင့်အဖေတို့ မကြာခဏတွေ့ဆုံနေခြင်းသည် မရဏကျွန်းကြီးဖြင့်ပတ်သက်နေမှန်း ကျေးနုသည်မှပင် သိရလေတော့သည်။

ကျေးနုသည် သူမဖြင့် မသက်ဆိုင်သောစကားဝိုင်းဖြစ်၍ ဝင်ရောက်မပြောဆိုသော်လည်း သူမ၏ရင်ထဲမှာလည်း ဖြစ်နိုင်ပါက ဖခင်ဖြစ်သူကဲ့သို့ပင် ညီဘွားအား မရဏကျွန်းသို့ မသွားစေချင်တာ အမှန်။

ကျေးနု ညီဘွားအား မသိမသာ ထပ်မံခိုးကြည့်လိုက်မိပြန်ခဲ့၏။ ကျေးနုလှမ်းကြည့်လိုက်စဉ် ညီဘွားသည် ရုတ်တရက်ထိုင်ရာမှ... တနေ မတ်တပ်ထရပ်လိုက်၏။

"ကဲ ... ကျွန်တော်ပြန်မယ်ဦးလေး"

"ဟင် ... မြန်လှချည်လားဆရာလေး၊ ဘာလဲ ... ကျုပ်ပြောတဲ့ စကားတွေကို စိတ်ဆိုးသွားလို့လား၊ ဒါဆိုလည်း ..."

"မဆိုးပါဘူး ဦးလေးရာ၊ ကျွန်တော့်အတွက် စေတနာနဲ့ပြောတဲ့စကားတွေဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဆုံးဖြတ်ပြီးရင် ထပ်ပြင်လေ့ပြင်ထမရှိတတ်သူပါဦး... အဲဒီမရဏကျွန်းကို ဒီတစ်ပတ်အတွင်း ကျွန်တော်သွား...



www.burmeseclassic.com

www.burmeseclassic.com



သွားဖြစ်ဖို့ ကြိုးစားမှာပါဗျာ''

''ဟင် . . . ညီဘွား . . . မောင်ညီဘွား''

သူ့စကားကို ကျေးနှ မျက်လုံးလေးဝိုင်းသွားသည်၊ ဘယ်လို လူကြီးလဲ . . .။

ချာခနဲလှည့်ထွက်သွားသော ညီဘွားအား ဦးမင်းကျော်လှမ်း ခေါ်လိုက်ပါသော်လည်း ညီဘွားက တစ်ချက်ကလေးမျှ ပြန်လှည့် မကြည့်တော့ပါ။ ခြံဝမှ လှမ်းထွက်သွားလေ၏။

ဦးမင်းကျော် ဦးခေါင်းအား ဘယ်ညာယမ်းခါနေမိတော့လေ ၏။

ယခုလောက်ခေါင်းမာသောသူကို သူတစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဖူးပါလေ။ ဆုံးဖြတ်ပြီးလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုတာ. ဒီလိုလူစားမျိုးပင်ဖြစ်ပေလိမ့်မည်ဟု ဦးမင်းကျော် စဉ်းစား တွေးတောနေမိတော့သည်။

* * *

## ဆုံးဖြတ်ချက်ကို မပြင်ခြင်း

ညီဘွား၏စကားကို ကြားလိုက်ရသောအခါ ပထမဆုံးအံ့သြ [illegible]ကြီးလှမ်းကြည့်သူမှာ ဘစံရွှေဖြစ်လေသည်။

ဘစံရွှေသည် ယခုရှိနေသော သစ်တောအမှုထမ်းထဲတွင် [illegible]မှာအရင့်ဆုံးနှင့် အသက်အကြီးဆုံးလူတစ်ဦးဖြစ်၏၊ ဘစံရွှေက [illegible]နိုင်ဟန်ဖြင့် . . .

''ဟာ . . . ဒီကိစ္စက မဖြစ်နိုင်တာဘဲ ဆရာလေးရာ၊ လုံးဝ [illegible]ဖြစ်နိုင်ပါဘူး . . . ကျုပ်ကန့်ကွက်တယ်ဗျာ''

''ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ဘစံရွှေရ''

''ဟာ . . . ဆရာလေးညွှာက စိတ်ကူးယဉ်ဆန်သလိုမျိုးများ [illegible]နေဘူးလား၊ ဒီမရဏာကျွန်းဆိုတာ ဘယ်သူမှတောင် စိတ်မကူး [illegible]တဲ့ကိစ္စကြီးဟာကို၊ ခု . . . ဆရာလေးက ဒီကျွန်းကြီးကိုသွားမယ် [illegible]တော့ ရူးနေလို့ပဲဖြစ်ရမယ်''

''ဟုတ်ပါတယ်ဆရာ . . . ဆရာ ကျွန်တော်တို့ကို တမင် [illegible]နေတာမဟုတ်လား . . . ဟဲဟဲ၊ နောက်ရင်လည်း တခြားကိစ္စနဲ့ [illegible]ပါ ဆရာလေးညီဘွားရာ၊ ဒီမရဏာကျွန်းသံကြားရင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ . . ဟီး . .''

တင်ရွှေကလည်း ရယ်ကျဲကျဲဖြင့် ဝင်ပြောလေသည်။

ညီဘွားသည် ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်းနေရင်းက

''ဒီကိစ္စက စရေ့နောက်ရမယ့်ကိစ္စမှ မဟုတ်တာ ကိုတင်ရွှေ ရာ၊ ကျွန်တော် ခင်ဗျားတို့ကို ဘယ်တုန်းက နောက်ပြောင်ခဲ့ဖူးလို့လဲ''

''ဒါ . . . ဒါဆို ဆရာလေးညီဘွား အတည်ပြောတာပေါ့''

''ဟုတ်တယ် . . . ကျွန်တော် အဲဒီကျွန်းကိုသွားဖို့ ဆုံးဖြတ်ပြီး ပြီ၊ ဒါကြောင့် မနက်ကတင် ဦးမင်းကျော်နဲ့စကားပြောပြီးတာနဲ့ မော်တော်ဆိပ်မှာ ရုံးချုပ်ကို ခွင့်တောင်တင်လိုက်ပြီ''

''ဟာ . . . ဆ . . . ဆရာလေး . . . တကယ်''

''ကျွန်တော်က ဘာလို့ ခင်ဗျားတို့ကို ညာရမလဲဗျာ၊ ကျွန် တော်က ဆုံးဖြတ်ချက်ချပြီးရင် ဖြစ်အောင်လုပ်တတ်မှန်း ဘစံရွှေတို့ ကိုတင်ရွှေတို့ သိသားပဲ၊ အဲဒီကျွန်းကို ကျွန်တော်သွားမယ်''

ညီဘွား၏အပြောကြောင့် အားလုံး ဘာမျှမပြောနိုင်အောင် ငြိမ်သက်နှုတ်ဆိတ်သွားကြလေသည်။ သူတို့အားလုံးကို လိမ်ညာ နောက်ပြောင်၍ ပြောနေခြင်းမဟုတ်ကြောင်းလည်း လေးနက်တည် ကြည်နေသော ညီဘွား၏မျက်နှာအမူအရာက သက်သေပြနေ၏။ မျက်ဝန်းတွေကလည်း စူးရှအေးစက်နေလေ၏။

ပြီးတော့ ညီဘွားသည် ပြောပြီးသောစကားတစ်ခွန်းအား ပြန်ပယ်ဖျက်တတ်သူမဟုတ်မှန်းလည်း ညီဘွားပြောသကဲ့သို့ သူတို့ အားလုံး ယုံကြည်ကြလေသည်။





ဘစံရွှေသည် ညီဘွားအပေါ် သံယောဇဉ်ကြီးသူပီပီ ညီဘွား ဤသို့မရဏာကျွန်းသို့သွားမည်ဆိုခြင်းမှာ ရှာထိပ်ရှိ မင်းကျော်မြှောက် ပင့်ပေးမှုကြောင့်ဟု သံသယဝင်နေသူပီပီ . . .

''ဆရာလေး ခုလိုဆုံးဖြတ်တာ ဟိုကောင် . . . မင်းကျော် ဆရာလေးကို မူးမူးရူးရူးနဲ့ မြှောက်ပင့်ပေးတာမဟုတ်လား၊ ကျုပ် ခင်းကျော်ဆိုတဲ့အဲဒီကောင်ကို ခုပဲ စာရင်းသွားရှင်းမယ် . . . တောက်''

'ဝုန်း'

ခံပြင်းဒေါသထွက်နေဟန်ဖြင့်ပြောပြီး ဘစံရွှေ ထိုင်နေရာက နေ ဝုန်းခနဲထရပ်လိုက်သဖြင့် ညီဘွား ကမန်းကတန်းတားလိုက်မိ၏။ ပြဿနာတွေ ဖြစ်ကုန်မည်။

''ဟာ . . . မဟုတ်ဘူး ဘစံရွှေ . . . ပြန်ထိုင်စမ်းပါ၊ ဒီမရဏာ ကျွန်းသွားမယ့်ကိစ္စဆိုတာ ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ ကျွန်တော်ပါ၊ ဦးမင်းကျော်နဲ့ လုံးဝမသက်ဆိုင်ဘူး။ မနေ့မနက်က ကျွန်တော့်ကို ဦးမင်းကျော်က အပြင်းအထန်တားပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကိုယ် ဘာကို အဲဒီကျွန်းကို သွားချင်နေတဲ့ဆန္ဒတွေ အရမ်းပြင်းထန်နေလို့ပါ၊ ဒါကြောင့် ခွင့်ယူလိုက်တာ''

''အို . . . ဘာပဲဖြစ်ဖြစ်ဗျာ . . . ဆရာလေးကို မရဏာကျွန်းကြီး အကြောင်းသိရအောင် အရင်ဆုံးပြဿနာစတာက မင်းကျော်ပဲ''

''ဟုတ်တယ် . . . ဦးမင်းကျော် ဟို . . . မိုးခိုင်တို့ လှနွယ်တို့ အကြောင်းပြောပြလို့ ဆရာညီဘွား ဒီကျွန်းကြီးကို စိတ်ဝင်စားသူ ဘာနေ ခုလိုဖြစ်ရတာပဲ''

www.burmeseclassic.com



"ကဲ . . . တော်ကြပါဗျာ၊ ထင်ရာမြင်ရာတွေ ပြောမနေကြပါနဲ့"

ညီဘွားဧါ်နှုတ်ကနေ ခပ်ထန်ထန်လေသံထွက်လေတော့ သည့်မှအခါကျမှ ဘစံရွှေရော၊ တင်ရွှေပါ ငြိမ်သွားကြတော့၏။ ညီဘွားသည် သူတို့အကြီးအကဲ မဟုတ်ပါလား။

ဖိုးတာကမူ ဘန်ဂလိုတွင် မရှိ။ ရွာတွင်းသို့ သွားနေသည်။

ဘစံရွှေသည် ညီဘွား ဤကိစ္စကို အမှန်တကယ် အလေးအနက်ပြောနေသလို တားမြစ်၍မရတော့မှန်းလည်း နားလည်သွားရသည်မို့ ခေါင်းကိုသာ စိတ်ပျက်လက်ပျက်ယမ်းခါနေမိသည်။

အတန်ကြာတော့မှ လေးတွဲသောအသံဖြင့် . . .

"အင်းလေ . . . ဒီကိစ္စကို ကျုပ်တို့ ဘယ်လိုမှတားမြစ်လို့မရတော့ဘူးဆိုတော့လည်း ဆရာလေးရဲ့သဘောပေါ့လေ၊ ကျုပ်တို့ ဘယ်တတ်နိုင်ပါ့မလဲ၊ လူဆိုတာ ကိုယ့်စိတ်ကိုယ်ပိုင်တဲ့ကိစ္စ၊ ဆရာလေး အဲဒီမရဏကျွန်းကို ဘယ်တော့သွားမှာလဲ"

"ရက်တော့ အတိအကျမရွေးချယ်ရသေးဘူး ဘစံရွှေ ကျွန်တော်လိုအပ်တာတွေပြင်ဆင်ရဦးမှာနဲ့ ရေအပတ်လကွယ်ညမတိုင်ခင် တော့ သွားဖြစ်မယ်ထင်တာပဲ"

"ကျွန်တော်တို့ ဘာကူညီရဦးမလဲ ဆရာလေး"

တင်ရွှေကပါ စိတ်မကောင်းဖြစ်နေဟန်မျက်နှာပေးဖြင့် ဝင်ပြောသည်။

"ကိုတင်ရွှေကူညီမယ်ဆိုရင်တော့ ကျွန်တော်နဲ့အတူ ခေါ



ကျွန်းကိုသွားဖို့ လှေတစ်စီးနဲ့ လူတစ်ယောက်သာ ရအောင်ရှာပေးပါဗျာ၊ ငွေဘယ်လောက်ပဲ ပေးရပေးရပေါ့၊ အဲ . . . တစ်ခုတော့ရှိတယ် . . . မရဏကျွန်းဆိုတော့ ရှာဖွေရ, ငှားပြုရခက်နေမှာပဲ"

"ခက်တာပဲ ဆရာလေးရာ . . . အဲဒါ ခက်တာပေါ့၊ ဒီမရဏကျွန်းကို ဒီပင်လယ်ဒေသကတံငါတွေ အသံကြားရင်တောင် လန့်ဖျားဖျားနေကြတာ၊ လှေရဖို့ဆိုတာက ငွေသိန်းချီပေးတာတောင်မှ မလွယ်ဘူး"

"လှေအတွက်တော့ မပူပါနဲ့ဗျာ . . . ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ် . . . ဟဲဟဲ"

"ဟင်"

"ဦးမင်းကျော်"

ကျယ်လောင်သောအသံဝါဝါကြီးဖြင့်အတူ ဘန်ဂလိုအပေါက်ဝကနေလှမ်းတက်လာသူက ဦးမင်းကျော်။

သူ့နောက်မှာတော့ ရွာထဲရှိရိုက္ခာသွားဝယ်သော ဖိုးတာအား စပ်ဖြဲဖြဲမျက်နှာဖြင့် တွေ့လိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မနေ့လွင့်မျောခြင်း

သူ၏ပတ်ဝန်းကျင်တစ်ခုလုံးသည် ချက်ချင်းလက်ငင်းပင် နှင်းမြူများကဲ့သို့ အဖြူရောင်အရိပ်အငွေ့များ ဝိုင်းရံလွှမ်းခြုံသွားကြ၏။

တစ်စထက်တစ်စ အဖြူရောင်အငွေ့များသည် တိမ်နိုးတိမ်ငွေ့များမှ ကြီးမားသောအရိပ်ဖြူစက်ဝန်းကြီးအဖြစ်သို့ ပြောင်းလဲ၍ လာနေပေသည်။

ယင်းသို့သောပြောင်းလဲခြင်းနှင့်တစ်ပါတည်း စိမ့်မြသော အအေးဓာတ်လှိုင်းကြီးတစ်ခုကပါ သူ၏ကိုယ်ခန္ဓာတွင်းသို့ တစ်စထက်တစ်စ တွင်းဖောက်လွှမ်းခြုံလာ၏။ ပြီးနောက် အရာရာသည် ပကတိဟင်းလင်းပြင် အဖြူရောင် ...။

ပကတိအမြင်အာရုံလိုလို အိပ်မက်တစ်ခု၏ စိတ်နယ်လွန်လောကသစ်တစ်ခုတွင်းသို့ သူကိုယ်တိုင် လွင့်မျောရောက်ရှိသွားသလိုလို မသေချာမရေရာ ...။

သို့သော် သေချာမှုတစ်ခုကတော့ ရှိနေခဲ့သည်။ ယင်းမှာ သူ၏ပကတိခန္ဓာကိုယ်ရုပ်ဒြပ်ကြီးလား။ သူ၏ မနေ့နှလုံးအိမ်အတွင်း





နူးညံ့သိမ်မွေ့သော ဝိညာဉ်လိပ်ပြာခန္ဓာလား မသိရပါချေ။

စိမ်းမြကြည်လင်နေသည့် အဆုံးအစမဲ့ ပင်လယ်ပြင်ကြီးတွင်းက ကျွန်းတစ်ကျွန်းပေါ်သို့ သူ ရောက်ရှိနေတာပင်။

မြင်မြင်သမျှအရာရာသည် သူနှင့် ဟိုးအတိတ်ဘဝတွေက ဝက်သက်ရင်းနှီးကျွမ်းဝင်နေသကဲ့သို့ သူ့ရင်အစုံက လှုပ်ရှားခံစားနေရခြင်းဖြစ်၏။

သူ၏မျက်စိရှေ့မှောက်၌ ကြီးမားလှပါသော်လည်း နှစ်ပရိစ္ဆေဒများစွာ ရာသီဥတုဒဏ်တို့ကြောင့် အက်ကွဲကျိုးပဲ့လျက် သစ်ပင်များ၊ ရေညှိများပင် တွယ်ကပ်ပေါက်ရောက်လျက်ရှိသော ကျောက်ဘီလူးရုပ်တုကြီး တစ်ခု။

သူ့နှလုံးခုန်သံစည်းချက်တို့ မငြိမ်မသက်လှုပ်ရှားလာရလေပြီ။

"ဒါ ... ဒါဟာ ဒီအရာဝတ္ထုကြီးက ..."

သူ၏နှုတ်ခမ်းသားတို့က တဆတ်ဆတ်တုန်ယင်လှုပ်ခါလျက် တစ်စုံတစ်ရာပြောရန် ကြိုးပမ်းနေဆဲမှာပင် သူတော်စင်ကြီးတစ်ပါး သူ့ရှေ့မှောက်သို့ ဖြည်းညင်းစွာ ရောက်ရှိလှမ်းလာခဲ့ပါ၏။

"သြော် ... မင်းပြန်ရောက်လာပြီကိုး၊ မင်းကို ငါစောင့်ဆိုင်းမျှော်လင့်နေခဲ့ရတာ နှစ်တွေများစွာ ကြာညောင်းလေခဲ့ပြီဖြစ်တယ် ညီ၊ ငါ့ညီ"

"ဟင် ..."

သူ၏အမည်နာမအား သူပြန်လည်၍ မှတ်ဉာဏ်မှာ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ရသွားမိသည်။ ဟုတ်ပေသည်။ သူ၏နာမည်က ဗညားရှုဖြစ်လေသည်။

ထိုအတူ သူ၏မျက်မှောက်ရှေ့တွင်ရှိနေသူကိုလည်း သူ့အလိုလို အသိစိတ်ကမှတ်မိသွားရပါလေပြီ။

"ဆ ․․ ဆရာရှင် ဘိုးဝိရ"

"အင်း ․․․ မင်းရဲ့ နှစ်ပရိစ္ဆေဒပေါင်းများစွာ ပျောက်ကွယ်ဆုံးရှုံးခဲ့ရတဲ့ မှတ်ဉာဏ်အလင်းတွေ မင်းထံကို ပြန်လည်ရောက်ရှိလာပြီပဲ ဗညားရှု အင်းလေ ․․․ သံသရာဆိုတာကြီးက မဆုံးတမ်းလည်ပတ်နေကြရတဲ့ ခရီးရှည်ကြီးတစ်ခုပေပဲ၊ သံသရာရဲ့ဝင်ရိုးကြီးတစ်ခု မတန့်မရပ်လည်ပတ်ရွေ့လျားနေရသမျှတော့ ဘဝတွေဟာ အလီလီအဖုံဖုံ တွေ့ကြုံဆုံကွဲရှိနေကြဦးမှာပဲ ဗညားရှု ․․․၊

ဒီနေ့ဒီအချိန်ကို ငါဟာ မျှော်လင့်စောင့်ဆိုင်းနေခဲ့ရတာ နှစ်တွေမရေတွက်နိုင်အောင် များပြားလွန်းလှပြီ၊ ဒါဟာလည်း တစ်ချိန်သောအခါက ဒီနေရာမှာ မှားယွင်းစွာဆိုမိခဲ့တဲ့ သမုဒယသစ္စာနှောင်ကြိုးတစ်ခုကြောင့်ပဲ ․․․ ကဲ ․․․ လာ ဗညားရှု"

သူတော်စင်ပုဂ္ဂိုလ်ကြီးခေါ်ဆောင်ရာ သူ လိုက်ပါသွားမိသည်။ ထူးဆန်းလွန်းလှသော အပင်ငယ်များ ဝန်းရံပေါက်ရောက်နေသော နေရာ၌ သူတော်စင်ကြီးသည် ရပ်တန့်လိုက်၏။

"ဒါ ․․․ ဘာတွေလဲ ․․․ ကြည့်လိုက်စမ်းပါဦး"

အပင်ငယ်လေးတွေ၏ပုံသဏ္ဍာန်မှာ အရုပ်ဆိုးလွန်းလှသည့် လူများ တင်းပုတ်လှိုလို သံလျက်လိုလိုထမ်းပြီး ထုရိုက်မည့်ဟန် ပုံ





သဏ္ဍာန်ရှိသော အပင်ငယ်လေးများပင်ဖြစ်၏။

ထူဆန်းသောအရာမှာ ယင်းနေရာတစ်ဝိုက်၌ သွေးညှီနံ့များ အပုပ်နံ့သဖွယ် မခံမရပ်နိုင်အောင် နံစော်နေခြင်းပင်ဖြစ်လေသည်။

"ဒါဟာ ဘီလူးဂမုန်းလို့ခေါ်တဲ့ မင်း ․․․ ဟိုးအတိတ်က စမ်းသပ်စိုက်မျိုးခဲ့တဲ့ ရုက္ခဇီဝမျိုးစိတ်သစ်တွေပဲ၊ ထူးဆန်းတာက လွန်ခဲ့သော နှစ်ပေါင်းရာထောင်ချီခဲ့ချိန်ကစပြီး သူတို့မှာ ဇီဝလို့ခေါ်တဲ့ ခံစားတတ်တဲ့ ပရိညာဉ်မီဇစိတ်တွေ ကိန်းဝပ်နေခဲ့ကြတာပဲ၊ သူတို့ဟာ ကြမ်းတမ်းတယ်၊ ခက်ထန်ရက်စက်တယ်၊ သူတို့ရဲ့အစာအာဟာရဟာ နူးညံ့တဲ့မြေဆီမြေသွေးနဲ့ လေထဲကဇီဝမျိုးစေ့တွေ မဟုတ်ဘဲ သားငါးတွေ ရဲ့သွေးတလို့ခေါ်တဲ့ သွေးရည်ကြည်ပဲလွှကလေး။ ကဲ ․․․ လာ"

ကြီးမားလှသောသစ်ပင်ကြီးတစ်ပင်၏ အခေါင်းပေါက်ထဲသို့ သူတော်စင်ကြီးဝင်ရောက်၍သွားသဖြင့် သူလည်း လိုက်ပါသွားပြန်ရာ ကျောက်လှေကားထစ်လေးများကို မြင်တွေ့လိုက်ရ၏။

သူတော်စင်ကြီးက ဆင်းသက်သွားလေပြီ။

ကျောက်သားနံရံတွေ၏ထက်၌ ထွန်းညှိထားသည့် ကျောက်ဆီမီးတိုင်များဆီမှအလင်းဖြင့် ဥမင်လိုဏ်ကြီးများမှာ အထပ်ထပ် အဆင့်ဆင့်။ ဥဒဟိုအပေါက်များဖြင့် ပြည့်နေ၏။

မည်မျှကြာသွားသည် မသိ။

ကျောက်သားခန်းမကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားချိန်မှာ သူ အံ့ဩတုန်လှုပ်သွားမိလေသည်။ ယင်းမှာ မည်သည့်အတွက်ကြောင့်ဆိုသော် အရောင်ဝါများ တဖိတ်ဖိတ်တလက်လက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်စိကျိန်းစပ်လုအောင်ပင် မြောက်မြားစွာသော စိန်ရွှေရတနာကျောက်မျက်များမှာ ကျောက်ခန်းမကြီးအတွင်း တောင်နယ်ပုံအောတိုက်နေ၍ပင်တည်း။

ယင်းကျောက်မျက်ရတနာများ၏အလင်းက ကျွန်းကြီးတစ်ခုလုံး လင်းထိန်နေသည်ဟု သူစိတ်ထဲ ထင်မြင်နေမိသည်။

"ဒီအဖိုးတန်ကျောက်မျက်ရတနာတွေဟာ တစ်ချိန်ချိန်မှာ ပွင့်လာမယ့် ဘုရားရှင်အတွက် လှူလေးရယ်, အရှင်မရယ်, ငါရယ်, ပြီးတော့ ဟောဒီယန္တရားမြို့တော်ကြီးရဲ့ သစ္စာရှိကျွန်ယုံတွေလျှာဒါန်းဖို့ရည်စူးထားတဲ့ ရွှေငွေဒြပ်နာ ရတနာပစ္စည်းတွေပဲ၊ ဒီရတနာတွေ မသမာသူတွေ, လူ့လောဘကောင်တွေရဲ့လက်ထဲ မကျရောက်ဖို့ ဒီနေရာမှာ များစွာသော နာမ်ခံ့လောကပရိညာဉ်သားတွေက စောင့်ရှောက်နေကြတယ်၊ ဟိုးတစ်ချိန်တုန်းက ဆရာရှင်ဝိဇ္ဇာဗလ မိန့်မှာချက်အတိုင်း သစ္စာတွေရဲ့နှောင်ကြိုးဟာ ဆန်းကြယ်တယ်၊ လွန်စွာပဲအံ့ဩစရာကောင်းလှပေတယ် ငါ့တပည့် ...။

ဒီကနေ နောက်သုံးရက်တိတိပြည့်တဲ့နေ့မှာ သင့်ဆီကို မိန်းကလေးတစ်ဦး ရောက်ရှိလာလိမ့်မယ်၊ လူကလေးနဲ့သူ ဒီမန္တယားမြို့တော်ကြီးကို ပြန်လည်ခြေချဖို့ ကြိုးပမ်းလိမ့်မယ်၊ လူကလေးတို့ရဲ့ခရီးမှာ လောဘသားကောင်တွေ, မသမာသူတွေ ပါရှိလာလိမ့်မှာသေချာတယ်၊ ဒါပေမဲ့ ဟောဒီယန္တရားထောင်ချောက်တွေကြားထဲကမည်သူမှလွတ်မြောက်ကြမှာမဟုတ်ဘူး၊ လူကလေးကို ဘိုးဝီရသတိပေးလိုက်မယ် ...။





လူတွေက မရဏကျွန်းလို့ သမုတ်ခေါ်ဝေါ်နေကြတဲ့ ဟောဒီယန္တရားမြို့တော်ကြီးဟာ ဒီရေကျချိန်မှာ အရာအားလုံးကို သိမြင်ရမှာဖြစ်ပြီး လမွန်းတည့်ချိန်ရောက်လို့ ဒီပြည့်လာရင် ဒီမြို့တော်ကြီးကနေ အမြန်ဆုံးခွာပါ"

"ဘာ ... ဘာဖြစ်လို့လဲ ဘိုးဝီရ"

"အဲဒါ ဘိုးဝီရကို မမေးပါနဲ့ အဲဒီအချိန်မှာ လူကလေးကိုယ်တိုင်ပင်လျှင် ကြုံရမှာဖြစ်သလို သံယောဇဉ်မီးတွေရဲ့ ပူလောင်ကျွမ်းမြိုက်မှုတွေကိုလည်း လူကလေး ပေးဆပ်ရလိမ့်ဦးမယ်၊ ကဲ ... သွားတော့"

စကားဆုံးသည်နှင့် သူနှင့်သူတော်စင်ကြီး၏ထံပါးသို့ လေပြင်းများက တဝေါဝေါတိုက်ခတ်လာကြ၏။ လေပြင်းမှာ တဖြည်းဖြည်းနှင့် ပြင်းထန်လာလေသည်။

သူ့အပါးမှာ သူတော်စင်ကြီး မရှိတော့ပေ။

'ဝေါ .. ဝေါ'

'ဝုန်း'

ပြင်းထန်သောလေပြင်းကြီးတစ်ခု သူ့ထံရောက်ရှိလာစဉ် သူ့ခန္ဓာကိုယ်ဟာ ပေါ့ပါးနေခဲ့ဖြစ်ကာ လေပြင်းရှိန်းကြီးထဲ လွင့်မျောပါသွားပြီး ဝဲဂယက်ကြီးတွင်းသို့ ကျဆင်းသွားရာ ...

"အား ..."

သူ အောခဲ့ဖြစ်သွားသောကြောင့် ခေါက်ခနဲ အိပ်ရာက ခုန်နိုးသွားလေသည်။ အပြင်မှာ ကြမ်းတမ်းသောလေပြင်းများက



www.burmeseclassic.com

www.burmeseclassic.com



တဝေါ်ဝေါ် တဝုန်းဝုန်းနဲ့တိုက်ခိုက်နေကြလျက် . . .။ဒါပေမဲ့ မိုးသက်လေရိုင်းက သူ့ထံသို့ တရကြမ်းပြေးဝင်လာ၏။ မိုးရွာနေခြင်းဖြစ်သည်။

ညီဘွား ညတုန်းက ဤနေရာလေးမှာ ဟိုဒီတွေးတောစဉ်းစားရင်း မှေးခနဲ အိပ်ပျော်သွားခဲ့သည့်ထင်သည်။ ယခု သူ၏တစ်ကိုယ်လုံး မိုးကြမ်းများဖျန်းပက်တော့မှ သူ လန့်နိုးသွားမိခြင်းရယ်ပါ။

ဒါဆို စောစောက သူတွေ့ကြုံနေခဲ့ရသောအဖြစ်ဟာ အိပ်မက်လေလား။ နှီးတစ်ဝက် စိတ်ဝိညာဉ်လွင့်မျောခြင်းရယ်လား။ ဝိုးတိုးဝါးတား မသေချာ။

ညီဘွားတစ်ယောက် မှောင်မိုက်ပြီး လှိုင်းတံပိုးများကြလှုပ်ရှားနေသောမြစ်ပြင်သို့ မမြင်ရပါသော်လည်း ငေးကြည့်နေလျက်။

သို့သော် သူ၏အတွေးပုံရိပ်ထဲမှာတော့ ခုနမက်ခဲ့သော အိပ်မက်သည် လွင့်ပြယ်မသွား . . .။

* * *

## အချစ်ဓါးနှုးညံ့မှု

"ဟော . . . အစ်ကိုပါလား"

ခြံတွင်းသို့ သူလှမ်းဝင်လာသည်ကိုမြင်သည်နှင့် ကျေးနုတချို့သည် အပြုံးပန်းတစ်ပွင့်ကို လှစ်ခနဲခြွေလိုက်ပြီး သူ့အား နှုတ်ဆက်၏။

"ဦးလေးကျော်ရော . . . ဘယ်သွားလဲကျေးနု"

"ဟိုမှာလေ မတွေ့ဘူးလားအစ်ကို။ အစ်ကိုတို့သွားကြမယ့်ခရီးအတွက် အားသွန်ခွန်စိုက်ကြိုးစားနေတာ"

ညီဘွားမေးလိုက်သောအမေးကို ကျေးနုကမြစ်ကမ်းဘက်ဆီသို့ မေးဆတ်ထိုးပြရင်း တစ်ဆက်တည်းဖြေလိုက်လေသည်။

သို့သော်လည်း ယင်းအဖြေစကားမှာ စောစောက သူခြံပိုင်းထွင်သို့လှမ်းအဝင် နှုတ်ဆက်လိုက်သည့် ပျော်ရွှင်ကြည်နူးရွှင်ပျသောအသံမျိုးမဟုတ်မှန်း ညီဘွားသတိထားမိလေသည်။

ညီဘွား ပင့်သက်တစ်ခုအား မသိမသာ ရှိုက်သွင်းလိုက်မိသည်။

သူနှင့်ကျေးနုသည် ယခုရက်ပိုင်းအတွင်း၌ မကြာခဏတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံရှုတ်များလာ၍ ယခင်ကနှယ် တစ်ဦးအပေါ်တစ်ဦး ရှိုးတိုးရှန့်တန့် အနေအထားမျိုး မရှိကြတော့ပါ။ ညီဘွား ဌာနကနေခွင့်ယူလိုက်ပြီ ဖြစ်သည်။

ခွင့်ရက်ရသည်နှင့် ညီဘွားသည် မရဏကျွန်းခေါ် တစ္ဆေကျွန်းကြီးဆီသို့ခရီးထွက်ရန် ဦးမင်းကျော်ထံသို့ ဘန်ဂလိုကနေ နေ့စဉ်လာရသည်။

တစ်ခါတစ်ရံ တစ်နေကုန် ဦးမင်းကျော်နှင့်ခရီးစဉ်အတွက် ဆွေးနွေးကြရင်း ဘိုတဲသို့မပြန်ဖြစ်တော့ဘဲ ကျေးနုလက်ရာ ထမင်းဟင်းလျာများ စားသောက်လာရသည်။ ကျေးနုကလည်း စနေကျောင်းသို့စာသင်သွားရသည့်အချိန်မှလွဲ၍ ကျန်သောအချိန်များမှာ ညီဘွားအပေါ် လိုတာထက်ပို၍ ဂရုတစိုက်ရှိလေသည်။

ကျေးနု၏မျက်ဝန်းအိမ်တွင်းရှိ ရွှန်းမြသောအရိပ်အယောင်တို့အား ညီဘွားနားလည်နေသလို ညီဘွား၏မျက်ဝန်းတွေမှတစ်ဆင့် နှလုံးသားထဲက ဘာသာစေအတွေ့ကို ကျေးနုလည်း မသိမသာဖတ်ရှုနေတတ်ပြီဖြစ်သည်။

သို့သော် ညီဘွား၏နှုတ်ဖျားကမူ ကျေးနုအပေါ် ရံဖန် သံယောဇဉ်ရိပ်သန်းသည်လားဟု တစ်ခါတစ်ရံ ကျေးနုတွေးနေမိသည်။

သို့သော် ညီဘွားကိုမြင်တွေ့နေရပါလျှင် ကျေးနုရင်ခုန်သံတွေ စည်းချက်မညီ ဖရိုဖရဲဖြစ်လျက် ရှက်ပြုံးပွင့်နုနုလေးများ လူမသိအောင်ကြွေရတာ အကြိမ်ကြိမ်အခါခါ။

ယခုလည်း ညီဘွားရှေ့မှာ ကျေးနုရင်တွေသိမ့်ဖိုလှုပ်ရှား





နေတုန်း ခေါင်းလေးငုံ့ထားမိ၏။ သူ့အကြည့်များကို ကျေးနုရင်မဆိုင်ဝံ့နိုင်ပါ။

"ကျေးနု"

"ရှင် . . . အစ်ကို"

"ကျေးနုကို အစ်ကိုတောင်းပန်ချင်တယ်"

"ဟင် . . . ဘာကိုလဲအစ်ကို၊ အစ်ကို့စကားက အရင်းမရှိ အဖျားမရှိ"

တောင်းပန်ချင်တယ်ဟူသော ညီဘွား၏စကားက ဘာကိုရည်ညွှန်းမှန်း ကျေးနုမသိ၍ စိုလက်သည့်မျက်ဝန်းလေးတွေဖြင့်ကြည့်တာ စိုးရိမ်တကြီးမေးလိုက်မိပါသည်။

"ခု . . . အစ်ကိုသွားမယ့်ခရီးစဉ်အတွက် ဦးလေးကျော်ကိုသိုက်ပါဖို့အစ်ကို တစ်ကြိမ်မျှမတိုက်တွန်းခဲ့ဘူးဆိုတာ ကျေးနုနားလည်အောင်လို့ပါ၊ ဦးလေးကသာ အစ်ကို့ကို စိုးရိမ်ပြီး . . ."

"အို . . . အစ်ကိုရယ်"

ကျေးနုရင်ထဲနင့်နိုက်လျက် စိတ်ထဲမကောင်းဖြစ်သွားမိသည်။ စောစောက ညီဘွား ဖခင်ဖြစ်သူကိုမေးစဉ် ကျေးနုလေသံက ဆော့ငေါ့မိသလိုဖြစ်သွား၍ သူမအားညီဘွား ထိုစကားကိုဆိုခြင်းဟု တွေးနေ ချက်ချင်းရိပ်စားမိလိုက်သည်။

ဒီအတွက် ညီဘွား သူမအပေါ် တစ်မျိုးထင်မြင်သွားမည်စိုးသည်။

အမှန်တော့ ကျေးနုဖခင်ဖြစ်သူအပေါ် စိတ်လက်မချ ပိုနိုး



www.burmeseclassic.com

www.burmeseclassic.com



လွှန့်ကဲစွာ ရင်ထဲကခံစားချက်ကလေး လှစ်ခနဲထွက်ပေါ်သွားမိခြင်း ရယ်ပါ။ သူမ၏အမှားပင်ဖြစ်၏။

အမှန်တော့ အမေ့အား မရဏကျွန်းသို့သွားရန်ခရီးစဉ်အတွက် ညီဘွားအနေဖြင့် တစ်ခွန်းတစ်ပါဒမျှ တိုက်တွန်းခဲ့ခြင်းမဟုတ်တာ ကျေးနုနားလည်သဘောပေါက်ပါသည်။

သူမ၏ဖခင်ဖြစ်သူကိုယ်တိုင်ကပင် ထိုမရဏကျွန်းသို့ လိုလိုလားလားသွားချင်နေသောဆန္ဒရှိမှန်း ကျေးနု ဟိုတုန်းကတည်းက သိနေခဲ့ပါသည်။

နောက်ဆုံး စိတ်တူကိုယ်တူ အဖေနှင့်ညီဘွားတို့ပေါင်းစည်းမိသွားခြင်းပင်ဖြစ်ကြ၏။

စိတ်မကောင်းဟန်ဖြင့် မျက်နှာညှိုးသွားသောညီဘွားအား ကျေးနုချက်ချင်းပင် ...

"အို ... အစ်ကိုကလည်း ကျေးနုက ဘယ်လိုသဘောမျိုးနဲ့ ပြောလိုက်မိတာမဟုတ်ပါဘူး။ ရိုးရိုးသားသား ပြောလိုက်မိတာပါ။ အစ်ကိုစိတ်မကောင်းဖြစ်သွားရင် ကျေးနု ... အစ်ကို့ကိုတောင်းပန်ပါတယ်"

"ကျေးနုလေးရယ် ..."

ညီဘွား မချင့်မရဲဖြစ်သွားမိသည်။

သူ၏ရှေ့တွင် ခေါင်းလေးငုံ့ကိုက်လျက် မျက်ရည်ကြည်လေးများ ရစ်ဝဲပြည့်အိုင်လာစ မျက်ဝန်းလေးတွေဖြင့် ရွှန်းလက်စွာမော့ကြည့်ရင်း အားငယ်သလို တောင်းပန်စကားတီးတိုးလေးဆိုလိုက်သော





ကျေးနု၏ပုံစံလေးက ရင်ခွင်ထဲသို့ဆွဲသွင်းပွေ့ဖက်လိုက်ချင်စရာပင် ကောင်းတော့၏။

ညီဘွားစိတ်တွေ လှုပ်ရှားကာ ရင်ခုန်သံတွေမြန်လာရလေပြီ။

လျှပ်တစ်ပြက် ညီဘွားနှလုံးသားက ပွင့်အန်ပေါက်ကွဲထွက်သွားရလေတော့၏။

"ကျေးနု"

"ရှင် ... အစ်ကို"

"ကျေးနုကို အစ်ကိုသိပ်ချစ်နေမိပြီ ခုမှမဟုတ်ပါဘူး ... ကျေးနုကို မော်တော်လေးပေါ်မှာ စပြီးမြင်လိုက်ကတည်းက"

"အို ... အစ်ကို"

"ဒီစကားကို အစ်ကို မရဏကျွန်းကပြန်လာတဲ့အခါမှသာ ကျေးနုကိုဖွင့်ပြောဖို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခု ... အစ်ကိုတို့သွားမယ့်ခရီးက ..."

"အို ... အစ်ကို မပြောပါနဲ့"

ကျေးနု သူမ၏လက်သွယ်လေးဖြင့် ညီဘွား၏ ရှေ့ဆက်ပြောမည့်စကားကို နားမထောင်ဝံ့၊ မကြားရဲသလို လှမ်းပိတ်လိုက်သည်။

ညီဘွား ကျေးနု၏လက်ဖျားလေးကို လှစ်ခနဲဆုပ်ကိုင်ကာ

"ကျေးနုရယ် ... အစ်ကို အရမ်းပျော်သွားပြီ ... သိလား ကျေးနုရဲ့ရင်ထဲမှာ အစ်ကို့အပေါ် ဘယ်လောက်စိုးရိမ်ပူပန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ငြည့်သိပ်နေမှန်း အစ်ကိုသိလိုက်ရလို့ ကျေးနုရဲ့ ဂုဏ်ထားတဲ့နုလုံးသားလေးကိုလည်း အစ်ကိုမြင်လိုက်ရတယ်၊ အစ်ကို ပျော်သွားပြီ''

ညီဘွား စကားမဆုံးသေးခင် ကျေးနု၏အိထွေးနေသော ကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်မိလေသည်။ ပြီးတော့ ချိုမြိန်သော အနမ်းလေးတစ်ပွင့် ...။

''အို ... အစ်ကိုလွှတ်ပါ''

''ချစ်တယ်ပြော''

''အင်း ...''

ကျေးနု ခေါင်းကလေး ဆတ်ခနဲညိတ်ကာ ရှက်ရဲနီစွေးသော မျက်နှာလေးဖြင့် အစ်ကို့ရင်ခွင်ကနေ ရုန်းထွက်လိုက်မိလေသည်။

တော်ပေသေးသည်။ အိမ်မှာ မည်သူမျှ မရှိကြ၍။ ရှိလျှင် လွယ်မှာမဟုတ်။

ညီဘွား ချစ်သူအသစ်စက်စက်လေး၏ ရဲစွေးနီမြန်းလျက် ရှက်သွေးဖြာနေသောမျက်နှာလေးအား မြတ်နိုးမဝစွာကြည့်လိုက်ရင်းက ...

''အစ်ကို သွားတော့မယ် ကျေးနု''

''ဟင် ...''

''ဟိုကိုသွားမယ်ပြောတာ ... ဦးလေးနဲ့အတူ လှေကြီးဒိုး သွားစစ်မလို့ ပြောတာပါ''

''သွား ...''

ကျေးနု ထပ်မံ၍ အရှက်သည်းသွားရလေတော့သည်။ ဦ





ဘွားက သူမအား တစ်ချက်ပြုံးပြကာ သူမ၏ဖခင် ဦးမင်းကျော်ရှိရာ လှေဒေါက်တင်ထားရာ မြစ်ကမ်းဆီသို့ လှမ်းထွက်ခွာသွားလေတော့သည်။

ကျေးနုသည် သူ့အနမ်းကြောင့် နွေးထွေးသွားခဲ့သော ပါး ပြင်ဝင်းဝင်းလေးကို ပွတ်သပ်နေမိလျက် ရင်တစ်ခုလုံး လှိုက်ဖိုနွေး ဘာ ...။

* * *

www.burmeseclassic.com

## တိုးကြီးနဲ့ဒိုးကြီးညီနောင်

လှေကို မြစ်ကမ်းစပ်ရှိ မြစ်ရေလွတ်ရာနေရာ၌ ဦးမင်းကျော်တို့လူစု လှေကြံ့ခိုင်မှုနှင့်တကွ လိုအပ်သောပြုပြင်ဖာထေးခြင်းများ ဆောင်ရွက်နေကြ၏။ ညီဘွား သူတို့ထံ လျှောက်လာသည်ကိုမြင်သောအခါ ဦးမင်းကျော်က ...

"ဟော ... လာဟေ့ မောင်ညီဘွား"

"ဘယ်လိုလဲ ဦးလေး ... အဆင်ပြေရဲ့လား"

ညီဘွားက မေးလည်းမေး၊ ပြောလည်းပြော၊ တစ်ဆက်တည်း ဦးမင်းကျော်၏နေရာသို့ရောက်သွားလေသည်။ လှေကို ဦးမင်းကျော်နှင့်အတူ လူနှစ်ယောက်ပါ ပြုပြင်နေခြင်းဖြစ်လေသည်။ ဦးမင်းကျော်က ညီဘွား၏အမေးကို ပြုံး၍ခေါင်းညိတ်ပြလိုက်ပြီး ...

"အဆင်ပြေပါတယ်၊ အတော်အတင့်တော့ ပြီးစီးနေပြီလို့ ဆိုလို့ရပါတယ် မောင်ညီဘွား၊ အမှန်တော့ လှေက သိပ်ပြီးပြုပြင်စရာရယ်လို့ လိုအပ်တာမဟုတ်ပါဘူး၊ ဦးတို့ကသာ ပင်လယ်ခရီးမှို့ ပိုပြီးကြံ့ခိုင်မှုရှိအောင် စစ်ဆေးနေတာပါ မောင်ညီဘွား၊ အဲဒီမရဏကျွန်းဟာ လှိုင်းလေအတော်ထန်တဲ့နေရာကွယ့်၊ ကျောက်ဆောင်အထွတ်





ချွန်တွေလည်း ပေါများတယ်"

ဦးမင်းကျော်က ရှင်းပြနေလေသည်။

"ကောင်းပါတယ်ဦး၊ ဘယ်အရာမဆို ဖြစ်လာမှရင်ဆိုင်ရတာထက် ကြိုတင်ကာကွယ်တာ၊ ပြင်ဆင်တာကို ကျွန်တော်သဘောကျပါတယ်၊ လှိုင်းလေထန်တဲ့ပင်လယ်ထဲမှာ ကျွန်တော်တို့ရဲ့ အသက်အန္တရာယ် လုံခြုံအေးချမ်းမှုနဲ့ရှင်သန်မှုကို ဒီလှေတစ်စင်းကပဲ ကယ်တင်ပေးနိုင်မှာလေ၊ ဦးလေးစိတ်တိုင်းကျ ပြင်ဆင်ပါ"

ညီဘွားသည် ဦးမင်းကျော်အားပြောရင်း လှေကိုပြုပြင်နေကြသောလူနှစ်ဦးအား တစ်ချက်အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုလူနှစ်ယောက်ကို လှေစတင်ပြုပြင်နေစဉ်က ညီဘွားမမြင်ဖူးချေ။

"ဪ ... မောင်ညီဘွားကို တိုးကြီးတို့နဲ့မိတ်ဆက်ပေးရဦးမယ် ... သူ့နာမည်က တိုးကြီး၊ ဒီဘက်က ဒိုးကြီးတဲ့၊ ရွာထဲကငါးဖမ်းတော်လှေလိုက်တဲ့ စက်ရှေ့သမားတွေပေါ့"

"ဪ ... ဟုတ်ကဲ့"

"တိုးကြီးနဲ့ဒိုးကြီး ... မောင်ညီဘွားကိုတော့ မင်းတို့သိကြမှာပါ သစ်တောဌာနက အရာရှိဆိုပါတော့၊ ခု မရဏကျွန်းကြီးကို ဦးဆောင်သွားမယ့်သူဆိုပါတော့"

"သိပါ့ဗျာ ... သိပါ့ သစ်တောအုပ်ကလေး ညီဘွားဆိုတာ ဒီနယ်ကိုရောက်လာတာ သိပ်မကြာသေးပေမယ့် နာမည်ကြီးပါတယ်ဗျား ညီဘွားရောက်လာမှ ဒီဒေသတဝိုက်မှာ သစ်ခိုးထုတ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



သစ်ဖောင်ဝါးဖောင်နိုးမျှောတာတွေ အတော်ပပျောက်သွားတယ်လို့ နာမည်ကြီးနေကတည်းက ကျုပ်တို့က ဆုံချင်နေတာ''

''ဟော့ကောင် ဒိုးကြီး''

''ဘာလဲကွ တိုးကြီးရာ''

''မင်းက ကိုယ့်အလုပ်ကိုယ်လုပ်, ကိုယ့်စကားကိုယ်ပြောတာမဟုတ်ဘူး။ ဆရာလေးကို အားနာစရာကွာ . . .''

''အဟား . . . တိုးကြီးရာ . . . ငါက ဆရာလေးကိုချီးမွမ်းနေတာပါကွ . . . မဟုတ်ဘူးလား ဆရာလေးရာ . . . ဟဲဟဲ''

ဒိုးကြီးဆိုသောသူမှာ အနည်းငယ်ထွေနေပုံရသည်။

စကားပြောသောလေသံမှာ ပင်ကိုဗီဇရိုက်ပေလား။ အရက်ထွေနေ၍ပဲလားတော့မသိပေ။ အနည်းငယ်တော့ အရပ်စကားဖြင့် ပြောရလျှင် ထောင့်မကျိုးလှ။

တိုးကြီးရော ဒိုးကြီးပါ ညီအစ်ကိုဖြစ်ဟန်တူပြီး တိုးကြီးမှာ ဒိုးကြီးလောက် ခန္ဓာကိုယ်မထွားကျိုင်းပါ။ ဒိုးကြီးမှာ တုတ်တုတ်ခိုင်ခိုင်။ ပင်လယ်ကျွဲတစ်ကောင်ပမာ ထွားကျိုင်းပြီး နက်မှောင်နေသောအသားအရေရှိသည်။ တစ်ဖွတ်ထိုး တဖောက်ကန်းလုပ်မည့် မျက်နှာပေါက်မျိုး။

တိုးကြီးမှာလည်း ပင်လယ်ဆားငန်ရေဒဏ်၊ နေလောင်အဟ်တို့ကြောင့် ညိုမောင်းနေသော်လည်း ဒိုးကြီးထက်စာလျှင် အရာရာဝ်တွေးတွေးဆဆလုပ်တတ်သည့်မှန်း မျက်လုံးတွေက ဖော်ပြနေလေသည်။ ရွာထဲကဟုဆိုသော်လည်း ညီဘွားဖြင့် တစ်ကြိမ်မျှမ





မှုးပါ။ ဦးမင်းကျော်က ဆက်၍ . . .

''တိုးကြီးတို့ညီအစ်ကိုကလည်း ဆရာလေးလိုပဲ မရဏကျွန်းကို စိတ်ဝင်စားနေကြတာ ကြာပြီလေ၊ အဲဒါ ဆရာလေးရဲ့ သတင်းကြားတာနဲ့ ဒီတစ်ခေါက်ပင်လယ်တို့ ငါးဖမ်းလှေနဲ့ပြန်မလိုက်တော့ဘဲ နေရစ်ခဲ့ကြတာပေါ့''

''သူတို့က မရဏကျွန်းကိုလိုက်ကြမှာလား ဦးလေး''

ညီဘွား အားမနာနိုင်တော့ဘဲ ဦးမင်းကျော်အား တိုးကြီးနဲ့ ဒိုးကြီးတို့နှစ်ဦးရှေ့မှာပင် မေးလိုက်မိလေတော့သည်။

''မောင်ညီဘွားခွင့်ပြုရင် သူတို့လည်းလိုက်ဖို့ ပြင်ဆင်နေကြတာပဲ၊ လူများတဲ့အခါ တစ်ခုခုဖြစ်လည်း ကာကွယ်လို့ရတာပေါ့''

''အိုဗျာ . . . သူလိုက်ခွင့်ပြုမှ လိုက်ရတာမျိုးတော့ မဖြစ်စေနဲ့ဦးမင်းကျော်၊ မရဏကျွန်းဆိုတာ ဘယ်သူမဆို ကိုယ့်အသက်ကိုယ်မနှမြောရင် သွားလို့ရတဲ့နေရာပါဗျ၊ ဘယ်သူ့ဆီကမှ ခွင့်တောင်းနေစရာမလိုပါဘူး . . . ဒါပဲဗျာ'

''ဒိုးကြီး . . . မင်းပါးစပ် ပိတ်ထားစမ်း''

''ဟုတ်သားပဲ ဒိုးကြီး၊ မင်းစကားပြောပုံက ဆရာလေးကို အားနာစရာကောင်းနေပြီ''

တိုးကြီးက လေသံမာမာဖြင့် ဟောက်လိုက်သည့်အပြင် ဦးမင်းကျော်ကပါ မကျေမနပ်ဝင်ပြောလိုက်သဖြင့် ဒိုးကြီး ဘာမှဆက်မပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားလေတော့သည်။ တိုးကြီးကား ညီဖြစ်သူ၏အပြုအမူကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒိုးကြီးရဲ့စကားအတွက် ကိုညီဘွားကို ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ သူက အရက်မူးလာရင် နည်းနည်းသွေးဆိုးတတ်လို့ စကားလေ့ပေါ်မှာလည်း ပြဿနာမကြာခဏရှင်းရတယ်၊ ဒီအတွက် ကိုညီဘွားစိတ်ထဲမှာ ဘယ်လိုမှသဘောမထားပါနဲ့၊ မရဏကျွန်းကို ကျွန်တော်တို့လိုက်ချင်တယ်ဆိုတာလည်း တမင်လေ့လာရုံသက်သက်ပါ။ ဒီကျွန်းကြီးက မရဏဝဲကြီးထဲမှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ပင်လယ်မှာစက်လှေထွက်နေတုန်း အဖေနဲ့ညီလေးဘတွားတို့ အသတ်ပေးခဲ့ကြရလို့ ဒိုးကြီးခံစားချက်တွေ ပြင်းထန်နေရတာပါ ...၊

အမှန်ဆိုရင် ကျွန်တော်တို့ချည်းပဲဆိုလည်း မသွားရဲကြပါဘူး ခု အကြောင်းစုံလို့ ကိုညီဘွားသွားမယ်ဆိုလို့ ကျွန်တော်တို့စက်လှေတောင် ပြန်မလိုက်တော့ဘဲ နေရစ်ခဲ့ကြတာပါ"

စကားပြောရည်မွန်သော တိုးကြီးအပြောကြောင့် ခုနဒိုးကြီးအပြုအမူကို ခံပြင်း၍ မလိုက်ရန်ပြောမည်ဟုတွေးထားသည့် ညီဘွားဆုံးဖြတ်ရခက်သွား၏။

ရှင်းရှင်းပြောရလျှင် ညီဘွားသည် အဖော်မလိုဘဲ မရဏကျွန်းသို့ တစ်ဦးတည်းသွားရောက်ချင်သူ ဖြစ်သည်။ သူများပါက အပိုပြဿနာများ ရှုပ်ထွေးလာပေမည်။

ညီဘွားသည် စွန့်စားရဲပြီး သွေးမကြောင်တတ်သော၊ လူအများထိတ်လန့်ချောက်ချားကြသည့် ထိုမရဏကျွန်းကြီးဆီသို့ သွားရန် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ပါလား။

နောက်ဆုံး ...

ရှုရှင်အောင်စာပေ



"အင်းလေ ... ကိုတိုးကြီးတို့ လိုက်ချင်တဲ့ဆန္ဒရှိရင်လည်း လိုက်ကြပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်းပေါ်မှာ ကျွန်တော့်အသိမပေးဘဲ ဘယ်အရာမှ မဆောင်ရွက်ကြဖို့ ဒိုးကြီးကိုပြောထားပေါ့ဗျာ"

"ဟာ ... ဒါတော့စိတ်ချပါ ဆရာလေးရာ၊ ဘာပြဿနာမှ မပေါ်စေရပါဘူး"

"ကဲ ... ဦး ... ကျွန်တော်တို့ သွားကြရအောင်"

"ကောင်းပြီ မောင်ညီဘွား၊ ကဲ ... တိုးကြီး ... မင်းပဲ လိုအပ်တာ ဆက်လုပ်ထားကွာ"

ညီဘွားဖြင့်အတူ ဦးမင်းကျော်ပါ မြစ်ကမ်းပေါ်သို့ ပြန်တက်လာခဲ့ကြသည်။ ညီဘွား ...ဦးမင်းကျော်အား တိုင်ပင်စရာတွေ ရှိနေသေးသည်။

ထိုစဉ် မြစ်ကမ်းပါးတာရိုးအတိုင်း သူတို့ရှိရာလာနေသော ကျေးနုအား လှမ်းမြင်လိုက်၏။ ကျေးနု ဘယ်လိုဖြစ်လာပါလိမ့်။

"မြို့ကဧည့်သည်တွေရောက်နေလို့ ကိုညီဘွားကို တွေ့ချင်လို့တဲ့"

"ဟင် ..."

ညီဘွား မျက်မှောင်မသိမသာ တွန့်ကြုတ်သွားမိလေသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ညီဘွား ကျေးနုနှင့်အတူ အိမ်ဘက်သို့လှမ်းခဲ့လေတော့၏။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

## ပြန်လည်ဆုံစည်းမိသူ

"ဟင် . . ."

ကျေးနုတို့နေအိမ်အောက်ထပ် ကွပ်ပျစ်ပေါ်ထိုင်နေသော လူသုံးဦးကို မြင်လိုက်ရသောအခါ ညီဘွားရင်ထဲ ဒိန်းခနဲမြည်ဟည်း သွားလေသည်။

လူသုံးယောက်ဟုဆိုသော်လည်း နံဘေးမှယောကျ်ားသား နှစ်ဦး၏အစွန်၌ထိုင်နေသော မိန်းမချောလေးကသာ ညီဘွားအာရုံကို ဆွဲဆောင်နိုင်သူဖြစ်လေသည်။ ညီဘွားစိတ်တွေ အနည်းငယ်လှုပ်ရှား သွားရ၏။

"ဒေလီ"

"အဟင်း . . . ညီဘွားက ဒေလီကိုမှတ်မိသေးတာပဲနော်၊ ဒေလီက ညီဘွား ဒေလီ့ကိုမေ့နေပြီထင်တာ . . . ဟင်း ဟင်း"

ဒေလီအသံများသည် လွန်ခဲ့သောငါးနှစ်တာကာလတုန်းက ကဲ့သို့ပင် ဆည်းလည်းခတ်သံလေးတွေပမာ လွင်ချိုနေတုန်းဆဲပင်ဖြစ် ၏။

ထို့အတူ သူမ၏မျက်ဝန်းတောက်တောက်လေးတွေက





လည်း လွန်ခဲ့သည့်ငါးနှစ်ကကဲ့သို့ပင် ကြည်လဲ့ရွှန်းမြနေဆဲပါလား

ဒေလီ၏အလှသည် လုံးဝမပြောင်းလဲသေးပါချေ။

ယခုထိ ညီဘွား မမျှော်လင့်သည့်နေရာ၌ ထင်မှတ်မထား သောဒေလီအား တွေ့လိုက်ရသဖြင့် အံ့ဩမှင်တက်စွာ ရပ်နေမိဆဲ

"အဟင်း . . . ထိုင်လေညီဘွားရဲ့၊ ဘာလဲ . . . ဒေလီ့ကိုတွေ့ လိုက်တာနဲ့ တစ္ဆေသရဲတစ်ကောင်ကို မြင်လိုက်ရသလိုမျိုး ခံစား လိုက်ရလို့လား . . . ဟင်း ဟင်း . . . ညီဘွားရယ် ဒေလီက တစ္ဆေသရဲ ဖြစ်နေရင်တောင် ညီဘွားကိုဒုက္ခပေးမယ့်သူ မဟုတ်ပါဘူးနော် ခစ်ခစ်"

ဒေလီ့စကားကြောင့် ညီဘွား ကွပ်ပျစ်မှာဝင်ထိုင်လိုက်သည်။

ဦးမင်းကျော်နှင့်အတူ ကျေးနုကမူ သူနှင့်ဒေလီ့သည်များ၏ ဆက်နွယ်မှုကိုသိချင်ဟန်ဖြင့် မလှမ်းမကမ်းကနေ အကဲခတ်နေကြ လေသည်။

"ဒေလီ ဒီကိုရောက်လာတာလား၊ တို့ရှိတယ်သတင်းကြား လို့ ရောက်လာတာလား"

"အင်း . . . ဆိုပါတော့၊ ညီဘွားနဲ့လည်း တွေ့ချင်တာရယ်၊ နောက်ပြီး ဒေလီမရဏကျွန်းကိုလည်း လာချင်လို့ရယ် ရောက်လာခဲ့ တာပဲဆိုပါတော့၊ ဩော် . . . မေ့လို့ မိတ်ဆက်ပေးဦးမယ်၊ ဒီ ကိုဘသော်တဲ့ . . . ကုမ္ပဏီတစ်ခုရဲ့ ပိုင်ရှင်ဆိုပါတော့၊ ပြီးတော့ ဆက်ထပ်မယ့်သူလေ"

"ဟင် . . ."

"သူက ကိုမားကြီးတဲ့၊ ကိုဘသော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သလို လူယုံလို့လည်း ပြောလို့ရတာပေါ့၊ ကိုဘသော် . . . ဒါ ဒေလီ ပြောပြခဲ့ဖူးတဲ့ ကိုညီဘွား . . . သစ်တောအရာရှိပေါ့''

''တွေ့ရတာဝမ်းသာပါတယ် ညီဘွား၊ ဒေလီကတော့ ညီဘွားအကြောင်း မကြာခဏပြောပါတယ်၊ ခု . . . ကျွန်တော်တို့ ဒီကို ရောက်လာခဲ့ရတဲ့အကြောင်းလည်း ကိုညီဘွားကို ဒေလီပြောပြခဲ့ပြီပဲလေ''

''ဘာလဲ . . . မရဏာကျွန်းကို သွားဖို့ကိစ္စလား''

ဘသော်က ခေါင်းညိတ်ပြသည်။

ဘသော်၏မန်နေဂျာဖြစ်သူ ဓားကြီးဆိုသူကမူ ယခုချိန်ထိ နှုတ်ဆိတ်လျက် ညီဘွားကိုသာ တစ်ချိန်လုံးရှုတည်တည်ဖြင့် အကဲခတ်လျက်ရှိလေသည်။

အမှန်ပြောရလျှင် ညီဘွား ဘသော်ရော၊ ဓားကြီး၏မျက်လုံးတွေကို မနှစ်သက်။ ဒါပေမဲ့ ဒေလီဖြင့်ပတ်သက်နေကြသူတွေဖြစ်သည်။

ညီဘွား မမျှော်လင့်ဘဲ ဤမျှဝေးလံခေါင်သီသော ပင်လယ်ဒေသို့ ဒေလီရောက်လာခြင်းသည် သာမန်အကြောင်းမဲ့ဟူ၍တော့ မတွေးပါ။ ဘာကြောင့်ဆိုသော် ဒေလီသည် တစ်ချိန်က သူ၏နှလုံးသားကိုနာကျင်ရလေအောင် ရွှံ့ထဲဗွက်ထဲ၊ တောထဲတောင်ထဲမှာ သူမ၏အလုကို အညစ်နွမ်းမခံနိုင်ပါဟု ပြောဆိုခဲ့သူတစ်ဦးမဟုတ်ပါလား။

ယခု ဒေလီတစ်ယောက် ရွှံ့ထဲဗွက်ထဲသို့ ရောက်ရှိ၍နေပေပြီ။ ညီဘွား ဒေလီ၏မျက်နှာကို ကြည့်လိုက်ရင်း . . .





''တို့ တစ်ခုတော့သိချင်တယ် ဒေလီ''

''ဘာများလဲ ညီဘွား''

''ဒေလီတို့ မရဏာကျွန်းကို ဘာကြောင့်သွားချင်တာလဲ''

''ဒါက ငါတို့ကိစ္စပါ၊ မောင်ရင်သိစရာမလိုသလို ပြောစို့လည်း အကြောင်းမရှိလှပါဘူး၊ ခု ဒီရောက်တော့ မောင်ရင်ဟာ ဒီရက်အတွင်း မရဏာကျွန်းကို ခရီးထွက်ဖို့ပြင်ဆင်နေတယ်လို့သိရတယ်၊ ဒါကြောင့် ဖြစ်နိုင်ရင် မရဏာကျွန်းကို အတူသွားချင်တယ်ဒါပဲ''

ဒေလီဘာမှမပြောခင် နံဘေးရှိ ဓားကြီးဆိုသောလူကြမ်းက ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်ပါသည်။ ညီဘွား၏မျက်နှာတင်းခနဲဖြစ်သွားသလို ဒေလီကလည်း မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားရင်းက လှမ်းဟန့်တားလိုက်သည်။

''ကို . . . ကိုဓားကြီးကလည်း စကားတိုဘယ်လိုပြောလိုက်တာလဲ . . . ညီဘွားကို အားနာစရာ''

''အလုပ်ကိစ္စမှာ ဓားကြီးတို့က အားနာတယ်ဆိုတာမရှိဘူးဒေလီ၊ ရှောပတ္တမြား ရှော့နဂါး . . . လိုတိုရှင်းပဲ၊ သူကူညီနိုင်ရင်ကူညီပေါ့၊ မကူညီနိုင်ရင် တို့ဘာသာတို့ သွားဖို့စီစဉ်ရမှာပဲ၊ မရဏာကျွန်းကို ရောက်မှဖြစ်မယ် ဒေလီ''

ညီဘွား၏ရင်ထဲမှ သည်းခံခြင်းတည်းဟူသော ကြိုးသားတစ်ချောင်းက ပြတ်တောက်သွားလေပြီ။ ပထမတော့ ဒေလီအပေါ် ယခင်ကရှိခဲ့ဖူးသော သံယောဇဉ်ကြိုးတစ်စကြောင့် ညီဘွား ဒေလီ



www.burmeseclassic.com

www.burmeseclassic.com



တို့အား ခေါ်သွားမလို့ရယ်ပါ။

သို့သော် ဓားကြီးဆိုသူ၏ လူမိုက်ဆန်ဆန် ရင့်သီးသော စကားများက တစ်ခရီးတည်းသွားလျှင် ညီဘွားဖြင့် အဖျင်းပွားပေလိမ့်မည်။

"ဒေလီ ..."

"ပြောပါ ညီဘွား"

"အစကတော့ ဒေလီတို့ကို တို့နဲ့အတူခေါ်သွားမလို့ပါပဲ၊ ဒါပေမဲ့ အခု တို့စိတ်ပြောင်းသွားပြီ၊ ဒေလီတို့ ကိုဘသော်တို့က ငွေကြေးတတ်နိုင်ကြတဲ့သူတွေပဲ၊ မရဏာကျွန်းကို ဘယ်သူမှ မသွားရဲ မလာရဲဘူးဆိုပေမယ့် ငွေကြေးပုံပေးရင် အသက်စွန့်ပြီးလိုက်ပို့မယ့် စက်လှေသမားတွေတော့ ရှိပါလိမ့်မယ်၊ ဒေလီတို့ကိစ္စအတွက် ဒေလီတို့ဘာသာပဲ ပြင်ဆင်ပါ၊ တို့ပြောချင်တာ ဒါပဲဒေလီ"

"ညီဘွား"

ဒေလို့ထံမှ စိုးရိမ်တကြီးခေါ်သံထွက်ပေါ်လာသော်လည်း ညီဘွားလှည့်မကြည့်တော့ပါ။ ဒေလီ ကျောခိုင်းထွက်သွားသော ညီဘွား၏ကျောပြင်အား ကြည့်နေရင်း သူမ၏နှုတ်ခမ်းစွန်း၌ မဲ့ပြုံးလေးတစ်ပြုံးပေါ်လာသည်။

ဘသော်ကမူ နဂိုကတည်းက သွေးအေးရက်စက်သူပီပီ မတုန်မလှုပ်။ ဓားကြီးကသာ စိတ်မြန်၊ စိတ်ဆတ်သူမို့ ခံပြင်းဒေါသ ထွက်ဟန်ဖြင့် ...

"တောက် ... သွားပလေ့စေ ဒေလီ၊ ဘာမှဂရုစိုက်စရာ





မလွဲစရာမရှိပါဘူး၊ ဒီပင်လယ်ဒေသဆိုတာ ဟိုးတုန်းကတည်းက ဓားကြီးရဲ့ ချက်မြှုပ်နေရာဆိုတာ ဒီသစ်တောအရာရှိ သဘောမပေါက်သေးလို့ပါ၊ ကျုပ်တို့ နဂိုကတည်းက ဒီကိုလာခဲ့ကြတာ ကျုပ်သိထားတဲ့ ကိစ္စနဲ့ ဒေလီရဲ့ဘဝဟောင်းကကိစ္စကို အကောင်အထည်ဖော်ဖို့ပဲ မဟုတ်လား၊ ဒီကောင်ရဲ့အကူအညီပါပါမှ မရဏာကျွန်းကိုရောက်မှာ မဟုတ်ဘူး ...၊

ငွေရှိရင် လောကမှာ သေမင်းတမန်တွေရှိတယ်ဆိုတဲ့ ငရဲပြည်ကိုတောင် လိုက်ပို့ပေးချင်တဲ့သူတွေ ဒီလောကထဲမှာ ဒုနဲ့ဒေးပါ၊ ဟဲ ... လာ ... သွားကြမယ်"

ဓားကြီး၏စကားဆုံးသည်နှင့် ဒေလီရော၊ ဘသော်ပါ ခြံတွင်းကနေ သွက်လက်စွာဖြင့် ထွက်သွားကြလေသည်။

ဦးမင်းကျော်နှင့်ကျေးနုတို့ကိုပင် နှုတ်ဆက်ရန် သတိမရကြတော့ပေ။

ကျေးနုသည် ထွက်ခွာသွားကြသော သုံးယောက်အနက် အလယ်မှ ခေတ်မီလှပစွာဝတ်ဆင်ထားပြီး မျက်နှာမှာ မာနရိပ်များ အင်းမာခက်ထန်နေသည့် ဒေလီဆိုသည့် မိန်းမချောလေး၏နောက်ပိုင်းကိုသာ စိတ်ဝင်တစားလိုက်ငေးကြည့်ရင်းမှ ...

"အဖေ ... အဲဒီဒေလီဆိုတဲ့မိန်းမက အစ်ကိုနဲ့ ဘယ်လိုပတ်သတ်နေသလဲမသိဘူးနော်၊ ကြည့်ရတာတော့ အစ်ကိုညီဘွားနဲ့ အတော်လေးရင်းနှီးနေပုံရတယ် အဖေ"

ဦးမင်းကျော် ဦးခေါင်းကို ညင်သာစွာခါယမ်းရင်း အသံပြု



www.burmeseclassic.com

www.burmeseclassic.com



သူ့အား . . .

"အဖေလည်း ဘယ်သိပ့်ါမလဲ ကျေးနုရယ်၊ သူ့တို့ကို ခုမှပဲ တွေ့မြင်ဖူးတဲ့ဥစ္စာ၊ မောင်ညီဘွားနဲ့ တစ်ချိန်က ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာတော့ မောင်ညီဘွားကလွဲရင် ဘုရားသခင်မှပဲ သိနိုင်လိမ့်မယ် သမီး၊ တစ်ခုတော့ ထူးဆန်းတာအမှန်ပဲသမီး . . . ထူးခြားလွန်းနေတယ်"

"ဘာလဲအဖေ"

"မရဏကျွန်းကို ဒီပင်လယ်ဒေသကလူတွေအားလုံး သေမလောက် ကြောက်ရွံ့ထိတ်လန့်နေပေမယ့် ဒီရက်ပိုင်းအတွင်း မရဏကျွန်းကို မြို့ကြီးပြကြီးကလူတွေတောင် စိတ်ဝင်စားပြီး သွားလာဖို့ ရောက်လာတဲ့ကိစ္စပဲလေ သမီးရဲ့ . . . ဘယ်လောက်အံ့သြစရာကောင်းသလဲ . . . စဉ်းစားကြည့်ပါဦး"

"ဒါဟာ . . . အဖေ့အတွက် သိပ်ပြီးထူးဆန်းအံ့သြနေစရာကောင်းလွန်းနေသလို မရဏကျွန်းအတွက်လည်း ကောင်းသောအတိတ်နိမိတ်မဟုတ်ဘူးလို့တော့ အဖေထင်နေမိတယ်သမီး"

ဦးမင်းကျော်သည် စကားဆုံးသည်နှင့် မမြင်နိုင်သော မရဏကျွန်းကြီးတည်ရှိရာအရပ်သို့ အတန်ကြာအောင် ငေးမော၍ကြည့်နေလေတော့သည်။

ဦးမင်းကျော်စိတ်ထဲမှအတွေးကိုတော့ ဦးမင်းကျော်သာ ပို၍သိပေမည်။

* * *

## မရဏကျွန်းခရီးစဉ်

ရာသီဥတုက ကြည်လင်နေသည်။

ရာသီဥတုကြည်လင်နေသဖြင့် ပင်လယ်ပြင်မှာ လှိုင်းလေငြိမ်သက်နေလေ၏။ မြစ်ရေပြင်ပေါ် မြင့်တက်လာစပြုနေပြီဖြစ်သောနေရောင်ခြည်ခပ်နုနုက ရေပြင်ပေါ်သို့ ငွေရောင်လေးတွေပမာ ဖိတ်သက်တောက်ကြွားစွာ ဖျန်းပက်ကျရောက်နေကြသည်။

မြစ်ရေပေါ်မှာ ထွန်ဆင်စက်တပ်ထားသောလှေငယ်လေးကဦးမော့လျက် ရေလွှာပြင်အား ထိုးခွဲကာ တရိပ်ရိပ်ပြေးနေသည်။ ပဲ့ဆောင်လှေဦးထိပ်ကနေ ရေပန်းလေးများဖွာစဉ်လျက် ဘေးနှစ်ဖက်သို့ ဖွာထွက်သွားကြလေသည်။

ညီဘွားတို့ ရွာကနေ အဆာပြေစားသောက်လာပြီးသည်နှင့် မရဏကျွန်းဆီသို့ စတင်ထွက်လာခဲ့ခြင်းဖြစ်လေသည်။

ညီဘွားတို့ပဲ့ထောင်လှေပေါ်မှာ နှစ်ရက်စာ ရိက္ခာစိုခြောက်များအပြင် လိုအပ်သည့်ပစ္စည်းပစ္စယအချို့လည်း ယူဆောင်လာခဲ့ကြလေသည်။

ပဲ့ထောင်ပေါ်မှာ လူများများစားစား မရှိပါ။



www.burmeseclassic.com

ညီဘွားနှင့်အတူ ဦးမင်းကျော်၊ ဘစံရွှေ၊ တင်ရွှေနှင့် ဖိုးတာတို့သာ ပါလာကြသည်။ အစဦးက သူတို့ဖြင့်အတူလိုက်မည်ဟုပြောဆိုခဲ့သော တိုးကြီးနှင့် ဒိုးကြီးတို့ ညီအစ်ကိုနှစ်ယောက်ကမူ မြို့ကရောက်ရှိလာသည့် ဒေလီတို့ဖြင့် ပူးပေါင်းသွားကြသည်ဟု ဦးမင်းကျော်ပြောပြ၍ ညီဘွားသိထားသည်။ ဒါကို ညီဘွားကြို့တွေးပြီးသားဖြစ်၏။

အမှန်တကယ်ဆိုလည်း ညီဘွားသည် ဒီခရီးကို မိမိအား ယုံကြည်သူ၊ မိမိကလည်း ယုံကြည်သူများဖြင့်သာ သွားလာချင်ခဲ့တာ အမှန်ဖြစ်သည်။

ယခုတော့ ညီဘွား၏ဆန္ဒတွေ အလုံးစုံပြည့်မြောက်ခဲ့ပြီဖြစ်ပါ၏။

လှေဦးမှာ မတ်တပ်ရပ်နေသော ညီဘွားအနီးသို့ ဦးမင်းကျော် ရောက်ရှိလာသည်။

"စိတ်တွေ သိပ်လှုပ်ရှားနေလား မောင်ညီဘွား"

"စိတ်လှုပ်ရှားတယ်ဆိုတာထက် စိတ်လောနေမိတယ်ဆိုရင် ပိုမှန်လိမ့်မယ် ဦးလေး။ ဖြစ်နိုင်ရင် ကျွန်တော်တို့ထက်အရင် မရဏကျွန်းကြီးပေါ်လို့ ဘယ်သူမှ အရင်မရောက်စေချင်ဘူး"

"ဟို...လူတွေအဖွဲ့ကို ပြောတာလား။ ရွာကနေ ဦးလေးတို့ထွက်လာတာ ခုထိသူတို့ကိုမှ မတွေ့ရသေးတာ၊ ဦးလေးတို့ ဒီကျွန်းကို ဒီနေ့သွားမယ်ဆိုတာ သူတို့သိချင်မှလည်း သိကြမှာပေါ့၊ ဟိုနေ့ကတော့ သူတို့ တိုးကြီးပိုင် ပဲ့ထောင်ကို အင်ဂျင်ကိုင်နေတာတော့





တွေ့တာပဲ၊ ဒါထက် ... မောင်ညီဘွားကို မေးချင်တယ်"

"ဘာများလဲ ဦးလေး"

ဦးမင်းကျော်ထံမှ စကားအဆန်းကြောင့် ညီဘွား လှည့်ကြည့်လိုက်မိသည်။

ဦးမင်းကျော်၏ မျက်နှာက အားနာရိပ်တွေ ထင်ဟပ်နေလျက် ...

"ဦးသိချင်တာက အဲဒီဒေလီဆိုတဲ့ မိန်းကလေးနဲ့ မောင်ညီဘွား ဘယ်လိုပတ်သက်နေလို့လဲ ... စပ်စုတယ် မထင်နဲ့နော် မောင်ညီဘွား"

"ဒေလီက ကျွန်တော်နဲ့ ကျောင်းနေဘက်ပါ ဦးလေး"

"သြော် ... သိပါဘူးကွယ်၊ ဦးလေးက ဒီထက်မကများ ရင်းနှီးနေလားလို့ပါ၊ ဒေလီဆိုတဲ့ မိန်းကလေးက တစ်မျိုးပဲ"

ညီဘွားတစ်ယောက် ဦးမင်းကျော်၏မှတ်ချက်ကို မည်သို့မျှ ဝေဖန်ချက်မပေးပါ။

ဒေလီဆိုသော မိန်းကလေး၏ စိတ်ဓာတ်အမူအကျင့်နှင့် ခက်ထန်သော မာနတရားတို့ကို သူမှလွဲ၍ မည်သူမျှသဘောပေါက်သိမ့်မည် မဟုတ်ဟု ညီဘွားနားလည်နေမိသည်။

ဒေလီအား ညီဘွားမေ့ပျောက်ထားခဲ့သည်မှာ ကြာပြီ ...

လွန်ခဲ့သော ငါးနှစ်ကျော်ခန့်က ဒေလီပေးအပ်ခဲ့သော [illegible] နှလုံးသားအမာရွတ်တို့က ယခုမှပင် ပျောက်ကင်းကာစ [illegible] သော် ဒေလီသူ့အနားသို့ ပြန်ရောက်လာခဲ့ပြီ။

www.burmeseclassic.com



ဒေလီလို မြို့ကြီးပြကြီးကို ခင်တွယ်တပ်မက်သူတစ်ဦးက ဘာကြောင့် ဤမျှ ဝေးလံပြီးဆင်းရဲကြမ်းတမ်းလှသည့် ပင်လယ်ဒေသတို့ မမျှော်လင့်ဘဲ ရောက်ရှိလာရသလဲ ဆိုတာကို မနေ့ညအိပ်မက်မက်တော့မှပင် ညီဘွားနားလည်သွားရလေတော့၏။

အိပ်မက်ထဲမှ ဓားရောင်များ ဖွေးလက်နေသည့်ကြားမှ မြေထက်ဒူးညွတ်ကျသွားသည့် မြစိမ်းရောင်ဝတ်စုံရှင် ...

ပြီးတော့ သွေးများအိုင်ထွန်းနေသည့်ကြားက လက်ဖြာနေသည့်မျက်ဝန်း ယင်းအိပ်မက်ကို ထပ်မံမြင်မက်မိတော့မှပဲ ဒေလီသည် မြစိမ်းရောင်ဝတ်ရုံရှင်ပါလားဟု သူတိကျစွာ သိသွားရလေတော့၏။ ဒေလီမျက်နှာသည်လည်း မာနတို့ခက်ထန်နေလျက် ...

အရာရာသည် တိုက်ဆိုင်လွန်းလှသည်လား။ တစ်ခါက အိပ်မက်ထဲမှ သူတော်စင်ကြီးပြောဆိုမိန့်ကြားခဲ့သည့် စကားများကို ညီဘွား ပြန်ကြားယောင်မိသည်။

သူတော်စင်ကြီး တင်ကြိုနိမိတ်ပြသခဲ့သည့်အတိုင်း မြစိမ်းလွှာဝတ်ရုံရှင်တစ်ဖြစ်လဲ ဒေလီသည် သူ့အပါးသို့ တစ်ဖန်ပြန်လည်၍ ရောက်ရှိလာခဲ့ပြီပဲ။

''မောင်ညီဘွား''

''ဟင်''

''ဦးတို့ နောက်မှာ ပဲ့ထောင်တစ်စီးလိုက်လာတာတွေ့တယ်ဟို ... ဒေလီဆိုတဲ့ ကလေးမလေးနဲ့ တိုးကြီးတို့ ပဲ့ထောင်ထင်တယ်''

''ဟင် ... ဟုတ်လား''





ဦးမင်းကျော်စကားကြောင့် ညီဘွားနောက်သို့ လှမ်းကြည့်လိုက်မိ၏။ ဟုတ်ပါသည်။ သူတို့၏ စက်လှေနောက်မှာ စက်ကုန်ဖွင့်လျက် ရေပန်းတွေတဖွားဖွား လူတစ်ရပ်မကအောင် လွင့်ဖွာလျက်မောင်းနှင်လာသည့် ပဲ့ထောင်တစ်စီး ...။

ဒေလီလိုက်ပါလာသော ပဲ့ထောင်မှလွဲ၍ အခြားမဖြစ်နိုင်ပါ။

''သူတို့ပဲ ဖြစ်မှာပေါ့ ဦးလေးကျော်''

''မြစ်ထဲမှာ ပဲ့ထောင် အဲသလောက်မောင်းကာ အန္တရာယ်အရမ်းများတယ် မောင်ညီဘွား၊ အင်းလေ ... သူတို့က မြို့သားတွေပဲ''

'ဘာရော .. ဝေါ်'

ဦးမင်းကျော်၏ စကားမဆုံးခင်မှာပင် စက်ကုန်ဖွင့်မောင်းနှင်လာသော ပဲ့ထောင်က သူတို့ပဲ့ထောင်လှေ၏ ညာဘက်ဝါးနှစ်ပြန်အကွာကနေ ဝေါခနဲ ဖြတ်မောင်းသွား၏။ ပဲ့ထောင်ဦးမှာ ဖါကြိုးပြာလေး ခေါင်းစည်းလျက် မျက်မှန်နက်ကလေးတပ်ကာ လိုက်ပါသွားသူက ဒေလီ ...။ ညီဘွားရှိရာဘက်သို့ ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်သွားလေသည်။

ဒေလီ၏ နောက်မှာက ဘသော်နှင့်ဒိုးကြီးကထိုင်နေသည်။ ပဲ့ထောင်ကို မောင်းသွားသူက ဓားကြီးဖြစ်သည်။ ဓားကြီး၏ ... က ဖင့်ကြွားလျက် ထိမထင်ဟန် ...

ပဲ့ထောင်ထဲတွင် ထိုင်နေသော တင်ရွှေ ...

''ကိုညီဘွား ... ဒီကောင်တွေ သ...

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ပြောတာကွ . . . တောက်"

"သွားပါစေဗျာ . . . မရဏကျွန်းမှာ ပြန်ဆုံတွေ့ကြမှာပဲ၊ နောက်ပြီး သူတို့နဲ့ ကျွန်တော်တို့က ရည်ရွယ်ချက်ချင်းလည်း မတူပါဘူး"

ဝေါခနဲအဝေးသို့ချက်ချင်း ရောက်ရှိသွားသော ပုံထောင်စက်လှေငယ်ကို ငေးကြည့်ရင်း ဦးမင်းကျော်သည် ခေါင်းတညိတ်ညိတ်။

"ဒီလူတွေကြည့်ရတာ မရဏကျွန်းကို အတော်လေးအထင်သေးပုံရတယ်၊ အင်း . . . ခက်တော့ခက်နေပြီ"

"ဘာကိုခက်တာလဲ ဦးလေးကျော်"

ညီဘွားမေးလိုက်သောအခါ ဦးမင်းကျော်က သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး . . .

"အင်း . . . မထူးတော့ပါဘူးလေ၊ ညီဘွားကို ဦး အမှန်အတိုင်းပဲ ဝန်ခံပါတော့မယ် . . . ဦး မရဏကျွန်းကို မရောက်ဖူးဘူးဆိုတာ တကယ်မဟုတ်ဘူး။ ဦး အဲဒီကျွန်းကို နှစ်ကြိမ်တိတိရောက်ဖူးတယ် မောင်ညီဘွား"

"ဟင်"

ဦးမင်းကျော်၏ စကားကြောင့် ညီဘွားတင်မက ပုံထောင်ဝမ်းထဲထိုင်နေသူတွေ အားလုံးအံ့အားသင့် သွားမိလေသည်။

"စက်လှေသမားတွေ့, တံငါတွေ ဘယ်သူမှမသွားရဲကြဘူး နတ်ကြီးတယ်, အခြောက်အလှန့်ထူပြောတယ်ဆိုလို့ သေသေကွာဆိုပြီး ဘယ်သူမှအဖော်မခေါ်ဘဲ ဦး စွန့်ပြီးသွားခဲ့တာပဲ မောင်ညီဘွား





ကျွန်းရဲ့မြောက်ဘက်ထိ ဦးလေးရောက်ခဲ့တယ်"

"ဦး . . . ကျွန်းပေါ် တက်မကြည့်ခဲ့ဘူးလား"

"ဦးသွားတဲ့ညက ဒီရေကလည်း ကျနေတဲ့အချိန်ဆိုတော့ တမ်းခြေမှာ ကျောက်စွန်းကျောက်စွယ်တွေ အရမ်းထူထပ်နေတယ်ကွယ့်၊ ဦး ကျွန်းပေါ် မရမက တက်ဖို့ကြိုးစားတာ မြောက်ဘက်ကျွန်းအစပ်မှာတင် ထူးခြားတာတွေ့ကြုံရတော့တာပဲ"

ညီဘွား . . . ဦးမင်းကျော်တို့၏စကားအား နားထောင်နေသော်လည်း ထင်မြင်ဝေဖန်ချက် ဘာတစ်ခွန်းမှ မပေးချေ။

သူ့အကြည့်တို့က ရှေ့ရှူတည့်တည့်သို့သာ . . .

ပုံထောင်လှေငယ်က မြစ်ခွဆိုင်အား လှမ်းမြင်နေရလေပြီ။

ခဏအကြာ ခပ်ညို့ညို့ ကုန်းတန်းလေးကို မြင်လိုက်ရလေ၏။ ညီဘွားထိုင်နေရာက နောက်ဘက်သို့ လှည့်ကာ မေးလိုက်မိသည်။

"ဦးလေးကျော် . . . ဟိုးကမြင်ရတာ မရဏကျွန်းမို့လား"

"ဟုတ်တယ် . . . အဲဒါ မရဏကျွန်းပဲ မောင်ညီဘွား"

ညီဘွား၏ရင်အစုံသည် မသိမသာလေး လှုပ်ရှားသွားမိတာ မည်သူမျှမရိပ်မိလိုက်။ သူ အရမ်းရောက်ချင်နေသော မရဏကျွန်းသို့ ရောက်လေပြီ။

ရေစစ်နေချိန်မို့ ပင်လယ်ရေပြင်ပေါ်ဝယ် မှိုင်းညို့နေသော ကျွန်းကြီးမှာ ထီးတည်းကြီး ပေါ်ထွက်နေလေသည်။

ကျွန်းကြီး၏ တစ်ဖက်တစ်ချက်မှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် ပင်လယ်ပြာပြာကြီး . . . ။

"ဟို . . . ပဲ့ထောင်ကို မတွေ့ရတော့ပါလား မောင်ညီဘွား"

"ဒေလီတို့လား . . . ခုလောက်ဆို ကျွန်းကိုရောက်သွားကြရောပေါ့၊ သူတို့လှေက မြင်းကောင်ရေပိုများပြီး အင်ဂျင်နှစ်လုံးတပ်ဆိုတော့ ကျွန်တော်တို့ထက် ပိုစောပြီး ရောက်သွားမှာသေချာတယ်"

"ကဲ . . . ဦးလေးကျော်က ရေကြောင်းပိုကျွမ်းတော့ ဖိုးတာနေရာမှာ ဝင်မောင်းပြီး ကျွန်းကိုကပ်ဗျာ၊ ရေအောက်မှာ ကျောက်တန်းတွေ၊ ကျောက်ဆွယ်တွေက ရေကျနေတော့ ပိုအန္တရာယ်ကြီးနိုင်တယ်"

"စိတ်ချစမ်းပါ မောင်ညီဘွားရာ"

ဦးမင်းကျော်သည် တက်ကြွရွှင်လန်းနေသော အသံဖြင့်ပြောကာ ပဲ့ကိုင်နေသောဖိုးတာဖြင့် လူချင်းလဲလိုက်၏။ ဖိုးတာလည်း စက်လှေပဲ့ထောင်မောင်းတာ ကျွမ်းကျင်သူပါပေ၊

သို့ပေမယ့် ဦးမင်းကျော်က ပို၍ကျွမ်းကျင်ပါးနပ်ရည် ပြည့်လေသည်။

သူတို့ပဲ့ထောင်စက်လှေငယ်က ကျွန်းကြီးဆီသို့ စက်ရှိန်လျှော့ကာ တဖြည်းဖြည်း ချဉ်းကပ်လာလေပြီ။

နာမည်ကျော် မရဏာကျွန်းကြီးပါပဲလား။

* * *

## ဘောဂယက္ခယန္တရားမြို့တော်ကြီး

ဦးမင်းကျော်သည် သူတို့၏ ပဲ့ထောင်လှေငယ်အား ကျောက်စွယ်တန်းများ၊ ကျောက်စွန်းများကို ရှောင်ကွင်းပြီး လွတ်ကင်းရာကျွန်းကြီး၏ မြောက်ဘက်ခြမ်းတွင် ထိုးဆိုက်လိုက်၏။ ထိုနေရာသည် မြင့်မားသော လေကွယ်မျက်ကွဲ့ယ် ကျောက်ဆောင်ကြီးများရှိပြီး လှိုင်းဒဏ်များကလည်း ကင်းလွတ်လေသည်။

လှိုင်းဆောင့်၍ ကျောက်ဆောင်ဖြင့် ရိုက်မိပါက စက်လှေကွဲသွားပေမည်။

"ဟိုပဲ့ထောင်ကို မတွေ့ပါလား ဦးလေးကျော်"

"ဒီကျွန်းကြီးက အကြီးကြီး မောင်ညီဘွား၊ သူတို့သည်းဦး တို့လို လေကွယ်, လှိုင်းကွယ်နေရာတစ်ခုမှာ ဆိုက်ထားကြမှာသေချာတယ်"

"ကဲ . . . ကျွန်းပေါ်တက်ကြရအောင်"

ညီဘွားက သတိပေးလိုက်ပြီး သူကိုယ်တိုင်

မရဏာကျွန်းကြီး၏မြေကို စတင်နင်းလိုက်လေသည်။

ရုတ်တရက် မည်သို့မည်ပုံ ဖြစ်သွားသည်

www.burmeseclassic.com



ကျွန်းကြီး၏ ပကတိမြေသားထက် ညီဘွားခြေဖဝါးထိတွေ့မိလိုက်သည်နှင့် ညီဘွားတစ်ကိုယ်လုံး စွမ်းအားတစ်ခု တိုးဖောက်ဝင်ရောက်လာသလို အေးစိမ့်သွားပြီး ကြက်သီးမွေးညင်းများ တဖျင်းဖျင်းထသွားမိရလေသည်။

ထူးခြားဆန်းကြယ်လှန်းသည့် ထိုအဖြစ်ကို ညီဘွား မည်သူ့မှ ပြောမပြချေ။ ညီဘွားတို့လှေစုမှာ စုစုပေါင်း ငါးယောက်ဖြစ်၏။

ကုန်းမြေပြန့်လေးအတိုင်း ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

"မောင်ညီဘွား"

"ဘာလဲ ဦးလေးကျော်"

"ကျုပ် . . . လှေပေါ်မှာ ပြောပြခဲ့တဲ့ တစ်ခါကဒီကျွန်းကြီးပေါ် ရောက်တုန်း ပြင်းထန်တဲ့တိုက်ပွဲကြီးဖြစ်ပြီး ခုတ်သံ, ထစ်သံ, အော်သံတွေကြားရတဲ့ ဒီသစ်တောကြီးထဲမှာပေါ့ကွ"

"ဟင် . . . အါ . . . အါဆို ဦးမင်းကျော်ကို တစ္ဆေသရဲတွေ ခြောက် . . . ခြောက်လှန့်လိုက်တာ ဒီ . . . ဒီနေရာပေါ့"

"ဖိုးတာရာ . . . မင်းကလည်း တစ်မျိုး"

ဦးမင်းကျော်၏စကားကို နားစွန်နားဖျားကြားလိုက်သည့် ဖိုးတာက ထိတ်ထိတ်ပျာပျာပုံစံဖြင့် ပြောလိုက်၏။ မျက်လုံးကလည်း ဟိုကြည့်ဒီကြည့်နှင့် . . .။

ဘစံရွှေ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်ကာ မာန်မဲလိုက်တော့မှ ဖိုးတာ ငြိမ်ငြိမ်ကုပ်ကုပ် လိုက်ပါလာလေသည်။

"ဒီကျွန်းကြီးကို ဟိုးရှေးနှစ်ပေါင်း နှစ်ထောင်လောက်က





သောဂယက္ခယန္တရားမြို့တော်ကြီးလို့ ခေါ်ခဲ့ကြတယ် ဦးလေးတော့်"

"ဟင်"

"ဘယ် . . . ဘယ်လို မောင်ညီဘွား"

အားလုံးထံမှ တအံ့တသြအကြည့်တွေက ညီဘွားမျက်နှာပေါ်သို့ စုပြုံကျရောက်လာလေသည်။ သူတို့၏အကြည့်တွေက မယုံကြည်နိုင်သလို . . .

ညီဘွားသည် သူတို့တစ်တွေ၏အကြည့်ကို သဘောပေါက်ဟန်ဖြင့် မေးလိုက်၏။

"ကျွန်တော်ပြောတာ မယုံကြလို့လား ဦးလေးကျော်"

"ဟာ . . . မဟုတ်ရပါဘူး မောင်ညီဘွားရာ၊ မင်းစကားကို ဦးတို့ အရမ်းအံ့သြသွားမိလို့ပါ"

"ဟုတ်တယ်ဗျာ . . . ဆရာညီဘွားက ဒီမရဏကျွန်းဆိုတာကို တစ်ကြိမ်မှလည်း မမြင်ဖူး, မရောက်ဖူးဘဲနဲ့ ခု ဒီကျွန်းကြီးရဲ့ နာမည်ကိုတောင် ပြောပြလိုက်လို့ မယုံနိုင်အောင်ဖြစ်သွားတယ်"

ချောင်းခေါင်း ကိုတင်ရွှေကပါ ထပ်ဆင့်ဝင်ပြောလေသည်။

ညီဘွား သက်ပြင်းတစ်ချက်ကို လေးလံစွာရှိုက်လိုက်မိပြီး အားလုံးကိုကြည့်လိုက်ကာ . . .

"ကျွန်တော် အားလုံးကို သတိပေးချင်တယ်"

"ဘာများလဲ မောင်ညီဘွား"

"ကျွန်တော်တို့ဟာ ခုဆိုရင် ဒီပင်လယ်ဒေသမှာ [illegible] ရှန်စားပြီး မသွားမလာရဲတဲ့ မရဏကျွန်းကြီးပေါ်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီကျွန်းကြီးကို ရိုးရိုးသုတေသနပြုဖို့ထက် ဘာကြောင့် လာချင်ရသလဲဆိုတာ နောက်တော့ ကျွန်တော်ရှင်းပြပါ့မယ် ...၊

တစ်ခုရှိတာက ... ဒီကျွန်းကြီးပေါ်ကို ဒီနေ့ တစ်ချိန်တည်း တစ်ပြိုင်တည်း ရောက်ခဲ့ကြတာ ကျွန်တော်တို့တင် မဟုတ်ဘူး။ ဒေလီတို့ ဘသော်တို့လည်း ရောက်နေကြတယ်၊ သူတို့မှာ ဘာရည်ရွယ်ချက်ရှိတယ်ဆိုတာ ကျွန်တော်မသိပေမယ့် မရိုးသားဘူးဆိုတာတော့ သေချာပါတယ်''

''ဟုတ်တယ် ညီဘွား၊ သူတို့ပုံစံက မရိုးသားတာ အမှန်ပဲကွ၊ တိုးကြီးနဲ့ ဒိုးကြီးတို့ ညီအစ်ကိုဆိုတာ ဟိုတုန်းက ရွာမှာအရက်သောက်, ဖဲရိုက်နဲ့ ဆိုးသွမ်းတဲ့ကောင်တွေပဲ၊ ဒီကောင်တွေမှာ အကြံအစည်တစ်ခုခုရှိလို့ ဟို ... မြို့ကလာတဲ့ လူတွေနဲ့သွားပေါင်းတာပေါ့၊ ဒီကောင်တွေက ပင်လယ်ဓားပြအဆက်တွေဗျ''

ညီဘွား ခေါင်းညိတ်ပြလိုက်မိသည်။

''ကျွန်တော်ပြောချင်တာ အန္တရာယ်ဆိုတာ ကျွန်တော်တို့အပေါ် မြင်ရတာရော, မမြင်ရတဲ့ အန္တရာယ်တွေပါ အချိန်မရွေး ရောက်ရှိလာနိုင်တယ်၊ ခုချိန်ကစပြီး သတိရှိဖို့ပါပဲ၊ ကိုယ့်လူကလွဲရင် ကျွန်းပေါ်မှာ ဘယ်သူမှမယုံရဘူး''

''မောင်ညီဘွား ပြောတာ ဟုတ်တယ်၊ ခုချိန်ကစပြီး သတိရှိကြဟေ့၊ လက်နက်တွေလည်း ကိုယ်နဲ့မကွာစေနဲ့''

''ကျုပ်ကတော့ လူလူချင်း မကြောက်တတ်ပါဘူးဗျာ၊ ဒီကျွန်းက တစ္ဆေကျွန်းဆိုတော့ သရဲတစ္ဆေတွေနဲ့ တွေ့ရင်သာ ...''





ညီဘွားတို့မှာ မည်သည့်လက်နက်မှ မပါလာပါ။

ရိုက်ဖယ်ဗြောက်၊ ရေဘူးနှင့်တောလိုက်ဓား တစ်ယောက်တစ်ချောင်းစီသာ ပါလာကြ၏။ ဘစ်ရွှေကတော့ မုဆိုးလည်းလိုက်၍ အရေးအကြောင်းရှိ သုံးရအောင်ဆိုပြီး သူကိုင်ဆောင်နေကျ ဒူးလေးကြီးကိုတော့ ယူဆောင်လာခဲ့သည်။

အမှန်တော့ ညီဘွားသည် ကျွန်းပေါ်၌ သူတို့လက်လွတ်နေကြမည်စိုး၍သာ သတိပေးခြင်းဖြစ်၏။ သို့သော် ကျွန်းကြီးမှာ ကြီးမားလွန်းလှ၏။ အန္တရာယ်ဆိုတာ ပြောလို့မရ။ နှစ်ပေါင်းများစွာ လူသူမရောက်မပေါက်၍လည်း အဆိပ်ရှိသော မြွေဆိုးများမှစ၍ အခြားအန္တရာယ်များလည်း ကြုံတွေ့နိုင်သဖြင့် သတိပေးခြင်းသာ ...။

အသက်ကို ဉာဏ်စောင့်သည်ဟုဆိုသည် မဟုတ်ပါလား။

ညီဘွားတို့ ရှေ့ဆက်လျှောက်လှမ်းလာကြ၏။ ထူထပ်စွာပေါက်ရောက်နေကြသည့် သစ်ပင်ချုံနွယ်များဖြင့် နွယ်ဒါန်းပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းခဲ့ရသည်။ တစ်နေရာအရောက် ...

''ဟင်''

''ဟာ ... ဆ ... ဆရာ အရိုးစုတွေပါလား''

မြေပြန့်တစ်ခုတွင် တွေ့မြင်လိုက်ရသည်က မြောက်မြားလှစွာသော လူဦးခေါင်းခွံများနှင့် အရိုးစုကြီးများက ပြန့်ကျဲနေလျက်။

တချို့ကမူ မြေကြီးထဲနစ်မြုပ်လျက် မြက်ရိုင်းများပင် ပေါက်ရောက်နေကြသည်။

မသိလျှင် ဤမျှများပြားသည့် အရိုးတောင်ပုံ...



www.burmeseclassic.com

www.burmeseclassic.com



လူရှိန်ရ သချိုင်းဂူကြီးဟုပင် ခေါ်ဆိုနိုင်ပေသည်။

"အရိုးတွေ တောင်ပုံယာပုံပါလား မောင်ညီဘွား"

"မထူးဆန်းပါဘူး ဦးလေးကျော်၊ ကျွန်တော် ပြောပြခဲ့သလိုပဲ ... ဟိုးတစ်ခေတ်တစ်ခါက ဒီကျွန်းကြီးဟာ မြို့တော်ကြီးတစ်ခုလေ၊ နောက်တော့ ရန်သူတွေ လာရောက်တိုက်ခိုက်လို့ မြို့တော်ကြီးဟာ သွေးချောင်းစီးပြီး ကွယ်ပျောက်ခဲ့ရတာပါ"

"အင်း ... မောင်ညီဘွားက ဒီကျွန်းကြီးနဲ့ပတ်သက်လို့ အတော်သိနေပါလား ... အံ့စရာပဲ"

"အိပ်မက်လေ ဦးလေး .. ကျွန်တော် ဒီကျွန်းကြီးအကြောင်း မကြာခဏ အိပ်မက်မက်တယ်၊ ဒါကြောင့်လည်း ကျွန်တော် ဒီကျွန်းကြီးကို လာချင်တဲ့ဆန္ဒတွေ ပြင်းထန်နေတာပေါ့၊ ကျွန်တော် ပြောတာ မယုံရင် ဟိုမှာကြည့်လေ"

ညီဘွား တစ်နေရာသို့ညွှန်ပြလိုက်ရာ အားလုံးက ကြည့်လိုက်လေသည်။

"ဟင်"

"ဟာ"

အားလုံးအံ့အားသင့်သွားကြ၏။ သူတို့မြင်တွေ့လိုက်ကြရသည်က မြေကြီးထဲ၌ နစ်တစ်ဝက်၊ ပေါ်တစ်ဝက် ဒိုင်းလွှားကြီးတစ်ခုဖြင့် ဆောင်မားရှည်တစ်လက် ...

အရာဝတ္ထုများမှာ သံချေးပင်အလိမ်းလိမ်း ကပ်ညိ၍ ဆွေးမြည့်နေပေပြီ။





ညီဘွားက ဆောင်မားရှည်အား လက်ဖြင့်အသာအရာ ထိလိုက်ရာ ခုနှ မတ်ထောင်လျက်ရှိသည့် ဆောင်မားကြီးမှာ ဖျတ်ခနဲ မြေမှုန့်စတွေကဲ့သို့ ကြေမွသွားလေ၏။

"ဒီဆောင်မားဟာ ဟိုးတုန်းက ယန္တရားမြို့တော်သားတွေ ကိုင်ဆောင်ခဲ့ကြတဲ့ ဆောင်မားပါ၊ ပင်လယ်ရေအောက်မှာ နှစ်ပေါင်း နှစ်ထောင်ကျော် တည်ရှိနေခဲ့တာပေါ့၊ ဒီမရဏကျွန်းကြီးဟာ တစ်ချိန်တုန်းက ဘောဂဃကွဲယန္တရားမြို့တော်ကြီးပေါ့"

"ဘယ် ... ဘယ်လို ... မောင်ညီဘွား"

"အင်းလေ ... ဒီအကြောင်းတွေကို ခုချိန်မှာ ကျွန်တော် ရှင်းပြလည်း ယုံကြည်နိုင်မယ့်သူ ရှိချင်မှရှိပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်ပြောတာတော့ အမှန်တွေပါလို့ ဦးလေးကျော် ယုံကြည်ပါဗျာ"

ထိုအခိုက် ... သူတို့လူစု၏ အနောက်ဘက် နွယ်ချုံရိုင်းတွေကြားမှ လူတစ်ယောက်ထိုးထွက်လာလေသည်။

"မင်းပြောတဲ့ စကားတွေကို ဘယ်သူတွေယုံယုံ၊ မယုံယုံ ကျုပ်ကတော့ ယုံပါတယ် ညီဘွား။ ဒီကျွန်းကြီးဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်က အရှင်မသီရိစန္ဒာဒေဝီ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ ယန္တရားမြို့တော်ကြီးဆိုတာကိုပေါ့၊ ယုံလို့လည်း ဒီနေရာထိ ဒုက္ခခံပြီး ရောက်လာနိုင်ခဲ့တာပေါ့ ... ဟဲဟဲ"

"ဟင် ... ဘဘသော်"

ချုံနွယ်များကြားကနေ လှမ်းထွက်လာသူမှာ ကုလား[illegible] သူဌေးလေး ဘသော်ဖြစ်ပြီး သူ့နောက်မှ လိုက်ထွက်လာသူက [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေလီ၊ တိုးကြီးနှင့် ဒိုးကြီးတို့ပင်ဖြစ်ကြလေသည်။ သူတို့လက်ထဲမှာ လက်နက်ကိုယ်စီဖြင့် . . .။

ညီဘွားမှလွဲ၍ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ဘသော်က သူ့လက်ထဲရှိ ပြောင်လက်နေသော သေနတ်တစ်လက်ကို လှုပ်ပြရင်း . . .

"ငြိမ်ငြိမ်နေကြနော် . . . လှုပ်လှုပ်ရှားရှားလှုပ်မယ်ဆိုရင် ဒီသေနတ်ထဲက ကျည်ဆန်တွေက အတုတွေမဟုတ်ဘူး"

"မင်းတို့ ဒါ ဘာသဘောလဲ ဘသော်"

ညီဘွား ခံပြင်းစွာပြောလိုက်မိသည်။

ဘသော်နံဘေးမှာ ရပ်နေသည်က ဓားကြီး . . .။

"မင်းတို့ရဲ့အကူအညီ လိုလို့ပေါ့ကွာ . . . ဟဲဟဲ၊ ကဲ . . . တိုးကြီးတို့ . . . သူတို့ဆီကလက်နက်တွေ သိမ်းလိုက်ကွာ"

"ခွေးကောင် ကိုယ့်ရွာသားချင်း . . . ထွီ"

"ဘာကွ"

'ခွပ်'

တိုးကြီးအား ဖိုးတာကဆဲရေးလိုက်ပြီး တံတွေးဖြင့်ထွေးလိုက်၍ တိုးကြီး၏လက်သီးက ဖိုးတာမျက်နှာပေါ် ကျရောက်သွားလေသည်။ ဖိုးတာ မြေပေါ်လဲကျသွား၏။ တိုးကြီးက ဖိုးတာအားကြည့်ကာ . . .

"ရွာသားတွေ,ဘာတွေ ငါနားမလည်ဘူးဖိုးတာ၊ ဒီကျွန်းမှာ ဂျပန်ခေတ်တုန်းက ဂျပန်တွေမြှုပ်နှံထားခဲ့တဲ့ ရတနာတွေရော,





တိုးတုန်းကမြို့တော်ကြီးက ကျောက်မျက်ရတနာတွေရောရရှိ ငါတို့

ညီအစ်ကို ဘသော်တို့လက်အောက်ခံလိုက်တာပဲ၊ ရတနာတွေရှာ

ပြီးရင် မင်းတို့တစ်တွေကတော့ ဒီကျွန်းကြီးနဲ့အတူ ဝင်လယ်အောက်

လိုက်ပါသွားပေါ့ကွာ . . . ဟဲဟဲ"

"တိုးကြီး စကားမရှည်နဲ့၊ ငါ လျှာရှည်တာမကြိုက်ဘူး

ဒီကောင်တွေကို ကြိုးတုပ်ထားလိုက်"

"ညီဘွားရောလား ကိုဓားကြီး"

"ကျန်တဲ့ကောင်တွေပဲ တုပ်၊ ညီဘွားက ငါတို့ ရတနာသိုက်

ရှာရင် သူ့ကလမ်းပြပေးမယ့်သူ . . . ဟဲဟဲ"

ဓားကြီးကသာ အမိန့်ပေးစေခိုင်းနေသည်။ ဘသော်နှင့်

ဒေလီကမူ အေးအေးဆေးဆေး ပွဲကြည့်ပရိသတ် . . .။

ဘသော်၏လက်ထဲက်သေနတ်ကမူ ညီဘွား၏ရင်အုံအား

တည့်မတ်စွာ ချိန်ရွယ်ထားဆဲဖြစ်သည်။

ဒေလီသည် ချိုနွဲ့စွာပြုံးရင်း ညီဘွားထံသို့လျှောက်လာသည်။

"မောင်တော် ဗညားရှု"

"မင်း ဘာလာကြောင်နေတာလဲ . . . ငါ့နာမည် ညီဘွား"

"မော်တော်ရယ် . . . ဒေဝီ့ကို ညာမနေပါနဲ့တော့၊ ညီဘွား

တာ မောင်တော်ဗညားရှုမှန်း ဒေဝီ အိပ်မက်တွေအရ သိထား

ပြီ၊ ဒီနေရာကနေ မောင်တော်ရယ်, ဒေဝီရယ် တည်ထောင်

ဃန္တရားမြို့တော်ကြီးဆိုတာလည်း ဒေဝီသိထားပြီးပါပြီ၊ ဒေဝီ

တွေ ပြန်ယူဖို့လာခဲ့တာ၊ ဒါ . . . ဒါပေမဲ့ ဘိုးဝီရရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယန္တရားစက်ခလုတ်တွေကို ဒေဝီ လုံးဝမမှတ်မိတော့ဘူး"

"မင်း ရူးနေပြီလားဒေလီ၊ မင်းပြောတာတွေ တစ်ခုမှ ငါ နားမလည်ဘူး ... သိလည်းမသိဘူး"

ဒေလီ၏ လှပသောမျက်နှာလေးက အေးစက်သွားလေသည်။ ဒေလီ့မျက်လုံးအိမ်ထဲမှ မာနရိပ်တွေ တဖျပ်ဖျပ်။ အခိုးအငွေ့ ထွက်နေသကဲ့သို့ ...။

ဒေလီ ချာခနဲ နောက်ပြန်လှည့်ကြည့်လိုက်ရင်း ...

"ကိုဓားကြီး"

"ဗျာ ... ဒေလီ"

"သူ့ကိုပါ ကြိုးတုပ်လိုက်"

"ဟာ ... ဒေလီ ... ဒါ ... ဒါဆိုရင် ရတနာတွေကိုယူဖို့"

ဓားကြီး၏ပုံစံက တစ်စုံတစ်ရာကို စိုးရိမ်နေသကဲ့သို့ အရိပ်တွေလွှမ်းခြုံထားလေသည်။

"အဟင်း ... ရှင်က ကျွန်မဟာ ဗေဟာဒီဘောဂယက္ခ ယန္တရားမြို့တော်ကြီးရဲ့ ဘဝဟောင်းက အရှင်မသိရိစန္ဒာဒေဝီဆိုတာ မေ့လျော့နေပြီထင်တယ်၊ သူ မပါလည်း ကျွန်မတို့ဘာသာ ကျောက်ဥမင်လိုဏ်ထဲဝင်မယ် ... ဒါပဲ၊ သူ့ထိုက်နဲ့သူ့ကံ ထားလိုက်"

ဓားကြီး ကြိုးတစ်ချောင်းဖြင့် သူ့ထံသို့လှမ်းလျှောက်လာလေသည်။ ဒေလီနှင့်ဘသော်တို့က ထွက်သွားကြလေပြီ။

* * *

## လွတ်မြောက်ခြင်းနဲ့စွန့်စားခြင်း

အားလုံး သစ်တောထဲ၌ပျောက်ကွယ်သွားကြလေပြီ။

ဒေလီတို့လူစု ပျောက်ကွယ်သွားသည်နှင့် ဦးမင်းကျော်၏ အသံက ထွက်ပေါ်လာသည်။

"မောင်ညီဘွား"

"ပြောလေဦးလေး"

"ကျုပ်တို့ ဒီအတိုင်းငုတ်တုတ်ကြီး အသေခံလို့တော့ မဖြစ်ဘူး ... လွတ်အောင်ကြိုးစားကြမှ ဖြစ်မယ်၊ နို့မို့ အကုန်သေကုန်မယ်"

"ဟုတ် ... ဟုတ်တယ် ကိုညီဘွား၊ ဒီည ပင်လယ်ဒီတက်လာရင် ကျွန်တော်တို့ကို ဒီအတိုင်း ရေအောက်ရောက်သွားအောင် လုပ်ခဲ့တာဗျ"

ဖိုးတာ၏အသံက ခံပြင်းခြင်းတို့ ရောစွက်နေလေ၏။

ညီဘွား ဘာတစ်ခွန်းမှုပြန်မပြောဘဲ သူ၏ခန္ဓာကို သစ်ပင်ပင်စည်ကနေ၍ အောက်သို့အနည်းငယ်လျှောကျနိုင်အောင် ပြုလုပ်နေမိသည်။

သူ၏ခြေသလုံးမှာ ကပ်ချည်ထားသည့် ဓားမြှောင်တစ်လက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ သူ၏တစ်ကိုယ်လုံးအား နှံ့နှံ့စပ်စပ်ရှာဖွေမသွားတာကိုပင် ညီဘွား ကျေးဇူးတင်နေမိသည်။

သူတို့အားချည်နှောင်ထားသည့်သစ်ပင်များမှာ တစ်ပင်နှင့် တစ်ပင်ကွာလှမ်း၍ တစ်ဦးကိုလည်း တစ်ဦးက မတွေ့မြင်ရပေ။

'ရှူး . . ရှူး'

"ဟာ . . . အမလေး"

ဖိုးတာတစ်ယောက် သူ၏အရှေ့ဘက်တောစပ်မှ လျှောခနဲ လှမ်းထွက်လာသောမြွေကြီးကိုကြည့်ကာ မျက်လုံးဝိုင်းသွားရ၏။ ဖိုးတာ အထိတ်တလန့်အော်မိလေသည်။

"အား . . . မြွေ . . . မြွေကြီး"

"ဖိုးတာ မလှုပ်နဲ့ . . . ငြိမ်ငြိမ်နေ"

အနောက်ဘက်မှအသံကြောင့် ဖိုးတာ အနည်းငယ် အား တက်သွားမိသည်။ သူ့အားလှမ်းပြောလိုက်သည့်အသံရှင်မှာ ဆရာ ညီဘွား၏အသံပင်ဖြစ်နေသည် မဟုတ်ပါလား။

ဖိုးတာ သူ့ထံသို့ တရွေ့ရွေ့လာနေသော ပေါင်လုံးခန့်ရှိ မြွေကြီးအား မမှိတ်မသုန်ကြည့်ရင်း ဇောချွေးများပျံလာ၏။ သူ သေရ ပေတော့မည်။

ဖိုးတာ၏ ကြောက်လန့်တကြားအော်သံကြောင့် ညီဘွားခြေ သလုံးရှိဓားမြှောင်အား မရမကကြိုးစားရာ နောက်ဆုံး ရရှိသွားလေ တော့သည်။

ညီဘွား ဒီတစ်ခါတော့ အရမ်းဝမ်းသာသွားပြီး ဓားနှင့် ချည်





တုပ်ထားသည့်ကြိုးကို လျင်မြန်စွာဖြတ်ပစ်လိုက်၏။ သူ လွတ်မြောက် ပြီ။

ညီဘွား ချက်ချင်းပင် အနီးဆုံးသစ်ပင်ဆီသို့လှမ်းကြည့်လိုက် စဉ် အထိတ်တလန့်ဖြစ်သွားရလေသည်။ ကြီးမားလှသော မြွေကြီး တစ်ကောင် . . . ။

မြွေကြီးသည် ဖိုးတာ၏ရှေ့တွင် ပါးပျဉ်းကြီးထောင်လျက်ရှိ နေသည်။

"ဖိုးတာ မလှုပ်နဲ့"

'ဝှစ်'

ညီဘွားလက်တွင်းရှိဓားမြှောင်က သွက်လက်စွာ လှစ်ခနဲ ပြေးထွက်သွားလေတော့၏။ ဓားမြှောင်မှာ မြွေကြီး၏ပါးပျဉ်းကွက်ကို တည့်မတ်စွာ . . . ။

'ဖလူး . . ရှူး'

နာကျင်လွန်းသဖြင့် အနီးရှိချုံနွယ်များအား ဒေါသတကြီး ရစ်ပတ်ကာ အတန့်ကြာတော့မှ ကြီးမားလှသောမြွေကြီးမှာ ငြိမ်သက် သွားလေတော့သည်။

ထိုအခါကျမှ ဖိုးတာမှာ သေဘေးမှလွတ်သွားသူနှယ် သက် ပြင်းရှည်ရှည်ချမိတော့၏။

ညီဘွားက ဖိုးတာအားချည်နှောင်ထားသည့်ကြိုးကိုဖြတ်ပေး ကျန်သူတွေ၏ကြိုးများကိုလည်း ချက်ချင်းလိုက်ဖြတ်ပေးလိုက်၏။

"ဟူး . . . တော်သေးတာပေါ့ မောင်ညီဘွားရာ . . .



www.burmeseclassic.com

www.burmeseclassic.com



တာနေမြှောင်ပါလာသေးလို့ပဲ၊ နို့မို့ဆိုရင် ငါတို့အားလုံး ပင်လယ်ရေအောက် မြုပ်ကုန်မှာ သေချာတယ်”

“အဲဒါက အရေးမကြီးဘူး … ကျုပ်တို့လက်နက်တွေ ဒို့လူ ယုတ်မာတွေအကုန်သိမ်းသွားတာ ဘယ့်နှယ့်လုပ်မလဲ ကိုမင်းကျော်”

“တို့ ဘာဆက်လုပ်ကြမလဲ မောင်ညီဘွား”

“သူတို့နောက် လိုက်ရမယ်၊ ရတနာတွေ သူတို့လက်ထဲ အရောက်မခံနိုင်ဘူး၊ ဒါဟာ ယန္တရားမြို့တော်ကြီးကပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေ”

“ရတနာတွေ … ဟုတ်လား၊ အဲဒါ ကျုပ်တို့ကိုရှင်းပြပါဦး မောင်ညီဘွား၊ ဒီကျွန်းပေါ်မှာ ဘယ်ကရတနာတွေရှိနေလို့လဲ”

“ဒီလိုပါ ဦးလေး … အားလုံးကို ကျွန်တော်ရှင်းပြပါ့မယ်”

ညီဘွား သူ့အိပ်မက်အကြောင်းအရာများထဲမှ ဤမရဏကျွန်းကြီးဖြင့်ပတ်သက်သောဖြစ်ရပ်များအား အတိုချုံး၍ အားလုံးကို ရှင်းပြလိုက်လေသည်။

ညီဘွား၏ ရှင်းပြသောစကားဆုံးသည့်အခါ ဦးမင်းကျော်က အံ့အားသင့်စွာဖြင့် …

“ဒါ … ဒါဆိုရင် ဒီမရဏကျွန်းကြီးဟာ ဟိုးနှစ်ပေါင်းနှစ်ထောင်ကျော်လောက်ကတည်းရှိခဲ့တဲ့ စကြွာမယန္တရားပညာရပ်တွေနဲ့ တည်ဆောက်ထားတဲ့ မြို့တော်ကြီးတစ်ခုပေါ့ … ဟုတ်လား မောင်ညီဘွား”

“ကျွန်တော့်ရဲ့အိပ်မက်တွေကတစ်ဆင့် သိရသလောက်





တော့ အဲဒါသေချာပါတယ် ဦးလေးကျော် … မမှားနိုင်ပါဘူးဗျာ”

ချောင်းအုပ်ကြီးဘိုးစံရွှေနှင့် ကျန်သူများကမူ …

“ဆရာလေးရာ … ဒီစကားတွေကို ဆရာလေးကိုယ်တိုင် ပြောပြလို့ ကျုပ်တို့လက်ခံရတယ်၊ တခြားလူပြောပြရင် ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး … ဆန်းကြယ်လွန်းတဲ့ကိစ္စပဲ”

“ဆရာလေး … ဒါ … ဒါဆိုရင် ဟို … ဒေလီဆိုတဲ့ မိန်းကလေးက …”

တင်ရွှေ၏စကားကြောင့် ညီဘွား၏မျက်ဝန်းတွေက ညှို့မှိုင်းသွားလေသည်။ မြင့်မားလွန်းလှသည့်ကျောက်ဆောင်ကြီးအား မော့ကြည့်နေရင်းမှ တိုးဖျော့စွာဖြင့် …

“ဟုတ်ပါတယ် … သူဟာ ဟိုးလွန်ခဲ့တဲ့သံသရာတစ်ခုက ကျုပ်ရဲ့ကြင်ယာတော် အရှင်မသီရိစန္ဒာဒေဝီမင်းသမီးပါပဲဗျာ၊ သူဟာ အဲဒီဘဝမှာထဲက မာနကြီးပြီးခက်ထန်တယ်၊ ရာဇမာန်ကြီးတယ်၊ ရတနာသုံးပါးကိုမေ့လျော့ပြီး နောက်ဆုံး အသက်ဆုံးခါနီးထိ ကျုပ်ကို နာကြည်းခဲ့တယ်လေ …၊

ဒါပေမဲ့ ဒေလီလည်း ကျုပ်လိုပဲ ထူးဆန်းတဲ့အိပ်မက်အမြင်တွေနဲ့ ဘဝဟောင်းကိုပြန်သိသွားပြီး ဒီကိုရောက်လာခဲ့တာလို့ ကျုပ်ထင်ပါတယ်၊ ဒါပေမဲ့ ခု … သူ့ရဲ့စိတ်ဓာတ်တွေက ပြောင်းလဲ[illegible] ဖြစ်နေခဲ့ပြီလေ”

ညီဘွား သူ့လူတွေအား အကုန်အစင်မပြောပြ[illegible] [illegible]ထားခဲ့သောအကြောင်းများ ရှိပါသေးသည်။ ယင်း[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီးပြောပြခဲ့သည့် စကားများ . . .။ ဒီအမှာစကားတွေကို တော့ ညီဘွား တစ်သက်တာလုံး မျိုသိပ်ထားရပေမည်။

"ခု . . . ကျုပ်တို့ဘာဆက်လုပ်မလဲ မောင်ညီဘွား"

"နောက်ပွင့်မယ့်ဘုရားရှင်အတွက် ရည်စူးပြီးလှူဒါန်းထား တဲ့ ရွှေငွေကျောက်မျက်ရတနာတွေ လူယုတ်မာတွေလက်ထဲ မရောက် အောင် ကာကွယ်ရလိမ့်မယ် ဦးလေးကျော်၊ ကျွန်တော် ကျောက်ဥမင် လိုဏ်ကြီးထဲဝင်မယ်"

"ဟင် . . . မောင်ညီဘွားတစ်ယောက်တည်းလား"

"ဟုတ်တယ် . . . ကျွန်တော် ဘယ်သူ့ကိုမှ လိုက်ခွင့်မပြုနိုင် ဘူး။ ဥမင်ထဲမှာ ဘိုးဝီရဆင်ထားတဲ့ယန္တရားတွေဟာ အန္တရာယ် အရမ်းကြီးလွန်းတယ်၊ ဒီလျှို့ဝှက်ချက်ကို ဘိုးဝီရရယ်, ကျွန်တော်နဲ့ ဒေဝီကလွဲလို့ ဘယ်သူမှမသိကြဘူး"

"ဖြစ်ပါ့မလား မောင်ညီဘွား . . . ဦးတို့ ဒီအထိတောင် ရောက်လာခဲ့ပြီးပြီပဲကွာ . . . သေအတူရှင်မကွာပေါ့၊ တို့ပါ လိုက်ခဲ့မယ်"

ညီဘွား ယတိပြတ်ဆုံးဖြတ်ချက်ချထားဟန်ဖြင့် ခေါင်းကို ခါယမ်းပြလိုက်သည်။

"ကျွန်တော့်စကားကိုသာ နားထောင်ပါဦးလေးကျော်၊ အသက်အန္တရာယ်အရမ်းကြီးလို့ ကျွန်တော်မခေါ်တာပါ၊ ပြီးတော့ ဥမင်ထဲမှာ ဘသော်တို့တစ်တွေ ရှိသေးတယ်၊ လေ့ကပဲ ပြန်ပြီး လ မွန်းမတည့်ခင်ထိ ကျွန်တော့်ကိုစောင့်ပါ"

"လမွန်းတည့် . . . ဟုတ်လား မောင်ညီဘွား"





"ဟုတ်တယ် . . . လမွန်းတည့်ချိန်တိတိမှာမှ ကျွန်တော် ပြန်ရောက်မလာခဲ့ရင် လှေကို ကျွန်းနဲ့ဝေးရာ မောင်းသွားကြတော့ ဒါကိုတော့ လုံးဝမမေ့ကြပါနဲ့၊ ကဲ . . . ကျွန်တော်သွားပြီ"

ညီဘွား သူတို့အားလုံးရှေ့မှ ချာခနဲလှည့်ထွက်သွားချေပြီ။

"မောင်ညီဘွား"

"ဆရာလေး . . . ဆရာညီဘွား"

ညီဘွားကား လှည့်၍မျှပင်မကြည့်တော့ဘဲ သစ်တောအုပ်ထဲ ပျောက်ကွယ်သွားပေပြီ။ သူတို့အားလုံးရင်ထဲ နင့်ဆို့လျက် တစ် ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်မိလိုက်ကြ၏။

ပင်လယ်ပြင်သည် နေရောင်လက်ကျန်ပျပျလေး လင်းလက် နေဆဲ . . .။

ကြမ်းတမ်းသောလှိုင်းတွေက ကျောက်စွယ်ချွန်းများအား ပြေးလွှားရိုက်ခတ်လျက် . . .။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ယန္တရားသားကောင်များ

ကျောက်ဥမင်လိုဏ်၏နံရံတွေရှိ ကျောက်ဆီမီးတိုင်ကြီးများတွင် မီးထွန်းညှိထားသည့်မို့ ဒေလီနှင့် ဘသော်တို့လူစု ဥမင်ကြီးထဲဝင်ရောက်သွားခဲ့သည်မှာ သေချာသွားခဲ့ပြီ။ ညီဘွား ကျောက်လှေကားထစ်တွေအတိုင်း သတိဖြင့် လျှင်မြန်သွက်လက်စွာ လှမ်းဝင်လာခဲ့သည်။

သူ နောက်ကျသွားခဲ့ပြီလား။ သူ သွက်လက်စွာပင် ကျောက်လှေကားတို့အား ကျော်ခဲ့၏။

ညီဘွား၏စိတ်မနောထဲဝယ် စိတ်အလင်းတွေ တဖျပ်ဖျပ်လင်းလက်နေသည်။ လွန်ခဲ့သောဘဝဟောင်းမှ မနောဝိညာဉ်ဓာတ်သည် သူ၏ခန္ဓာကိုယ်အတွင်းသို့ လိပ်ပြာစီးဝင်သကဲ့သို့ ပြန်လည်စီးဝင်၍ မှတ်ဉာဏ်တို့အား လင်းလက်စေပြီထင်နေသည်။

မှတ်ဉာဏ်အလင်းဓာတ်တို့ကြောင့်ပင် ဆရာရှင်စီရင်ခဲ့သည့် ယန္တရားထောင်ချောက်အမျိုးမျိုးတို့အား သူ လွယ်လင့်တကူ ဖြတ်သန်းနိုင်ခဲ့လေသည်။

သူ့ခြေလှမ်းအစုံ အဓိကဦးတည်နေရာသည် ဓမ္မရာဇခန်းမ





ဆောင်ဖြစ်သည်။

ထိုခန်းမဆောင်ထဲမှာ ဆရာအရှင်ဘိုးဝိရ စီရင်ပြုလုပ်ခဲ့သည့် လောကီကျမ်း၊ သိပ္ပံကျမ်းများသာမက စက္ကောမယန္တရားအတတ်ပညာ ကျမ်းအဆူဆူ၊ ပေမူအထူးထူးအပြားပြားပါ တည်ရှိနေသည်။

ယင်းနောက် နောင်ပွင့်တော်မူမည့် ဘုရားရှင်သာသနာ အတွက် လှူဒါန်းထားသော ရတနာပစ္စည်းများ . . .။

ထိုအရာအားလုံး မသမာသူ လူယုတ်မာများလက်တွင်း မရောက်ရှိအောင် သူ အသက်စွန့်ကာကွယ်ရပေမည်။

ညီဘွား၏ခြေအစုံသည် လျှင်မြန်သွက်လက်စွာ ကျော လှေကား၊ ကျောက်တံခါးများကို ဖြတ်ကျော်လာခဲ့ပြီး ခန်းမဆော တစ်ခုအရောက် . . .

"ဟင် . . ."

ရုတ်တရက် သူမြင်တွေ့လိုက်ရသောမြင်ကွင်းက ကျော သားကြမ်းပြင်မှာ လဲကျသေဆုံးနေသည့် တိုးကြီးနှင့် ဒိုးကြီး။ မျ လုံးများပြူးကျယ်လျက် သူတို့၏ရင်တွင် မားပျံတစ်ချောင်းစီ နစ်စို ဝင်နေကြသည်။ ကျောက်မားပျံယန္တရားဒဏ် မိသွားခြင်းပင် ဖြစ်လေ သည်။

ဓမ္မရာဇခန်းမဆောင်သို့ ရောက်ရှိတော့မည်။ ညီဘွား အစုံအား ခပ်သုတ်သုတ်လှမ်းလိုက်မိလေတော့သည်။ ယန္တရားခလုတ်များ များပြားစွာတည်ရှိမှန်း ညီဘွား ၏။

www.burmeseclassic.com



"ဟင် ..."

ဓမ္မရာဇအဆောင်တံခါးသည် ပွင့်နေလျက် ...။

သို့ဆိုလျှင် ဤနေရာသို့ သူတို့ဝင်ရောက်သွားပြီးခဲ့ကြပြီ။ ညီဘွား အခန်းဝအရောက် ...

"အင်း ... ဟင် ..."

"ဟာ ... ဒေလီ ... အရှင်မ"

ကျောက်စကြိုလမ်းဝထိပ်အစပ်၌ သွေးအိုင်ထဲလဲကျနေသော ဒေလီ ...။ ညီဘွား ကမန်းကတန်းပွေ့ထူလိုက်သည်။ ဒေလီ၏မျက်ဝန်းအိမ်တံခါးပွင့်လာပြီး သူ့ကိုမြင်တော့ လက်ခနဲဖြစ်သွားရင်းက ...

"သူ ... သူတို့ ရတနာပစ္စည်းတွေယူ ... ယူသွား"

"ဒေဝီ ... ဒေဝီရယ်"

ထိုစကားမျှသာပြောနိုင်ပြီး သူမ၏ကိုယ်လေး ငြိမ်သက်သွားလေပြီ။

ညီဘွား သူ့ရင်ခွင်ထဲမှ သူမ၏အလောင်းအား ပြန်ချလိုက်စဉ် ...

"ဟားဟား ... ကံကောင်းလို့ ငါတို့မှတ်ဆိတ်ပျားစွဲတာပဲ ဘသော်ရေ၊ မင်းနဲ့ငါ ဒီထွက်မရတဲ့ဥမင်ကြီးထဲမှာ ရတနာတွေနဲ့အတူ မျက်စိလည်နေစရာ မလိုတော့ဘူး ... ဟီးဟီး"

"ကဲ ... ဟော့ကောင် လက်မြှောက်ထားနော်၊ ကဲ ... ငါတို့ကို အပြင်ပြန်ရောက်အောင် လမ်းပြပေတော့၊ ယန္တရားမြို့ဟောင်းက





အရှင်မလေးတော့ ဇိဝိန်ချုပ်သွားရှာပြီ၊ ပြီးရင် ... မင်းရဲ့အလှည့်ပဲ"

ညီဘွား နောက်ကျသွားချေပြီ။

သူ့နောက်၌ ဘွားခနဲပေါ်လာသည်က ဓားကြီးနှင့်ဘသော်တို့နှစ်ယောက်ပင်ဖြစ်သည်။ သူတို့ ဤကျောက်ဥမင်လိုဏ်ခေါင်းကြီးထဲမှာ တဝဲလည်လည် မျက်စိလည်နေပုံရလေသည်။

သူတို့နှစ်ယောက်ကိုယ်ပေါ်မှာ အဝတ်အိတ်တစ်လုံးစီ လွယ်ပိုးထားကြ၏။

ကျောက်မျက်ရတနာတွေသာ ဖြစ်ပေလိမ့်မည်။

"ကဲ ... ရှေ့ကသွား၊ ငါတို့ အပြင်မြန်မြန်ရောက်အောင် လမ်းပြ ..."

ညီဘွားမငြင်းသာတော့ဘဲ ခံပြင်းစူးရှသောမျက်ဝန်းတွေဖြင့် ကြည့်ကာ သူတို့ရှေ့ကနေ လမ်းပြလာခဲ့မိသည်။

ရှေ့ကနေလျှောက်လာရင်းက ညီဘွား၏မှတ်ဉာဏ်အလင်းမှာ ယန္တရားခလုတ်တွေကို အလိုအလျောက်ပြန်မြင်လာသည်။ ကျောက်ဥမင်လိုဏ်ကြီးအတွင်းမှ အပြင်လောကသို့ရောက်သည့် အတိုဆုံးဥမင်လိုဏ်လမ်းကို သူသိသဖြင့် ဦးဆောင်လမ်းပြလာ၏။

ဒီကောင်နှစ်ကောင်၏လက်တွင်းမှ လွတ်မြောက်ရန်လမ်းစကိုလည်း စဉ်းစားလာမိလေသည်။

ညီဘွား ဒီဥမင်လိုဏ်ကြီးတွင်းသို့ ရောက်ရှိနေသည်မှာ အတော်ကြာခဲ့ပြီ။ သူ့ရင်တွင်းမှာ စိုးရိမ်ခြင်းက ပြည့်သိပ်နေလေ၏။

လမွန်းတည့်တိတိအချိန်။ လမွန်းတည့်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လမွန်းမတည့်ခင် ညီဘွား အပြင်ရောက်ဖို့ အရေးကြီးလေသည်။

ကျောက်လှေကားတစ်ဆစ်ချိုးမှာ ညီဘွား အမှတ်မဲ့ခြေချော်လဲကျသွားသည်။

"အမယ် . . . ခွေးမသား . . . အရေးထဲ မြန်မြန်ထစမ်း"

"ထ . . . ထပါပြီဗျာ"

ရုတ်တရက် ညီဘွား နံရံရှိကျောက်တုံးလေးတစ်ခုအား ကိုင်ကာထရပ်လိုက်သည်။ ယင်းအခိုက်မှာပင် . . .

'ဝေါ . . ဝိုး'

"ဝုန်း . . . အား"

ဘသော် နောက်ကျသွားလေပြီ။ အရှိန်ပြင်းစွာပြေးဝင်လာသည့် ကျောက်မြားချွန်တစ်ခုက ရင်ဘတ်ကို ထုတ်ချင်းခတ်ပေါက်သွားပါလေပြီ။

ဓားကြီး၏သေနတ်ပြောင်းဝမှာ မီးပွင့်သွားလေသည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

ညီဘွား လှစ်ခနဲ အနီးဆုံးခန်းမဆောင်တွင်းသို့ ပြေးဝင်လိုက်လေသည်။ ကျည်ဆန်တွေက သူ့နောက်အပြေးလိုက်လာ၏။

ထိုစဉ် တိုးသဲ့စွာမြည်ဟည်းလာသော အသံတစ်သံ . . .။

'ဂျလိမ်း . . ဝေါ'

"ဟာင် . . ."

ညီဘွား ထိတ်လန့်သွားရပါချေပြီ၊ ကျောက်ဥမင်လိုဏ်ကြီး





တစ်ခုလုံး ငြိမ့်ခနဲလှုပ်ခါသွား၏။ လမွန်းတည့်ပြီထင်သည်၊ ယန္တရားကြီးများ စတင်အသက်ဝင်လာလေပြီ။

ညီဘွား ဘာကိုမျှစဉ်းစားမနေတော့ဘဲ ကျောက်ဥမင်လှေကားထစ်တချို့အား ဖြတ်ကျော်ခဲ့လေသည်။ သူ့ အပြင်သို့အမြန်ဆုံးရောက်မှဖြစ်ပေမည်၊ နို့မို့ဆိုလျှင် . . .။ ကျောက်ဆောင်ကြီးက ညီဘွားအမြင်မှာ ပို၍လှုပ်ရှားလာသည်ဟု ထင်မိသည်။

'ဝေါ . . . ဝုန်း'

"အား . . ."

ဓားကြီး၏ စူးရှစွာအော်လိုက်သည့်အသံက ဥမင်လိုဏ်ကြီးထဲ ပဲ့တင်ထပ်သွားလေတော့သည်။ ညီဘွားသည် နောက်ဆုံးကျောက်ဥမင်တံခါးကိုဖွင့်လိုက်၏။

ပင်လယ်ပြင်ကြီးအား ဘွားခနဲ တွေ့မြင်လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မုန်တိုင်းထန်ပင်လယ်

ကျေးနု မီးရောင်အောက်မှနေ၍ ခြံဝဆီသို့လှမ်းကြည့်လိုက်မိသည်။ ယခုအကြိမ်ပါနှင့်ဆိုလျှင် သူမ၏မျက်ဝန်းအစုံက ခြံဝရှိရွာလမ်းမပေါ်သို့ အကြည့်မောတွေရွေ့လျားနေခဲ့မိတာ ဘယ်နှစ်ကြိမ်မျှရှိနေပြီလဲဆိုတာ ကျေးနု မမှတ်မိတော့ချေ။

မိခင်ဖြစ်သူကတော့ ရွာတွင်းကပြန်လာပြီး အိပ်စက်သွားလေပြီ။

ကျေးနုသည်သာ ကျောင်းက ကလေးငယ်များ၏ သင်ခန်းစာစာအုပ်များကို စစ်ဆေးပေးနေရင်းမှ မအိပ်စက်နိုင်သေးဘဲ မျက်ဝန်းတွေက ခြံဝနှင့်မြစ်ကမ်းစပ်ဆီသို့ မကြာခဏရောက်ရှိနေခြင်းပါ။

ကျေးနုရင်တွေ ပူလောင်ပြင်းပြသော စိုးရိမ်စိတ်တစ်စခြင်းအတူ မောဟိုက်နေခဲ့မိတာ ညနေကျောင်းကပြန်ရောက်လာကတည်းကပင် ဖြစ်လေသည်။

ဒီနေ့တစ်နေ့လုံးလည်း ကျောင်းစာသင်ခန်း၌ ကလေးငယ်များကို စာသင်၍သာ နေခဲ့ရသည်။ သင်သောသင်ခန်းစာတွေက အမှားမှား အယွင်းယွင်း . . .။





ညနေခင်း အမှောင်ပျိုးစအချိန်လောက်ကတည်းက ကျေးနုစိတ်အစုံသည် မြစ်ကမ်းဆီသို့ ရောက်ရှိနေလေသည်။

ပဲ့ထောင်လှေစက်သံကြားတိုင်း သူတို့လှေများလားဟု စိတ်တထင့်ထင့်ဖြင့် မျှော်မောရသည်။ ခြေသံအားနားစွင့်ရင်း ရင်ခုန်ခဲ့စားရလေသည်။

အဖေနှင့်ညီဘွားတို့ မနက်လင်းကတည်းက မြစ်ခွဆုံရှိ မရဏာကျွန်းဆီသို့သွားကြသည်မှာ ယခုထိ မရောက်သေးပါချေ။

တစ်ညနေလုံး ကျေးနု၏မျက်နှာနှင့် အမူအရာက ဂနာမငြိမ်ဖြစ်နေခြင်းကို ရိပ်မိသွားသည့် အမေက . . .

"ဟဲ့ . . . မိကျေး . . . တစ်ညနေလုံး ကျောင်းကပြန်လာပြီးကတည်းက မျက်လုံးက ခြံဝမှာချည်းပဲ၊ ဘာတွေဂနာမငြိမ်ဖြစ်နေရပြန်တာလဲ၊ တကတဲတော် . . ."

"အို . . . အမေကလည်း ကိုညီဘွားနဲ့အဖေတို့ ဟိုမရဏာကျွန်းကိုသွားကြတာ နောက်ကျနေလို့ မျှော်နေတာပါ အမေရဲ့"

"ပြန်လာချိန်တန် ပြန်လာမှာပေါ့အေ . . . အဆန်းလုပ်လို့နော် . . . နေစမ်းပါဦး . . . ညည်းနဲ့ အဲဒီမောင်ညီဘွားက ကြိုက်နေကြပြီလား"

"အို . . . အမေကလည်း"

သည့်နောက် မိခင်ဖြစ်သူက အပူအပင်ကင်းစွာ အိပ်ရာတွင်းသို့ဝင်သွားခဲ့လေပြီ။ ကျေးနုသည်သာ ယခုထိ လည်တဆန့်ဆန့်ဖြင့်မျှော်မျှော် . . .။



www.burmeseclassic.com

www.burmeseclassic.com



အံ့ပုန်းအပူ လူမသိ၊ ငုံးအဆူ လူမသိဆိုသလို ကျေးနု၏ ရင်ထဲမှာ ခံစားနေရသော ဝေဒနာအတိမ်အနက်ကို ကျေးနုသာလျှင် နားလည်သဘောပေါက်ပေသည်။ ဘာပဲဖြစ်ဖြစ် . . . ကျေးနု သူ့ကို သိပ်ချစ် သိပ်တွယ်တာနေမိပြီ။

မိန်းမသားတစ်ဦးဖြစ်သော ကျေးနုသည် ညီဘွားဆိုသော သူ့အပေါ်တွယ်ငြိသော သမုဒယသံယောဇဉ်တို့ကို ဘယ်ကျောက် သင်ပုန်းထက်မှာ ဝေဒနာအကြောင်းမပြတ် ကြေညာမောင်းခတ်ဝံ့ ရပါမည်လည်းလေ။ ချစ်တတ်ပါလျှင် ကိုယ်ချင်းစာတတ်ပေမည်။

ကျေးနု ပင့်သက်မောလေး ရှိုက်လိုက်မိကာ စားပွဲပေါ်ရှိ ရေဒီယိုခလုတ်လေးကို တောက်ခနဲလှမ်းဖွင့်လိုက်၏။

လူမသိသူမသိ အပူမိနေတာထက်စာလျှင် သီချင်းကလေး များက သူမ၏ဝေဒနာအပူကို ကြေညာကူလို့ လွှမ်းပေးကြပေလိမ့်မည်။

ကျေးနု ရေဒီယိုဖွင့်လိုက်ပါမှပဲ ရေဒီယိုသတင်းတစ်ပုဒ်က သူမ၏ရင်ကို ထိတ်ခနဲ ထိတ်ပျာသွားစေပါသည်။

"မုန်တိုင်းသတင်း အထူးကြေညာချက်"

"ဟင် . . ."

"မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ယနေ့ညနေခြောက် နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်ကို အခြေ ပြုနေသော် မုန်တိုင်းတစ်ခုသည် မကြာမီအချိန်အတွင်း . . .

မုန်တိုင်းတိုက်ခတ်နေစဉ် မြေပြင်ရေပြင်လေသည် တစ် နာရီလျှင် မိုင်ရှစ်ဆယ်ထိ တိုက်ခတ်နိုင်ပြီး . . ."





"ဟင် . . . ဘုရား . . . ဘုရား"

ကျေးနု ရေဒီယိုအား ရှေ့ဆက်နားမထောင်ရဲတော့။ ပင် လယ်မှာ မုန်တိုင်းတိုက်ခတ်မည်တဲ့၊ သူ . . . သူတို့က သေးငယ်သော ပုံ့ထောင်လှေငယ်လေးဖြင့် ပင်လယ်ထဲရှိ မရဏကျွန်းမှာ . . .။

ကျေးနုရင်တွေ တလုပ်လုပ် တုန်လှုပ်လာရလေသည်။

ချက်ချင်းလိုလိုပင် ကျေးနု၏ရင်ထဲမှာ ကြေကွဲလှိုက်ဆို့လာ ပြီး မျက်ရည်ကြည်လေးများက မျက်ဝန်းအိမ်မှာ ပြည့်အိုင်စုမိုလာရ လေသည်။

"ဘုရား . . . ဘုရား . . . သူ့ရော, အဖေရော ဘာမှမဖြစ်ပါ စေနဲ့"

ကျေးနု၏ဆုတောင်းပင် မဆုံးလိုက်ပါချေ။

ခုနလေးက လရောင်ဖြင့်လင်းကျင်းနေသော ကောင်းကင်ကြီးက ချက်ချင်းညို့မှောင်လာလေသည်။ လေပြင်းလေကြမ်းများကလည်း စက္ကန့်ပိုင်းအတွင်း တိုက်ခတ်ဂျေ့ယမ်းလာကြ၏။ လေက တစ်စစ ပို၍ ရိုင်းစိုင်းကြမ်းတမ်းလာလေသည်။

ရုတ်ခြည်းလိုလို ကောင်းကင်မှာ လျှပ်ရောင်တွေ တရစပ် ထစ်ချုန်းလာလေပြီ။

'ဝေါ . . ဝေါ'

မကြာမီ ကြမ်းတမ်းသောလေဖြင့်အတူ မိုးစက်ပေါက်များ တပါ တရကြမ်းကျရောက်လာလေတော့သည်။ မှန်အိမ်ပေါ်မှာ ဆော ကြမ်းကြောင့် မိုတ်တုတ်တုတ်ဖြင့် လှုပ်ခါယိမ်းထိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆိုမှုလည်း မုန်တိုင်းသတင်းက အဆက်အပြတ်ထုတ်လွှင့်နေလျှက် . . . ။

တိုက်ဆိုင်လွန်းလှသောကံကြမ္မာကိုပင် ကျေးနု အပြစ်တင်ရတော့မည်လား။ မိုးသက်လေပြင်းထဲမှာ ညသည် တစ်စစ ပို၍နက်မှောင်လာလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးသံလေသံတွေ သောသောညံနေလေ၏။

ကျေးနု ရှိုက်ငင်၍ ငိုနေမိတော့သည်လေ။

* * *

## လမွန်းတည့်ချိန်

လှိုင်းတွေက ပို၍ပင်ထန်လာလေသည်။

ပင်လယ်ပြင်သည် လပြည့်ည၏ သာယာတင့်ရွှန်းသော အလှကျက်သရေတို့အား အရုပ်ဆိုးအကျည်းတန်စေစွာ ညို့မှောင်လျက်ရှိ၏။

သည်းထန်သောမိုးကလည်း အငြိုးတကြီး ရွာချလိုက်၊ တစ်ဖန် အရှိန်ပြေသလိုနှယ် ခပ်ဖွဲဖွဲရွာသွန်းလိုက် ဖြစ်နေလေသည်။

သူတို့အားလုံး ခိုက်ခိုက်တုန်မလောက် ချမ်းစိမ့်နေကြပြီဖြစ်သည်။

ပွဲထောင်လှေလေးဖြင့် သူတို့မှာ လေကွယ်မိုးကွယ်ရာ ကျောက်ဆောင်စွန်းကြီးအတွင်း၌ရောက်နေ၍သာ တော်ပေသေးသည်ဟု ဆိုရပေမည်။

အဘယ်မျှ လှိုင်းကြီး မိုးသည်းနေပါစေ . . . သူတို့တစ်တွေ ၍နေရာလေးမှ ခြေတစ်ဖဝါးမျှ မခွာကြ၊ ခွာရန်လည်း စိတ်ကူးမရှိကြပါ။

ဦးမင်းကျော်သည် မိုးသက်လေ အတွန်ကြယ်ပဲ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်ပြီးလျှင် ...

"ကိုစံရွှေ ... ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဗျ"

"ဘာကိုလဲဗျ"

"လမွန်းတည့်တော့မယ်"

ဦးမင်းကျော်ထံမှ လေးတွဲ့သောစကားကြောင့် သူတို့အားလုံး မိုးသက်လေကင်းစင်စပြုနေပြီဖြစ်သော ကောင်းကင်ပေါ်သို့ ပြိုင်တူ မော့ကြည့်လိုက်မိကြပါ၏။

ဦးမင်းကျော်ပြောသည်မှာ မှန်လေသည်။

ပင်လယ်ပြင်မှာ မုန်တိုင်း၏အရိပ်အယောင် ပြေသွားပြီဖြစ်၍ ကောင်းကင်သည် ပြန်လည်၍မှောင်စပြုနေပြီ။ ပြည့်ရွှန်းသော လပြည့်ညလမင်းကြီးသည် သူတို့၏ဦးခေါင်းပေါ် တည့်တည့်ရောက်လု နေပြီ ဖြစ်သည်။

လမွန်းတည့်လေပြီ။

သူတို့အားလုံး၏မျက်ဝန်းတွေက ညို့မှောင်နေဆဲ မရဏ ကျွန်းကြီးဆီသို့ တိုင်ပင်မထားကြပါဘဲ ပြိုင်တူလှမ်း၍ကြည့်လိုက်မိ ကြလေသည်။

မရဏကျွန်းကြီးသည် မကောင်းဆိုးရွား ဝိညာဉ်တစ္ဆေသရဲ တစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ မလှုပ်မယှက် ငြိမ်သက်နေ လျက် ...။

ဦးဆုံး သက်ပြင်းချသံက ဦးမင်းကျော်ထံက ဖြစ်သည်။

"ဆရာလေးမောင်ညီဘွား မလာတော့ဘူးလား မသိဘူး"





"ဆရာ,မပါရင် ကျုပ် ဒီကျွန်းက မပြန်ဘူး"

ဖိုးတာ၏ အံကြိတ်၍ပြောသောအသံ။ အသံက ငိုသံစွက် နေသည်။

"ဟုတ်တယ် ... ကျုပ်တို့ ဆရာညီဘွားကို ဒီအတိုင်းမထား ခဲ့နိုင်ဘူး။ ဆရာညီဘွားမပါဘဲ ဘယ်လိုပြန်ကြမလဲဗျာ"

"မင်းတို့ပြောတာကို ဦးလေးသဘောပေါက်ပါတယ် မောင် ဖိုးတာ၊ မင်းတို့ရင်ထဲမှာ ခံစားနေကြရသလို ဦးလေးရဲ့ရင်ထဲမှာလည်း မချိဘူးဆိုတာ ယုံပါကွာ၊ ငါတို့အားလုံးဟာ မောင်ညီဘွားအပေါ် အားကိုးလေးစားတဲ့ သံယောဇဉ်ကြီးမားကြသူတွေချည်းပါ၊ ဒါကြောင့် မောင်ညီဘွားကိုချစ်ရင်, လေးစားရင် သူ့စကားကို ငါတို့က အတိအကျ လိုက်နာကြရမှာပဲလို့ ဦးလေးကျော်ထင်တယ်၊ သူက အကြောင်းမရှိ ဘဲ စကားတစ်ခွန်းကို အလွယ်နဲ့ပြောတတ်သူ မဟုတ်မှန်း ဦးယုံကြည် တယ်၊ ခု ဦးလေးကျော်တို့ လမွန်းတည့်ရင် မရဏကျွန်းက ထွက် ခွာမယ် ... ဒါဟာ ဆုံးဖြတ်ချက်ပဲ၊ မောင်ညီဘွားကို လူသားမဆန်စွာ, ရက်စက်စွာနဲ့ ဒီကျွန်း, ဒီပင်လယ်ထဲမှာ ဥပေက္ခာပြုပြီး ထားရစ်ခဲ့တာ မဟုတ်ဘူး၊ ဒါဟာ ငါတို့တစ်တွေ သူ့ကိုရိုသေလေးစားလို့ သူ့စကား ကို အမိန့်တစ်ခုလို အသက်လိုတန်ဖိုးထားကြောင်း သက်သေပြတာ ပဲဖြစ်တယ် ...၊

လူတွေဟာ ကိုယ့်ကံအကြောင်းနဲ့ကိုယ် လာခဲ့ကြသလိုပဲ မောင်ညီဘွားရဲ့အကြောင်းကံဟာ ငါတို့နဲ့ပြန်ဆုံရဦးမှာဆိုရင် [illegible] ဆုံကြရဦးမှာပါ ... လောကကြီးက တားလို့မရပါဘူး တဲ့ ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



ညီဘွားရေ ... သွားပြီဟေ့”

“ဟင် ... နေဦး ဦးမင်းကျော် ... ကျုပ်စိတ်ထဲ ကျွန်းကြီးဝါက အသံတွေကြားနေရပြီး ကျွန်းမြေဟာ လှုပ်ခါနေသလိုပဲ”

“ဟာ ... ဟုတ် ... ဟုတ်တယ်ဗျ”

“သေချာတာပေါ့ဗျာ၊ အင်း ... မောင်ညီဘွားဟာ ဉာဏ်အမြော်အမြင်ရှိသလို ကျုပ်တို့အပေါ်လည်း တကယ်ချစ်တယ်ဆိုတာလက်တွေ့ပြခဲ့တာပါပဲ၊ ကဲ ... ကျုပ်တို့ မရဏာကျွန်းက အမြန်ခွာကြမယ်”

‘ဝေါ ...’

စကားဆုံးတော့ ဦးမင်းကျော် ပဲ့ထောင်ကို မရဏာကျွန်းဆီကနေ ပင်လယ်ပြင်ဘက်သို့ စက်ရှိန်မြှင့်၍ တစ်ဟုန်ထိုးမောင်းထွက်လိုက်လေတော့သည်။

အတော်ဝေးဝေးသို့ရောက်သောအခါ မရဏာကျွန်းဆီမှ လျှင်တော်လည်းသံကဲ့သို့ အသံကြီးကို ကြားလိုက်ရသောကြောင့် အားလုံးလှမ်းကြည့်မိလိုက်၏။

တစ်သက်နှင့်တစ်ကိုယ် အံ့ဩဖွယ်ရာမြင်ကွင်းပင် ...။

“ဟာ ...”

“ဟင် .. ဘုရား ... ဘုရား”

“ဟာ ... ထူးဆန်းလှချည်လား”

ဘာကြောင့်ဆိုသော် သူတို့အားလုံး၏ မျက်စိရှေ့မှောက်မှာပင် လရောင်အောက်၌ မရဏာကျွန်းကြီးသည် ပင်လယ်တွင်းသို့





တဖြည်းဖြည်းနစ်မြုပ်ပျောက်ကွယ်သွား၍ပင် ဖြစ်လေတော့သတည်း။

မည်သို့မျှ မယုံကြည်နိုင်ဖွယ်ရာ အဖြစ်ပါပဲလား။

www.burmeseclassic.com

## ပစ္စက္ခနိဂုံး

ပင်လယ်သည် မာယာများတတ်သလို လှည့်စားခြင်းအတတ်ကိုလည်း တတ်မြောက်သည်။ ထို့အပြင် လျှို့ဝှက်နက်ရှိုင်းခြင်းများစွာဖြင့်လည်း ဂမ္ဘီရဆန်လွန်းသည်။ တစ်ခါတစ်ရံ ပီဘိအပျိုစင်မလေးသဖွယ် နူးညံ့သိမ်မွေ့တတ်သကဲ့သို့ ရံဖန် မြွေဆိုးတစ်ကောင်ပမာသို့လည်း ရက်စက်ကောက်ကျစ်တတ်လေသည်။ ပင်လယ်သည် မိန်းမတစ်ယောက်၏ နှလုံးသားပမာ တူလေ၏။

ပင်လယ်သည် လူသားတို့အား မွေးဖွားရှင်သန်ခြင်းကိုပေး၏။ သေဆုံးခြင်းကိုလည်း လက်ဆောင်ပေးတတ်၏။

ပင်လယ်ရင်ခွင်၌ အဖြစ်အပျက်ပေါင်းများစွာ ...

ဇာတ်လမ်းပေါင်းများစွာ တည်ရှိလေ၏။

ပင်လယ်၏ ဂမ္ဘီရဆန်လွန်းသော ဇာတ်လမ်းပေါင်းများစွာထဲမှ ဤဇာတ်လမ်းသည် စာရေးသူ၏ ကြိုးပမ်းအားထုတ် အပင်ပန်းခံမှုဟု ဆိုရပါလျှင် ...။

* * *

## နောက်ဆက်တွဲ

## မပြယ်သောမေတ္တာတရား

ယင်းအဖြစ်အပျက်များဖြစ်ပွားပြီး ငါးနှစ်ခန့်မျှကြာမြင့်သောနေ့တစ်နေ့၌ဖြစ်သည်။

ပင်လယ်ရွာလေးတစ်ရွာတွင်းသို့ လူရွယ်တစ်ဦးသည် တည်ငြိမ်စွာ လျှောက်လှမ်းလာနေလေ၏။

လူရွယ်မှာ အသက်သုံးဆယ်ကျော်ခန့်အရွယ်ရှိပြီးလျှင် အသားလတ်လတ်၊ နှာတံပေါ်ပေါ်ဖြင့် ယောကျ်ားပီသလွန်းသော ရုပ်ရည်ရှိသူဖြစ်သည်။

အထူးခြားဆုံးမှာ စိမ်းမှောင်ထူထဲသော မျက်ခုံးထူကြီးများနှင့် ယင်းတို့အောက်မှ မျက်ဝန်းပင်ဖြစ်၏။

မျက်ဝန်းသည် စူးရှတည်ငြိမ်လျက် တစ်ရံတစ်ချက်အလေးအနက်တွေးတောနေဟန် ရှိလေသည်။

www.burmeseclassic.com



ရွာတွင်းသို့ လမ်းလျှောက်လာရာမှ ရွာလယ်ရှိ မူလတန်းကျောင်းလေးတစ်ခု၏ရှေ့သို့အရောက်တွင် ဆော့ကစားနေကြသော ကလေးသူငယ်များအား တွေ့မြင်သွားသဖြင့် လူရွှယ်၏မျက်ဝန်းအစုံက လက်ခနဲ တောက်ပသွားလေ၏။

လူရွှယ်သည် ယင်းပျော်ရွှင်စွာဆော့ကစားနေသည့် ကလေးအုပ်စုထံ ပြေးသွားပြီးလျှင် …

“ဒီ … ဒီမှာ ကလေးတို့ … ပင် … ပင်လယ်ထဲက မရကတကျွန်းကြီးဆီကိုသွားမယ့်လှေတွေရှိသလား … ဦးကိုပြောစမ်းပါ”

“ဟာ … အရူးဦးညီဟေ့ ပြေး … ပြေးကြ”

“ဟေး … အရူးဦးညီဘွားကြီး လာပြီဟေ့”

“ဦးညီဘွားကြီးဟေ့ … ပြေး … ပြေးကြ”

“ဟေ့ … ဟေ့ … ပြောကြပါကွာ … ဦးကို ပြောကြစမ်းပါ၊ ဦးက အဲဒီယန္တရားမြို့တော်ကြီးကို သွားမလို့ပါကွ … ဟေ့ … ဟေ့”

လူရွှယ်၏အပါးမှ ကလေးများ ကြောက်လန့်တကြား ပြေးထွက်သွားကြသည်။ လူရွှယ်မှာ စိတ်ညစ်သွားသည့်ဟန်ဖြင့် ပင်လယ်ပြင်ကြီးဘက် ငေးမော၍ကြည့်လိုက်ကာ ရွာလမ်းပေါ်ထိုင်ချလိုက်လေသည်။

ထိုအချိန်၌ ကျောင်းဝင်းလေးထဲကနေ မိန်းမပျိုလေးတစ်ယောက် အပြေးကလေးလှမ်းထွက်လာလေသည်။

ချက်ချင်းပင် မိန်းမပျိုလေးက လူရွှယ်၏အပါးသို့ ရောက်ရှိ





လာပြီးလျှင် …

“အစ်ကို …”

“ဟင် …”

“အစ်ကိုရယ် … အိမ်မှာမနေဘဲ ရွာထဲဘာလို့ထွက်လာတာလဲဟင်၊ လာ … အစ်ကို၊ ကျေးနုအိမ်ပြန်လိုက်ပို့မယ် နော် … လာနော် … လာ”

“အစ်ကို ဟိုကျွန်းကြီးပေါ်က ယန္တရားမြို့တော်ကြီးဆီ သွားလည်ချင်လို့ ထွက်လာတာညီမရဲ့၊ လှေတွေက တစ်စီးမှလည်း မရှိကြဘူး။ အစ်ကို့ကို လိုက်မပို့ချင်ဘူးလား မသိပါဘူး”

“အို … သူတို့မပို့လည်း ကျေးနုလိုက်ပို့မှာပါ အစ်ကိုရဲ့”

“ညီမ တကယ်ပြောတာနော် … တကယ် … နှစ်ကယ်”

“အဟင်း … တကယ်ပြောတာပေါ့အစ်ကိုရဲ့၊ ကဲ … လာ … သွားကြမယ်နော်”

လူရွှယ်၏မျက်လုံးများသည် လက်ခနဲ ပျော်ရွှင်သွားဟန် တောက်ပသွားလေသည်။

မိန်းမပျိုလေးသည် လူရွှယ်အား ညင်သာဖေးမစွာ လက်ချင်းချိတ်လျက် ရွာတွင်းသို့ ပြန်လည်လျှောက်လှမ်းဝင်သွားကြလေတော့သည်။

ယင်းမြင်ကွင်းကား …

တစ်ခုသော ပင်လယ်ရွာငယ်လေးရှိ ကမ်းခြေ၌ ညနေတိုင်း မရိုးနိုင်သော … ထူးခြားလှသော … ယနေ့အထိ ပင်လယ်ရွာသား



www.burmeseclassic.com

www.burmeseclassic.com



များ မြင်တွေ့နေကျ မြင်ကွင်းလေးတစ်ခုပင် ဖြစ်ပေတော့သည် တကား။

ပြီး

ဝေဖန်အကြံပြုစာများ မျှော်လင့်လျက်

ဂမ္ဘီရမောင်ရွှေ
အမှတ် (၂၅)၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com